www.burmeseclassic.com


# Sixth Sense

No.18

FEBRUARY.2015

## ဆဋ္ဌမအာရုံ

မဂ္ဂဇင်း






- ဓာတ်ကြီးလေးပါးနဲ့ စီရင်နည်းများ
- ကံကောင်းစေမယ့် မွေးနေ့အစီအရင်
- ဒေါသစိတ်ကို ပြေပျောက်စေမယ့် နည်းလမ်း
- ကလေးရစေလိုကြောင်း နည်းလမ်းကောင်း
- အနှောင့်အယှက်ပေးနေသူကို ထိန်းချုပ်နည်း
- ဆုတောင်းပြည့် မော်သစ်ပင် စိုက်ပျိုးခြင်း
- အရောင်များရဲ့ မှော်စွမ်းအားဆိုင်ရာ ဂုဏ်သတ္တိများ

www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆင္ဒမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**ကမ္ဘောဇဘဏ်၊ ပုဇွန်တောင်ဘဏ်ခွဲ၊ ရန်ကုန်မြို့၊**

**ဘဏ်အကောင့်နံပါတ် ၀၁၄၁ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ကျသင့်ငွေကို ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေ လွှဲခကို မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

**(၆)လ ၁၉၅၀၀ ကျပ်**

**(၁၂)လ ၃၉၀၀၀ ကျပ်**

**ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀** သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ်ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်း ကြားပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြပါ အချက် အလက်များပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့်မည်။



# ဈေးနှုန်း ပြောင်းလဲခြင်း

ဆင္ဒမအာရုံ မဂ္ဂဇင်းကို လာမည့် အမှတ်စဉ် (၁၉) စာအုပ်မှ စတင်၍ ယခင်တန်ဖိုး (၁၈၀၀)ကျပ်မှ (၂၀၀၀)ကျပ်သို့ ဈေးနှုန်း ပြောင်းလဲပါမည်။

ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်မှုကြောင့် ယခုကဲ့သို့ဈေးနှုန်းအနည်းငယ် ပြောင်းလဲရခြင်းဖြစ်ပြီး ဆက်လက်ဖတ်ရှုအားပေးကြမည်ဟု ယုံကြည်မိပါသည်။

ဖေဖော်ဝါရီလ (၁၆)ရက်နေ့တွင် ပရိသတ်များ မျှော်လင့်နေကြသော အကောင်းဆုံးပြင်ဆင်ထားသည့် ပေါင်းချုပ်စာအုပ်လည်း ထွက်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

---

ဖြန့်ချိရေး

ဆင္ဒမအာရုံ စာပေတိုက်

အမှတ် (၁၇၀ - ၁၇၂)၊

ဒုတိယထပ်၊ လမ်း (၅၀) အထက်၊

ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉၃၁ ၉၀၆၁၀၇။



www.burmeseclassic.com

www.burmeseclassic.com



Contents

ဆဋ္ဌမအာရုံ၏ အံ့ဖွယ် ထူးခြားစွမ်းအင်များ ၉
သက်လုံ

မှန်းအသချေ စုန်းကဝေအတတ်တွေနဲ့ ၄၈
မင်းဘုန်းသိခ်သူ

ပညာသည် ဒေါ်အိုဇာနှင့် ထူးဆန်းသော မိန်းမပျို ၆၀
စိုးမိုးနိုင်

လူကမွေးတဲ့ ဘီလူး ၈၀
မင်းမြင့်နိုင် (ဘူးသီးတောင်)

စ-ခ-ဘ-ဝ ငါးကြီး ၉၈
မကွေးညီစိမ့်

စိတ်အစွဲအလမ်း ၁၁၂
ရေနံမြေ ခရေ

အိပ်မက်အကြောင်း အိပ်မက်ဖတ်နည်း ၁၂၁
ကိုတင်ဝင်းလှိုင်

## ထူး ဆန်း ထွေ လာ အံ့ ဖွယ် စီ ရင် နည်း များ

ကံကောင်းစေမယ့် မွေးနေ့ အစီအရင် ၂၂
ဒေါသစိတ်ကို ပြေဖျောက်စေမယ့် နည်းလမ်း ၂၅
ကလေးရစေလိုကြောင်း နည်းလမ်းကောင်း ၂၆
အနှောင့်အယှက်ပေးနေသူကို ထိန်းချုပ်နည်း ၂၈
ဆုတောင်းပြည့် မှော်သစ်ပင် စိုက်ပျိုးခြင်း ၃၀
မှော်ဝင် အချစ်ကြိုး စည်းနှောင်ခြင်း ၃၂
အရောင်များရဲ့ မှော်စွမ်းအားဆိုင်ရာ ဂုဏ်သတ္တိများ ၃၄



မှော်ဆရာ နီဂုံး ၁၃၆
၁သုန်ဟိန်းထက်

နေညိုရီ အိမ်ပြန်ချိန် ၁၅၀
လှရှိန်အောင်

နိုင်ငံတကာမှ ဂန္ဓီရဟာသများ ၁၆၉
စိန်ဝင်းမော်

အချစ်ဆိုသော ထိုအရာ ၁၇၂
ဘိုးထက်

သေရွာပြန်နလုံးသား ၁၈၈
ဒလွန်ကျော်ဦး

အဝေးရောက်ချစ်သူများ ၂၀၄
ခင်ယုသွေး

ခထီမုံမြင့် ၂၁၅
မောင်မြင့်မား (ဗိုလ်ကလေး)

မိုးနိုးရောင် လောကီပညာရပ် ၃၇

## သု တ / ရ သ မြစ် ရပ် ဆန်း ကြယ်

တန်ခိုးကြီးသော အလင်းရောင်နတ်မင်း အပိုလို ၄၂
ချောက်ချားစရာ မရဏမင်းရဲ့ လှူရှီးဘုရားကျောင်း ၄၄
ကြောက်စရာကောင်းတဲ့ အရုပ်ကျွန်း ၄၈
အရေပြားဆွဲဆန့်နိုင်တဲ့လူသား Mister Fantastic ၉၄
အမေရိကန်သမ္မတလေးဦးရဲ့ မျက်နှာပုံကျောက်တောင်ကြီး ၁၀၄
အသည်းယားစရာ ရေဘဝဲဟင်းလျာ ၁၄၀
ဘရှာကျော် မုတ်ဆိတ်မွေးနဲ့ အမျိုးသမီး ၁၈၆
ချစ်ခြင်းရဲ့ သင်္ကေတ အသည်းပုံရေကန် ၂၀၂



www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး အစီအစဉ်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂမ္ဘီရရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထားပါသည်။ ကလောင်ရှင်သစ်များ ပါဝင် လက်စွမ်းပြရေးသားနိုင်ရန်နေရာများကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂမ္ဘီရပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့်ကြိုဆိုလျက် ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့်စာအုပ်လက်ဆောင်တို့အား ချီးမြှင့်သွားပါမည်။

ဆဋ္ဌမအာရုံမဂ္ဂဇင်း

အယ်ဒီတာအဖွဲ့



# ဆဋ္ဌမအာရုံ မဂ္ဂဇင်း ၏ ဦးတည်ချက်

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပါ။ "ဆဋ္ဌမအာရုံစိတ်အဟုန်" ဆိုသည့်ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ ထူးထွေဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက် ညီအောင် ပုံဖော်ထားသည်။ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာသည့်ခေတ်မီ ဂမ္ဘီရမဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

အစွမ်းထက်သည့် ဂါထာမန္တန်နှင့် လောကီအစီအရင်များ၊ မှော်ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ်ကာလအဆက်ဆက် ... အသိုင်းတွင်ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထုများ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့်လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမိုကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)

ဆဋ္ဌမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)

www.burmeseclassic.com

ဆဋ္ဌမအာရုံ
မဂ္ဂဇင်း


ပုံနှိပ်မှတ်တမ်း

အယ်ဒီတာချုပ်
ကိုမိုး (တောင်ကြီး)
အကြံပေးအယ်ဒီတာ
ဦးငွေစိုး၊ ဒေါက်တာမိ
အမှုဆောင် အယ်ဒီတာအဖွဲ့
နွေသင်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်
အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး
ဒေါ်ခြေးခြေးလှိုင်
ထုတ်ဝေသူ
ကိုမိုး(တောင်ကြီး) {(၀၄၈၇၆)}
မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို
အောင်မိုး
ပန်းချီသရုပ်ဖော်
ရဲရင့်နိုင်၊ ဖိုးအောင်၊ ပြုံးကြည် (ဘူမိ)
ကွန်ပျူတာ
ဆဋ္ဌမအာရုံဝိုင်းတော်သားများ
ပုံနှိပ်တိုက်
ဒေါ်ဝင်းမာ (စိတ်ကူးချိုချိုပုံနှိပ်တိုက်)
ဖြန့်ချိရေး
ဆဋ္ဌမအာရုံစာပေတိုက်
အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၁ ၉၀၆ ၁၀၇၊
တန်ဖိုး - ၁၈၀၀ကျပ်



# ဆဋ္ဌမအာရုံ၏
# အံ့ဖွယ် ထူးခြား စွမ်းအောင်များ

သက်လုံ



www.burmeseclassic.com

www.burmeseclassic.com





လူတွင် အာရုံခြောက်ပါးရှိသည်။ ယင်းတို့သည်ကား . .

(၁) အမြင်

(၂) အကြား

(၃) အနံ့

(၄) အရသာ

(၅) အတွေ့အထိ

(၆) စိတ် . . တို့ ဖြစ်ကြလေသည်။

ဤအထဲတွင် အများစုက အမှတ်စဉ်(၁)မှ(၅)အထိကို ရုပ်ဝတ္ထုနယ်ပယ်ဟု သတ်မှတ်ကာ ဆဋ္ဌမအာရုံဖြစ်သောစိတ်ကို ရုပ်ဝတ္ထုနယ်ပယ်နှင့် မသက်ဆိုင်သော နာမ်နယ်ပယ်ဟု သတ်မှတ်ကြသည်။

စင်စစ်တွင်ကား ဤသို့မဟုတ်ချေ။ အာရုံငါးပါးစလုံးသည် ရုပ်နှင့်နာမ်တို့ ရှိကြသည်ချည်း ဖြစ်၏။ ဥပမာအားဖြင့်ဆိုရသော် အမြင်အာရုံတွင် သော့ချက်ကား အလင်းရောင်လှိုင်း ဖြစ်၏။ ဤသည်ကား ရုပ်ဝတ္ထု၊ မြင်သည်ဟုသိခြင်းကား နာမ်၏အရာဖြစ်သည်။ ဤသို့နှင့်စဉ်းစားလျှင် အမှတ်စဉ်(၅) အထိ ရုပ်နယ်ပယ်နှင့် နာမ်နယ်ပယ် ကွဲပြားခြားနားနိုင်သည်။

သို့ရာတွင် ဆဋ္ဌမမြောက်အာရုံအတွက် ခက်ခဲ၏ ။ အဘယ်ကြောင့်ဆိုသော် များစွာသောသူတို့သည် အမှတ်စဉ်(၁)မှ(၅)အထိကို ရုပ်နယ်ပယ်သက်သက် သတ်မှတ်ကြသဖြင့် နာမ်နယ်ပယ်ပျောက်နေသကဲ့သို့ အမှတ်(၆)ဖြစ်သောစိတ်ကိုလည်း နာမ်နယ်ပယ်သက်သက် သတ်မှတ်ကြသဖြင့် ရုပ်နယ်ပယ် ပျောက်နေသည်။ ရုပ်ဝတ္ထုတို့သည် စင်စစ်တွင် အားအင်အစုများ



လေရာ ရုပ်ဝတ္ထုတိုင်းမှ ရုပ်ဓာတ်အားအင်ထွက်နိုင်၏။ ရုပ်ဓာတ်အားအင် ခံယူနိုင်ပေ၏။

အကျယ်တဝင့်ရှင်းပြရလျှင် အမြင်အာရုံနှင့်ပတ်သက်၍ ကျွန်ုပ်တို့ သည် အခြားသောသက္ကာန်များကို မြင်နိုင်၏။ ဤကား ကျွန်ုပ်တို့၏ အမြင် အာရုံ ခံစားမှုအပိုင်း ဖြစ်၏။ တဖန် ကျွန်ုပ်တို့သည် တစ်ပါးသူကိုမြင်စေနိုင် ၏။ ဤကား အမြင်အာရုံနှင့်ဆိုင်ရာ ထုတ်လွှင့်မှုအပိုင်းတည်း။

ထိုနည်းတူစွာ ကိုယ်စန္ဒာပြင်ပမှအသံများကို ကြားနိုင်သလို၊ မိမိ သည်။ အသံထွက်အောင် ပြုနိုင်၏။ အနံ့တွင်လည်း ကျွန်ုပ်တို့က အခြား သောအနံ့တို့ကို အနံ့ခံနိုင်သလိုပင် ကျွန်ုပ်တို့၏ထံမှလည်း အနံ့များ ထွက် ပေါက် ရှိ၏။ ကျွန်ုပ်တို့သည် အခြားသောအရာများမှ အရသာကို လျှာမှ တဆင့် ခံယူနိုင်သလို၊ ကျွန်ုပ်တို့၏ကိုယ်မှလည်း အရသာထွက်ပေါ်စေ သည်။

အတွေ့အထိအားဖြင့်လည်း ကျွန်ုပ်တို့ကို လာရောက်ထိတွေ့သည် ဘိသလို၊ သူတစ်ပါးကိုလည်း အထိအတွေ့ပေးနိုင်၏။ ဤနည်းတူစွာပင် ကျွန်ုပ်တို့၏စိတ်သည် ခံယူမှုအပိုင်းရှိသလို၊ ထုတ်လွှင့်မှုအပိုင်းလည်း ရှိ သည်။ ခံယူမှုအပိုင်းကို နားလည်လွယ်ပါသည်။ သို့သော် ထုတ်လွှင့်မှု အပိုင်းကို နားလည်သူ ရှားပါးပါ၏။ ထို့ထက်သော်ကား ကျွန်ုပ်တို့၏စိတ်မှ ရုပ်ဝတ္ထုအားအင်ကို ထုတ်လွှင့်နိုင်သည်အား သိရှိသူအလွန်နည်း၏။ စင်စစ် မူ ကျွန်ုပ်တို့၏ အာရုံများမှ ထုတ်လွှင့်မှုမှန်သမျှသည် ရုပ်ဝတ္ထုချည်းသာ ဖြစ်လေသည်။

အကြားအာရုံအတွက် ကျွန်ုပ်တို့ထုတ်လွှင့်သည့်အရာကို ကြည့်ပါ သော့။ ယင်းသည်ကား အသံပင် ဖြစ်လေသည်။ အသံသည် ကိုယ်တွယ်၍လည်း မြင်လည်း မမြင်နိုင်သော်လည်း ရုပ်ဝတ္ထုနယ်ပယ်မှ အားအင်တစ်ရပ်ဖြစ် ကြောင်း ကျွန်ုပ်တို့၏ဘာသာရေးဆိုင်ရာက လက်ခံထား၏။ ထိုနည်းတူစွာ အသံသည် ရုပ်ဝတ္ထုအားအင်တစ်ရပ်ဖြစ်ကြောင်းကို သိပ္ပံပညာကလည်း တတ်ခံထားပေသည်။


ဂန္ဓာရီပညာသည် ကမ္ဘာနှင့်အဝန်း နည်းသစ်၊ စနစ်သစ်များနှင့် တတ်လာသည်ဖြစ်ရာ ကမ္ဘာ့ခေတ်မီ ဂန္ဓာရီပညာရှင်များက စိတ်မှထုတ်



www.burmeseclassic.com

www.burmeseclassic.com





လွှင့်ခြင်းသည်လည်း အသံကဲ့သို့ပင် ရုပ်ဝတ္ထုနယ်ပယ်မှ အားအင်တစ်မျိုး ဖြစ်သည်ဟု သုတေသနပြုလုပ် တွေ့ရှိထားကြသည်ဆို၏။ စိတ်မှထုတ်လွှင့်သည်မှာ စိတ်ကူးပင်ဖြစ်လေရာ ဂန္ဓာရီပညာရှင်တို့၏အလိုမှာ စိတ်ကူးသည် ရုပ်ဝတ္ထုနယ်ပယ်မှ အားအင်တစ်မျိုး ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

သိပ္ပံပညာကမူ လူသည် စိတ်ကူးလိုက်လျှင် ဦးနှောက်အတွင်း၌ လျှပ်စစ်ဓာတ်များ ပြိုးပြက်ဖြစ်ပေါ်ဖြတ်သန်းသည်ဟုသာ လက်ခံထားသည်။ လူ၏ထံမှစိတ်ကူးသည် အားအင်တစ်ခုအနေဖြင့်ထွက်ပြီး ပြင်ပသို့သွားသည်ဟူ၍ကား အတိအလင်း ဝန်မခံကြသေးပေ။ သို့ရာတွင် အနောက်တိုင်းပညာရှင်တို့သည် "တယ်လီပသီ" ခေါ် မနောအဆက်အသွယ်ကို စူးစမ်းလေ့လာနေကြသည်။

"မနောအဆက်အသွယ်" ဟူသည်မှာ လူတစ်ယောက်၏ စိတ်ကူးကို အခြားသူတစ်ယောက်ထံ ထုတ်လွှင့်လိုက်၍ ထိုသူက တင်ပို့လိုက်သော စိတ်ကူးကို ဖမ်းယူလက်ခံခြင်းဖြင့် စိတ်ချင်းဆက်သွယ်မှုပင် ဖြစ်လေသည်။ ဤသည်ကို "ထူးခြားသော အာရုံခံစားမှုများ" ဟု ကင်ပွန်းတပ်ခြင်း၌ တစ်ခုအပါအဝင်အဖြစ် သတ်မှတ်ကာ သုတေသနပြုလျက် ရှိကြ၏။

"ထူးခြားသောအာရုံခံစားမှုများ" ကိုအင်္ဂလိပ်ဘာသာဖြင့် "Extra Sensory Perception"ဟုခေါ်၍ အတိုကောက်အားဖြင့် E.S.P ဟု သင်္ကေတပြုလေသည်။ ကမ္ဘာ့ခေတ်မီဂန္ဓာရီပညာရှင်များအလိုကား စိတ်ကူးသည် မမြင်ရသောပုံသဏ္ဌာန်အဖြစ် လူ၏ကိုယ်ခန္ဓာပြင်ပတွင် ဖွဲ့စည်းတည်ဆောက်ပြီးမှ အသံကဲ့သို့ပင် လွှင့်ပါးသွားသည်ဟု ဆိုကြ၏။ လူသည် စိတ်ကူးလိုက်လျှင် သူ၏ဦးခေါင်းအထက်နား၊ လေဟာပြင်ထဲ ရုပ်ပုံသဏ္ဌာန်ပေါ်ပေါက်သည်ဟုဆို၏။ ဤရုပ်ပုံသဏ္ဌာန်ကို "စိတ်ကူးရုပ်ပုံ (ဝါ) အတွေးသဏ္ဌာန်" ဟု ပြန်ဆိုရမည်ဖြစ်သော "Thought Form"ဟု ခေါ်ဝေါ်ကြလေသည်။






ဤအယူအဆနှင့်ပတ်သက်၍ အရှေ့တိုင်းရှေးဟောင်းကျမ်းများ ...စိတ်ကူးရုပ်ပုံများအကြောင်းနှင့်ဖော်ပြထားချက်များကို ကျွန်ုပ် မတွေ့...ရ။ သို့သော် ရှာဖွေသုတေသနပြုရင်းက တရုတ်အက္ခရာများတွင် ...ချက်တစ်ရပ်တွေ့မိ၏။ တရုတ်စာသည် အဓိပ္ပါယ်ကိုမှီ၍ အက္ခရာ...သော စာပေဖြစ်၏။

အခြေခံအဓိပ္ပါယ်တစ်ခုကို အက္ခရာတစ်လုံးရှိ၏။ ယင်းအခြေခံ...ရှိသော အက္ခရာအချင်းချင်းရောစပ်၍လည်း "ပေါင်းစပ်အက္ခရာ"...၏။ ဥပမာ - သစ်ပင်ဟုအဓိပ္ပါယ်ပေါက်သော အက္ခရာသည် အခြေခံ...ဟု ဆိုပါစို့။ ထိုသစ်ပင်ဟူသော အက္ခရာမျိုးနှစ်ခုစပ်၍ ရောစပ်...တစ်ခုဖြစ်လာသောအခါ "တော" ဟုအဓိပ္ပါယ်ရသည်။ ထို့ကြောင့် ...ထားသော တရုတ်အက္ခရာများကိုကြည့်ခြင်းဖြင့် ရှေးလူများ၏ ...အခေါ်ကို သုံးသပ်ယူ၍ရသော စာပေတစ်မျိုးပင် ဖြစ်လေသည်။

ယင်းတရုတ်စာပေတွင် "ယီ" ဟု အသံထွက်သော အက္ခရာ ...ရှိ၏။ အဓိပ္ပါယ်ကား "စိတ်ကူး"ဖြစ်၏။ ထိုစိတ်ကူးဟူသော အက္ခရာ... အဓိပ္ပါယ်သီးခြားရှိသော အက္ခရာနှစ်မျိုးရောစပ်နေ၏။ တစ်မျိုးကား "...သံ" ဟု အဓိပ္ပါယ်ရပြီးလျှင် အခြားအက္ခရာတစ်ခုမှာ "နှလုံး" ဟု အဓိပ္ပါယ်...။ "နှလုံး" မှာ "စိတ်" ပင်ဖြစ်၍ "စိတ်ကူး" ဟူသည် စိတ်မှထွက်သော ...ဟု တွေးတောယူဆနိုင်၏။



ဤသည်ကို ထောက်ရှု၍ ...တရုတ်လူကြီးသူမများသည် "စိတ်ကူး" ကို စိတ်မှထွက်သော အသံ... အယူအဆရှိကောင်းရှိမည်ဟု ...တို့ ကောက်ချက်ချနိုင်၏။ ဤ...တိုင်းသာမှန်လျှင် စိတ်ကူးသည် ...နယ်ပယ်မဟုတ်သကဲ့သို့ပင် ...ဝတ္ထုနယ်ပယ်မှ အားအင်တစ်ရပ် ...သည်ဟူသော အယူအဆမှာ ပို... နိုင်မှာလာနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





လူတို့ စုပေါင်းဝိုင်းဝန်း၍ အော်ဟစ်သောအသံသည် ထုထည်ကြီးမားသလိုပင်၊ တစ်စုတည်းကို လူအများစုပေါင်း၍ဖန်တီးသော စိတ်ကူးသည် ထုထည်ကြီးမား၏ ။ ဤသို့လူတို့ စုပေါင်းစိတ်ကူး၍ ဖြစ်ပေါ်လာသော စိတ်ကူးရုပ်ပုံကို အနောက်တိုင်း ဂန္ဓာရီ ပညာရှင်အချို့က Artificial Elemental ဟုခေါ်ကြ၏။

မည်သို့ပင် ဖြစ်စေ၊ အနောက်တိုင်း ဂန္ဓာရီပညာရှင်များကရော၊ အရှေ့တိုင်း ဂန္ဓာရီပညာရှင်များကပါ စိတ်ကူးသည် ရုပ်ဝတ္ထုနယ်ပယ်မှဖြစ်၍ ခန္ဓာကိုယ်ပြင်ပသို့ထွက်သွားနိုင်သော အားအင်တစ်မျိုးဖြစ်သည်ကို လက်ခံထားကြ၏ ။ ထို့ကြောင့် ကျွန်ုပ်တို့ ရှေးမြန်မာပညာရှင်များကလည်း မေတ္တာကိုပို့ခြင်း၊ မေတ္တာကိုစံယူခြင်းများကို ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

အသံတွင် တိုးသော အသံ၊ ကျယ်သော အသံ၊ သဲကွဲသော အသံ၊ မပီပြင်သော အသံ၊ အဓိပ္ပါယ်အနက်ရှိသော အသံ၊ အဓိပ္ပါယ်မရှိသော အသံ၊ လူကဖန်တီးသော အသံ၊ သဘာဝအလျောက်ဖြစ်သော အသံ စသည်ဖြင့် အမျိုးမျိုး ကွဲပြားသလိုပင်၊ စိတ်မှထွက်သောအသံဖြစ်သည့် စိတ်ကူးသည်လည်း အမျိုးမျိုးရှိပေလိမ့်မည်။

အသံများ၏သဘာဝကို ဖော်ပြရာဖြစ်သည့် သဒ္ဒဗေဒဘာသာစိုင်အပ်သော သဒ္ဒကျမ်း၊ ဓွန်အာလောကကျမ်းများကို ကောင်းစွာတတ်မြောက်သူသည် စိတ်ကူးကို ပိုမိုနက်နဲစွာသဘောပေါက်မည်ဟု ယုံကြည်ရက်တို့ အလေးအနက် တင်ပြလိုက်ပါသတည်း။





## လေ့ကျင့်နည်းများ



**ဆဋ္ဌရုံဖြင့် မြင်ခြင်း**

မျက်စိတည်းဟူသော စက္ခုအာရုံမပါဘဲ ဆဋ္ဌမအာရုံဖြစ်သည့်မနောဖြင့်မြင်ခြင်းကို ဆိုလိုပါသည်။ အရပ်စကားအားဖြင့် ဆိုရပါလျှင်မူ "အမြင်ချခြင်း" ဟူ၍ ခေါ်ဝေါ်၏ ။ အင်္ဂလိပ်ဘာသာအားဖြင့် ကလယ်ယာဗွိုင်းယင့်စ် (CLAIRVOYANCE) ဟူ၍ သညာပြုသည်၊ "ပြတ်သားစွာ မြင်ခြင်း" ဟူသော အဓိပ္ပါယ်ကိုဆောင်သည်။

မိမိတွင် ယင်းသို့ဆဋ္ဌာရုံဖြင့်မြင်နိုင်သည့် စွမ်းရည် ရှိ၊ မရှိကို စမ်းသပ်နည်းများရှိသည်ဟု အနောက်တိုင်း စိတ်ပညာဆိုင်ရာ သုတေသီများက ယူဆထားကြသည်။ ကျွန်ုပ် ဖတ်ရှုသိရှိထားသော နည်းနာကလေး တစ်ခုကို ဤနေရာတွင် ဖောက်သည်ချပါရစေ။

မျက်စိရှေ့တွင် အခြားသောအရာဝတ္ထုများကို မြင်တွေ့မနေစေရန် ရှေ့မှောက်၌ ခရစ္စတယ်ဘောလ် (CRYSTAL BALL) ခေါ်ဖန်လုံးကိုထား၍ ကြည့်ကြ၏ ။ အင်္ဂလိပ်ဘာသာစကားဖြင့် ခရစ္စတယ်ဂေးဇင်း (CRYSTAL GAZING) ဟု ခေါ်ဆိုသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် အပြစ်အနာအဆာမရှိ၊ စင်းလုံးချောဖြစ်သော ဖန်လုံးကို ရရှိရန်ခက်ခဲလှသည်ဖြစ်ရာ အလင်းရောင်ညီမျှသောနေရာတွင် ရေအပြည့်ထည့်ထားသော ဖန်ခွက်ကို ကြည့်ရှုစမ်းသပ်၍လည်း ရနိုင်ပါသည်။

ထိုဖန်ခွက်ထဲသို့ စိုက်ကြည့်၍ တစ်ပါးသောအာရုံများကို ဖြတ်တောက်ပစ်ကာ မိမိ၏မနောက မိမိအား ဘာကိုပြောကြားလိုပါသည်ဟူခြင်းကို အာရုံပြု၍ ငေးစိုက်ကြည့်ခြင်းကို လေ့ကျင့်ပေးရန်ဖြစ်သည်။ စားပွဲတွင် စာရွက်နှင့်ခဲတံကို အသင့်ထားရ၏ ။


ရေထည့်ထားသောဖန်ခွက်ထဲတွင် မြင်သမျှအာရုံတို့ကို လေ့ကျင့်



www.burmeseclassic.com

www.burmeseclassic.com





ပြီးသောအခါ စာရွက်ပေါ်တွင် ရေးမှတ်ရ၏ ။ နောင် များပြားလာသောအခါ ပြန်ဖတ်၍ တွေ့ကြုံသော အဖြစ်အပျက်များ၊ အကြောင်းခြင်းရာများနှင့် တိုက်ဆိုင်ကာ မနော၏သတင်းစကားများ ပြောကြားပုံကို ဖော်ထုတ်၍ အဓိပ္ပါယ်ကောက်ယူတတ်ခြင်းကို ပိုင်နိုင်စေရန် ဖြစ်ပါပေ၏ ။

ကျွန်ုပ်တို့၏အရှေ့တိုင်းနိုင်ငံများတွင်လည်း အမြင်ရအောင် ကျင့်ကြံနည်းများ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါ၏ ။ အိန္ဒိယနိုင်ငံ ယောဂနည်းများ၊ မြန်မာကျမ်းအချို့တွင်ပါရှိသော ဒိဗ္ဗစက္ခုအင်းများ၊ ဆေးနည်းများသည် ဖြစ်၊ မဖြစ်ကိုမူ ကျွန်ုပ်တပ်အပ်မပြောနိုင်သော်လည်း အမြင်ရစေနိုင်သည်ဟု ဆိုရိုးရှိလေ၏ ။

မက္ကဆီကိုဒေသရှိ ရှေးဟောင်းလူရိုင်းများကိုးကွယ်သော အပင်တစ်မျိုးကို လည်းကောင်း၊ ယင်းအမေရိကလူရိုင်းများပင် အလေးထားသော မှိုပွင့်ကြီးတစ်မျိုးသည် လည်းကောင်း၊ လူတွင်ရှိထားသော ဆဋ္ဌာရုံဖြင့် မြင်နိုင်ခြင်းသတ္တိကို အားပေးသည်ဆို၏ ။ အရက်၊ ဓမ့ဆေ၊ မူးယစ်ဆေးဝါးတို့သည်လည်း "မြင်" စေတတ်၏ ။

သို့သော် ကျွန်ုပ်လေ့လာမိသလောက် အရက်သည် အမြင်ကိုအားပေးခြင်း မဟုတ်ချေ၊ အမြင်သတ္တိထူးကို ထုတ်ဖော်တတ်သည်မှန်သော်လည်း ထုတ်ဖော်သည်နှင့်အမျှလည်း ကုန်ဆုံးစေ၏ ။ အာရုံကြောများကို ပျက်ပြားစေခြင်းဖြင့် နောက်ဆုံးတွင်ရှိသမျှသော တန်ခိုးသတ္တိထူးများကို ပျက်စီးစေရကား မနောမယတန်ခိုးလိုက်စားသူများသည် အရက်



ဆဋ္ဌမအာရုံ၏ အံ့ဖွယ်ထူးခြား စွမ်းအင်များ
ဆဋ္ဌမအာရုံ

ကဲ့သို့သော မူးယစ်ဆေးဝါးအပါအဝင် မူးယစ်စေတတ်သော အစာများကို ရှောင်ကြဉ်သင့်ပေ၏ ။

အိန္ဒိယယောဂီများကား အရက်သေစာ၊ မူးယစ်ဆေးဝါးကိုသာမက ဆေးလိပ်နှင့် လက်ဖက်ရည်၊ ကော်ဖီများပင် ရှောင်ကြဉ်ကြရန် သူတို့၏ နောက်လိုက်တပည့်တပန်းများကို တားမြစ်ထားကြလေသည်။



## ဆဋ္ဌာရုံဖြင့် ကြားခြင်း

ဤသည်မှာလည်း လူ့ခန္ဓာ ကိုယ်အပိုင်းတစ်ရပ်ဖြစ်သည့် "နား" တည်းဟူသော သောတအာရုံမပါဘဲနှင့် ဆဋ္ဌမအာရုံဖြစ်သော မနောဖြင့် ကြားရခြင်းကို ဆိုလိုပါသည်၊ ထိုအရာကို အရပ်စကားအားဖြင့် "အကြားရသည်" ဟူ၍ ပြောဆိုကြ၏ ။ အင်္ဂလိပ်ဘာသာစကားအားဖြင့် "ကလယ်ယာ အောဒီယင့်စ်" (CLAIR AUDIENCE) ဟု ခေါ်ဝေါ်သုံးစွဲပြီး "ပြတ်သားစွာ ကြားခြင်း" ဟူသော အဓိပ္ပါယ်ကိုဆောင်သည်။

ဆဋ္ဌာရုံဖြင့် ကြားခြင်းသည် များသောအားဖြင့်မူ ဆဋ္ဌာရုံဖြင့် မြင်ခြင်းနှင့် ယှဉ်တွဲနေတတ်ပေသည်၊ သို့သော် အချို့သောသူများသည် ဆဋ္ဌာရုံဖြင့် ကြားခြင်းဟူသော စွမ်းရည်သက်သက်ကိုသာရရှိပြီး အခြားသော ထူးခြားသည့် စွမ်းရည်များကို မရရှိသည်ကိုလည်း တွေ့ရတတ်ပေ၏ ။

ဤစွမ်းရည်သည် မိမိထံတွင် ရှိ၊ မရှိ စမ်းသပ်လိုပါလျှင် ရှေးဦးစွာ နားဖြင့် ကြားသမျှအာရုံတွေ၌ စိတ်ကိုဖြတ်တောက်ပြီး မနောကပြောကြားသည့် သတင်းစကားများကို စိတ်ကမှတ်မိစေဖို့ကိုလည်း အဓိဋ္ဌာန်ပြုထားရသည်၊ ထို့နောက် လက်ဖက်ရည်ပန်းကန်လုံးနှစ်လုံးဖြင့် နားများကိုအုပ်ထားပြီး နားစိုက်ထောင်မှုကို လေ့ကျင့်ပေးရလေသည်။

အနောက်တိုင်း၌ ရှေးကာလက ဤနည်းကို ခရုသင်းဖြင့် လေ့ကျင့်ကြသည်ဟု ဆို၏ ။ လက်ဖက်ရည်ပန်းကန်လုံးအစား ခရုသင်းဖြင့် နားကို



www.burmeseclassic.com

www.burmeseclassic.com



အုပ်၍ လေ့ကျင့်ခဲ့ကြလေသည်၊ ခန့်ညားမှုမရှိသလိုထင်ရသော်လည်း လက်ဖက်ရည်ပန်းကန်လုံးသည်လည်း ခရူသင်းကဲ့သို့ပင် ထိရောက်နိုင်ပါသည်၊ လေ့ကျင့်မှုအတော်ရလာသောအခါများတွင် အသံဗလံတွေကို ကြားလာရ၏။

ဆက်လက်၍ ဖွံ့ဖြိုးစွာလေ့ကျင့်သွားသောအခါ၌တွင်ကား၊ မူလ ပထမဝရုန်းသုန်းကားဟု ထင်မှတ်ရလေသော ယင်းအသံဗလံများသည် စကားလုံးများပြောင်းလဲဖြစ်ပေါ်လာကာ မနောကပြောကြားသော သတင်းစကားမှန်သမျှကို စိတ်ကကြားသိလာရပေတော့သည်၊

ဆဋ္ဌာရုံဖြင့် သိခြင်း

သာမန်အားဖြင့် သိခြင်းထက်ပိုမိုလွန်ကဲပြီး တွေးတောဆင်ခြင်မှုမပါဘဲ သိခြင်းကို ဆိုလိုပေသည်၊ အရပ်စကားဖြင့်ပြောရလျှင် "မနောရခြင်း"ပင် ဖြစ်၏။ အင်္ဂလိပ်ဘာသာအားဖြင့်သော်ကား တိတိကျကျ မတူညီသော်လည်း "အင်ကျူးယစ်ရှင်း" (INTUITION) နှင့် နီးစပ်ပေသည်။

ထိုစွမ်းရည်အတွက် လေ့ကျင့်ရန်ကား မိမိနှစ်သက်ရာ သမထလမ်းစဉ်တစ်ခုခုကို သမာဓိနိုင်မာတည်တံ့သည်အထိ တစိုက်မတ်မတ် လေ့ကျင့်သွားရန်ပင် ဖြစ်ပါ၏။


မနောအဆက်အသွယ်

လူတစ်ဦးနှင့်တစ်ဦး၊ သာမန် နည်းလမ်းမျိုးဖြင့်မဟုတ်ဘဲ စိတ်အားဖြင့် ဆက်သွယ်ခြင်းကို ဆိုလိုပေသည်။ အင်္ဂလိပ်ဘာသာအားဖြင့် တယ်လီပါသီ (TELPIATHY) ပင်ဖြစ်၏။ မနောအဆက်အသွယ်တွင် ပို့လွှတ်မှုအပိုင်းနှင့် ခံယူမှုအပိုင်းဟူ၍ နှစ်ပိုင်းရှိလေသည်၊ မနော၏ စွမ်းရည်ဖြစ်သော ဤမနောအဆက်အသွယ်စွမ်းရည်ကိုလေ့ကျင့်ရန်ကား လူနှစ်ဦးရှိမှ ဖြစ်မည်၊ ခံယူမှုကို လေ့ကျင့်ရန်မှာကလည်း ပို့လွှတ်သူရှိမှ ဖြစ်ပေလိမ့်မည်။

လေ့ကျင့်ဖက်ရှိမည်ဆိုလျှင် ပို့လွှတ်မှုအပိုင်းနှင့်ပတ်သက်၍ လေ့ကျင့်နည်းကို ကျွန်ုပ်ဖတ်ရှုပြီးသော ဆောင်းပါးတစ်ပုဒ်ထဲမှ ကောက်နုတ်







ပြလိုပါသည်၊

ရှေးဦးစွာလူများသည် တစ်ဦးစီဖြစ်သော်လည်း စိတ်ကြော၊ စိတ်အားဖြင့် တစ်ခုတည်းဖြစ်ကာ၊ တစ်စပ်တည်းရှိနေသည်ဆိုခြင်းကို ခံယုံကြည်ထားရမည်ဖြစ်၏။ ထို့နောက် ဆက်လက်၍ ယုံကြည် ခံထားရမည့်အချက်ကား အတွေးစိတ်ကူးသည် အလင်းရောင်တန်း ၍ ရွေ့လျားသွားတတ်သည်ဟူသော အချက်ပင် ဖြစ်လေသည်၊

ဤအလင်းရောင်သည် မနောပို့လွှတ်မည့်သူ၏ စိတ်ကူးတုန်ခါ ပင် ဖြစ်ပေ၏။ ခံယူမည့်သူ၏အကွာအဝေးသည် အရေးမကြီးပါချေ၊ အနည်းငယ်ကွာဝေးသည်ဖြစ်စေ၊ မိုင်ပေါင်းထောင်သောင်းရှိကွာဝေး သည်ဖြစ်စေ၊ အကြောင်းမထူးပါ။ ပို့လွှတ်၍ ရနိုင်သည်ချည်းပင်ဖြစ်၏။

အလင်းရောင်သည် အသိပင်ဖြစ်၏။ တွေးတောလျှင် မှုရ ပေါ် လာ၏။ ဘယ်နေရာဒေသဆီသို့မဆို သွားရောက်နိုင်၏။ မည်သည်က ဘားဆီးထား၍ မရနိုင်ပါချေ။ ဤအချက်အလက်များကို ရှေးဦးစွာ သိရှိ ပြီးနောက်ပိုင်း လေ့ကျင့်ခန်းကို စတင်ပြုလုပ်နိုင်ပေပြီ။

နလုံးသား၏အလယ်ဗဟိုမှ မျက်လုံးနှစ်ခုကြား၊ မျက်မှောင်ဆီ အလင်းရောင်တန်းတစ်ခု တက်ရောက်လာသည်ကို အာရုံပြုကြရမည်၊ နောက် မိမိကသတင်းစကားပို့လွှတ်လိုသူ၏မျက်နှာအသွင်အပြင်ကို ရှင်းစွာပေါ်ပေါက်လာအောင် အာရုံပြုရမည်၊ အကယ်၍ မမြင်ဖူး ခဲ့လျှင် နာမည်ကို ရွတ်ဆို၍ အာရုံပြုရမည်။

မိမိ၏မျက်မှောင်ဆီက အလင်းရောင်စတင်ထွက်ပေါ်လာသည်

www.burmeseclassic.com

www.burmeseclassic.com



ကို အာရုံပြုရင်း ပြောကြားလိုသည့်စကားလုံးတွေကို ထိုအလင်းရောင်တန်း ထဲသို့ ပြောဆိုသွတ်သွင်းပေးလိုက်ရသည်။ ထိုအလင်းရောင်တန်းသည် ခံယူမည့်သူ၏ မျက်မှောင်ဆီသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားသည် ကို ပြတ်သားစွာမြင်ရအောင် အာရုံပြုထားရမည်။

ထိုသူသည် မိမိ၏သတင်းစကားပြောကြားချက်ကို သိရှိသွားပြီ ဟု ခံယူလိုက်ရမည်။ သံသယဖြစ်စရာ မလိုအပ်။ တစ်စုံတစ်ခုပြုလုပ်စေ ရန် စေခိုင်းသည်ဆိုလျှင်ကား၊ ခံယူသူသည် မိမိစေခိုင်းချက်အတိုင်း လိုက်နာ လုပ်ကိုင်နေပုံအထိ အာရုံတွင် ထင်မြင်အောင် ရှုကြည့်ပေးရမည်။


မိမိ၏ပြောကြားချက်ကို သူရမှရပါ့မလားဟူသော သံသယကို တော့ မမွေးမြူမိပါစေနှင့်၊ သံသယသည် အလင်းရောင်တန်း၏အင်အား ကို လျော့ပျောင်းချိနဲ့စေပါသည်။ ယုံကြည်စိတ်ချမှုသည်သာလျှင် အလင်း ရောင်တန်း၏စွမ်းအားကို ပြင်းပြစေပါသည်။

မနောစွမ်းရည်ကို အသုံးပြုသည်ဆိုလျှင် မနော၏နိယာမဥပဒေသ ကို လိုက်နာရမည်သာဖြစ်၏ ၊ ထို့ကြောင့် ဤနေရာတွင် အရေးပါလှသော မနော၏နိယာမတစ်ရကို တင်ပြလိုပါသည်၊ ယင်းနိယာမမှာ မိမိ၏မနော သည် မိမိသိက္ခာစိတ်ကို အစဉ်ခန့်ညားလေးစားခြင်းပင် ဖြစ်၏ ၊ မိမိ၏ သိက္ခာစိတ်က လက်မခံနိုင်သောအချက်ကို မနောကလည်း ဘယ်သော အခါမှ လက်မခံခြင်းပင် ဖြစ်သည်။

ထို့ကြောင့် မိမိ၏သိက္ခာစိတ်က သတ်မှတ်ထားသော တရားသည် ကောင်းသည်ဆိုသော အရာများကိုသာ အဆက်အသွယ် ပြုသင့်လေသည်။ သို့မဟုတ်ပါက "ဆင်ဆာ" ပြုလုပ်လိုက်သည်ဖြစ်သောကြောင့် အကျိုး မထင်ဖြစ်ရုံမက မိမိ၏သန္တာန်တွင် မကောင်းမှုကိုကြံစည်လိုက်ရသည် ဖြစ်သဖြင့် အကုသိုလ်ဖြစ်ရခြင်းသာ အဖတ်တင်ပေလိမ့်မည်။

ကျွန်ုပ်တို့သည် လှအချင်းချင်းသာ လိမ်လည်လှည့်စား၍ ရကောင်း ရမည်၊ မှန်ရာကို မညှာမတာပြုလုပ်တတ်သော မနောနိယာမကိုကား မည်သို့မျှ လှည့်စား၍ မရနိုင်ပါချေ . .။





# ထူးဆန်းထွေလာ အံ့ဖွယ် စီရင်နည်းများ

www.burmeseclassic.com

www.burmeseclassic.com



## ကံကောင်းစေမယ့် မွေးနေ့အစီအရင်



လူတိုင်း ကိုယ့်မွေးနေ့ရောက်တိုင်း၊ မွေးနေ့ပွဲကျင်းပတဲ့ အစဉ် အလာ ရှိကြပါတယ်။ ဒီလိုကျင်းပရာမှာ ကိုယ့်အတွက်မွေးနေ့ကနေ စပြီး မွေးနေ့ကျော် နောက်ပိုင်းကာလတစ်လျှောက် ကံကောင်းစေဖို့အတွက် အစီအရင်ပြုလုပ်ပြီး ကံကောင်းစေနိုင်ပါတယ်။

ဒါကို ကံကောင်းစေမယ့် မွေးနေ့ဆုတောင်း အစီအရင်၊ သို့မဟုတ် မှော်ဝင်မွေးနေ့ပွဲ ကျင်းပခြင်းလို့ ဆိုရင်လည်း မမှားနိုင်ပါဘူး။ လုပ်ဆောင် ရာမှာ ခက်ခက်ခဲခဲ ရှာဖွေနေရမယ့်ပစ္စည်းများ မပါဝင်ဘဲ လွယ်ကူစွာ လုပ် ဆောင်နိုင်ပြီး အစဉ်အလာအတိုင်း မွေးနေ့ပွဲ ကျင်းပဆင်နွှဲပြီးနောက်ပိုင်းမှာ သူငယ်ချင်းများနဲ့အတူ ပျော်ရွှင်စွာလုပ်ဆောင်နိုင်ပါတယ်။

လိုအပ်တဲ့ ပစ္စည်းများကတော့ -

(၁) ရွှေနားကွတ် ပန်းကန်ပြား အသစ်တစ်ချပ်

(၂) ကိတ်မုန့်အောက်ခံ အလူမီနီယမ်ပြားတစ်ချပ်

(၃) မွေးနေ့ပူဖောင်း အဖြူရောင်(အရောင်စွက်လို့ရ)


(၄) ပင်အပ်တစ်ချောင်း

(၅) ဖယောင်းတိုင်သုံးချောင်း (အပြာ၊ အဝါ၊ အဖြူရောင်)

ဒီပစ္စည်းများရှိပြီဆိုရင် ပထမဆုံး အသစ်ဝယ်ယူထားတဲ့ ရွှေ







နားကွတ် ကြွေပန်းကန်ပြား ကြီးကြီး ...အပေါ်မှာ ကိုယ့်မွေးနေ့အတွက် ...ကိတ်မုန့်ဝယ်စဉ်က ပါလာတဲ့ ...မုန့်အောက်ခံ အလူမီနီယမ်ပြား ...ဝိုင်းပုံဖြစ်အောင် ညှပ်လိုက်ပြီး ...ထားလိုက်ပါ။ ဒါဟာ ကိုယ့်ရဲ့ ...စားပွဲတစ်ခုလို့ သတ်မှတ်ပါ။

ပြီးရင် ဒီစက်ဝိုင်းပေါ်မှာ ကြိုဂံ ...ယောင်းတိုင်(၃)ချောင်းကို တင် ...မှာ ဖြစ်ပါတယ်။ အပြာရောင် ...ဖယောင်းတိုင်က အတိတ်၊ အဝါရောင် ...နဲ့ အဖြူရောင်ကတော့ အနာ ...ကို အသီးသီးကိုယ်စားပြုပါတယ်။ မွေးနေ့ကိတ်ဝယ်စဉ်က မွေးနေ့ကိတ် ...ာ ဘင်ထွန်းဖို့ ဝယ်လာတဲ့ မွေးနေ့ဖယောင်းတိုင်ရောင်စုံများထဲကလည်း ...အသုံးချလို့ရပါတယ်။ ဒါပေမယ့် အပြာ၊ အဝါ၊ အဖြူရောင်များဖြစ်ဖို့ ...ပါတယ်။

အပြာရောင်ဖယောင်းတိုင်ကို စက်ဝိုင်းအခြေညာဘက်မှာ စတင် ...တ်ပြီးရင် ကိုယ် အတိတ်ကဖြစ်ပျက်ခဲ့သည်များကို စိတ်ထဲက ပြန် ...သတိရပေးပါ။ ပြီးရင် စက်ဝိုင်းအခြေ ဘယ်ဘက်မှာ အဝါရောင်ဖယောင်း ...ကို ဆက်ထွန်းလိုက်ပြီး လက်ရှိပစ္စုပ္ပန်ကာလမှာ ကိုယ် ရောက်ရှိဖြစ်ပျက် ...ဲ့ အခြေအနေများကို ခံစားပါ။ အဖြူရောင်ဖယောင်းတိုင်ကို စက်ဝိုင်း ...မှာ ဘင်ထွန်းပြီးရင်တော့ ကိုယ့်ရဲ့အနာဂတ်မှာ ဖြစ်လိုတဲ့ဆန္ဒများကို ...ထဲကနေ ရေရွတ်ဆုတောင်းပေးလိုက်ပါ။ ကိုယ့်စိတ်ကျေနပ်လောက် ...အထိ ဆုတောင်းမှုပြီးသွားရင် ဖယောင်းတိုင်များ တောက်ပ လောင်ကျွမ်း ...ာကို ပျော်ရွှင်စွာကြည့်နေလိုက်ပါ။

ဖယောင်းတိုင်များ မီးအလင်းရောင်ရှိနေစဉ် တစ်ဝက်လောက် ...ရာတ်မှာတော့ အဖြူရောင် မွေးနေ့ပူဖောင်းထဲကို လေမှုတ်ထည့်လိုက် ...ကိုယ့်ရဲ့အနာဂတ်မှာ ဖြစ်လိုတဲ့ဆန္ဒများကို ပူဖောင်းထဲမှုတ်သွင်းနေတယ်



www.burmeseclassic.com

www.burmeseclassic.com






လို့ခံယူပါ။ ပူဖောင်း ကို
ပြည့်ဝလာသည် အထိ မှုတ်
ချည်လိုက်ပါ။ ပြီးရင် ဒီပူဖော
လေးကို ကောင်းကင်ဆီ
မြှောက်လိုက်ပြီး ပင်အပ်လေ
နဲ့ ထိုးဖောက်လိုက်ပါ။ ဖော
ကနဲပေါက်သွားတဲ့အချိန်
ကိုယ့်အနာဂတ်မှာဖြစ်လိုတဲ့ ဆုတောင်းတွေဟာ ဘာသာဗေဒဆိုင်ရ
စကားလုံးများအဖြစ် စကြာဝဠာထဲကိုပျံ့နှံ့ရောက်ရှိသွားပြီး စကြာဝဠာ
စွမ်းအင်များကနေတဆင့် ကိုယ်ဖြစ်လိုတဲ့ဆန္ဒများဟာ အကောင်အထ
ပေါ်လာတော့မယ်လို့ ခံယူနေရမှာ ဖြစ်ပါတယ်။

အနာဂတ်မှာ ဖြစ်လိုတဲ့ဆုတောင်းဆန္ဒများဟာ နောက်မွေး
မတိုင်မီအထိပဲ ပြည့်ဝစေမှာဖြစ်လို့ ဆုတောင်းများကို နောက်မွေး
မတိုင်ခင်အထိ ရည်ရွယ်ပြီးတော့သာ ဆုတောင်းရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က ဖယောင်းတိုင်များကိုတော့ ကုန်ဆုံးသည
အထိ ထွန်းညှိရမှာ ဖြစ်ပါတယ်။ ပြီးရင်တော့ ကိုယ် အစီအရင်ပြုလုပ်ခဲ့
ရွှေနားကွတ် ကြွေပန်းကန်ပြား၊ ကိတ်မုန့်အောက်ခံ အလူမီနီယမ်ပြား
အပေါ်မှာ နှင်းဆီပန်းပွင့်ဖတ်လေးတွေကို ခြွေချလိုက်ပြီး အောင်မြင်ခြ
အတွက် အောင်ပွဲခံပါမယ်။ ဒါပြီးရင်တော့ သင့်ရဲ့ကံကောင်းစေမယ့် မွေး
ဆုတောင်းအစီအရင်ဟာ အောင်မြင်စွာ ပြီးဆုံးပါပြီ။


ပြီးရင် အစီအရင်ပြုလုပ်ခဲ့တဲ့ ကိတ်မုန့်အောက်ခံအလူမီနီယ
ပြားနဲ့ နှင်းဆီပွင့်ဖတ်များကို ကြွပ်ကြွပ်အိတ်အသစ်တစ်လုံးနဲ့ ထည့်လို
ပြီး သန့်ပြန့်တဲ့မြေကြီးမှာ မြေမြှုပ်ပေးရမှာဖြစ်ပါတယ်။

ရွှေနားကွတ် ပန်းကန်ပြားကိုတော့ ကိုယ် အစားအသောက်
တိုင်း ဒီပန်းကန်ပြားနဲ့ စားပေးရမှာဖြစ်ပြီး ကိုယ့်အတွက် ကံကောင်းခြ
တွေကို ယူဆောင်လာပေးမယ့် ပန်းကန်ပြားအဖြစ် သတ်မှတ် အသုံးပြု
ပါတယ်။ ဒီပန်းကန်ပြားကို ဘာအကြောင်းနဲ့ဖြစ်ဖြစ်၊ တခြားသူများကို
မသုံးဖို့တော့ လိုအပ်ပါတယ်။





## ဒေါသစိတ်ကို ပြေပျောက်စေမယ့် နည်းလမ်း



လူတိုင်း တစ်ခါတရံတော့ အကြီးအကျယ်ဒေါသအိုးပေါက်ကွဲ
သလို၊ မုန်းတီးစိတ်တွေ ဖြစ်တတ်ကြပါတယ်။ ဗုဒ္ဓဘာသာအလိုအရ
တော့ စိတ်တည်ငြိမ်အောင် တရားထိုင်ပေးရမှာပါ။ ဒီလို တရား မထိုင်
။ ဒေါသစိတ်၊ မုန်းတီးစိတ်တွေကိုလည်း ပြေဖျောက်ချင်တယ်ဆိုရင် -

မှန်တစ်ချပ်ရဲ့အကူအညီကို ရယူပြီး ကိုယ့်ရဲ့မုန်းတီး ဒေါသစိတ်
ကို ပြေဖျောက်သွားအောင် လုပ်ဆောင်နိုင်ပါတယ်။ ဘယ်လိုလုပ်ရ
တော့ တိတ်ဆိတ်အေးချမ်းတဲ့နေရာတစ်ခုမှာ လက်ကိုင်မှန်လေး
ကိုယူပြီး ကိုယ့်ရုပ်ကို မှန်ထဲမှာ ကြည့်လိုက်ပါ။

ပြီးရင် မှန်ထဲမှာ ကိုယ်ဒေါသကြီးစဉ်က၊ မုန်းတီးစိတ်တွေ ဖြစ်ပေါ်
ချိန်က ကိုယ့်ရုပ်ပုံမျိုး ပြန်ဖြစ်နေအောင် ဖန်တီးလိုက်ပါ။ ပြီးတော့မှ
ဒေါသကြီးတတ်တဲ့ ငါ့ရုပ်ပုံမျိုးကို ငါမလိုလားဘူး။ မကောင်းတဲ့စိတ်
တွေကို ငါမုန်းတယ်၊ ငါ့အနားက ထွက်ခွာသွားပါလို့ မှန်ထဲက ကိုယ့်
ကိုယ်ကြည့်ပြီး ရေရွတ်ပေးနေရမှာ ဖြစ်ပါတယ်။

(၁၀)မိနစ်လောက် မှန်ထဲမှာ ဒီလိုကြည့်ပြီး လုပ်ဆောင်ပြီးပြီဆိုရင်
ခဏလောက် လှဲအိပ်အနားယူလိုက်ပါ။ ပြန်လည်နိုးထလာတဲ့အခါ
တော့ သင့်စိတ်တွေဟာ အရင်လောက် ဆိုးရွားတော့မှာ မဟုတ်ပါဘူး။




www.burmeseclassic.com

www.burmeseclassic.com



# ကလေးရစေလိုကြောင်း နည်းလမ်းကောင်း



သားသမီးရတနာ ကလေးလိုချင်နေသူများအတွက် အစီအ... ကောင်းတစ်ခု ဖြစ်ပါတယ်။ အစီအရင် အစွမ်းထက်၊ မထက်ဆိုတာ ကို... ယုံကြည်စွာလုပ်ဆောင်မှု ဖြစ်နိုင်ခြေတို့အပေါ်မှာ အဓိက မူတည်ပါတ...

အခု အစီအရင်မှာ လိုအပ်တဲ့ပစ္စည်းကတော့ ကိုယ့်မှာ ရတ... ပစ္စည်းတစ်ခုခု၊ ဒါမှမဟုတ် ကျောက်ပါလက်စွပ်တစ်ကွင်းရှိဖို့တော့ လို... တယ်။ ကိုယ်အမြဲတမ်းဝတ်ဆင်တဲ့ ရတနာကျောက်ပါ လက်စွပ်တစ်... ရှိရင်တော့ အကောင်းဆုံးပါပဲ။

ပထမဆုံးအနေဖြင့် အဲဒီလက်စွပ်(သို့မဟုတ်) ရတနာကျော... ကို ရေခွက်အလွတ်တစ်ခွက်ထဲကို ထည့်လိုက်ပါမယ်။ ပြီးရင် ရေနွေး... ကို အဲဒီခွက်ထဲကို ဖြည့်ထည့်လိုက်ပါ။ လက်စွပ်လေးနစ်မြုပ်သည်အ... ထည့်ထားနိုင်ရင် အကောင်းဆုံးပါပဲ။

ပြီးရင် ရေဘုံပိုင်တစ်ခုအောက်မှာ လက်စွပ်ထည့်ထားတဲ့ ရေ... ကို ထားပြီး ဘုံပိုင်ခေါင်းကနေ ရေကို ဖြည်းဖြည်းနေးနေး ဖွင့်ထားပေးလို... ပါ။ ပုံမှန်ရေအေးတွေ ရေခွက်ထဲကို တစ်စက်ချင်းစီပဲဖြစ်ဖြစ်၊ ခပ်နေး... ကျနေပါစေ။ ခွက်ကို လက်နဲ့မကိုင်ဘဲ ထားပါ။







အဲဒီလို ရေများ တဖြည်း... ဖြည့်လျှံကျနေတဲ့အချိန်မှာ ...များဟာ နေ့ရက်များ၊ မိနစ် ... လများအဖြစ် သတ်မှတ် ... သတ်စွပ်လေး၊ ထည့်ထားတဲ့ ...ထဲက ရေပူတွေဟာ ဘုံဘိုင် ...ကနေ ဖြည်းဖြည်းချင်း ကျ... ရေအေးများနဲ့ သမမျှတပြီး ... ရေတစ်ခွက် ဖြစ်သွားသည် ...သားပေးရမှာ ဖြစ်ပါတယ်။

ဒီရေခွက်လေးဟာ ...ရဲ့ ဝမ်းကြာတိုက်လို့ သတ် ...ဖြစ်ပြီး ကိုယ့်ရဲ့လက်စွပ် (သို့မဟုတ်) ရတနာပစ္စည်းလေးဟာ ...ရဲ့ သားသမီး ရတနာလေး ဖြစ်ပါတယ်။ အပူအအေးမျှတစွာ ဖြစ်သွား ...တော့မှ ရေခွက်ကို ကိုယ့်လက်နှစ်ဖက်နဲ့ကိုင်မြှောက်ကာ ရွတ်ဆိုရမှာ ...တော့ -

"ကျွန်မရဲ့သားလေး (သို့မဟုတ်) သမီးလေးဟာ
ဆံပင်အရောင် အနက်လေး(ကိုယ့်စိတ်ကြိုက်)
မျက်လုံးအရောင် တောက်တောက်လေး(ကိုယ့်စိတ်ကြိုက်)
အသားက ဖြူဖြူ၊ လူကောင်ထွားထွားလေး ဖြစ်ပါစေ၊
အရမ်းလည်း ချစ်စရာကောင်းတဲ့ကလေးဖြစ်ပါစေ" လို့ ဆုတောင်း

...ဖြစ်ပါတယ်။ အဲဒီလိုမျိုး တစ်နေ့မှာ (၂)ကြိမ်၊ (၂)ရက်ပြုလုပ်ပေးပါ။

ဒါမျိုးကို တစ်ပတ်မှာ (၂)ရက်နဲ့ (၅)ကြိမ်တိုင်တိုင် ပြုလုပ်ပေး ...ဖြစ်ပါတယ်။ ကိုယ့်စိတ်ထဲမှာလည်း မကြာခင်မှာ ကလေးရရှိလာတော့ ...မို့ ယုံကြည်ထားရမှာဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အနှောင့်အယှက်ပေးနေသူကို ထိန်းချုပ်နည်း



ချစ်သူဟောင်းက ကိုယ်နဲ့ပြတ်စဲသွားပြီးမှ ကိုယ့်ရဲ့ မကော ကြောင်းကို လူတကာကို လိုက်ပြောနေတယ်၊ သူ့ကို ဘယ်လိုမှလည တားလို့ မရနိုင်ဘူး၊ ကိုယ့်အတွက် ဂုဏ်သိက္ခာကျဆင်းစရာများ ဖြစ်လာ ဆိုရင်တော့ အစအစီအရင်ကို အသုံးပြုနိုင်ပါတယ်၊

လိုအပ်တဲ့ပစ္စည်းများကတော့ -

(၁) စာရွက် အပိုင်းအစတစ်ခု

(၂) ပလတ်စတစ် အပိုင်းအစတစ်ခု

(၃) ရေအနည်းငယ်

(၄) ငါးအသားတချို့

(၅) ရေခဲသေတ္တာ

(၆) ချစ်သူဟောင်းရဲ့မှတ်ပုံတင်ထဲက နာမည်အပြည့်အစ ဖြစ်ပါတယ်၊ အစ အစီအရင်ကို လပြည့်ညမှာ စီရင်နိုင်ရင် အကောင်းဆုံ ပြီး လပြည့်ညရဲ့ညလယ်ပိုင်းရောက်တဲ့အချိန်မှာ ပထမဆုံးစာရွက်အပိ အစပေါ်မှာ မှင်အနီရောင်ဘောပင်နဲ့ ကိုယ့်ကို အနှောင့်အယှက်ပေးနေ (သို့မဟုတ်) ချစ်သူဟောင်းရဲ့နာမည်အပြည့်အစုံကို ချရေးလိုက်ပါ။



ထူးဆန်းထွေလာ အံ့ဖွယ်စီရင်နည်းများ



ပြီးရင် စက္ကူလေးကိုလိပ် လိုက်ပြီး အလိပ်လေးကိုပလတ်စတစ် အပိုင်းအစလေးနဲ့အထုပ်လေးဖြစ် အောင်လုပ်ကာ STAPLERနဲ့ ညှပ် ပြီး ပိတ်လိုက်ပါ။

ဒီပလတ်စတစ်အထုပ် သေး သေးလေးရယ်၊ ရေအနည်းငယ်နဲ့ ငါး အသားတချို့တို့ကို ကြွပ်ကြွပ်အိတ် သေးတစ်လုံးထဲထည့်ပြီး ခေါက်တဲ့ အနှောင့်လိုက်ပါ။ ပြီးရင် ဒီကြွပ်ကြွပ် အိတ်ကို လပြည့်ညရဲ့လရိပ်ရှိတဲ့ နေရာ ကိုယူသွားပြီး ကိုင်မြှောက်ထားရင်း -

"တောက်ပနေတဲ့ လမင်းကြီးရေ..

ကျွန်ုပ်ကို နှောင့်ယှက်နေသူရဲ့

လုပ်ရပ်များကို ရပ်တန့်စေပြီး

ထိန်းချုပ်ကန့်သတ်ပေးပါ။

ပြီးတော့ သူဟာ ကျွန်ုပ်နဲ့ အဝေးဆုံးကို

ရောက်ရှိသွားပါစေ၊ ထွက်သွားပါစေ" လို့ တိုင်တည်ရပါမယ်၊

စိတ်ကျေနပ်သည်အထိ တိုင်တည်ပြီးပြီဆိုရင်တော့ ဒီအထုပ်ကို ကိုယ့်ရဲ့ရေခဲသေတ္တာက ရေခဲတဲ့အပိုင်းအကန့်ထဲကို ထည့်သွင်းထားလိုက် သတိပြုရမှာကတော့ ကိုယ့်အထုပ်ထည့်ထားတာကို ဘယ်သူမှ မနှောင့် ယှက်နဲ့ မယူကြဖို့ လိုအပ်ပါတယ်၊ ဘယ်သူမှ မသိကြရင်လည်း အကောင်း ဖြစ်ပါတယ်၊

အထုပ်ကိုတော့ ရေခဲသေတ္တာရဲ့အအေးခန်းထဲမှာ အေးခဲသွားတဲ့ ထိ ရက်အနည်းငယ်ကြာထားပြီးရင် ကိုယ့်အိမ်ရဲ့နောက်ဖေးပေါက်ကနေ ကိုယ့်အိမ်နဲ့ အဝေးဆုံးနေရာဆီကို လွှင့်ပစ်လိုက်ရမှာဖြစ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



# ဆုတောင်းပြည့် မှော်သစ်ပင် စိုက်ပျိုးခြင်း



ဆုတောင်းဆန္ဒများပြည့်ဝစေမယ့် မှော်သစ်ပင်စိုက်ပျိုးခြင်း ဖြစ်ပါတယ်။ ဆုတောင်းများပြည့်ဝစေတယ်ဆိုပေမယ့် မဖြစ်နိုင်တဲ့ကိစ္စမျိုးတွေ တောင်းဆိုလို့ရမှာ မဟုတ်သလို၊ အစွမ်းထက်မြက်နိုင်မှာလည်း မဟုတ်ပါဘူး။

ဥပမာ - ကိုယ် ကြိုက်နေသူက ဘာသာခြားဖြစ်နေပြီး သူ့ဘက်ထ ကိုယ့်အပေါ် ဘယ်လိုနည်းနဲ့မှ အိမ်ထောင်ဘက်အဖြစ် ရွေးမှာမဟုတ်တဲ့ ကောင်မလေးမျိုး ကိုယ့်ကို ပြန်ချစ်လာပါစေ၊ ကိုယ့်အိမ်ထောင်ဘက် ဖြစ် လာပါစေဆိုတဲ့ ဆုတောင်းမျိုးတွေ၊ သေတော့မယ့်လူတစ်ယောက်ကို ပြန်ရှင်လာပါစေဆိုတဲ့ မဖြစ်နိုင်တဲ့ သုညအခြေအနေမျိုးတွေကို တောင်း ဆိုလို့ မရပါဘူး။

ဒါတွေက အစီအရင်များနဲ့ပတ်သက်လို့၊ ဆုတောင်းများနဲ့ပတ် သက်လို့ သိမှတ်ထားရမယ့်အရာတွေ ဖြစ်ပါတယ်။ အစီအရင်နဲ့ ဆုတောင်း များဟာ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒကို ဖြစ်မြောက်အောင် ပံ့ပိုးပေးတဲ့အရာမျှ သာ ဖြစ်ပါတယ်။

ကဲ . . ဆုတောင်းပြည့် မှော်သစ်ပင်စိုက်ပျိုးရာမှာ လိုအပ်တဲ့ပစ္စည်း တချို့ရှိပါတယ်။ အဲဒါတွေကတော့ အနက်ရောင် ဖယောင်းတိုင်တစ်တိုင်၊ စာရွက်တစ်ရွက်၊ ဘောပင်တစ်ချောင်း၊ အဝကျယ်ဖလားတစ်ခွက်နဲ့ မိုး







သောက်ရာ ပျိုးပင်တစ်ပင်တို့ပဲ ဖြစ်ပါတယ်။

ဒီပစ္စည်းများရပြီဆိုရင် ပထမဆုံး၊ စာရွက်အလွတ် အပေါ် မှာ ကိုယ်ဖြစ်ချင်တဲ့ ဆုတောင်း များကို အရိုးရှင်းဆုံး၊ နားလည် လွယ်ဆုံး စကားလုံးများနဲ့ ချရေး လိုက်ပါ။ ဘယ်သူ ဘယ်ဝါဆိုတဲ့ အသေးစိတ်ထည့်စရာ မလိုပါဘူး။ ပြီးရင် အနက်ရောင် ဖယောင်းတိုင် ကို မီးညှိပြီး ဖယောင်းတိုင်ရဲ့ မီး တောက်ထဲမှာ ခုနက ကိုယ့်ရဲ့ဆန္ဒစတ္တုစာရွက်ကလေးကို မီးရှို့လိုက်ပါ။

စာရွက်လေး မီးတောက်လောင်နေပြီဆိုရင် စာရွက်ပေါ်မှာ ရေးခဲ့တဲ့ ကိုယ့်ဆန္ဒတွေကို စိတ်ထဲကနေ ပြန်လည်ရေရွတ် တောင်းဆိုပေးပါ။ ဥပမာ - "ကျွန်တော် ချစ်သောသူ၊ ကျွန်တော့်ကို ပြန်ချစ်လာပါစေ၊ သူဟာ ကျွန်တော့်အပေါ် စိတ်ဝင်စားလာပါစေ၊ အချိန်တိုအတွင်း ကျွန်တော်တို့ ဟာ ချစ်သူများ ဖြစ်ကြပါစေ" ဆိုတဲ့ ဆုတောင်းမျိုးတွေ ဆုတောင်းနိုင်တယ်။

သတိပြုရမယ့် အချက်က ဆုတောင်းပြည့် မှော်သစ်ပင်မှာ ဆု တောင်း (၃)ခု တောင်းဆိုလို့ရတယ်ဆိုပေမယ့် ဒီဆုတောင်းများဟာ ကိစ္စ တစ်မျိုးစီ ဖြစ်နေလို့တော့ မရပါဘူး။ ဥပမာ - အချစ်ရေးဆို ကိုယ့်အချစ်ရေး နဲ့ ကိုယ်ဖြစ်ချင်တဲ့ ဆုတောင်း(၃)မျိုးနဲ့ တောင်းဆိုနိုင်ပြီး စီးပွားရေးနဲ့ လူမှု ရေးဆိုင်ရာကိစ္စများမှာဆိုရင်လည်း ကိစ္စတစ်ခုထဲအတွက် ကိုယ်ဖြစ်ချင်တဲ့ ဆုတောင်း(၃)မျိုးကိုသာ တောင်းဆိုလို့ရမှာ ဖြစ်ပါတယ်။

ပြီးရင် အနက်ရောင်ဖယောင်းတိုင်ကို ကုန်တဲ့အထိ ထွန်းပေးပြီး လောင်ကျွမ်းနေတဲ့ ဆန္ဒစတ္တုကိုတော့ အဝကျယ်စတီးဖလားခွက်ထဲထည့် လိုက်ပါ။ ပြီးရင် ပြာတွေကို အသင့်ဝယ်ထားတဲ့ ပျိုးပင်လေးထဲကို မြေဩဇာ အဖြစ် ထည့်ပေးလိုက်ပါ။ ဒါဆိုရင် အပင်လေး တစတစ ကြီးထွားပြီး သာတာနဲ့အမျှ သင့်ဆုတောင်းဆန္ဒများဟာလည်း ပြည့်ဝလာပါလိမ့်မယ်။




www.burmeseclassic.com

www.burmeseclassic.com



# မော်ဝင် အချစ်ကြိုး စည်းနှောင်ခြင်း



ဘယ်သူမဆို၊ ကိုယ့်ချစ်သူ ကိုယ့်အပေါ်အချစ်လျော့သွားမှာကို မလိုလားကြပါဘူး။ ဒီလိုလူမျိုးများအတွက်ရော၊ တစ်ဖက်သတ်ချစ်သူများ အတွက်ပါ ကိုယ် ချစ်ခင်မြတ်နိုးသူနဲ့ အမြဲတမ်းနှလုံးသားချင်းနီးကပ်စေ စေမယ့် အစီအရင်ကောင်းတစ်ခုဖြစ်ပါတယ်။

လိုအပ်တဲ့ပစ္စည်းများကတော့ -

(၁) လက်ကိုင် မှန်အသေးတစ်ချပ်

(၂) ကိုယ့်ရဲ့ဓာတ်ပုံအသေးတစ်ပုံ

(၃) စာရွက်အပိုင်းအစတစ်ခုနဲ့ မှင်နီဘောပင်

(၄) အနီရောင် ကြိုးအပိုင်းအစ နှစ်ခု

(၅) အနီရောင် အိတ်ငယ်တစ်လုံးတို့ ဖြစ်ပါတယ်။

နောက်ထပ်လိုအပ်တာတစ်ခုကတော့ ကိုယ့်မှာ ချစ်သူရှိပြီးသား ဆိုရင် ကိုယ့်ချစ်သူရဲ့ဓာတ်ပုံဖြစ်ပြီး တစ်ဖက်သတ်ချစ်သူများကတော့ ဓာတ်ပုံအစား၊ စာရွက်နဲ့ ဘောပင်တို့ကို အသုံးပြုနိုင်ပါတယ်။ အခုအစီအရင် ဟာ တစ်ဖက်ချစ်သူများနဲ့ ချစ်သူရှာဖွေနေသူများအတွက်လည်း အဆင် ပြေစေတဲ့ အစီအရင်ကောင်းတစ်ခု ဖြစ်ပါတယ်။

ပထမဆုံး ကိုယ့်ကို ဘယ်သူမှ မနှောင့်ယှက်နိုင်မယ့် တိတ်ဆိတ်





ငြိမ်သက်တဲ့နေရာ (သို့မဟုတ်) ကိုယ့်အခန်းရဲ့စားပွဲ ခုတ်တစ်လုံးအပေါ်မှာ မော်စက်ဝိုင်းတစ်ခုကို ရေးဆွဲ လိုက်ပါ။ ဒီစက်ဝိုင်းရဲ့ အလယ်တည့်တည့်မှာ ကိုယ့် ဓာတ်ပုံကို ကိုယ်ပြန်မြင်ရတဲ့အနေအထားနဲ့ ချထား လိုက်ပါ။ ပြီးရင် အဲဒီဓာတ်ပုံအပေါ်ကနေ လက်ကိုင် မှန်အသေးတစ်ချပ်ကို မှန်ရှိတဲ့မျက်နှာပြင်နဲ့ ကိုယ့်ဓာတ်ပုံတို့ ထိကပ်နေအောင် အုပ်ချ လိုက်ပါ။



ဒုတိယအဆင့်ကတော့ ချစ်သူရှာ ဖွေမယ့်လူ၊ သို့မဟုတ် တစ်ဖက် ချစ်သူများက ကိုယ့်ချစ်သူရဲ့ အမည်ကို ရေးစရာမလိုဘဲ သူ့ရဲ့အချက် အလက်များကို စာရွက်အပိုင်းအစမှာ ရေးပြီး မှန်အနောက်ကနေ ကိုယ့်လက် ဖဝါးနဲ့ ဖိကပ်ပေးလိုက်ပါ၊ စာလုံးများ ရေးသားထားတဲ့ စာရွက်မျက်နှာပြင်ကို မှန်အနောက်မှာ ထိကပ်ပေးရမှာ ဖြစ်ပါတယ်၊ ချစ်သူရှိသူများကတော့ ကိုယ့်ချစ်သူရဲ့မျက်နှာပါတဲ့ ဓာတ်ပုံ အခြမ်းကို မှန်နောက်မှာ လက်ဖဝါးနဲ့ဖိကပ်ပေးရမှာ ဖြစ်ပါတယ်။ ဒီလို ဖိ ကပ်ထားချိန်မှာ ကိုယ့်ချစ်သူနဲ့ကိုယ်ဟာ ကြာခံ ကြေးမုံပြင်ရဲ့မော်စွမ်းအား နားမှတဆင့် နှလုံးသားချင်းနီးစပ်သူများ ဖြစ်သွားကြပြီလို့ အာရုံပြုစ်စား ပေးပါ။ အာရုံပြုမှုကို (၃)မိနစ်ကြာသည်အထိ ပြုလုပ်ပါ။

ပြီးရင် ကိုယ့်ဓာတ်ပုံ၊ အလယ်က မှန်ချပ်နဲ့ ချစ်သူရဲ့ဓာတ်ပုံ (သို့ မဟုတ်) ချစ်သူရဲ့အချက်အလက်များပါဝင်တဲ့ စာရွက်အပိုင်းအစတို့ကို အနီရောင်ကြိုးလေးနဲ့ အသေချည်နှောင်ပေးလိုက်ပါ။ ပြီးတဲ့အခါ အသင့်ရှိ ထားတဲ့ အနီရောင်အိတ်လေးထဲကိုထည့်ပြီး နောက်ထပ် အနီရောင်ကြိုး တစ်ချောင်းနဲ့ အိတ်အနီလေးကိုလည်း အသေချည်နှောင်ရစ်ပတ်ပါ။

အိတ်အနီရောင်လေး အလုံးစုံပြီးစီးသွားရင် ဒီအိတ်လေးကို ကိုယ် နေသက်ရာ သစ်ပင်တစ်ပင်ရဲ့အောက်မှာ မြေမြှုပ်ပေးလိုက်ရမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အရောင်များရဲ့ မှော်စွမ်းအားဆိုင်ရာ ဂုဏ်သတ္တိများ




လောကီပညာလိုက်စားသူများအနေဖြင့် အရောင်တွေရဲ့မှော်စွမ်းအားဆိုင်ရာ ဂုဏ်သတ္တိများကို သိရှိထားဖို့လိုအပ်ပါတယ်။ အစီအရင်များမှာ ကိုယ်အသုံးပြုမယ့် စာရွက်၊ အခင်း၊ ဘောပင်မှင်အရောင်မှစလို့ ကိုယ့်ရဲ့အဆောင် ကျောက်မျက်များအထိ အသုံးပြုမယ့် အရောင်များရဲ့ မှော်စွမ်းအင်နဲ့ ဂုဏ်သတ္တိများကို သိရှိထားရပါမယ်။

အဝါရောင်က တီထွင်ဖန်တီးခြင်းနဲ့ ဆက်စပ်ပါတယ်။ ဒါကြောင့် တီထွင်ဖန်တီးမှုတွေကို ပိုမိုပြုလုပ်ချင်သူများဟာ အဝါရောင်စက္ကူကို အသုံးပြုရပါမယ်။ စာမေးပွဲနဲ့ပတ်သက်လို့ ဆုတောင်းပြည့်ချင်သူများလည်း အသုံးပြုနိုင်ပါတယ်။ အဝါရောင်ရဲ့မှော်စွမ်းအားဂုဏ်သတ္တိကတော့ ပြောဆို ဆက်သွယ်မှု၊ စိတ်ကြည်လင်စေခြင်း၊ သတိတရရှိခြင်းနဲ့ စိတ်ကူးအယူအဆတို့ ဖြစ်ပါတယ်။

အစိမ်းရောင်ကတော့ ငွေကြေး၊ လုံခြုံစိတ်ချရမှု၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနဲ့ အလုပ်အကိုင် ရရှိမှုတို့အပေါ်မှာ အစွမ်းသတ္တိများ ရှိပါတယ်။ ဖော်[illegible]ကိစ္စများနဲ့ ပတ်သက်လို့ အလိုဆန္ဒပြည့်ဝလိုတယ်ဆိုရင် အစိမ်းရေ[illegible]က္ကူကြွယ်လေးများပြုလုပ်







ဆုတောင်းနိုင်ပါတယ်။

မိန်းမပီသခြင်း၊ လနဲ့ ညတို့ရဲ့အစွမ်းသတ္တိနဲ့ နတ်သမီးတို့ရဲ့စွမ်းအင်တို့ ရယူလိုတယ်ဆိုရင်တော့ ငွေ[illegible]င်ရောင်မှော်စွမ်းအားကို အသုံးပြုနိုင်ပါတယ်။

ရွှေရောင်မှာတော့ ယောကျ်ားပီသခြင်း၊ နေနဲ့နေ့တို့ရဲ့ စွမ်းအားများ ရှိပါတယ်။

အဖြူရောင်ကတော့ အပြစ်ကင်းစင်ခြင်း၊ ကြည်လင်ရှင်းသန့်ခြင်း၊ ရိုးသားခြင်း၊ အမှန်တရား၊ သာကွယ်မှုတို့အပြင် အခြားသော အရောင်များအတွက် အစားထိုးပေးနိုင်တဲ့ အရောင်လည်း ဖြစ်ပါတယ်။

အပြာရောင်ကတော့ အခြေအနေ ပြန်လည်ကောင်းမွန်လာခြင်း၊ ဉာဏ်ပညာ၊ ဗဟုသုတ၊ စိတ်ကူးယဉ်အိပ်မက်များ၊ စိတ်လှုပ်ရှားခံစားမှုရေနဲ့ ပင်လယ်နေသတ္တဝါတို့နဲ့ သက်ဆိုင်ပါတယ်။

အနီရောင်ကတော့ ချစ်ခြင်းမေတ္တာ၊ ဆွဲဆောင်မှု၊ ဒေါသ၊ စွန့်အားသတ္တိ၊ မီးဓာတ်နဲ့ နှစ်နစ်ကာကာဖြစ်မှုတွေနဲ့ ဆက်စပ်မှုရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အပြာနုရောင်ကတော့ စိတ်ချမ်းမြေ့ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ စိတ်ရှည်ခြင်း၊ နားလည်မှုရှိခြင်းနဲ့ ကျန်းမာရေးကောင်းမွန်မှုများနဲ့ ပတ်သက်မှုရှိပါတယ်။

ပန်းရောင်မှာ ပါဝင်တဲ့ မှော်စွမ်းအားဆိုင်ရာ ဂုဏ်သတ္တိကတော့ လေးစားဂုဏ်ပြုတာ၊ ချစ်ခင်ရင်းနှီးတာ၊ အကျင့်သီလ စင်ကြယ်တာ၊ စာရိတ္တကောင်းမွန်တာ၊ ရောင့်ရဲတာ၊ မိမိကိုယ်ကို ချစ်ခင်လေးစားတာ၊ စိတ်ကူးယဉ်ဆန်တာနဲ့ မေတ္တာတရား ထားရှိခြင်းတို့ ဖြစ်ပါတယ်။


ခရမ်းရောင်ကတော့ စွမ်းအားရှိခြင်း၊ ညင်သာစွာ စွန့်လွှတ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ စွမ်းအား၊ ရည်မှန်းချက်၊ စိတ်စွမ်းအင်တို့နဲ့ သက်ဆိုင်ပါတယ်။ ခရမ်းနုရောင်ရဲ့ဂုဏ်သတ္တိတွေကတော့ ငြိမ်းချမ်းခြင်း၊ ငြိမ်သက်အေးဆေးခြင်းနဲ့ ပြန်လည်ကောင်းမွန်လာခြင်းတို့ ဖြစ်ပါတယ်။

လိမ္မော်ရောင်မှာတော့ အလိုက်သင့်ပြောင်းလဲခြင်း၊ စွမ်းအားရှိခြင်း၊ အင်အားရှိခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း၊ ဂုဏ်ပြုရှိုးမွမ်းခြင်း၊ လူမှုရေးဆိုင်ရာကိစ္စရပ်များမှာ လိမ္မာမှုရှိခြင်းနဲ့ စိတ်ကူးယဉ်ဆန်ခြင်းစတဲ့ ဂုဏ်သတ္တိများ ရှိပါတယ်။

အညိုရောင်အကြောင်းကိုပြောရမယ်ဆိုရင် အခြေခံရှိခြင်း၊ တည်ငြိမ်ခြင်း၊ စွမ်းအားရှိခြင်း၊ မိသားစုပြဿနာများ ပြေလည်စေခြင်း၊ အိမ်မွေးတိရစ္ဆာန်နဲ့ မြေပြင်ပေါ်က ကိစ္စရပ်များနဲ့ သက်ဆိုင်ပါတယ်။

အနက်ရောင်ကတော့ ဂမ္ဘီရဆန်ခြင်းကို ကိုယ်စားပြုပါတယ်။ လောကီပညာရှင်များ အများဆုံးအသုံးပြုပြီး အနက်ရောင်ဟာ ဝိညာဉ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုကို ပိုမိုကောင်းမွန်စေတယ်လို့ ယူဆကြပါတယ်။








www.burmeseclassic.com

www.burmeseclassic.com



# မီးခိုးရောင် လောကီပညာရပ်(၁၈)



မီးခိုးရောင် လောကီပညာရပ်(၁၈)မှာတော့ မှော်အတတ်မှာ အလွန်အရေးပါလှတဲ့ ဓာတ်ကြီးလေးပါးအကြောင်းကို ဖော်ပြသွားပါမယ်။ တကယ်တော့ မှော်ပညာဟာ အရမ်းကို သဘာဝဆန်ပြီး သဘာဝတရားများကို အခြေခံပါတယ်။

ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်၊ မီးဓာတ်တို့ဟာ ကမ္ဘာကြီးအတွက် မရှိမဖြစ်အရာဖြစ်ပြီး သူတို့မရှိရင် သက်ရှိလောက ကမ္ဘာကြီးလည်း တည်ရှိနိုင်မှာ မဟုတ်ပါဘူး။ အခုဖော်ပြမှာက မှော်အတတ်တွေ စီရင်အသုံးပြုတိုင်းမှာ အသုံးပြုခဲ့ကြတဲ့ ဓာတ်ကြီးလေးပါးရဲ့ တစ်မျိုးချင်းစီအကြောင်းနဲ့ မန္တန်များ၊ ဆုတောင်းများမှာ ဘယ်လိုအသုံးချကြတယ်၊ ဘယ်လိုပုံစံနဲ့ ဒီဓာတ်များကို ရယူတယ်ဆိုတာတွေကို သိရှိသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ လေဓာတ်အကြောင်းကို ပြောပါမယ်။ လေဓာတ်ကို ကိုယ်စားပြုတဲ့အရည်အချင်းတွေကတော့ အတွေးစိတ်ကူးများ၊ လှုံ့ဆော်မှုနဲ့ အကြံဉာဏ်များ ပေါ်ပေါက်လာခြင်း၊ တီထွင်ဖန်တီးခြင်း၊ ခရီးသွားခြင်း၊ လွတ်မြောက်ခြင်း၊ အသစ်စတင်ခြင်း၊ စိတ်ကြည်လင်ခြင်းတို့








ဖြစ်ပါတယ်။

ဒီအကြောင်းအရာ ...နဲ့ ပတ်သက်လာလို့ရှိရင် ...ဓာတ်စွမ်းအင်ကို အသုံးချ...ပါတယ်။ ငှက်မွေးလေး... လေမှာလွင့်တာ၊ ခေါင်း...ောင်းတီးတာ၊ အမွှေးတိုင်...းတာတွေ အားလုံးဟာ ...ဓာတ်နဲ့သက်ဆိုင်ပတ်သက်...ပဲ ဖြစ်ပါတယ်။ နောက်တစ်...တ မန္တန်များ၊ ဆုတောင်း...ကို ပါးစပ်ကရွတ်ဆိုပြီး ...များ၊ လေထဲရောက်သွားခြင်းဟာ လေဓာတ်စွမ်းအင်ကို ရယူခြင်း ...မျိုးပဲ ဖြစ်ပါတယ်။

မြေဓာတ်ကတော့ သဘာဝတရားကိုအခြေခံပြီး ငွေကြေး၊ ကြီး...အောင်မြင်ခြင်း၊ စည်းမျဉ်းစည်းကမ်း၊ အလေ့အထများ၊ တုန့်ပြန်ခြင်းများ ...ကိုယ်စားပြုပြီး ဒီလိုကိစ္စမျိုးတွေကြုံလာရင် မြေဓာတ်စွမ်းအင်ကို ရယူ...တယ်။ တစ်ခါတရံမှာ မြေကြီးမှာ ငါးထောင့်ကြယ်တို့၊ မှော်စက်ဝိုင်းတို့ ...ပြီး ကိုယ့်ရဲ့လောကီအစီအရင်စားပွဲအဖြစ် အသုံးချရခြင်းမျိုးတွေ ရှိ





www.burmeseclassic.com

www.burmeseclassic.com






သလို၊ ကျောက်တုံးများ မြေမြှုပ်ခြင်း
စီရင်ထားတဲ့ပစ္စည်းများကို မြေကြီး
ထဲမှာ မြှုပ်နှံခြင်းဖြင့် မြေဓာတ်စွမ်းအင်
ကို တိုက်ရိုက်ရယူကြပါတယ်။

မီးဓာတ်ကို ဓာတ
ဖယောင်းတိုင်အသုံးချ အစီအရင်များ
မှာ အများဆုံး အသုံးချကြတာ တွေ့ရ
တယ်၊ မီးဓာတ်နဲ့ ဖယောင်းတိုင်
အသုံးချ စီရင်ခြင်းတွေဟာ တစ်ဆ
တစ်စပ်တည်းဆိုသလို ပူးတွဲတည်
တတ်ပေမယ့် အမြဲတမ်းတော့ မဟုတ်
ပါဘူး။ မီးဓာတ်ရဲ့ ကိုယ်စားပြုမှု
တော့ ချစ်ခြင်း၊ မုန်းခြင်း၊ ဒေါသဖြစ်ခြင်း စတဲ့ ပြင်းပြသောစိတ်များ၊ စွမ်းအ
ခွန်အားတို့ကို တိုးပွားစေခြင်း၊ ဖန်တီးတီထွင်ခြင်း၊ ဒေါသဖြစ် အမျက်ထွ
ခြင်းတို့ ဖြစ်ပါတယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်လာရင် ဖယောင်းတိုင် အသုံး
အစီအရင်နဲ့ မီးဓာတ်စွမ်းအင်ကိုရယူကြပါတယ်။

ရေဓာတ်ရဲ့ ကိုယ်စားပြုမှုတွေကတော့ ချစ်ခြင်းမေတ္တာ၊ စိတ်
ကောင်းခြင်း၊ မိတ်ဆွေဖြစ်ခြင်း၊ ကျန်းမာခြင်း၊ အိပ်စက်ခြင်းတို့ဖြစ်ပါတယ်
ဒီကိစ္စတွေနဲ့ပတ်သက်လာလို့ရှိရင် အစီအရင်တွေမှာ ရေဓာတ်စွမ်းအ
ကို အသုံးပြုတာ အကောင်းဆုံးပဲဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခါတရံ
သာမန်ရေနဲ့ အစီအရင်တွေ၊ ဆုတောင်းတွေကို လုပ်လို့မရနိုင်တာမျိုး
လည်း ရှိပါတယ်။ တကယ်လို့ အစီအရင်အတွက် တကယ့်ကို အစွမ်းထ
မြက်ချင်တယ်ဆိုရင် မိုးရေနဲ့စီရင်ခြင်းက ပိုမိုကောင်းမွန်အစွမ်းထက်မြ
တယ်လို့လည်း သိရပါတယ်။ မိုးတွင်းမဟုတ်ရင်တော့ ရိုးရိုးရေနဲ့သာ အသ
ပြုရပါလိမ့်မယ်။

ကဲ.. အခုလောက်ဆိုရင်တော့ အစီအရင်တွေမှာ လေဓာ
မြေဓာတ်၊ မီးဓာတ်၊ ရေဓာတ်များရဲ့ စွမ်းအင်ရယူအသုံးချပုံတွေကို နားလ
သဘောပေါက်လောက်ပြီလို့ ယူဆမိပါတယ်။









www.burmeseclassic.com

www.burmeseclassic.com



# တန်ခိုးကြီးသော အလင်းရောင်နတ်မင်း အပိုလို



ရှေးခေတ်ဂရိလူမျိုးများနဲ့ ရောမသားတို့ကိုးကွယ်ခဲ့ကြတဲ့ တန်ခိုးအလွန်ကြီးတဲ့ နတ်(၁၂)ပါးအထဲမှာ တစ်ပါးအပါအဝင်ဖြစ်သူကတော့ ဇုနတ်မင်းကြီးရဲ့သားတော် အပိုလို လို့ခေါ်ကြတဲ့ နေနတ်သားပဲ ဖြစ်ပါတယ်။ သူဟာ လနတ်သမီး အားတီမစ် (ဒိုင်ယာနာ)နဲ့ အမြွှာမွေးဖက်အဖြစ် မွေးဖွားလာခဲ့တာ ဖြစ်ပါတယ်။



အပိုလိုနတ်သားရဲ့အစွမ်းထက်မြက်မှုကတော့ သူဟာ မွေးဖွားအပြီး (၄) ရက်အကြာမှာ ပိုင်တွန်အမည်ရ နဂါးတစ်ကောင်ကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် တန်ခိုးကြီးနတ်မင်းများအကြားမှာ အရှိန်တိုအတွင်း နာမည်ဂုဏ်သတင်းမွှေးပျံ့ခဲ့သူဖြစ်ပါတယ်။

သူဟာ ဇုနတ်မင်းကြီးနဲ့ နတ်မိဖုရား လီတိုတို့ကနေ မွေးဖွားလာတဲ့ သားတော်ဖြစ်ပြီး လူသတ္တဝါတို့ အပေါ်မှာ







အကြင်နာတရားကြီးမား ... သိရပါတယ်။ နေ့တိုင်း ... တော့မှ အနားယူခြင်း မရှိ ... နေကြာ ယာဉ်ရထားကို စီး ... ခေါင်းနှင်ကာ လူသားတို့ ... နေ့အလင်းရောင်နဲ့ အပူဓာတ် ... ပေးစွမ်းတယ်လို့ ရှေးခေတ် ... ချမ်းများက ဆိုပါတယ်။

အပိုလိုနတ်သားဟာ ... တ်သမီး အားတီမစ်ကဲ့သို့ ... မော လှပသူဖြစ်ပြီး သူ့မှာ ... မော လှပခြင်း၊ စိတ်သဘော ... ဖြူစင်ခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်းဆိုတဲ့ အရည်အချင်းကောင်း ... ရှိတယ်လို့ ယုံကြည်ကြပါတယ်။ ဟီးလီယော့လို့လည်း အမည်တွင် ... အလွန်တရာကြီးမားသော အပိုလိုရဲ့ရုပ်ထုကြီးဟာ ဂရိနိုင်ငံမှာ ရှိပြီး ... ခဲ့ဖွယ် ခုနစ်သွယ်မှာ ပါဝင်ပါတယ်။



ပြီးတော့ အပိုလိုနတ်သားဟာ အနာဂတ်ကို ကြိုတင်ဟောပြောနိုင်မှု၊ ကျန်းမာရေး၊ ဂီတနဲ့ကဗျာ၊ လေးမြှား အတတ်ဆိုင်ရာများမှာ အထူးကျွမ်းကျင်သူလို့ဆိုပြီး ဒါတွေနဲ့ပတ်သက်လာလို့ရှိရင် သူ့ကိုဆုတောင်းပါက ပြည့်ဝစေတယ်လို့ သိရပါတယ်။

ဒါ့အပြင် လယ်ယာလုပ်ငန်းများဟာလည်း ဒီနတ်သားရဲ့ စောင့်ရှောက်မှုအောက်မှာ ရှိပြီး အခက်အခဲများရှိပါက ဆုတောင်းနိုင်ကြပါတယ်။




www.burmeseclassic.com

www.burmeseclassic.com




## ချောက်ချားစရာ မရဏာမင်းရဲ့ လူ့ရိုးဘုရားကျောင်း




ချက်ရီပတ်ဘာလစ်နိုင်ငံမှာရှိတဲ့ ဘုရားကျောင်းတစ်ကျောင် ဖြစ်ပြီး အထဲမှာ အစစ၊ အရာရာကို လူများရဲ့အရိုးများနဲ့သာ ဖန်တီးထား အတွက် ဒီဘုရားကျောင်းကို ချောက်ချားစရာကောင်းတဲ့ မရဏမင် ပိုင်ဆိုင်တဲ့ လူ့ရိုးဘုရားကျောင်းလို့ တင်စားခေါ်ဝေါ်ကြပါတယ်။

ဒီဘုရားကျောင်းကို (၁၃)ရာစုမှာ ဆောက်လုပ်ခဲ့တာဖြစ်ပြ










ငျးမှာ တန်ဆာဆင်ထားတဲ့ လူ့ဦးခေါင်းခွံတွေ၊ လူ့အရိုးတွေဟာ ယ့်လူ့ရိုးများ ဖြစ်ပါတယ်။


ထူးခြားချက်တစ်ခုက ဒီဘုရားကျောင်းဟာ ထုထည်ကြီးမားတဲ့ ဆောက်အဦတစ်ခုဖြစ်ပေမယ့် ဒီကျောင်းထဲကို ဝင်ရောက်ဖို့ ဝင်ပေါက် ဘော့ အပေါက်ကျဉ်းကျဉ်းလေးနဲ့ တံခါးပေါက်တစ်ပေါက်သာ ရှိပါ ယ်၊ နောက်တစ်ချက်ကတော့ ဘုရားကျောင်းအတွင်းကို ဝင်လိုက်တာ သင်ဟာ အေးစိမ့်မှုတွေကို အလိုလိုခံစားရပါတယ်။



www.burmeseclassic.com


www.burmeseclassic.com





အစုလိုမျိုး ဘုရားကျောင်းရဲ့အတွင်းမှာ ဘာလို့ လူရိုးများနဲ့ တန်ဆာဆင်၊ အလှဆင်ထားရသလဲဆိုတဲ့ သမိုင်းကြောင်းလေးကိုရော မသိချင်ကြဘူးလား။ ပြောပြပါမယ်။

ဒီလိုဖြစ်လာရတဲ့ အကြောင်းကတော့ ဒီဘုရားကျောင်းရဲ့သင်္ချိုင်းမှာ လူသေအလောင်းများ လာရောက်မြှုပ်နှံမှု များပြားလာတဲ့အခါမှာ နောက်ထပ်ရောက်ရှိလာတဲ့အလောင်းများ မြှုပ်နှံဖို့အတွက် အရင်က မြှုပ်နှံခဲ့တဲ့ လူတွေရဲ့အရိုးများကို ဖယ်ရှားခဲ့ပါတယ်။ ဒါပေမယ့် ဒီလူရိုးများကို ဘုရားကျောင်းထဲမှာ ထိန်းသိမ်းထားရာကနေ နောက်ပိုင်း ဒီဘုရားကျောင်း








မှာ လှပအောင်တန်ဆာဆင်ပြီး ထိန်းသိမ်းမယ်လို့ စိတ်ကူးရရှိခဲ့ရာ အစုလိုပုံစံမျိုး ဖြစ်ပေါ်လာရတာ ဖြစ်ပါတယ်။

လူပေါင်း (၄၀၀၀)ကျော်ရဲ့အရိုးများကို ဘုရားကျောင်းအတွင်း ရားကျောင်းရဲ့နံရံ အလှဆင်များအဖြစ် လည်းကောင်း၊ မျက်နှာ များနဲ့ မျက်နှာကျက်များပေါ်က မီးဆိုင်းများအဖြစ်ပါ အရိုးများနဲ့ ဖန်တီး ကြတာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီဘုရားကျောင်းကို Bone Church လို့ လူသိများ ပါတယ်။ လူ့ဘဝကြီးအတွင်းမှာရှိတဲ့ လူသားတို့အတွက် ဘဝဟာ ဆိုတာကို နားလည်သဘောပေါက်စေမယ့်နေရာတစ်ခုလည်း ဖြစ် ယ်။

ဒီဘုရားကျောင်းဟာ အခုတော့ ဘုရားကျောင်းဆိုတာထက် ပြည်သူ လာရောက်လေ့လာရာ နေရာတစ်ခုဖြစ်နေပြီး တစ်နှစ်ပတ် ဖွင့်လှစ်ထားပါတယ်။ ခရစ္စမတ်ကာလ၊ ဒီဇင်ဘာ (၂၄ နဲ့ ၂၅)ရက်၊ နှစ် သာ ဒီပြတိုက်ဟန်ပေါက်နေတဲ့ ဘုရားကျောင်းကို ပိတ်ပါတယ်။ ကြေးကတော့ ချက်နိုင်ငံငွေကြေး 40 KC ဖြစ်ပြီး ကျောင်းသား၊ င်းသူများဆိုရင်တော့ ဒီဝင်ကြေးရဲ့ထက်ဝက်ခန့်သာ ပေးရပါတယ်။ ကို ဓာတ်ပုံရိုက်မယ်ဆိုရင် ဓာတ်ပုံရိုက်ခအနေဖြင့် ကင်မရာကြေး KC ထပ်မံ အပို ဆောင်းပေးရမှာ ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

- အမုန်းအာဃာတ တရားကြီးမားသောစုန်းမ
- အခြားစုန်းများထက် တန်ခိုးသတ္တိထက်မြက်သော၊ ဒေါသကြီးသောစုန်းအမျိုးအစားများ၊
- ခြေရာ၊ ခြေမှုန့်ကိုယူပြီး ပြုစားနိုင်သော စုန်းအတတ်ပညာများအကြောင်း..စသည်ဖြင့်။










www.burmeseclassic.com

www.burmeseclassic.com





✡

ဟဲဘူးစုန်း၊ နောက်သိုးစုန်း၊ ပြန်ဟာစုန်း၊ ကျားစုန်းတို့သည် လက်ဝဲနား၌ အမောက်စီရရှိ ရှိသည်။ အခြားစုန်းများထက် တန်ခိုးသတ္တိ ထက်မြက်သည်။ ဒေါသလည်း ကြီးသည်။ မောင်မျိုးဟန်ကား ထိုစုန်းနှင့် ကံဆိုးလှစွာ ထိပ်တိုက် တွေ့ဆုံခြင်းပေတည်း။

အိမ်ပေါ်သို့ ဖြည်းညှင်းစွာတက်လာသော ဆရာသည် ဘုရားကျောင်းဆောင်ကို ပထမဦးစွာ တစ်ချက်လှမ်းကြည့်ကာ ဦးစွာထိုင်သည်။ ဝတ်ပြုသည်။ (၁၅) မိနစ်ခန့် ကြာသွားသည်။ ထို့နောက် ဝတ်ပြုကာ နေရာတကျ ပြန်ထိုင်သည်။ ဆရာ၏မျက်နှာချင်းဆိုင်တွင်တွင် မိသားစုငါးယောက်ခန့် ထိုင်နေသည်ကို သတိပြုမိလိုက်သည်။

အိမ်သားများ၏မျက်ဝန်းများတွင် ဆရာအား ယုံကြည်ကိုးစားစိတ်အားကိုး အသနားခံဟန် မျက်ဝန်းများဖြင့် ငေးစိုက်ကြည့်နေသည်ဟု ခံစားမိသည်။ ဆရာသည် အိမ်ထောင်ဦးစီးဖြစ်သူကို တည်ငြိမ်စွာဖြင့် တစ်ချက်ပြုံးပြလိုက်ပေသည်။

ဆရာသည် အသက်(၅၀)ခန့်ရှိပေပြီ။ အင်္ကျီအဖြူကော်လံ ကတုံးကို ဝတ်ဆင်ထားကာ နက်မှောင်သောယောင်ကို သေသပ်စွာ ထုံးနှောင်ထားသည်။ ဆရာဟန်ပန်သည် ရှေးခေတ်မြေပိုင်းဇာတ်မှ မင်းသားတစ်ယောက်နှင့်တူသည်။ အသားလတ်လတ်၊ မျက်ခုံးထူထူ၊ ပိပြားပါးလှပ်သော နှုတ်ခမ်းများက တည်ကြည်လေးနက်မှုကို ဖော်ပြနေပေသည်။





"လူနာ ဘယ်မှာတုံး.."

"အိမ်အောက်မှာပါ.. ဆရာ"

ဆရာ၏မျက်ဝန်းညိုများတွင် ကရုဏာရိပ်တစ်ရ ဖြတ်သန်းသွား
နာရှင်၏ဖခင်ဖြစ်သူသည် ဆရာနှင့်သက်တူရွယ်တူလောက်ပဲ
သိမ့်မည်။ ညှိုးငယ်သောမျက်နှာဖြင့် တိုးသဲ့စွာဆက်၍ ပြောလေသည်။

"ဆရာရယ်... ကျွန်တော့်သားလေးဝေဒနာခံစားရတာ တစ်လ
က်ရှိပါပြီ ခင်ဗျား..။ ခွေးလိုအူ၊ ခွေးလိုနေပြီး စားတော့လည်း ခွေးလို
နေပါတယ်.. ဆရာ၊ စကားလည်းမပြောတော့ပါဘူး။ တိရစ္ဆာန်စိတ်
ပေါက်သွားပါပြီ၊ ကျွန်တော့်သားလေးကို ကယ်ပါ..ဆရာ"

ထိုစဉ်တစ်ချိန်လုံး ငြိမ်သက်စွာထိုင်နေသော မိခင်ကပါ မျက်ရည်
စမ်းစမ်းနှင့် ကြားဖြတ်၍ပြောလေသည်။

"အိမ်ရဲ့စီးပွားရေးကို ကျွန်မသားလေးကပဲ ဦးဆောင်နေတာပါ
လယ်အလုပ်၊ ခြံအလုပ်တွေဆိုလည်း သူပဲဦးဆောင်တာပါ။ ခု သူ
စိတ်ပျောက်ပြီး တိရစ္ဆာန်စိတ်ပေါက်နေတော့ ကျွန်မတို့ပဲ လုပ်နေရ
တတ်နိုင်သလောက် ကယ်ပါ.. ဆရာရယ်"

ထိုစဉ်အိမ်အောက်မှ ရုတ်တရက် ဝူးဝူးဝါးဝါး အူလိုက်သောခွေး
ပေါ်လာသည်။ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံပင် ဖြစ်သည်။
ဝင်အားလုံး မျက်စိမျက်နှာပျက်ကာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ
အသက်(၁၀)နှစ်ရွယ် ကလေးမလေးက မျက်ရည်ဝဲနေသည်။

"အဲဒါ သားလေးရဲ့အသံပါ.. ဆရာ"

"အူ..ဝူး..ဝူး..ဝူး"

"အူ..ဝူး.."

"ကျွန်မသားလေးဘဝဆုံးပါပြီ.. ဆရာ၊ လူစင်စစ်က ခွေးဘဝ
်နေပါပြီ"

ဆရာသည် ချောင်းတစ်ချက်ဟန့်လိုက်သည်။

"အဲသလို တစ်ထစ်ချတော့ မပြောနဲ့လေ၊ ကျွန်တော်နားလည်
လာက်တော့ ဒီကိစ္စက မရှိသေးဘူး၊ ပယောဂပါတယ်၊ ဘယ်လိုဖြ
၊ ဘယ်သူက ဘာကြောင့်လုပ်သလဲဆိုတာ စစ်ဆေးကြည့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တတ်ထားတဲ့ပညာက ကတိ သစ္စာ သမာဓိကို အခြေ
တယ်၊ ဘုရားဂိုဏ်း၊ တရားဂိုဏ်းပါ။ ကျွန်တော်တို့ဂိုဏ်းဝင်တွေဟာ အ
သေစာ မသောက်စားရပါဘူး။

ကျွဲသား၊ အမဲသား၊ ဝက်သား မစားရပါဘူး။ ပြီးတော့ သူများ
မယား မပြစ်မှားရ၊ ပယောဂမဟုတ်ဘဲနဲ့လိမ်ညာပြီး မကုသရ စသည်
ရှောင်ကြဉ်စရာတွေ ရှိပါတယ်၊ ပယောဂနဲ့နွယ်တဲ့ရောဂါတွေပဲ ကုပါတ
ခု ဒီကလေးက ပယောဂပူးကပ်နေတာပါ။ စုန်းလား . . ကဝေလား . .
တစ္ဆေလားဆိုတာ စစ်ဆေးပြီးမှ ကုသမှုကိုစတင်မှာ ဖြစ်ပါတယ်၊ ဒီ
လူနာကိုအပ်ပါ"

ဖခင်သည် အားတက်သရောဖြင့် -

"လူနာကိုအပ်ပါတယ် . . ဆရာ"

"လူနာက ဘာနေသားလဲ"

"သောကြာသားပါ . . ဆရာ"

"ကဲ . . ဂိုဏ်းစည်းကမ်းအရ ပွဲတော်ပြင်ရမယ်"

ဖခင်ဖြစ်သူသည် အားရဝမ်းသာဖြင့် ပြာပြာသလဲ ပြောပြန်သ

"ပြောပါ ဆရာ . . လိုအပ်သမျှ ပြောပါ၊ ဘာမဆိုပြောပါ . . ဆ

"ဟုတ်ပါပြီ . . ဒီနေ့တော့ ဒီလောက်နဲ့ပဲရှိပါစေတော့၊ မနက်
မနက်စောစော ကျွန်တော်လာပါ့မယ်၊ ကျွန်တော်ပြောတာတွေ စီရင်
ပါ၊ စိတ်ချပါ၊ ကျွန်တော်တတ်နိုင်သလောက် ကူညီပါ့မယ်၊ မနက်ဖြ
မှ ကောင်လေးကို အိမ်ပေါ်ရအောင်ခေါ်တင်ပြီး စစ်ဆေးကြတာပေါ့"

"ဟုတ်ကဲ့ပါ . . ဆရာ"

"ဟုတ်ကဲ့ပါ ဆရာရှင့် . . ကျွန်မသားလေးကို ကယ်ပါ၊ ဆရာ

"စိတ်ချပါ၊ ဒီလို အောက်လမ်းအလုပ်၊ လူယုတ်မာတွေရဲ့လုပ်
ကို ကျွန်တော်တို့အထက်ဂိုဏ်းတွေက ခွင့်မလွှတ်ပါဘူး၊ စိတ်ချပါ"

❀

ဘုရားစန်းမသည် ပကတိတိတ်ဆိတ်ငြိမ်သက်လျက်ရှိသ
ကြည်ညိုဖွယ်ရာ ဆင်းတုတော်အောက်တွင် ဘုရားပွဲ၊ သာ





✡

"ပြော . . မပြောရင် ငါ
ဆင်နဲ့ နင်းခိုင်းမယ်၊ ကျားနဲ့လွှတ်ပေးမယ်"
အမျိုးသမီးသည် လက်နောက်ပြန်
တုပ်နှောင် ခံထားရမှ
တဆတ်ဆတ် တုန်လာသည်။
"ဆရာရယ် . . ကြောက်ပါတယ်။
ဆင်နဲ့မနင်းပါနဲ့ . . ကျားနဲ့လည်း
မလွှတ်ပါနဲ့"

တော်ပွဲများ စသည်ဖြင့်ရှိ
ဆီမီးများ၊ အမွှေးတိုင်များ
ည်း ပုဖော်ထွန်းညှိထားပေရာ
န်ညီးလျက်ရှိပေ၏။

ဝေဒနာရှင်လူငယ်ကို ဆေး
ည်တု သတင်းကြားကတည်းက
တ်တွင်းရှိ အိမ်နီးနားချင်းအချို့
ာကြည့်ရှုရန် အိမ်ပေါ်တွင်
ာ်နေပေသည်၊ ကြိုတင်စီမံ
ည့်အတိုင်း၊ လူနာရှင်ဘက်မှ
ောင်းသော အမျိုးသမီး တစ်
ာ်တ ဆရာ၏ရှေ့တွင်ထိုင်နေ
ာမောင်မျိုးဟန်ကတော့ ဘုရားကျောင်းဆောင်တည့်တည့် ဆရာ
ာလွယ်ရတ်တွင် လူနစ်ယောက်က ချုပ်ကာထိုင်နေသည်၊

တစ်ချက်တစ်ချက်တွင် ရုန်းကန်ကာ ခွေးတစ်ကောင်ကို မာန်ဖီ
ောက်လျက်ရှိကာ လူစိတ် လုံးဝပျောက်ကင်းနေပေသည်၊ လာ
ကြည့်ရှုသူ ပရိသတ်မှာ လူငယ်ကလေးမောင်မျိုးဟန်ကို ကရုဏာ
ာက်ရှိကာ စုန်းတိုက်သူကို မကျေမနပ်ဖြစ်နေကြပေသည်၊

ဆရာသည် ရွတ်ဖတ်သရဇ္ဈာယ်ပြီး ရှေ့မှာထိုင်နေသော အမျိုး
ကို လူငယ်ကလေးအား ပြုစားသူကို ဝင်ရောက်ပူးကပ်စေသည်၊

"ကဲ . . ခု ဝင်လာတာ ဘယ်သူလဲ"

ဆရာ၏စကားဆုံးသည်နှင့် စောစောက ကုန္နေရရထိုင်နေသော
ာသမီးသည် ရုတ်တရက် အမူအရာပြောင်းသွားသည်၊ တစ်ကိုယ်လုံး
ာ်ကာ လေမုန်တိုင်းမိသော သစ်ပင်လို တဆတ်ဆတ်တုန်ကာ အံ
တ်ကြိတ် ဖြစ်လာသည်၊ သူမသည် လက်နစ်ဖက်ကို ဆုပ်ကိုင်ကာ
ကို မျက်စောင်းနီနီကြီးဖြင့် စိုက်ကြည့်လေသည်၊ ထို့နောက် "တောက်"
ချက် ပြင်းပြင်းခေါက်လေ၏။

"တောက် ! . ."



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အမူအရာသည် စောစောပိုင်းက သိမ်မွေ့သော အမူအ[...] နှင့် ဆန့်ကျင်ဘက် ဖြစ်လေပြီ..။

"ပြောလေ..ဘယ်သူလဲဆိုတာ၊ အထက်ဆရာကြီးတွေရဲ့အ[...] နဲ့ ငါခမ်းနေတယ်"

အမျိုးသမီးသည် ကိုယ်တိုင် ယိမ်းထိုးကာ အံတစ်ချက်ကြိတ်[...] လိုက်ပြန်သည်။

"ငါ..စုန်းမပဲ"

ပရိသတ်သည် ဝေါခနဲ တစ်ချက် ဆူညံသွားလေသည်။

"စုန်းမတဲ့ ဟဲ့"

"ဟုတ်ပါရဲ့.."

"ကြောက်စရာကြီး..စုန်းမတဲ့ဟ"

ဆရာသည် တည်ငြိမ်စွာဖြင့်ပင် ခေါင်းတဆတ်ဆတ်ညိတ်[...] မိသည်။

"အေးပါ..ငါကလည်း အဲဒီလိုစုန်းကဝေတွေနဲ့ပဲ တွေ့ချင်[...] တာ၊ စုမှ ဆန္ဒပြည့်ပေတော့တယ်၊ ဘာဖြစ်လို့ ဒီကလေးကို အရှက်တ[...] အကျိုးနည်းအောင် လုပ်ရတာလဲ"

ဘာမှပြန်မပြော ငြိမ်သက်နေသည်၊ ထိုအခါ ဆရာက -

"ကဲ..သက်ဆိုင်ရာ လက်ပြန်ကြိုးတုပ်၊ ငါ့ရှေ့အရောက်ပို့[...]

"ဒုန်း!..ဒုန်း!.."

"အောင်မလေး.."

အံ့ဩစရာကောင်းလှသည်၊ အမျိုးသမီးသည် လက်နှစ်ဖက်[...] ထားရာမှ တစ်စုံတစ်ခုသောမမြင်ရသည့် အင်အားတစ်ခုက ဆွဲယူ[...] နောင်လိုက်သလို၊ သူမ၏လက်နှစ်ဖက်သည် နောက်သို့ လက်ပြန်ရော[...] သွားသည်၊ ပမာမခန့်ထိုင်နေသော ခြေနှစ်ဖက်သည် ပုဆစ်တုပ်ထိုင်[...] လျက်သား ဖြစ်သွားတော့သည်။

ပရိသတ်သည် "ဟာ!.." "ဟယ်!.." အာမေဋိတ်တွေ စုံ[...] တော့လေသည်၊ ထိုနောက် ရုတ်ချည်း ပြန်လည်ငြိမ်သက်သွားပြန်လေ[...]

"ပြောစမ်း.."





"အမလေး..ဆရာ လျှော့ပါ"

"ပြော..မပြောရင် ငါဆင်နဲ့ [...]မယ်၊ ကျားနဲ့လွှတ်ပေးမယ်"

အမျိုးသမီးသည် လက်နောက် [...]ပြစ်နောင်ခံထားရမှ တဆတ်ဆတ် [...]လာသည်။

"ဆရာရယ် ..ကြောက်ပါ [...]၊ ဆင်နဲ့မနင်းပါနဲ့..ကျားနဲ့လည်း [...]တ်ပါနဲ့"

ဆရာ၏အသံသည် တစ တစ [...]န့်လာသည်။

"နင်ကသေမှာလည်း ကြောက် [...]၊ မေးတာတော့ မပြောဘူး"

အမျိုးသမီးသည် ခေါင်းငုံ့မျက်စိမှိတ်ထားလျက်က -

"ပြောပါ့မယ်ဆရာ..၊ ကြောက်လှပါပြီ၊ ကျွန်မကို ပမာမခန့်လုပ် [...]ပါ"

"ပြော..ပြော..ပြည့်ပြည့်စုံစုံပြော၊ ပမာမခန့်လုပ်တာလေးနဲ့ [...]ရက်ရက်စက်စက် လုပ်ရသလား၊ နင့်ကိုငါ မေတ္တာနဲ့ပဲ မေးနေတာ [...]၊ ရုတ်ရုတ်ရုတ်ရုတ်လုပ်ရင် သက်ဆိုင်ရာအင်းစောင့်တွေကကော [...]စောင့်ပုဂ္ဂိုလ်တွေကကော နင့်ကို ရိုက်လိမ့်မယ်"

"ကြောက်ပါပြီ ဆရာ..ဖတ်စုံခင်းပြောပါ့မယ်၊ အမလေး!.. [...]ရာ..ကျွန်မအနားကို ဆင်မည်းကြီးကပ်လာပြီး ခြေထောက်ကြီးမြှောက် [...]ပြီ လုပ်ပါဦး..ဆရာ"

ဆရာသည် အမျိုးသမီး၏ နောက်ကျောဘက်တစ်နေရာကို လက် [...]ြှောက်၍ ထားလိုက်၏၊ အမျိုးသမီးသည် ချက်ချင်း ငြိမ်သက်သွားသည်၊ [...]ထပ် ဘာစကားမှ မပြောတော့ပေ၊ ထိုအခါမှ ဆရာသည် အမျိုးသမီး [...] ခေါင်းမာလှသော စိတ်ဓာတ်ကို သဘောပေါက်သွားသည်။

"အောင်မာ..တယ် မာယာများလှပါကလား၊ ကဲ..[...]နောက်

www.burmeseclassic.com



သတ်၊ ဆေးစောင့်ပုဂ္ဂိုလ် ရှေ့ကိုကြွ၊ လှံနဲ့ ထိုးစမ်းကွယ်၊ ဒီစုန်းမက ခေါ် ကြောလည်း မာတယ်"

အမျိုးသမီးသည် လက်ပြန်ကြိုးတုပ်နှောင်ထားရာမှ ထွန့်ထွန့် ကာ အော်ဟစ်တော့သည်၊ ထိုစဉ် သူမနှင့် မလှမ်းမကမ်းရှိ မောင်မျိုး သည် အတင်းရုန်းကန်ကာ လေးဖက်ထောက်ရန်ကြိုးစားရင်း "တအူး အူ" နှင့် အူလေတော့သည်၊

"အူ..ဝူး..ဝူး"

"အူး..ဝူး..ဝူး..ဝုတ်..ဝုတ်"

ပရိသတ်သည် ရှုန်းရင်းဆန်ခတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့ တချို့ အိမ်ပေါ်မှ ဆင်းပြေးလေသည်၊ ခွေးအူသံသည် နာကြင်မှုတစ်ရပ် ဖော်ပြနေပေသည်၊

"အမလေး!..စုန်းမကို အစောင့်ပုဂ္ဂိုလ်က လှံနဲ့ထိုးတော့ မောင် မျိုးဟန်က ခွေးလိုအူသဟေ့.."

"ဟုတ်ပါရဲ့..ဒီဆရာ စုန်းမကို နိုင်ပုံမလား"

"နိုင်ပါစေတော်..ကောင်လေး သနားပါတယ်"

"တော်တော် မာယာများတဲ့ စုန်းမပဲ.."

"ဘယ်က စုန်းမလဲ မသိဘူး"

ပရိသတ်သည် တစ်ယောက်တစ်ခွန်း ဖြစ်လာကြသည်၊ ယောက် တွေကတော့ ဆက်၍ထိုင်နေသည်၊ ဆရာသည် ခေါင်းရင်းတွင် ဂူမြေမပျက် ဘဲ ဆက်၍ ထိုင်နေလေသည်၊ ဆင်းပြေးသော အမျိုးသမီးများသည် ရုတ် တရက် အိမ်ပေါ်မတက်ဝံ့သေးဘဲ ဖိနပ်ချွတ်မှစုပြုံ၍ ကြည့်နေကြပြန်သည်၊ လူအုပ်စုသည် တဖြည်းဖြည်းများလာသည်၊

စုန်းမဝင်စားသူသည် ထွန့်ထွန့်လူး အော်ဟစ်နေသည်၊

"အောင်မလေး!..လှံနဲ့ ထိုးနေပါပြီ၊ ကြောက်ပါပြီ ဆရာရဲ့.. တော်ပါတော့"

ဆရာသည် လက်ကာပြလိုက်သည်၊ အမျိုးသမီးသည် ရုတ်တရက် ငြိမ်ကျသွားပြန်၏၊

"ကဲ..ဖာတ်စုံခင်းစမ်း.."





"ဟင်း..ဟင်း..ဟင်း..ဟီး..ဟီး..ဟီး.."

ဆရာသည် စိတ်မရှည်ဟန်ဖြင့် "တောက်" တစ်ချက်ခေါက် ပြန်သည်၊ ဆရာသည် ဂူမြေရစ္စာဖြင့် တင်ပျဉ်ခွေမပျက်ပေ၊

"ကဲ..ဒီလောက်တောင် ဝေ့လည်ကြောင်ပတ်လုပ်နေတာ နဖူးနဲ့ ဖြင့် အချက်(၅၀)ဆောင့်စမ်းဟာ"

အမျိုးသမီးသည် ရုတ်တရက် ခေါင်းထောင်လာကာ မျက်လုံး များဖြင့် လှန်ကြည့်ပြီး ကြမ်းပြင်ကိုနဖူးဖြင့် တဒုန်းဒုန်း ဆောင့်လေ သည်၊

"ဒုန်း..ဒုန်း..ဒုန်း"

"ဒုန်း..ဒုန်း.."

"ဒုန်း..ဒုန်း"

"အား!..အား!..အား"

"အမလေး!..သေပါပြီ..သေပါပြီ"

"ရပ်ပါတော့..သေပါပြီရှင့်"

ဆရာသည် လက်ကာပြလိုက်ရာ ကြမ်းပြင်နှင့်နဖူး ဆောင့်နေရာ ချက်ချင်းရပ်တန့်သွားသည်၊ အမျိုးသမီးသည် ချွေးတွေရွှဲကာ နဖူးပြင် လုံး ဘုသီးကြီးတွေ ထွက်လာ၏၊

"ကဲ..ဖာတ်စုံခင်းဖို့ ကြိုးစားတော့ ပလီပလာလုပ်မယ် မကြံနဲ့ ၊ ဒါ ပထမအဆင့်ပဲ ရှိသေးတယ်၊ ဝန်မခံရင် ဒီ့ထက်နာမယ်"

"နင့်ပညာလေး မတောက်တခေါက်နဲ့ နင့် စုန်းအတတ်က ဘာလဲ၊ ..မနက်ဖြန်မှာ အဖြေပေးရင် ပေး၊ မပေးရင် ဒီ့ထက်နာမယ်၊ နင့်ကို မြွေ ပေါက်သတ်မယ် နားလည်လား၊ နင်..ငါဆေးကုနေရိုန်မှာ ဘယ်မှမသွား ငါ့ခရိယာ ဒီအသိုင်းဝန်းထဲက မထွက်ရဘူး၊ ခရီး မထွက်ရဘူး၊ မနက် သပ်တွေ့မယ်၊ ကဲ..သက်ဆိုင်ရာများ လမ်းဖွင့်ပေးလိုက်ကြပါ"

ရုတ်တရက် သက်ပြင်းရှည်ကြီးချကာ အမျိုးသမီးသည် ပုံလဲကျ သွားသည်၊ ထိုအခါမှ အိမ်သားများက ပွေ့ယူနာနပ်ကြသည်၊ အံ့ဩစရာ ကောင်းသည်မှာ စောစောက ကြမ်းပြင်နှင့်နဖူးဆောင့်ထားရာမှ ဘုသီးကြီး သည် လုံးဝမရှိတော့ဘဲ ပကတိအသားတိုင်း ပြန်ဖြစ်နေခြင်း ပင်တကား၊



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် စောစောပိုင်းကဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို သိရှိဟန်မတူဘဲ ပကတိငြိမ်သက်ကာ အိမ်သားများနှင့် စကားပြောဆိုနေပေသည်။

"မနက်ဖြန် သုံးရက်မြောက်၊ နောက်ဆုံးနေ့ပဲ . ."

ဆရာသည် တည်ငြိမ်စွာပြောလိုက်သည်။ သောက်ရေတစ်ခွက်ယူ၍ သောက်သည်။

ဆေးကုသရက်၏နောက်ဆုံးရက်ဖြစ်သဖြင့် ဘုရားစင်၏ ပတ်လည်တွင် ဆီမီးတိုင်၊ အမွှေးတိုင်များဖြင့် ဝေဆာလှပေသည်။ ဆရာ လာသောအခါ မည်သည့်ဆေးဝါးပစ္စည်းမှပါမလာသည်က ထူးခြားမှုတစ်ရပ်ဟု ဆိုရပေမည်။ ဒီနေ့တော့ ဆရာသည် ခါတိုင်းလိုပင် ကော်လံခေါ်တုံးအဖြူကို သပ်ရပ်စွာ ဝတ်ထားသည်။

လုံချည်မှာ ယောလုံချည်အပြာကွက်စိတ်ကလေးဖြစ်ကာ ခေါင်းတွင် ဣန္ဒြေရရထိုင်နေပေသည်။ အိမ်ရှင်အမျိုးသားကြီးနှင့် လူနာအကြောင်း ဆေးဝါးအကြောင်းများကို ပြောနေပေသည်။ ပရိသတ်ကလည်း တဖွဲဖွဲ ရောက်လာပေပြီ။

ခဏကြာလျှင် ဆရာသည် အမွှေးတိုင်၊ အလင်းတိုင်များကို ထွန်းညှိကာ ဘုရားဝတ်ပြု၊ အထက်ပုဂ္ဂိုလ်ကြီးများကို တိုင်တည်ပင့်ဆောင်သည်။ ဝတ်ပြုခြင်းလုပ်ငန်းများ ပြီးစီးသွားသောအခါ ပညာဖြင့် ပြုစားကို ဆင့်ခေါ်လိုက်သည်။ မနေ့က စုန်းဝင်သည့်အမျိုးသမီးကို ထိုင်စေ စုန်းမကို ဝင်ရောက်ပူးကပ်စေလိုက်သည်။

"ကဲ . . ဒီနေ့တော့ ဖာတ်စုံခင်းဖို့ ဆုံးဖြတ်ပြီးလောက်ပြီ ထင်တယ်။ ဒူးတုပ်ပြီး သေသေချာချာထိုင်၊ ဘုရားကျောင်းဆောင်ရှေ့မှာ ခြေဆင်းမထိုင်နဲ့၊ သေချင်လို့လား . ."

အမျိုးသမီးက စပ်ရှိန့်ရှိန့်ပင် ဒူးတုပ်ထိုင်လိုက်သည်။

"ပေတောင်းတောင်းနဲ့၊ ကဲ . . ဆိုင်ရာက လက်ပြန်ကြိုးတုပ်၊ ငါ့ရှေ့ အရောက်ပို့စေ"





အမျိုးသမီးက ဒူးတုပ် ထိုင်နေရာမှ လက်နှစ်ဖက်စလုံးနောက်သို့ ရောက်သွားကာ လက်ပြန်ကြိုးတုပ် အလို ဖြစ်သွားသည်။

"ကဲ . . ပြော . . ဖြစ်စဉ်ကိုပြော ယောဟိုမှာ မြေတွေ့လား"

"အောင်မယ်လေး ဆရာရဲ့ . . မြေတာ ဗျာလိပ်လောက်ရှိတယ်။ မျက်စိကြီးက သံပုရာသီးလောက်ရှိတယ်။ နီရဲ လျှာကတစ်လစ်တစ်လစ်နဲ့ ကြောက်စရာ . . ကြောက်တယ်"

ခုနာကိုယ်ကို ထိတွေ့ကိုင်တွယ်ခွင့်ရရင် ပြုစားနိုင်တဲ့စုန်း ရှိသေးတယ်။ ဟဲဘူးစုန်း၊ မျော်နှာခေါင်းစုန်း၊ မြန်မာစုန်းတို့က ခြေရာမြေနဲ့ စိုင်ကြာ များပါတယ်။ သူတို့အကောင်းကြောင်း ပြောရင် မိုင်ပေါင်းများစွာက ကြားနိုင်စွမ်းရှိတယ်။

"အေး . . ကြောက်ရင်ပြော"

စုန်းမဝင်စားသူ အမျိုးသမီးသည် အနောက်ဘက် လှနှစ်ယောက်ကြားထိုင်နေသော မောင်မျိုးဟန်ကို မကျေမနပ်ဖြင့် မျက်စောင်းလှည့်သည်။

"သင်းပေါ့ . . ကျွန်မကို ဈေးထဲ လူလယ်ကောင်မှာ ခြေထောက်ကို သတ်နင်းပြီး မတောင်းပန်ဘဲ ထွက်သွားတယ်၊ ကျွန်မက "ဟဲ့! . . မိုက်ရိုင်းလှချည်လား" လို့လှမ်းပြောတာတောင် မကြားချင်ယောင်ဆောင်ပြီး ထွက်သွားတယ် ဆရာ။

ကျွန်မဒေါသထွက်ပြီး သူ့နောက်က ထက်ကြပ်မကွာ လိုက်သွားခဲ့တယ်၊ သူ ဖိနပ်စီး မထားဘူး . . ဆရာ၊ ဒါနဲ့ ဈေးအပြင်ရောက်တော့ ဆိုက်ကားပေါ် သူတက်သွားတယ်၊ ဒါနဲ့ ကျွန်မလည်း ရပ်နေလိုက်တယ်။ သူ လျှောက်သွားတဲ့ခြေရာတွေကို သေသေချာချာ မှတ်ထားလိုက်တယ်ပါ"

"ဟုတ်ပါပြီ . . ဆက်ပြော . ."

"ကျွန်မ မြေမှာခြေရာထင်တဲ့ မြေမှုန့်ကိုယူ၊ မြေမှာ တင်ကျန်ရစ်ခဲ့တဲ့ သူ့အရိပ်ကိုနင်းပြီး ဖနောင့်နဲ့ သုံးချက်ပေါက် ကျိန်စာတိုက်ပြီး စိုင်လိုက်တာပါ . . ဆရာ"

ဆရာသည် ခေါင်းတစ်ချက်ညိတ်ကာ စုန်းဝင်စားကို သေချာစွာ

www.burmeseclassic.com



ကြည့်သည်။

"တော်တော်ဒေါသကြီးပါလား..နင် ဘာစုန်းလဲ"

အမျိုးသမီးသည် ရုတ်တရက်တွေဝေသွားသည်၊ မဖြေ။

"ကဲ..ကြာတယ်၊ ပြော.."

"ဟဲဘူးစုန်းပါ.."

ဆရာသည် ခေါင်းကို တဆတ်ဆတ်ညိတ်နေသည်။

ဟဲဘူးစုန်း၊ နောက်သိုးစုန်း၊ ပြန်ဟာစုန်း၊ ကျားစုန်းတို့သည် လက်ဝဲနား၌ အမောက်စီရရီ ရှိသည်၊ အခြားစုန်းများထက် တန်ခိုးသတ္တိ ထက်မြက်သည်၊ ဒေါသလည်း ကြီးသည်၊ မောင်မျိုးဟန်ကား ထိုစုန်းနှင့် ကံဆိုးလှစွာ ထိပ်တိုက်တွေ့ဆုံရခြင်းပေတည်း၊ မတော်တဆမှုကို တောင်းပန်ခြင်းမရှိဘဲ အလျှင်စလိုထွက်သွားခြင်း အပြစ်ပင် ဖြစ်ပေတကား။

"ဒီကောင့်ကို ကျွန်မ အသေသတ်မယ်"

ဆရာသည်ခေါင်းကို ဖြည်းလေးစွာခါသည်၊

"နင် ဒီလောက်အရှက်ခွဲရတာ ကျေနပ်ရောပေါ့၊ သူ့ပြစ်ဒဏ်နဲ့ တောင် ခုခံနေရတာ မကာမိဘူး၊ ကြည့်စမ်း..အရှက်တကွဲ အကျိုးနည်းဖြစ် နေပြီ၊ ခွေးလိုနေ၊ ခွေးလိုစား၊ ခွေးလိုအူ၊ တော်ရောပေါ့၊ ဟဲဟူးစုန်းတွေ ဟာ အမျက်စောင်မာန်ကြီးတယ်၊ အငြိုးအတေးကြီးတယ်ဆိုတာ ငါသိ တယ်၊ ငါတို့က ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သားတပည့်တွေ၊ မကောင်း သူပယ်၊ ကောင်းသူကယ်ရမှာပဲ၊ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်လိုက်ပါ"


အမျိုးသမီးသည် ခေါင်းကိုတွင်တွင်ရမ်းကာ အံကြိတ်နေသည်၊ ဆရာကိုကြောက်၍သာ ငြိမ်သက်နေခြင်း ဖြစ်သည်၊

ဆရာသည် ပရိသတ်ဘက်သို့လှည့်ကာ အေးချမ်းတည်ငြိမ်စွာ စကားဆိုပေသည်၊

"ကဲ..နင်ကစုန်းဆိုလို့ ငါစကားပြောချင်တယ်၊ ကဝေပညာသည် ဆိုတာ ကြားဖူးတယ်နော်၊ ရှာသူလို့လည်း ခေါ်ကြတယ်၊ သူတို့က မကျေနပ် သူရဲ့ခြေရာမြေကြီး၊ မြေမှုန့်ကိုယူပြီး ပညာနဲ့ စီမံပြုလုပ်ကြတာလေ၊ ဗိုက်နာ ဗိုက်အောင့်၊ နားပင်း၊ လူစိတ်ပျောက်၊ ဗိုက်ထဲမှာ အလုံးအခဲတည်အောင် လုပ်တတ်ကြသေးတယ်၊







ကိုယ်ဝန်ဆောင်ဆိုရင် ...ပျက်သွားနိုင်အောင်ပြုလုပ်နိုင်ကြ ...တယ်၊ ခန္ဓာကိုယ်ကို ထိတွေ့ကိုင် ...ယ်ခွင့်ရရင် ပြုစားနိုင်တဲ့စုန်း ရှိ ...တယ်၊ ဟဲဘူးစုန်း၊ မော်နာခေါင်း ...၊ ပြန်ဟာစုန်းတို့က ခြေရာမြေနဲ့ ...ရင်ကြတာ များပါတယ်၊ သူတို့ ...ကောင်းကြောင်းပြောရင် မိုင်ပေါင်း ...ရာချီကတောင် ကြားနိုင်စွမ်းရှိပါ ...တယ်၊

စက်ကြိုးဆင်ပြီး ကောင်း ...င်မှာလည်း သွားလာနိုင်တယ်၊ ဒီလို တန်ခိုးမျိုးကို ကမ္မဇိဒ္ဓိတန်ခိုးလို့ ...တ်မှတ်ပြီး အင်း၊ ဆေး၊ သံ၊ ပြဒါး စသည့် အတတ်ပညာတို့ကြောင့် ...စွမ်းကြတဲ့တန်ခိုးကို ဝိဇ္ဇာမယိဒ္ဓိတန်ခိုးလို့ သတ်မှတ်ကြတယ်လေ"

နောက်ပြီး ဘူးသွင်းတယ်ဆိုတာ ရှိသေးတယ်၊ ပွင့်ပွင့်လင်းလင်း ...ပြောရရင် အပင်းသွင်းတာပဲ၊ ဘူးပင်း၊ အစာပင်း၊ အရိုးပင်း၊ အသားပင်း၊ ...ရေပင်း၊ ဒါတွေကို ဘူးပင်းထည့်တယ်လို့ ခေါ်ပါတယ်၊ ဗိုက်ထဲမှာ ဆံပင် ...ည်တွေးတွေ၊ လှရိုးလှသွားတွေ၊ သံချောင်းတွေ၊ ပြီးတော့ အမဲသားတွဲ ...ကြီးတွေ၊ တဖြည်းဖြည်း လူနာဝမ်းဗိုက်ထဲမှာ ပြည့်လာအောင် လုပ်တတ် ကြတယ်၊

လူနာဟာ ဘူးသွင်းခံလိုက်ရပြီဆိုတာနဲ့ ဗိုက်ကြီးက တဖြည်းဖြည်း ...လာတယ်၊ မျက်လုံးပါပြူးထွက်လာတယ်၊ အဲဒါ ကဝေမြောက်စုန်းတွေ ...ပြုစားတတ်ကြတယ်လေ၊ တကယ်တော့ ဒါတွေဟာ အပယ်ငရဲနဲ့ မပြေး ...လွတ်တဲ့ ပညာတွေပဲ၊ ပြုလုပ်သူလည်း ခံရတယ်၊ ပြုသူကတော့ ဘဝ ...ပေါင်းများစွာ အကုသိုလ်ငရဲပဲ၊ မြေကြီးလက်ခတ်မလွဲ တန်းနေတာပဲဟေ့၊

ကဲ..တို့အလုပ်တွေ စကြစို့၊ ဒီမယ်ဟေ့..တစ်ယောက်ကလည်း ...တော်တဆဖြစ်တာကို မတောင်းပန်မိဘူး၊ တစ်ယောက်ကလည်း ...ကို ...အငြိုးအတေးထားပြီး စုန်းတိုက်တယ်၊ ခံရတဲ့သူက မတန်တဆ...ကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မင်းလုပ်ထားတဲ့လုပ်ရပ်ကို ဒီမှာတင်ရပ်ပြီး လုပ်ထားတာတွေကို ပြန်နုတ်ပါ။ တစ်ဖက်လူကို ဒီလောက်လုပ် အရှက်ခွဲထားတာ ကျေနပ်ရော ပေါ့။ ဆရာ မေတ္တာရပ်ခံတယ်"

အမျိုးသမီးသည် မျက်ထောင့်နီကြီးဖြင့် တွေနေသည်၊ ပရိသတ်သည် တုပ်တုပ်မျှမလှုပ်ဘဲ ငြိမ်သက်နေသည်၊

"ကျွန်မ .. မကျေနပ်ဘူး"

"ကဲပါ .. ဆရာ မေတ္တာရပ်ခံတာပါ"

အမျိုးသမီးသည် ခေါင်းခါနေသည်၊

"နင် .. ဘယ်သူလဲဆိုတာ ငါသိနေပြီ၊ ခု .. ပရိသတ်ဗိုလ်ပုံ အလယ်မှာ ပြောပြလိုက်ရမလား။ နင်နေတာ ဒီနားလေးကပဲ၊ ပြော .."

အမျိုးသမီးသည် ဆတ်ခနဲခေါင်းခါလာသည်၊

"ဆရာ .. မပြောပါနဲ့၊ ကျွန်မပညာသည်မှန်း သိသွားကြမှာပေါ့"

"ဒါဆို ဒီအလုပ်ကို စွန့်ပါ၊ အေး .. မစွန့်နိုင်သေးတာတောင် ဒီပညာနဲ့ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူးလို့ ကတိပေး"

အမျိုးသမီးသည် တစ်ချက်ရှိုက်လိုက်သည်း မျက်ရည်တွေ ဗိုးဗိုး ပေါက်ပေါက်ကျလာသည်၊

"ကျွန်မ .. လုပ်ထားတာတွေကို ပြန်နုတ်ယူပါ့မယ်၊ ဒါပေမဲ့ သူ မိုက်ရိုင်းသမျှ ကျွန်မကို တောင်းပန်မှ ပြန်နုတ်မှာ၊ ကျွန်မပညာတော့ မစွန့် မလှူပါရစေနဲ့ .."

ဆရာ တစ်ချက်ပြုံးလိုက်သည်၊

"ကဲပါကွယ် .. သူ့ကိုယ်စား ဆရာတောင်းပန်ပါရစေ၊ မဆင် မခြင် မိုက်မှားမိတာ တောင်းပန်ပါတယ်"

အမျိုးသမီးသည် လက်နောက်ပြန်ချုပ်နှောင်ထားခံနေရရာမှ မျက်နှာတစ်ချက်မပျက်ဘဲ မောင်မျိုးဟန်ရှိရာသို့ တစ်ချက်မျှ ငဲ့စောင်း ကြည့်ပြီးလျှင် -

"ဆရာနဲ့ မဆိုင်ပါဘူး၊ သူကိုယ်တိုင်တောင်းပန်မှ ကျွန်မဖြေပေး မယ်"

ဆရာသည် မျက်မှောင်တစ်ချက် ပင့်သွားသည်၊ ပရိသတ်သည်







အခါမှ လှုပ်လှုပ်ရှရှ ဖြစ်သွားတော့သည်၊ "ဘာဆက်ဖြစ်ကြမလဲ" ဟု တစ်ယောက်တစ်ပေါက် တီးတိုး မေးကြသည်၊

"စုန်းမက ပြန်တောင်းပန် ခိုင်းနေပြီ ဟေ့ .."

ဆရာသည် တည်ကြည်သောမျက်နှာဖြင့် -

"ကဲ .. ဆေးစောင့်၊ အင်းစောင့် ပုဂ္ဂိုလ်များ ချုပ်နှောင်ထားတာတွေကို လွှတ်ပေးလိုက်ပါ"

ဆရာ့စကားဆုံးသည်နှင့် လက်နောက်ပြန်ဖြစ်နေသော အမျိုးသမီး၏ လက်ပြန်များသည် အလိုလို ပြေလျော့သွားသည်၊ သူမသည် ယောင်းယောင်းဆံပင်တွေကို စည်းနှောင်သည်၊

"ကဲ .. မောင်မျိုးဟန်ကိုလည်း ဖြေပေးလိုက်ပါ၊ သူ့ စကားမပြော ရဘဲ၊ ခွေးလိုအူနေရတဲ့ ဥစ္စာ၊ ကဲ .. ဖြေလိုက်တော့ ဒါမှ သူစကားပြော ရမှာ .."

အမျိုးသမီးသည် မျက်စိကိုစုံမှိတ်ကာ ခေတ္တငြိမ်သက်သွားသည်၊ ထိုစဉ် မောင်မျိုးဟန်သည် လူနှစ်ယောက်ချုပ်ကိုင်ထားသည့်ကြားမှ လက် နှစ်ဖက်ကို ကြမ်းပြင်ပေါ်သို့ ခွေးတစ်ကောင်လို စုံထောက်ကာ အူလေ တော့သည်၊

"အူ .. ဝူး .. ဝူး .."

"ဝုတ် .. ဝုတ် .. ဝုတ် .."

"အူ .. ဝူး"

"အု .."

မိဘများနှင့် ဆွေမျိုးသားချင်းများသည် မျက်နှာပျက်ကြကုန် သည်၊ နောက်ဆုံး "အု" ခနဲ တစ်ချက်မြည်ကာ ခွေးညည်းသလို၊ အီအီ ညည်းနေပြန်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"အီ..အီ..အီ"

"အီ..အီ..အီ"

ငြိမ်သက်တိတ်ဆိတ်သွားသော အမျိုးသမီး၏ခန္ဓာကိုယ်သည် အနည်းငယ်မျှ တစ်ချက်တွန့်သွားပြီးနောက် သူမ၏ခန္ဓာကိုယ်အနှံ့အပြားသည် ထူးခြားမှုများဖြင့် စတင်လိုက်ပေသည်။ ဦးခေါင်း၊ လက်များတွင် ပိုးစုန်းကြူးကောင်ကလေးများ ကပ်ငြိနေကြသကဲ့သို့ မီးစုန်းကလေးများ တလက်လက် ထွက်ပေါ်လာခြင်းပေတည်း။ မီးစုန်းကလေးများသည် စိမ်းပြာရောင်သဏ္ဌာန်ဖြင့် မှိတ်ချည်လင်းချည် တဖျတ်ဖျတ် လင်းလက်နေခြင်းပေတကား။

"ဟော..စုန်းမရဲ့ကိုယ်က စက်တွေ၊ ပညာတွေ ထွက်လာပြီဟေ့"

ပရိသတ်သည် တုတ်တုတ်မျှပင် မလှုပ်တော့။ အံ့ဩတကြီးဖြင့် ငေးကြည့်နေကြသည်။ ထိုအခါ ဆရာသည် တစ်လံကွာကွာတွင် ထိုင်နေသော သူမကို ခေါင်းတစ်ညိတ်ဖြင့် -

"ကဲပါ..နင် ဘာအဆင့်လဲဆိုတာ သိပါပြီ၊ ကောင်လေး ခန္ဓာကိုယ်ထဲက နင့်ပစ္စည်းတွေ၊ ပညာတွေ၊ အပင်းတွေ နုတ်တော့၊ ထုတ်ပစ်လိုက်တော့"

အမျိုးသမီး၏ခန္ဓာကိုယ်သည် တဆတ်ဆတ်တုန်လာသည်။ နှုတ်ခမ်းများသည် တဆတ်ဆတ်တုန်ခိုက်လာပြီး "ဟင်း" ခနဲ တစ်ချက် ညည်းညူသံနှင့်အတူ ခန္ဓာကိုယ်ပေါ်ရှိ မီးစုန်းကလေးများ ရုတ်တရက် ပျောက်ကွယ်သွားသည်။

ထိုစဉ် ခပ်လှမ်းလှမ်းတွင်ထိုင်နေသော မောင်မျိုးဟန်သည် လတ်နစ်ဖက်ထောက်ကာ တအီအီအော်နေရာမှ ဆတ်ခနဲတစ်ချက် တုန်ခါသွားသည်။ သူသည် ရှုပ်ကိုင်ထားသော ယောကျ်ားကြီးများ၏လက်ကြားမှ ရုန်းထွက်ကာ ပရိသတ်နှင့်တကွ ဆရာကို မမြင်ဘူးသလို ခပ်ကြောင်ကြောင် ငေးကြည့်နေသည်။

ဆရာသည် ခေါင်းတစ်ချက်ညိတ်ပြုံးလိုက်ကာ -

"ကဲ..ကဲ၊ မောင်မျိုးဟန် သတိရလာပါပြီ၊ လူစိတ် ဝင်လာပါပြီ"

ဆရာစကားဆုံးသည်နှင့် မောင်မျိုးဟန်သည် မိခင်ဖြစ်သူကို





ဦးဆုံး လှမ်းမြင်လိုက်ရသည်။

"ဟင်!..အမေ"

"သားလေး..မသေကောင်း၊ မပျောက်ကောင်းကွယ်"

မောင်မျိုးဟန်သည် ကြောင်စီစီဖြင့် ပရိသတ်ကို တစ်လှည့်စီ ကြည့်ကာ -

"အိမ်ပေါ်မှာ လူတွေအများကြီးပါလား..အမေ၊ ဘာတွေဖြစ်ကြ လဲ ဟင်!.."

ထိုအခါ ဖခင်ဖြစ်သူက ဝင်ပြောသည်။

"ကဲ..သားကြီး၊ အဲဒါတွေ နောက်မှရှင်းပြမယ်။ ခု..ဒီ မင်း လေးကို စုန်းမပူးကပ်နေတယ်၊ လွန်ခဲ့တဲ့ တစ်လကျော်ကျော်လောက် ရေထဲမှာ မိန်းမတစ်ယောက်ရဲ့ခြေထောက်ကို မင်းနင်းပြီး မတောင်းပန် ဲ့ ထွက်သွားတယ်၊ ပြဿနာက အဲဒီက စတာပဲ၊ ပြောချင်ရင် နောက်မှ ၊ ခု..သူ့ကို ဆရာ့ရှေ့မှောက်မှာပဲ တောင်းပန်လိုက်ပါ။ လေးလေးစားစား ောင်းပန်လိုက်ပါ"

ထိုအခါကျမှ မောင်မျိုးဟန်သည် လွန်ခဲ့သော တစ်လကျော်ကျော် ာတ အဖြစ်အပျက်တစ်ခုကို ပြန်လည်အမှတ်ရသွားခဲ့သည်။ ဒါကို ာတ ရိပ်မိသွားခဲ့သည်။

"မောင်မျိုးဟန် မပြောနဲ့တော့၊ ဘယ်သူဘယ်ဝါဆိုတာ ဆရာ တယ်၊ မင်းလည်း ခုဆို သဘောပေါက်ပြီ၊ မပြောနဲ့တော့၊ မေ့ထားလိုက် ာ့၊ ကာယကံရှင်ကလည်း သူဘယ်သူဆိုတာ ထုတ်ဖော်တာ ခွင့်မပြု ။ ပြဿနာအသစ်တွေ စလာဦးမယ်၊ ကဲ..တောင်းပန်လိုက်ပါ"

မောင်မျိုးဟန်သည် ပြုံးရွှင်စွာဖြင့် အမျိုးသမီးဘက်လှည့်ကာ -

"ကျွန်တော် မတော်တဆဖြစ်သွားမိတာ တောင်းပန်ပါတယ်.. ျား၊ အဲဒီနေ့က တောင်းပန်မလို့ပါပဲ၊ ဒါပေမယ့် ကျွန်တော့်ကိစ္စက ာကြီးဖြစ်နေလို့ ထွက်သွားမိတာပါ။ စော်ကားသလိုဖြစ်သွားပါတယ်၊ ာင်းပန်ပါတယ် ခင်ဗျာ၊ ခွင့်လွှတ်နားလည်ပေးပါ ခင်ဗျာ"

မောင်မျိုးဟန်စကားဆုံးသည်နှင့် အမျိုးသမီးသည် မျက်စိမှိတ် ဦးခေါင်းကိုတစ်ချက်ညိတ်ကာ ငြိမ်သက်သွားလေသည်။ ပရိသတ်

www.burmeseclassic.com





သည် တဝေါဝေါ ဆူညံသွားကာ စကား
တွေ ထွက်လာသည်၊
"ကဲ . . မောင်မျိုးဟန်လည်း
တောင်းပန်ပြီးပြီ၊ ကျေနပ်လိုက်ပါတော့
ဒီ တော့ နှင်လည်း လိုရာခရီးကိုဆက်
သွားနိုင်ပါပြီကွယ်၊ ကျန်းမာပါစေ၊ စိတ်
တဲ့ တရားထူး၊ တရားမြတ်ကို မုချမသွေ
ပါစေ၊
ကဲ . . ကဲ . . ပရိတ်သတ်ကြီး
ခင်ဗျာ . .၊ လမ်းနည်းနည်း ဖယ်ပြေးလိုက်
ကြပါ၊ လမ်းပိတ်မထားပါနဲ့၊ ဒီမှာ အပြင်
ထွက်တော့မယ်၊ ဝင်းခြံတံခါး ဖွင့်ပေးပါ"
အမျိုးသမီးသည် တစ်ချက်သမ်းဝေကာ ထိုင်နေရာမှ ပက်လက်
လန်ကျကာ လဲမလိုဖြစ်သွားသဖြင့် အဖော်အမျိုးသမီးနှစ်ယောက်က
ထူထိန်းကိုင် ထားလိုက်ရသည်၊ ထို့နောက် သတိဝင်လာချိန်တွင် သူမကိုယ်
မှ ထွက်ခွာသွားသောစုန်းသည် ခြေသံပြင်းပြင်းဖြင့် အိမ်ပေါ်မှ ဆင်းသွား
လေသည်၊ ဘုရားကိုပင် မကန်တော့၊ ဦးမချသွား၊
"ဒုန်း . . ဒုန်း . . ဒုန်း"
"ဒုန်း . . ဒုန်း . . ဒုန်း"
အသံသာကြားရသည်၊ လူ မမြင်ရ၊ ဖိနပ်ချွတ်အဆင့်တွင် "ဝုန်း"
ခနဲ ခုန်ချလိုက်ပြီး ခြေသံတဖျပ်ဖျပ်နှင့် ဝင်းတံခါးရှေ့သို့ ရောက်သွားသည်
ဖေ့ထားသော တံခါးနားတွင် -
"ကျွီ"
"ဝုန်း ! . ."
"ဟာ ! . ."
"ဟင် ! . ."
တံခါးရွက်သည် ဘယ်ညာရမ်းခါကာ ပြန်လည်ငြိမ်သက်သွား
သည်၊ ပရိသတ်သည် လျှော်ချက်မိသော ငှက်တွေလို တုတ်တုတ်မျှ





င်ဘဲ မျက်စိရှေ့မှောက်မှာ မြင်ကွင်းတစ်ရပ်ကို မျက်မြင်တွေ့လိုက်
ငေးကြောင်နေကြပေသည်၊
"အံ့သြစရာပဲ . .၊ ဘုရားတောင် မကန်တော့ဘဲ ဆင်းသွားတယ်"
"ထူးဆန်းလိုက်တာ . .၊ ကောင်လေးရောဂါ ယူပစ်လိုက်သလိုပဲ"
ပရိသတ်သည် တဖြည်းဖြည်းစဲသွားခဲ့သည်၊ မောင်မျိုးဟန်၏
နှင့်ဘကွ အိမ်သားများက ဆရာ့ကို ကျေးဇူးတင်ဝမ်းမြောက်သော
ငြိုဖြင့်ကြည့်ကာ အားတုံ့အားနာဟန်ဖြင့် -
"ဆရာရယ် . . ကျွန်တော့သားလေးက ဆရာကယ်တဲ့အသက်ပဲ
တော့တယ် ခင်ဗျာ၊ ဆရာနဲ့သာမတွေ့ရင် မတွေးဝံ့လောက်စရာပါပဲ
၊ ဆရာ့ကျေးဇူး ကြီးမားလှပါတယ် . . ဆရာရယ်၊ မရှိမသေး ဉာဏ်ပူ
ခြေကြွခလေး ချီးမြှင့်ပါရစေ . . ဆရာ"
ဆရာသည် တစ်ချက်မျှကြည်လင်စွာ ပြုံးလိုက်သည်၊ ထို့နောက်
နေရာမှထကာ -
"နေပါစေ . . ဆရာတို့ပညာက အခကြေးငွေ မယူရပါဘူး၊ ခုနစ်
သားသမီး ကယ်တဲ့အလုပ်ပါ၊ ဆရာ ခရီးဆက်စရာရှိသေးတယ်၊ ဆရာ့
နဲ့ မနက်စာစားဖို့ ချိန်းထားတယ်ကွယ့်၊ နောက်များမှ အေးအေးဆေး
ဆပ်တွေ့ကြတာပေါ့ကွယ်၊ ကဲ . . ဆရာ့ကို ခွင့်ပြုပါဦး"
ဆရာသည် အိမ်သားများကို နှုတ်ဆက်ကာ ညင်သာသောခြေ
များဖြင့် ဆင်းသွားလေသည်၊ ဆရာ့လက်ထဲတွင် ဘာမှမပါ၊ လက်
သက်သက်၊ ဆေးအိတ်၊ လွယ်အိတ်မရှိ၊ ဆရာ့အိမ်ပေါ်မှ ဆင်းသွား
မှ မောင်မျိုးဟန်သည် သတိရကာ ကျေးဇူးစကားဆို နှုတ်ဆက်ရန်
ရှိ မြင်းလှည်းဂိတ်သို့ လိုက်ပို့ရန် လျှင်မြန်စွာ ဆင်းသွားလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

# ပညာသည် ဒေါ်အိုဇာ နှင့် ထူးဆန်းသော မိန်းမပျို

စိုးမိုးနိုင်



- ပညာသည်ဒေါ်အိုဇာ၏မြေးမလေးခင်ခင်ကြီး
- ဝိဇ္ဇာလမ်းလိုက်နေသောဘကြီးအောင်၏မြေးမလေးနှင်းမှုံ
- မြို့ကရောက်လာတဲ့ကျောင်းဆရာလေးကိုကြည်နိုင်
- ကိုကြည်နိုင်အပေါ်ခင်ခင်ကြီးက စိတ်ဝင်စားခဲ့သော်လည်း

နှင်းမှုံနှင့်ချစ်သူများဖြစ်သွားပြီဆိုသောအခါ..။





www.burmeseclassic.com

www.burmeseclassic.com





✡

ပို့ရှုံအုံးညြစရာကောင်းသည်မှာ

ထိုမိန်းမပျိုလေးမှာ အဝတ်အစား လုံးဝ

မပါ၊ ဗလာနို့တွဲး

ကြည့်မိသော မိမိမျက်စိတို့ကိုပင်

ကိုယ့်လိပ်ပြာ၊ ကိုယ် မလုံ ရှက်မိ၏

ဘာပဲဖြစ်ဖြစ် ကိုယ်နှမအရွယ်မို့

မဖြစ်သင့်တာ၊ မဖြစ်ရအောင်

သတိပေးရချေတော့မည်။

(၁၉၄၇)ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစကာလ၊ ပဲခူးတိုင်း၊ ဇီးကုန်းရွာ၌ အင်္ဂလိပ်အစိုးရမှရှီးမြှင့်ခဲ့သော ရွေးကောက်ခံ သူကြီး ဦးထွန်းမြ အုပ်ချုပ်စဉ်အချိန်ကာလက ဖြစ်ပါသည်။

ထိုရွာ၌ မှော်အတတ်ပညာများကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တတ်မြောက်သော ဒေါ်အိုဇာဆိုသည့် အသက်(၆၀)အရွယ် အဘွားကြီး တစ်ဦး ရှိခဲ့ဖူးလေသည်။ သူ့တွင် အသက်(၂၀)အရွယ်ခန့်ရှိ ခင်ခင်ကြီးဟု သော မြေးမလေးတစ်ဦးရှိ၏။ သူတို့သည် ရွာအစွန်သချိုင်းအနီး၌ နေထိုင်ကြ၏။

ထိုအတူ ရွာလယ်၌မူ ဘုရား၊ တရားအလုပ်၌ လွန်စွာကိုင်းရှိုင်းပြီး မြေလျှောက်ဝိပဿနာလမ်းကိုလိုက်နေသော ဘကြီးအောင်ဆိုသည့် အသက် (၆၀)အရွယ် အဘိုးကြီးတစ်ဦးလည်း ရှိလေသည်။ သူ့တွင်လည်း အသက် (၂၀)အရွယ်ခန့်ရှိ နှင်းမှုံဟူသော မြေးမလေးတစ်ဦးရှိ၏။ နှင်းမှုံနှင့် ခင်ခင်ကြီး နှစ်ဦးလုံးမှာ ဘဝကအကျိုးပေး ဆင်တူသည်ဟု ဆိုရချေမည်။ နှစ်ဦးလုံးမှာ မိတဆိုး၊ ဖတဆိုးလေးများ ဖြစ်ကြ၏။





သက်တူရွယ်တူများဖြစ်ကြသော ဘကြီးအောင်၏မြေးနှင့် ဒေါ်အိုဇာ၏မြေးတို့သည် တစ်ကျောင်းတည်း၌ စာအတူသင် ကျောင်းသူများ ဖြစ်ကြသော်လည်း အထက်တန်းသို့တက်ရောက်သည်အထိ သူငယ်ချင်းများ အဖြစ်သို့ကား မရောက်ရှိခဲ့ကြပေ။

အကြောင်းမှာ နှင်းမှုံသည် ဘုရား၊တရားမြဲသော အဘိုးဖြစ်သူ၏ လက်အောက်၌ ကြီးပြင်းခဲ့ရသူဖြစ်၍ လူတိုင်းအပေါ် မေတ္တာထားနိုင်သော်လည်း ခင်ခင်ကြီးမှာမူ အဘွားဖြစ်သူ၏ အယူဝါဒတချို့ကြောင့် နှင်းမှုံအပေါ်၌ ပင် မနာလိုဝန်တို မုန်းတီးစိတ်များနှင့် မစ္ဆရိယစိတ်များ ပွားများ နေသူ ဖြစ်သောကြောင့်ပင်။

တစ်နေ့တွင် ကျောင်းမှအပြန် လမ်းတွင် ခင်ခင်ကြီးအား သူငယ်ချင်း ဖြစ်သူ ဂျမ်းပုံမှ -

"ဟဲ့ . . ခင်ခင်ကြီး၊ ဒီနေ့ မြို့ကရောက်လာတဲ့ ကျောင်းဆရာအသစ် ကဆိုးဘူးနော်၊ အသားက ဖြူဖြူ၊ မျက်ခုံးက ကောင်းကောင်းနဲ့"

"ကောင်မနော် . . ဘာလဲ၊ ငါ့ကို ရေလာမြောင်းပေးစကားတွေ လာပြောနေတာလား"

"အံမာ . . အိုက်တင်ခံမနေစမ်းပါနဲ့ ခင်ခင်ကြီးရယ်၊ နှင့်အကြောင်း ငါသိတာမသိရင် ခက်မယ်"

ဂျမ်းပုံစကားကြောင့် ခင်ခင်ကြီးမှ မဲ့ပြုံးတစ်ချက် ပြုံးပြလိုက်သည်။

ညရောက်တော့ ခင်ခင်ကြီး အိပ်၍မပျော်တော့။ ကျောင်းဆရာလေး အတွက်၌ ရင်ခုန်စိတ်လှုပ်ရှားမိနေပြီလား မသိ။ အဓိကအရေးကြီးသည်က ဟိုကောင်မနှင်းမှုံလည်း မိမိလိုမဖြစ်ပါစေနဲ့ဟု ကြိတ်၍ဆုတောင်းနေမိသည်၊

သို့သော် ဆုတောင်းကား မပြည့်၊ နောက်(၃)လခန့်အကြာ၌ နှင်းမှုံနှင့်ကျောင်းဆရာလေးကိုကြည်နိုင်တို့မှာ ချစ်သူများဖြစ်သွားကြပြီ ဟူသော သတင်းကိုကြားရတော့၏။ ခင်ခင်ကြီးမှာ ရည်းစားလုလု၊ အုန်းနှက်ခွဲခတ် သော စကားအတိုင်း ဒေါသအမျက်မျက်တို့ ချောင်းချောင်းထွက်ရလေပြီ။ ဒေါသကမျက်ရည်တို့ ယိုစီးမ့်ကျရလေပြီ။

ထို့ကြောင့် ထိုကိစ္စကိုမိမိတစ်ယောက်တည်း မစွမ်းသာပြီဖြစ်၍ မှော် ပညာတို့၌ ပိုင်နိုင်လှသော အဘွားဖြစ်သူကို အကူအညီတောင်းကြည့်မိ၏၊



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်အိုဇာမှ မြေးမလေးခင်ခင်ကြီးအား မိမိတာဝန်သာ ထားရန် ဘာမှ စိတ်မ
ရန် နှစ်သိမ့်၏။

☯

တစ်နေ့ ကောင်းကင်၌ လမင်းကြီးပြည့်ဝန်းနေသော ညအခါ
ဆရာလေးကိုကြည်နိုင်တစ်ယောက် သာယာလှသော ရွာလေးအား လျှော
ကြည့်ရန် တစ်ဦးတည်း လမ်းလျှောက်ထွက်လာမိ၏။

ရွာထိပ်က ညောင်ပင်ကြီးတစ်ပင်အနီးသို့ ရောက်သောအခါ မိ
စိတ်တို့ ဖဝေဖဝါဖြစ်သွားရ၏။ စိတ်ထဲတွင် ပိပိမြင်တွေ့လိုက်ရသော အရာ
လှလော၊ နာနာဘာဝလော၊ ဥစ္စာစောင့်လောဟု သို့လောသို့လော ထင်မြင်
မိ၏။ နောက်တစ်ကြိမ် သေသေချာချာ စူးစိုက်ကြည့်မိသောအခါတွင်တ
မိန်းမပျိုတစ်ဦး ညောင်ပင်ကြီးအောက်၌ တစ်ကိုယ်တည်းထိုင်နေကြော
တွေ့ရ၏။

ပို၍အံ့ဩစရာကောင်းသည်မှာ ထိုမိန်းမပျိုလေးမှာ အဝတ်အစ
လုံးဝ မပါ။ ဗလာနိဂ္ဂိုဏ်၊ ကြည့်မိသောမိမိမျက်စိတို့ကိုပင် ကိုယ့်လိပ်ပြာ၊ ကိုယ
မလုံ ရှက်မိ၏။ ဘာပဲဖြစ်ဖြစ် ကိုယ်နှမအရွယ်မို့ မဖြစ်သင့်တာ၊ မဖြစ်ရအော
သွားရောက်၍ သတိပေးရချေတော့မည်။

"ဒီမှာ .. ဒီကညီမ အခုလိုပုံစံနဲ့ ဒီလိုနေရာမျိုးမှာ တစ်ယောက်တည်
ရှိမနေသင့်ပါဘူးကွယ်"





"ညီမ အိမ်ကိုပြန်လိုက်ပါလား၊ အစ်
တိုက်ပို့ပေးမယ်လေ"

လှုပ်ရှားနေသောစိတ်ကို ထိန်းချုပ်
ပြောလိုက်သော်လည်း သူမဘက်မှ တုံ့ပြန်
ဘုံကိုဘာဝေနှင့်၊ သူ့ကို အကြောင်းသားနဲ့
ကြည့်နေသည်ကို တွေ့ရ၏။ သူသတိထားမိ
အချက်မှာ ထိုမိန်းမပျို၏အသားအရေမှာ
ငယ် ပြာနှမ်းနှမ်းဖြစ်နေသည်ဟု ထင်မိ
သည်။

ထို့နောက် ညောင်ပင်ကြီးအနောက်ရှိ
ခေါင်လုထဲသို့ လှစ်ခနဲပြေးဝင်၍ မျက်စိ
တ်မှ ရုတ်တရက် ပျောက်ကွယ်သွားလေ
သူလည်း သက်ပြင်းကိုချလိုက်၍ ဖဝေဖဝါ
များနဲ့အတူ သူတည်းခိုရာ ကျောင်းစောင့်ကြီး ဦးဝဏ္ဏ၏အိမ်ရှိရာသို့
ပြန်လာခဲ့သည်။



ထိုကိစ္စကို သူ မေ့မေ့ပျောက်ပျောက်ထားလိုက်သော်လည်း သူ
လျှောက်ထွက်တိုင်း ညောင်ပင်ကြီးနားအရောက်တွင် ထိုသို့သော
ရုပ်မျိုးကို မကြာခဏ ကြုံတွေ့လာရ၏။ တစ်ခါတစ်ရံများဆိုလျှင် သူ
နေသော အိပ်ရာဘေးသို့ပင် သူမက ရောက်ရောက်လာသည်ဟု ထင်
သည်၊ အိပ်ရာမှ နိုးထလိုက်သည်နှင့် အိပ်မက်လိုလို၊ တကယ်လိုလိုဖြစ်ပြီး
ပျောက်ကွယ်သွားတတ်သည်။

နှောင်ကြာသော် စွဲလမ်းစိတ်များဖြစ်ပေါ်လာ၍ သူမကို မတွေ့ရ
နိုင်တော့၊ ညောင်ပင်ကြီးရှိရာသို့ မကြာခဏ သွားကြည့်တတ်၏။ သို့
သူမကတော့ ပေါ်မလာတော့၊ အချိန်ကာလကိုတွက်ကြည့်လိုက်တော့
မလာတာ(၁)လပင် ပြည့်တော့မည်၊

နှောင်များမကြာမီ ဆရာလေးကိုကြည်နိုင်တွင် စိတ္တဇဝေဒန
ဂါ)တစ်ခု စွဲကပ်လာတော့သည်၊ သူ၏အချစ်ရဆုံး နှင်းမုံကိုပင် ရင်
အရောတဝင် မဆက်ဆံတော့၊ နှင်းမုံမှ -



www.burmeseclassic.com

www.burmeseclassic.com





"မောင် .. မောင့်ကို ကြည့် ရတာ အခါတိုင်းနဲ့ မတူဘူး။ တစ်မျိုး ကြီးပဲ မောင်၊ ဘာဖြစ်နေတာလဲ မော .." ဟု မေးသောအခါတိုင်း -

တစ်ခါမှ မတွေ့ မမြင်ဖူး သော လူတစ်ယောက်ကို ကြည့်နေ သလို၊ မျက်လုံးမျိုးဖြင့် တွေတွေ ဝေနှင့် ပြန်ကြည့်နေတတ်သည်။

အဘိုးဖြစ်သူဘကြီးအောင် ကို ဖွင့်ဟ တိုင်ပင်ကြည့်မိသောအခါ -

"အင်း..အဘလည်း သူ့ သတိထားကြည့်မိတယ်၊ လုံမလေး ပြောသလို တစ်မျိုးကြီးဖြစ်နေတာတော့ အမှန်ပဲ"

"ဒါကြောင့် ကွဲကွဲပြားပြား အဖြေသိရလေအောင်၊ အဘရဲ့ ရေစင်(ရေမန်း)နဲ့ ပက်ဖျန်းကြည့်ရမလေကွဲ့ လုံမလေးရဲ့" ဟုပြောလေ၏

တစ်နေ့တွင် ဘကြီးအောင်မှ ဆရာလေးကိုကြည်နိုင်အား အိမ် ထမင်းစားဖိတ်ပြီးနောက် -

"ဆရာလေး ဘုံးတောင်ပြီးရင် ဒီရေအေးအေးလေးကို သော လိုက်ပါဦးနော်" ဟု ရေမန်းကို သောက်ရေအမှတ်ဖြင့် တိုက်လေတော့၏ ရေသောက်ပြီး ကွမ်းတစ်ယာညက်ခန့်မျှကြာလေသောအခါ ဆရာလေးမှ -

"အား ! .. အမလေး ပူပါတယ်တော့၊ ကြောက်ပါပြီ" ဟူသော အဘွားကြီးတစ်ယောက်၏ အသံသြသြကြီးကို ကြားရလေ၏။

လာရောက်ကြည့်ရှုနေသော အိမ်နီးနားချင်းများအားလုံး အံ့အား သင့်ကြသော်လည်း ဘကြီးအောင်မှာမူ မထူးဆန်းသောကိစ္စတစ်ရလို ပြုံးပြုံး ကြည့်နေ၏။ ထို့နောက် ဘကြီးအောင်မှ ဖုတ်ပြေးမန္တန်ကိုရွတ်ဆို ဆရာလေးကိုကြည်နိုင်၏ခန္ဓာကိုယ်၌ စွဲကပ်နေသောဖုတ်ကိုခွာစေပြီး နော ထိုကဲ့သို့ မလုပ်ရန် သတိပေးလိုက်၏။

ထိုအချိန်၌ ဒေါ်အိုဇာ၏အိမ်၌လည်း -







"အား ! .. အမလေး .. ကြောက် ပြီတော့"

ဟူသော အသံနက်ကြီးနှင့်အတူ ဆံချွေးများပျံနေသော အဖွားဖြစ်သူကို ခင်ကြီးမှ အတင်း လှုပ်နှိုးနေရလေ၏။ အိပ်ရာမှ အသိဝင်လာသောအခါတွင်မှ -

"နေနှင့်ဦးပေါ့ .. ငအောင်ရယ်၊ ငါ့ အကြောင်း တစ်နေ့ ကောင်းကောင်းသိစေရ မှာပေါ့" ဟု ကြိမ်းဝါးလိုက်လေ၏။

ထိုအချိန်တွင် ဘကြီးအောင်တို့ ရွာမှ ဆရာလေး၏ပြောပြချက်အရ ရွာ အိမ် ညောင်ပင်ကြီးအနီးရှိ ခြုံပုတ်များနံဘေး၌ ပုန်းအောင်း ရောက်ရှိနေကြ၏။ ကောင်းကင်တွင် လမင်းကြီးက ပြည့်ဝန်းထိန်သာနေသည်။ မှစဉ်းရင်ကွဲ မြည်သံ များသော ဟိုတစ်ချက်၊ သည်တစ်ချက် ထွက်ပေါ်နေသည်။

ထို့နောက် ဘကြီးအောင်မှ မန္တန်တစ်ခုကို တတွတ်တွတ်နှင့် ရွတ် ဆိုလိုက်ရာ (၅)မိနစ်ခန့်အကြာတွင် ညောင်ပင်ကြီးအနီးသို့ အဝတ်ဗလာ နှင့် မိန်းမပျိုတစ်ဦး ရောက်ရှိလာတော့၏။ ဘကြီးအောင်မှ လိုက်ပါလာသော သူအားလုံးကို တိတ်တိတ်နေကြရန်အချက်ပေးလိုက်ပြီး ထိုမိန်းမပျိုအား ကြီးမားသော ပိုက်ကွန်ကြီးတစ်ခုဖြင့် အုပ်ဖမ်းလိုက်လေ၏။ မိန်းမပျိုမှာ ချက်ချင်း ပိုက်ကွန်၌မိသွားပြီး ရုန်းကန်နေသေး၏။

ဘကြီးအောင်မှာ အနားကပ်သွားပြီး ပရိတ်ရေဖြင့်ပက်ဖျန်းလိုက် သောအခါ ထိုမိန်းမပျိုမှာ ထူးဆန်းစွာ နီးဖြင့်ယှက်လုပ်ထားသော နာနာ ဆေးရုပ်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားသည်ကို တွေ့ရ၏။ မိန်းမပျိုပုံ ထို နာနာဆေးရုပ်အား ဘကြီးအောင်မှ ဓားပါလာသောရွာသားတစ်ယောက်ကို အစိပ်စိပ်အမွှာမွှာဖြစ်အောင် ပိုင်းစေ၏။ ထို့နောက် မြေမှာ မြှုပ်စေ၏။

ထိုအခါကျမှ ရွာသူရွာသားအားလုံးလည်း ကျောင်းဆရာလေး ကိုကြည်နိုင်၏ အဖြစ်ကို ဇာတ်ရည်လည်မိကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com





နာနာဆေးရုပ် အစီအရင်

ဒေါ်အိုဇာအသုံးပြုခဲ့သည့် အစွမ်း ထက်မြက်လှသော နီးတောင်းကို လူ့ရုပ် ထင်ဟပ်စေသော နာနာဆေးရုပ် အစီ အရင် ဖြစ်ပါတယ်၊ နာနာဆေးရုပ်အတွက် လိုအပ် သော ပစ္စည်းများကတော့ -

(၁) မိကျောင်းသည်းခြေ၊

(၂) စပါးကြီးသည်းခြေ

(၃) ဖားပြုပ်ကောင်လုံး၊

(၄) ကြွက်စုတ်ကောင်လုံး

(၅) အိမ်မြှောင်ကောင်လုံး

(၆) လေပွေလွင့် သစ်ရွက် (မြေမကျမီ ဖမ်း၍ယူ)

(၇) ရေထဲမှာ ထောင်၍မျောလာသောတုတ်

(အဝတ်အစားမချွတ်ဘဲ လက်ပစ်ကူး၍ ဆယ်ယူ)

(၈) လူရိုး၊ (၉) ကျားရိုး၊ (၁၀) ဆင်ရိုး (၁၁) မြင်းရိုး

ဤဆေး(၁၁)မျိုးကို ကျောက်ပြင်တွင် ကျောက်ခဲနှင့်ကြိတ်ပါ အဲဒီနောက် ဝါးကျည်တောက်နဲ့ ထည့်ထားရပါမည်၊

ဤနာနာဆေးရုပ်အစီအရင်၌ ဂါထာမန္တန်စုတ်ရန် မလိုပေ၊

နာနာဆေးရုပ် အသုံးပြုနိုင်သော အညွှန်း

(၁) မန်ကျည်းရွက်ကို ဤဆေးသုတ်၍ကြဲလျှင် မန်ကျည်းရွက် များ ပိတုန်းဖြစ်၍ ပျံလိမ့်မည်၊

(၂) မိမိလက်တွင်ဖြစ်စေ၊ ခြေထောက်တွင်ဖြစ်စေ၊ တစ်နေရာ ရာမှာ ဤဆေးသုတ်၍ထားလျှင် တစ်စုံတစ်ယောက်က လာဆွဲပါက ၎င်း ဆေးသုတ်ထားသောနေရာမှ လက်(သို့မဟုတ်)ခြေထောက်ပြုတ်ပါလာ သည်ဟု ထင်ရလိမ့်မည်၊

(၃) နီးကို လိုရာအရုပ်သဏ္ဍာန် ယက်လုပ်၍ ဤဆေးကိုသုတ် ထားပါက အရှင်ဟုထင်မှတ်ရလိမ့်မည်၊ (ဒေါ်အိုဇာ အသုံးပြုပုံမျိုး)







(၄) အိုးနှုတ်ခမ်း ပတ်လည် အုံ ဤဆေးသုတ်ထားပါက ရေခဲ့ နှစ် ဆော်လည်း ရေမဝင်နိုင်ပေ၊

ဤကား နမူနာမျှသာဖြစ်ပြီး ဉာဏ်ရှိသမျှ ရဲ့တွင်သုံး၍ရသော နာနာ ဆေးရုပ်ပင် ဖြစ်ပေသည်၊

ဖုတ်ပြေးဂါထာမန္တန်

ဘကြီးအောင်အသုံးပြုခဲ့တဲ့ ဖုတ်ပြေးဂါထာမန္တန် ဖြစ်ပါသည်၊ တယ်၍ လူနာကို ဖုတ်တစ္ဆေမှီကပ် နေတယ်၊ ပြုစားထားခြင်းခံရသည်ဟု ယုံသင်္ကာရှိပါက ယေထိပ်မှဆံပင်ကိုဆွဲပြီး ဖုတ်ပြေးဂါထာမန္တန်ဖြင့် (၃၇) အုပ် မန်းပေးရပါလိမ့်မည်၊

(ဝတ္ထုထဲတွင် ဘကြီးအောင်မှာ ၎င်းဂါထာ မန်းထားသော ရေဖြင့် ပြုစားခြင်းခံထားရသော ကျောင်းဆရာလေးကိုကြည်နိုင်နဲ့ နာနာဆေးရုပ် တို့ကို ပက်ဖျန်းခဲ့ပါသည်၊)

မန်းမှုတ်ရန် ဂါထာမန္တန်မှာ -

"ဥုံ - သမ္ဗုဒ္ဓေါ သမ္ဗုဒ္ဓေ၊ သဗ္ဗေ ဗုဒ္ဓါ၊ သဗ္ဗေ ဓမ္မာ၊ သဗ္ဗေ သံဃာ၊

သဗ္ဗေ ဒေဝါ ခမတိ၊ သော သော သ သ အ အ နိ နိ၊

ဂစ္ဆာဟိ၊ ဂစ္ဆာဟိ၊ အမုမှိ ဩကာသေ တိဋ္ဌာဟိ"

အညွှန်းမှာ -

ဤဂါထာမန္တန်ဖြင့်မန်းလိုက်ပါက မည်မျှကြမ်းတမ်းသည့် ဖုတ် တစ္ဆေဖြစ်စေကာမူ ချက်ချင်းပြေးရမည်၊ ယခုမန္တန်မှာ ပယောဂသီးသန့် အတွက်သာဖြစ်ပြီး ပယောဂကိစ္စများနှင့်ပတ်သက်၍ မိမိဉာဏ်ရှိသလို အမျိုးမျိုး ရဲ့တွင်အသုံးပြုနိုင်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



# ကြောက်စရာကောင်းတဲ့ အရုပ်ကျွန်း



ကြောင်များ အများဆုံးရှိကြတဲ့ ကြောင်ကျွန်း၊ ယုန်သူငယ်များ အများဆုံးရှိကြတဲ့ ယုန်ကျွန်းတို့ကို ဖော်ပြပေးအပြီးမှာ အခုတစ်ခေါက် ချောက်ချားစရာ၊ ကြောက်စရာ အရုပ်များရှိတဲ့ အရုပ်ကျွန်းအကြောင်းကို ဖော်ပြမှာ ဖြစ်ပါတယ်။

ဒီအရုပ်ကျွန်းဟာ မက္ကဆီကိုနိုင်ငံမှာရှိတဲ့ ကျွန်းများထဲက တစ်ခု ဖြစ်ပြီး အရုပ်များနဲ့ပြည့်နှက်နေတဲ့ အရုပ်ကျွန်း Full Of Doll Island လို့လည်း ခေါ်ဆိုကြပါတယ်။



ထူးခြားမှုတစ်ခုက ဒီအရုပ်ကျွန်းမှာရှိတဲ့ အရုပ်တွေဟာ ကလေးအရုပ်တွေသာဖြစ်ပြီး နှစ်ပေါင်းကြာမြင့်လာတဲ့ အခါမှာ ဒီအရုပ်တွေဟာ ဟောင်းနွမ်းလာပြီး မြင်ရသူအဖို့ ချောက်ချားစရာ ဖြစ်တာကြောင့် ကြောက်စရာကောင်းတဲ့ အရုပ်ကျွန်း လို့ ခေါ်ဆိုကြတာ ဖြစ်ပါတယ်။

ကြောက်စရာကောင်းတဲ့ အရုပ်ကျွန်းဖြစ်ပေါ်လာတဲ့ ဒက္ခာရီလာ သမိုင်းကြောင်းလေးကလည်း ဆန်းကြယ်လှပါတယ်၊ အမျိုးသားတစ်ယောက်ဟာ သူ့ရဲ့သေဆုံးခဲ့တဲ့ မိန်းကလေးချစ်သူအတွက် ရည်ရွယ်ပြီး ဒီကျွန်းမှာ အရုပ်တွေကို ထားရှိခဲ့ရာကနေ စတင်လာခဲ့တာ ဖြစ်ပါတယ်၊

ဒါ့အပြင် ဒီကျွန်းကို Super Creepy Island အလွန်ကြက်သီးမွေးညှင်းထစရာကောင်းတဲ့ အရုပ်ကျွန်းလို့လည်း အများစုက ခေါ်ကြပါသေးတယ်၊ ကလေးအရုပ်အများစုဟာ ကြောက်စရာကောင်းတဲ့ဟန်တွေရှိပြီး ဂမ္ဘီရဆန်တဲ့ ထူးခြားချက်ကတော့ အရုပ်တွေဟာ အသက်ဝင်နေတဲ့ပုံစံ ပေါက်နေခြင်း ဖြစ်ပါတယ်၊

ခေါင်းပြတ်နေတဲ့ အရုပ်များ၊ လည်ပင်းကျိုးနေတဲ့ အရုပ်များ၊ ရာသီဥတုဒဏ်ကြောင့် ပေကျံညစ်ပတ်နေတဲ့ အရုပ်များဟာ နေ့ခင်းကြောင်တောင်မှာတောင် မြင်တွေ့ရသူအပေါင်းရဲ့စိတ်ကို ချောက်ချားစေပါတယ်၊ တချို့ဆိုရင် ခေါင်းမရှိ၊ ခြေထောက်မရှိ၊ ကိုယ်လုံးသာရှိတဲ့ ကလေးအရုပ်များလည်း အများကြီးရှိပါတယ်၊

ကလေးအရုပ်သရဲမြို့တော်လို့လည်း တချို့က ခေါ်ဆိုကြပါတယ်၊ ဒါပေမယ့် တခြားသော ကလေးကစားစရာ အရုပ်များ မရှိဘဲ ယောကျာ်းလေး၊ မိန်းကလေးဟန် ကလေးအရုပ်များသာ ရှိနေတဲ့နေရာဖြစ်ပြီး လာရောက်လေ့လာသူတိုင်းကလည်း သူတို့မှာ ပါလာကြတဲ့ ကလေးအရုပ်အဟောင်းတွေကို ထားပစ်ခဲ့တာကြောင့် ဒီကျွန်းကြီးတစ်ခုလုံးမှာ ကလေးအရုပ်များနဲ့သာ ပြည့်နှက်နေတာ ဖြစ်ပါကြောင်း။



www.burmeseclassic.com



- မိခင်ဝမ်းကြာတိုက်က မွေးလာချိန်တွင် မငိုတဲ့ကလေး
- မျက်လုံးသုံးလုံးနှင့် အောက်သွားစွယ်နှစ်ချောင်းပါတဲ့ ချောက်ချားစရာကလေးလေး..
- မွေးပြီးအချိန်(၃)နာရီအတွင်း(၇)လ၊(၈)လသားအရွယ် ရောက်လာသည့်ကလေးငယ်ရဲ့ဖြစ်ရပ်ဆန်း..။





# လူကမွေးတဲ့ဘီလူး

မင်းမြင့်နိုင်(ဘူးသီးတောင်)

www.burmeseclassic.com



✡

ကလေးက မျက်လုံးသုံးလုံးနဲ့
မျက်လုံးနှစ်လုံးကြား နဖူးနေရာမှာ
မျက်လုံးတစ်လုံး အပိုပါလာတယ်။
ပြီးတော့ အောက်သွား သွားစွယ်
နှစ်ချောင်းလည်း ပါတယ်။
ငါလက်သည်လုပ်လာတာ အခု
အသက်(၅၀)ကျော်လာပြီ။ အခုလို
တစ်ခါမှ မမြင်ဖူးသေးဘူးဟဲ့..

"ကိုမောင်လှ..ငါးများတန်းလိုက်ဖို့ မသွားသေးဘူးလား။ မိုးရ
နေပြီလေ"

ဇနီးဖြစ်သူ၏ပြောလိုက်သောစကားကြောင့် အိမ်ရှေ့တိုင်အာ
၍ထိုင်ရင်း ဆေးပေါ့လိပ်သောက်ကာ အတွေးနယ်ချဲ့နေသော ကိုမောင်
မှာ ဇနီးသည်အား လှည့်ကြည့်လိုက်ရင်းမှ -

"ငါ သွားလို့ဖြစ်ပါ့မလား..တင်ရီ၊ မင်းဗိုက်က နာနေတယ်ဆို
သွားနေတုန်း မင်းမွေးရင် ဘယ်လိုလုပ်မှာလဲ"

"ရှင် သွားနေတဲ့အချိန် မွေးချင်ရင် ဟိုဘက်အိမ်က ဒေါ်ခင်တု
ကြီးကို ခေါ်လိုက်ရင်ဖြစ်ပါတယ်တော်၊ ပထမ အကြီးသုံးယောက်လည်း
ဒေါ်ခင်တုတ်ကြီးနဲ့မွေးခဲ့တာပဲ မဟုတ်လား။ ကလေးမွေးတာများ အ
လုပ်လို့.."

ဇနီးသည်၏ပြောစကားကြောင့် ကိုမောင်လှက -

"ငါက မင်းကိုစိုးရိမ်လို့ ပြောတာပါကွာ၊ ဒါဆိုလည်း ငါ ဒေါ်ခင်တ
ကြီးကို မှာခဲ့မယ်။ ငါသွားနေတုန်း ဒီအိမ်မှာ လာစောင့်ပေးပါလို့..ဟုတ်
ကဲ..ငါသွားပြီဟေ့"



ကိုမောင်လှကပြောပြီး မီးအုပ်ဆောင်းနှင့်လော့တက်အား ယူ
လှေဆိုက်ထားရာသို့ ဆင်းလာခဲ့လေသည်။ လှေပေါ်သို့ မတက်မီ
ခွင်ချည်ထားသော ကြိုးအားဖြုတ်၍ လှေပေါ်သို့တက်ကာ ငါးများ
သရာသို့ လှေကိုလှော်၍ ထွက်လာခဲ့လေ၏။

လဆုတ်ရက်ဖြစ်သောကြောင့် ရေပြင်ပေါ်ဝယ် ကြယ်လေးများ၏
ရောင်သည် လှိုင်းကြက်ခွပ်များပေါ် ပက်ဖျန်းထားသည့်အတွက်
လက်တောက်ပနေကြသည်မှာ စိတ်ကူးယဉ်ဖွယ်ဖြစ်သော်လည်း
လှမှာ စိတ်ကူးယဉ်နိုင်ခြင်း မရှိပါချေ။ အိမ်တွင်ကျန်နေခဲ့သော
ည်အား စိတ်မချနိုင်ဘဲ ပူပန်နေမိလေ၏။

ကိုမောင်လှနှင့်မတင်ရီတို့ အိမ်ထောင်ကျသည်မှာ (၁၀)နှစ်
နိန်ရှိလာပြီဖြစ်သည်။ ယခုဆိုလျှင် သားသမီး(၃)ယောက်ပင်
ခဲ့ပြီဖြစ်သည်။ အကြီးဆုံးက သမီးဖြစ်ပြီး အငယ်နှစ်ယောက်မှာ
တ်များလေးများ ဖြစ်ကြသည်။ ယခု မွေးဖွားမည့်ကိုယ်ဝန်မှာ (၄)
မြောက်ကိုယ်ဝန် ဖြစ်သည်။

သည်နေ့ညနေပိုင်းက ဇနီး၏ကိုယ်ဝန်မှာ လှုပ်ရှားလာပြီး ဗိုက်နာ
ရာတ်လိုက်ဖြစ်နေသောကြောင့် ယနေ့ညမွေးမည်မှာ အသေအချာ
သည်၊ ပထမ ကလေးများမွေးစဉ်ကလည်း ညနေပိုင်း ဗိုက်နာပြီး
မွေးခဲ့ကြသည်၊ ရက်ကူးအောင် ဗိုက်မနာ၊ အမွေးလွယ်သည့်
ဖြစ်သည်၊ ဒါပေမယ့် ယောက်ျားဇောင်စီး၊ မိန်းမဗီးနေဆိုသည့် စကား
သည်ကို ဇနီးအား စိုးရိမ်ပူပန်နေမိသော ကိုမောင်လှအား အပြစ်မဆို
ချေ။

ကိုမောင်လှနှင့်မတင်ရီတို့သည် ဧရာဝဏ်ပေးပင်မြို့နယ်အတွင်း
င်းမြစ်ကမ်းနဖူးတွင်ရှိသော ကုက္ကိုစုရွာလေးတွင် နေထိုင်ကြသူ
ည်၊ စစ်တောင်းမြစ်သည် ရေစီးကြမ်းလှသော မြစ်ဖြစ်သောကြောင့်
နဖူးတွင် ရှိနေကြသောရွာများသည် နှစ်စဉ် ကမ်းပြိုမှုဒဏ်ကို ခံစား
ရွာပြောင်းကြရသည်မှာလည်း အမြဲဖြစ်သည်၊ ကိုမောင်လှတို့
ရွာလေးမှာလည်း ကမ်းပြိုမှုဒဏ် (၂)ကြိမ်ခံခဲ့ရပြီး ရွာပြောင်းခဲ့ရ
ည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ ကမ်းပြိုခြင်းဘေးမှ ကင်းဝေးခဲ့ကြရပြီဖြစ်သည်၊ ကို... နှင့်မတင်ရီတို့ အိမ်ထောင်ကျသည့်နှစ် မိုးတွင်း၌ သူတို့ရွာနှင့်တစ်မိုင်... နေရာမှ စစ်တောင်းမြစ်သည် ရှောင်းရာပေါ်၌ရှောင်းကျိုးသွားခဲ့ပြီး... ကြောင်းပြောင်းသွားခဲ့ခြင်းကြောင့် ကုက္ကိုရွာဘေးတွင် စီးဆင်း... စစ်တောင်းမြစ်သည် မြစ်ကျိုးအင်းအဖြစ် ကျန်ရှိနေခဲ့လေသော... ကမ်းပြိုသည့်ဘေးမှ ကင်းဝေးခဲ့ပြီး မြစ်ကျိုးအင်းကြီးအတွင်း ငါး... များ လွန်စွာပေါများလာသောကြောင့် ရွာသားများမှာလည်း တံငါ... လုပ်ကိုင်ကြသူများ ပေါ်လာခဲ့လေသည်၊

ထိုအထဲတွင် ငါးရှာ၊ ဖားရှာဝါသနာပါသော ကိုမောင်လု... တံငါအလုပ်လုပ်၍မိသားစုကို ကျွေးမွေးလာခဲ့သည်မှာ ယနေ့အချိန်... ဖြစ်လေသည်၊

တံငါအလုပ်ဆိုသည်ကလည်း လေ့ဦးစိုရှိန် ဝမ်းစိုပြီး ... ခြောက်လျှင် ဝမ်းခြောက်သည်ဆိုသည့်စကားအတိုင်း ကိုမောင်... မိသားစုမှာလည်း စိုတစ်ခါ ခြောက်တစ်လှည့်ဖြင့် ဘဝကို ရုန်းကန်နေ... ရှာလေ၏၊

ယခုလည်း ဇနီးသည်မီးဖွားရန်အတွက် ဗိုက်နာနေချိန်... ဇနီးအနီးတွင် မနေနိုင်ရာဘဲ သူထောင်ထားသည့် ငါးများတန်းများ... နေသည့်ငါးများကိုဖြုတ်၍ ငါးများချိတ်တွင် အစာပြန်တပ်ရင်းဖြင့် မိသား... ဝမ်းစာရေးကို သူတတ်ကျွမ်းသည့် တံငါအလုပ်ကိုလုပ်နေရသော သူ... တွေးရင်းဖြင့် ငါးများတန်းလိုက်သည့်အလုပ်အား အမြန်ပြီးအောင် ... လေ၏၊ ယနေ့ညမှာ သူ၏ငါးများတန်းတွင် ငါးအမိများသဖြင့် သူ၏... ထဲတွင် ငါး(၃)ပိဿာခန့်ရရှိနေပြီ ဖြစ်သည်၊

ကိုမောင်လု ငါးများတန်းလိုက်ပြီးချိန်တွင် ည(၁၁)နာရီ... ပြီဖြစ်၍ သူ၏လှေအား အိမ်ရှိရာသို့ ဦးတည်လိုက်ပြီး လှော်တက်... သွက်သွက် လှော်လိုက်လေသည်၊ အချိန်အနည်းငယ်အတွင်း အိမ်... ဆိပ်သို့ ရောက်ခဲ့ပြီး လှေဝမ်းထဲမှငါးများကို ပလိုင်းထဲထည့်လိုက်... ရှိရာသို့ အမြန်လှမ်းလာခဲ့လေ၏၊

သူ၏အိမ်သို့အရောက်တွင် အိမ်ရှေ့ခန်းတွင် ထွန်းထား...





...၌ ဝမ်းဆွဲသည် ဒေါ်ခင်တုတ်ကြီး ...နီးရှိအိမ်မှ မမြသန်းတို့နှစ်ယောက် ...နေသည်ကို မြင်ရသောကြောင့် ကို... စိုးရိမ်စွာဖြင့် မေးလိုက်လေ၏၊

"ဒေါ်ခင်တုတ် အိမ်မှာရောက်နေ... တင်ရီ .. အခြေအနေ ဘယ်လို...

ကိုမောင်လု၏မေးလိုက်သော ...ကြောင့် ဒေါ်ခင်တုတ်က ကိုမောင်လု ...ပေါ်သို့တက်လာရန် လက်ယပ်ခေါ် ...ကြောင့်လက်တွင်ရှိ ဓါးအုပ်ဆောင်း ...လာသော ငါးပလိုင်းအား အိမ် ...တွင် ချထားခဲ့ပြီး ဒေါ်ခင်တုတ်အနီး ...ရောက်လိုက်ရာ ဒေါ်ခင်တုတ်က -

"ဟဲ့ .. မောင်လု၊ နင့်မိန်းမတင်ရီ မွေးပြီဟဲ့ ..၊ အဲ .. ဒါပေမယ့် ...တာ မျက်လုံးသုံးလုံးနဲ့ မျက်လုံးနှစ်လုံးကြား နဖူးနေရာမှာ မျက်လုံး ...အပိုပါလာတယ်၊ ပြီးတော့ အောက်သွား သွားစွယ်နှစ်ချောင်းလည်း ...ငါလက်သည်လုပ်လာတာ အခု အသက်(၅၀)ကျော်လာပြီ၊ အခု ...သစ်ခါမှ မမြင်ဖူးသေးဘူးဟဲ့ .."

လက်သည် ဒေါ်ခင်တုတ်၏ပြောစကားကို ကြားလိုက်ရသော ...မောင်လုသည် အံ့ဩသွားပြီး ဒေါ်ခင်တုတ်အား -

"ဟုတ်ရဲ့လားဗျာ .. ဒေါ်ခင်တုတ် အမြင်မှားတာများ ဖြစ်နေသလား"

"သေချာပါတယ် မောင်လုရယ်၊ ကဲ .. နင့်ကို ငါပြမယ်၊ နင် ဟုတ်... ကြည့်ပေါ့"

ဒေါ်ခင်တုတ်ကပြောပြီး မီးနေခန်းအတွင်းသို့ ဝင်သွားလေ၏၊ ...ခဏအကြာတွင် ကလေးအားထည့်ထားသော ဇကော(ဇကော) ...၍ ထွက်လာပြီး ကိုမောင်လုရှေ့တွင် ချပေးလိုက်ရာ ကိုမောင်လု... ...အား သေချာစွာ ကြည့်လိုက်လေ၏၊ ကလေး၏မျက်နှာတွင် မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



သုံးလုံးပါနေပြီး နဖူးအလယ်တွင်ရှိသော မျက်လုံးမှာပွင့်နေပြီး မျက်
ဘယ်ညာလူး၍ ကြည့်နေသည်ကို မြင်ရလေ၏။

ကလေးမှာ ယောက်ျားလေးဖြစ်သည်။ အသားမှာ ဖြူဖွေး
ဝဝတုတ်တုတ် ချစ်စရာအသွင်မြင်ရသောကြောင့် ကိုမောင်လှမှာ
တစ်ယောက်၏ချစ်ခြင်းမေတ္တာကြောင့် သူ၏သားလေးအားကြည့်
ကလေး၏ပါးပြင်လေးအား သူ၏ညာလက်ဖြင့်ကိုင်၍ ပွတ်သပ်မိရုံ
လေးသည် ပါးစပ်လေးဟွင့်လာပြီး အသံထွက်ကာ ရယ်(ရီ)လိုက်သော
ကိုမောင်လှ အံ့ဩသွားကာ သူ၏လက်ကို ရုတ်လိုက်မိလေသည်။

"ခစ်..ခစ်..ခစ်..ဟစ်..ဟစ်..ခစ်..ခစ်..ခစ်"

ရယ်(ရီ)လိုက်သောကြောင့် ပွင့်ဟသွားသော ပါးစပ်အ
အောက်သွား သွားဖုံး၊ သွားစွယ်နေရာတွင် သွားစွယ်နစ်ချောင်းကို မြ
လေ၏။ ထိုအချိန် ဒေါ်ခင်တုတ်က -

"နင်မြင်ပြီ မဟုတ်လား..မောင်လှ၊ နင့်သားလေးက ဖြူဖြူ
တုတ် ချစ်စရာလေး၊ ဒါပေမယ့် နင်မြင်တဲ့အတိုင်း မျက်လုံးသုံးလုံးနဲ့
စွယ်နစ်ချောင်းမွေးကတည်းက ပါလာတာက ထူးဆန်းနေတယ်ဟဲ့"

"ဟုတ်တယ်..ဒေါ်ခင်တုတ်ရယ်၊ ကျွန်တော်လည်း ဘာပြော
မသိတော့ပါဘူးဗျာ။ ကဲ..ကလေးကို သူ့အမေဆီကို ပြန်ပို့လိုက်ပါ"

ဒေါ်ခင်တုတ်သည် ကလေးထည့်ထားသော စကော(ဇကော)
ယူ၍ မီးနေခန်းအတွင်း ဝင်သွားလေ၏။ ဒေါ်ခင်တုတ်ပြန်ထွက်လာ
တွင် ကိုမောင်လှက -

"ဒေါ်ခင်တုတ်နဲ့မမြသန်းတို့ အိမ်မှာ စောင့်နေ
ပါ။ ကျွန်တော်ရွာထဲက ဘကြီးထွန်းတို့၊ ဘကြီးသန်းမောင်နဲ့ဦးတင်လှ
သွားခေါ်လိုက်ဦးမယ်။ သူတို့က ဗဟုသုတပြည့်စုံကြတဲ့ လူကြီးတွေ
လား။ ဘာဖြစ်တယ်ဆိုတာ သိကြမှာပါ။ ကဲ..ကျွန်တော်သွားဦးမယ်"

ကိုမောင်လှကပြောပြီး မီးအုပ်ဆောင်းကိုယူ၍ ရွာထဲသို့ ထွက်
လေသည်။ ကိုမောင်လှတို့နေသည်က ရွာအရှေ့ဖျားဖြစ်ပြီး ဘကြီးထွ
ဦးတင်လှတို့က ရွာလယ်ပိုင်းတွင်နေကြ၍ ဘကြီးသန်းမောင်က ရွာအနော
ဖျားတွင်နေသောကြောင့် ခရီးအတော်လှမ်းလေသည်။





ည (၁၂)နာရီခန့်အချိန်ဖြစ်သဖြင့် အိပ်ပျော်နေ၍ နိုးရပြန်သည်။
၍ အိမ်ပြန်ရောက်ချိန် ည (၁) နာရီခန့် ရှိပြီဖြစ်သည်။ အိမ်ပေါ်တွင်ထိုင်မိ
ချိန်တွင် ဒေါ်ခင်တုတ်က မီးနေခန်းတွင်းမှ ကလေးလေးကိုယူ၍ လူကြီး
အား ပြလိုက်ပြီး ပြောလိုက်လေသည်။

"ကြည့်ကြပါဦး..ဦးလေးတို့ရယ်၊ ဒီကလေးမွေးတာ ည(၁၀) နာရီ
တ်မှာ မွေးတာပါ။ အခု ည(၁)နာရီဆိုတော့ (၃)နာရီပဲ ကြာသေးတယ်၊
ကလေးကထွားလာလိုက်တာ (၇)လ၊ (၈)လသား အရွယ်နီးပါးဖြစ်
။ ကျွန်မတစ်သက် ဒီကလေးမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး"

ကလေးလေးမှာ ဒေါ်ခင်တုတ်ပြောသည့်အတိုင်း ထွားထွားကြိုင်း
း တုတ်တုတ်ဝဝကြီးဖြစ်ပြီး (၇)လ၊ (၈)လ အရွယ်ခန့် ဖြစ်နေသည်ကို
တွေ့ကြရလေသည်။ ကိုမောင်လှသည် သူ၏သားငယ်အား သေချာစွာ
ကြည့်မိလေသည်။

သူရွာထဲမသွားမီအချိန်က မြင်တွေ့ရသည့်အနေအထားနှင့် ယခု
မြင်ရသည့်အနေအထားမှာ လုံးဝမတူတော့ဘဲ ယခုမှ သူ၏သားငယ်
မျက်ချင်း ထွားကြိုင်းကြီးမားလာသည်ကို မြင်ရလေသောကြောင့် -

"ဟုတ်တယ်..ဘကြီးထွန်း၊ ကျွန်တော် ဘကြီးထွန်းတို့ကို ခေါ်ဖို့
လာတဲ့အချိန်နဲ့ အခုမြင်ရတဲ့ပုံစံတောင် မတူတော့ဘူး။ သိသိသာသာ
လာတာ အမှန်ပဲ၊ ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောပြကြပါ"

လူကြီးများသည် ကလေးလေးအား သေချာစွာကြည့်နေစဉ် ကလေး
အသံထွက်၍ ရယ်(ရီ)လိုက်သောကြောင့် အောက်သွားစွယ် နစ်ချောင်း
မြင်လိုက်ကြရလေ၏။

မျက်ခုံးနစ်ခုကြား နဖူးပြင်ပေါ်ရှိမျက်လုံးမှာ လူကြီးများ မျက်လုံး
လူများအားလိုက်၍ ကြည့်နေသည့်ပုံစံကို မြင်ရပြန်သောကြောင့်
ထွန်းသည် ကိုမောင်လှအားမျက်ရိပ်ပြလျက် အိမ်အောက်သို့ ဆင်း
လေရာ ကိုမောင်လှသည် နောက်မှလိုက်သွားလေ၏။ ချောင်းစပ်နား
ခုံစောင့်နေသော ဘကြီးထွန်းနားရောက်လျှင် ဘကြီးထွန်းက -

"မောင်လှ..ငါ မင်းကို မျက်ရိပ်ပြပြီး ခေါ်လာတာက အိမ်ပေါ်မှာ
ချင်လို့ပဲကွဲ့..၊ မင်းရဲ့ကလေးက ငါ့အမြင်ကိုပြောရရင် မကောင်းဘူး။

www.burmeseclassic.com



သူက မင်းတို့မိသားစုတင်မက၊ ငါတို့တစ်ရွာလုံးကိုပါ ဒုက္ခပေးမဲ့သူလို့ မြင်တယ်။ ငါရဲ့အတွေ့အကြုံ ဗဟုသုတအရပြောရရင် အဲဒီကလေးကို မထား သင့်ဘူးလို့ ပြောချင်တယ်။ နောက်တစ်ရက်ကူးအောင် မထားသင့်ဘူး ကြောင့် မင်းကိုခေါ်ပြောရတာပဲ၊ မင်း ဆုံးဖြတ်ပေတော့ . ."

ဗဟုသုတ၊ အကြားအမြင် ကြွယ်ဝလှသော ဘကြီးထွန်း၏ပြော စကားကို ကြားရသော ကိုမောင်လှသည် ယခုမွေးသည့် သူ၏သားငယ် ထူးခြားလှသည့်ပုံစံကို စဉ်းစားမိသောကြောင့် -

"ကျွန်တော်ကတော့ ဘာမှမပြောချင်တော့ပါဘူး။ ဘာမှလည်း မသိဘူး။ ဒါကြောင့် ဘကြီးထွန်းဆုံးဖြတ်တဲ့အတိုင်း လက်ခံပါ့မယ်။ ကျွန်တော် မိသားစုနဲ့ ရွာသားတွေ ဒုက္ခရောက်ရမယ့်အဖြစ်ကိုတော့ မဖြစ်စေချင်ဘူး ဘကြီးထွန်း ကောင်းသလိုလုပ်ပါ"

ကိုမောင်လှ၏ပြောစကားကို ကြားရသော ဘကြီးထွန်းက -

"ဒီလိုဆိုရင် မြန်မြန်လုပ်ကြရအောင်၊ မင်းတို့အိမ် ဘေးအိမ် မောင်ထွန်းမြင့်ကိုသွားနှိုးပြီး သူ့ရဲ့လှေကို အဆင်သင့်လုပ်ခိုင်းထား၊ လှော်တက် လည်း သုံးချောင်းယူခိုင်း။ ပြီးတော့ မင်းအိမ်က ထင်းခုတ်ဓားမနဲ့ပေါက်တူး မီး အုပ်ဆောင်းပါ ယူလာခဲ့။ ဆန်းမောင်နဲ့တင်လှတို့ကိုပါ ခေါ်ပြီး မင်းရဲ့ကလေး ယူလာခဲ့၊ မြန်မြန်သွား . . မြန်မြန်လုပ်၊ အာရုဏ်မတက်မီ ပြီးအောင်လုပ်ရ ငါ ဒီလှေဆိပ်ကပဲ စောင့်နေမယ်"

ဘကြီးထွန်း၏စကားအဆုံး ကိုမောင်လှ လှည့်ထွက်သွားချိန်တွင် ဘကြီးထွန်းက -

"မောင်လှ . . အခုကိစ္စတွေ မင်းမိန်းမ မသိစေနဲ့နော်"

ကွမ်းတစ်ယာညက်ခန့်အကြာတွင် ကိုမောင်လှနှင့်အတူ ဦးသ မောင်၊ ဦးတင်လှနှင့် မောင်ထွန်းမြင့်တို့ လှေဆိပ်သို့ ရောက်လာကြလေသည် ကိုမောင်လှရင်ခွင်ထဲတွင် အနီးဖြင့်ထွေးပတ်ထားသော ကလေးငယ်လေး ကို ထွေးပွေ့ထားသည်။ ထွန်းမြင့်၏လှေပေါ်သို့ လူများနှင့်ပစ္စည်းများတင်ပြီး ချိန်တွင် ဘကြီးထွန်းက -

"မောင်လှ . . မင်းကလေးကို ဒီလှေကပ်အောက်မှာ လာထား ပြီး ရင် ကပ်ကိုအပေါ်က ဖုံးလိုက်"





ဘကြီးထွန်းပြောသည့် အတိုင်း ကိုမောင်လှက ကလေးလေး ကို ဘကြီးထွန်းပြသည့် လှေကပ်အား ဖွင့်လိုက်ပြီး လှေဝမ်းတွင် ချထား ပြီးသော ကပ်ကိုအပေါ်မှ ဖုံးလိုက် ချိန်တွင် -

"ခစ် . . ခစ် . . ခစ် . . ခစ် . . ဟင်း . . ဟင်း . . ခစ် . . ခစ် ခစ် . ."

✡

လှော်တက်နှင့် ကလေး၏မျက်နှာ ထိလိုက်သည့်အချိန်၌ ကြောက်မက်ဖွယ် အော်ဟစ်လိုက်သည့် အသံနက်ကြီး ကြောင့် ကြည့်နေကြသည့် လူအားလုံး တုန်လှုပ်သွားကြလေ၏။

အသံထွက် ရယ်(ရီ)လိုက်သော ကလေးလေး၏အသံကို ကြားလိုက်ရသောကြောင့် ဘကြီးထွန်းသည် ကလေးအပေါ်ဖုံးထားသော ကပ်ပေါ်သို့တက်၍ ထိုင်လိုက်ပြီး ပြောလိုက် သည်မှာ -

"မောင်လှရေ . . လှေကို စစ်တောင်းမြစ်တစ်ဖက်ကမ်းကို ရောက် အောင် မြန်မြန်လှော်ပေတော့။ ကိုတင်လှကလည်း လှော်တက်ယူပြီး ဝိုင်း လှော်ပေးပါ။ ဦးတက်သုံးချောင်းဆိုတော့ ပိုမြန်တာပေ့ါ . ."

ဘကြီးထွန်း၏ပြောစကားကြောင့် ကိုမောင်လှ၊ ကိုထွန်းမြင့်နှင့် ကိုတင်လှတို့သုံးယောက် အားစိုက်၍လှော်လိုက်သောကြောင့် စစ်တောင်း မြစ်တစ်ဖက်ကမ်းသို့ အချိန်အနည်းငယ်အတွင်း ရောက်လာကြသည်။

လှေအား ကမ်းနားတွင်ထိုးဆိုက်ပြီးချိန်တွင် လှေပေါ်တွင်ပါလာ သော ပေါက်တူး၊ ဓားမနှင့်မီးအုပ်ဆောင်းတို့ကိုယူပြီး လှေကပ်အောက်တွင် ရှိသော ကလေးလေးအား ယူလိုက်ချိန် ကလေးမှာ ဟက်ဟက်ပက်ပက် ရယ်ရင်း ခစ်ခစ် အသံထွက်တာ ရယ်(ရီ)နေသည်ကို ကြားကြရလေသည်။

ပစ္စည်းများနှင့် ကလေးအားယူ၍ ကမ်းပေါ်သို့တက်လာခဲ့ရာ ချောင်း ကမ်းစပ်မှ (၁၀၀)ခန့်အကွာကိုရောက်လျှင် ကလေးအား မြေပေါ်သို့ချထားစေ ပြီး ကလေးအနီးတွင် (၃)ပေခန့်ကျယ်သော တွင်းတစ်တွင်းအား တူးခိုင်း သည်။ အနက် (၃)ပေခန့်ရောက်လျှင် ဘကြီးထွန်းက ကျင်းတူးသည်ကို ရပ်ခိုင်းလိုက်ပြီး ကိုမောင်လှအား -



www.burmeseclassic.com

www.burmeseclassic.com



“ကိုင်း.. မောင်လှ၊ ကျင်းလည်း တူးပြီးပြီ၊ ဒီတော့ ကလေးကို စီ ဖို့ မင်းပဲ တာဝန်ယူပေတော့..”

ဘကြီးထွန်းမှ ပြောလိုက်သည့်စကားကြောင့် ကိုမောင်လှသည် ဘကြီးထွန်း၏မျက်နှာအား ကြည့်လိုက်ပြီး -

“ကျွန်တော် မလုပ်ရဲဘူး..၊ ဘကြီးထွန်း”

“မောင်လှ မလုပ်ရဲရင်.. ထွန်းမြင့် မင်းပဲလုပ်ကွာ၊ လှော်တက် အရင် ရိုက်ကွာ၊ မြန်မြန်လုပ်ကြတော့..”

ဘကြီးထွန်းမှ ထွန်းမြင့်အားပြောလိုက်ရာ ထွန်းမြင့်သည် ပုခုံး ထမ်းထားသော လှော်တက်စောင်းနှင့် ကလေး၏မျက်နှာအား ရိုက်ချလို လေသည်၊

“အား!...ဟား..ဟား..ဟား..”

လှော်တက်နှင့် ကလေး၏မျက်နှာထိလိုက်သည့်အချိန်၊ ကြော မက်ဖွယ် အော်ဟစ်လိုက်သည့်အသံနက်ကြီးကြောင့် ကြည့်နေကြသ လူအားလုံး တုန်လှုပ်သွားကြလေ၏၊ ကလေးငယ်လေး၏ပါးစပ်မှ ထွက် လာသည့်အော်ဟစ်သံက လူကြီးတစ်ယောက်၏နာကျင်စွာ အော်ဟစ်သံ နေခြင်းကြောင့် အံ့ဩတုန်လှုပ်သွားကြခြင်း ဖြစ်သည်၊

ဘကြီးထွန်းသည် အနီးရှိဓားမအားယူ၍ ထွန်းမြင့်အား လှမ်း လိုက်ပြီး သူ၏လည်ပင်းအား လည်လှီးဖြတ်သည့် ပုံစံလုပ်ပြလိုက် ကြောင့် ထွန်းမြင့်သည် ကလေးလေး၏လည်ပင်းအား ဓားမဖြင့် ပိုင်းဖြ လိုက်ပြီး ပြတ်သွားသောခေါင်းအား တူးထားသည့်မြေကျင်းထဲသို့ ချ ပြီး ပေါက်တူးနှင့်မြေကျင်းအား ဖို့လိုက်လေသည်၊ ပြီးနောက် ဘကြီးထွန်း

“ကိုင်း.. မောင်လှ၊ကျန်တဲ့ခန္ဓာကိုယ်ကို ယူလာခဲ့၊ ဟိုဘက် ကို ပြန်သွားကြမယ်”

ကလေးငယ်၏ ခေါင်းမရှိတော့သော ခန္ဓာကိုယ်အား မောင်လှ ပွေ့ယူ၍ လှေရှိရာသို့သွားကာ လှေကပ်ပေါ်တွင်ချထားလိုက်စဉ်၊ ကျန်သ လူများလည်း လှေပေါ်သို့တက်၍ စစ်တောင်းမြစ်တစ်ဖက်ကမ်းသို့ လာခဲ့ကြလေသည်၊ စစ်တောင်းမြစ်ဟောင်း၊ မြစ်ကျိုးအင်းမှ စစ်တောင်း ထဲသို့ စီးဝင်နေသော တစ်ဖက်ကမ်းသို့ လှေကိုဆိုက်ကပ်လိုက်ပြီး က







ငယ်၏ခန္ဓာကိုယ်အား ကမ်းပေါ်သို့ယူခဲ့ပြီး မြင့်ပေါ်တွင် ချထားလိုက်လေသည်၊

အနီးတွင် (၃)ပေအကျယ်၊ အနက် (၃)ပေခန့် ကျင်းတစ်ကျင်းကို တူးလိုက်ပြီး ကလေး၏ခန္ဓာကိုယ်အား ခါးနေရာမှပိုင်း၍ မြေကျင်းထဲတွင် ခါးအောက်ဘက်အပိုင်းအား မြေမြှုပ်လိုက်ကြလေသည်၊ မြေမြှုပ်ပြီး ကျန်သည့် ခါးအထက်အပိုင်းအားယူ၍ လှေပေါ်တင်ပြီး မြစ်ကျိုးအင်း တစ်ဖက်ကမ်း သို့ လှေကိုလှော်ခဲ့ပြီး မြေကျင်းတူး၍ မြှုပ် တ်လေ၏၊

လှေအနီးသို့ပြန်ရောက်လျှင် လှေပေါ်တွင်ရှိနေသော သွေးများကို ဖြင့် ပြောင်စင်အောင်ဆေးခိုင်းပြီးမှ လှေပေါ်သို့တက်ကာ ရွာဘက်သို့ လှေ လှော်နိုင်းပြီး ခဏအကြာတွင် ဘကြီးထွန်းက စကားပြောလေသည်၊

“မောင်လှမွေးတဲ့ ကလေးလေးက ဘီလူးလေးကွယ့်..၊ ဘီလူး စားတာ မဟုတ်ဘူး၊ ဘီလူးဘဝနဲ့ လူ့ဘဝထဲကို ဝင်လာတာ၊ ဘာဖြစ်လို့ “ဘီလူး”လို့ ပြောရသလဲဆိုရင် မျက်နှာမှာ မျက်လုံးနှစ်လုံးပါရမယ့်အစား က်လုံးနှစ်ခုရဲ့ အလယ်မှာ မျက်လုံးတစ်လုံး အပိုပါပြီး အဲဒီမျက်လုံးက ကလေး က်လုံးမဟုတ်ဘဲ လူကြီးမျက်လုံးမျိုး အရှင်ဖြစ်နေတယ်၊

ပြီးတော့ အောက်သွား၊ သွားစွယ်လည်း နှစ်ချောင်းပါလာတယ်၊ ကလေးဆိုတာ အမိဝမ်းကကျွတ်တယ်ဆိုတာနဲ့ ငိုရမယ်မဟုတ်လား၊ မောင်လှ ကလေးက မွေးလာလို့ အပြင်ကိုရောက်ကတည်းက တခစ်ခစ်နဲ့ ရယ်နေတယ်၊ နောက်ပြီး မွေးပြီးလို့ သုံးနာရီအချိန်လေးမှာ မွေးစအရွယ်ထက် တစ်ဆပိုကြီးလာပြီး (၇)လ၊ (၈)လအရွယ်ကြီးလာတာဟာ သာမန် ဖြစ်ရိုး ဖြစ်စဉ် မဟုတ်ဘူး၊

ငါ့ရဲ့အဘိုး ပြောဖူးတဲ့အဖြစ်အပျက်တစ်ခုနဲ့ အခု မောင်လှ ကလေး လေးအဖြစ်က အတူတူပဲမို့ ခုလိုလုပ်လိုက်ရတာပဲ၊ သူတို့ကို တစ်ခုနေရာထဲ မှာ မမြှုပ်ရဘူး၊ သုံးပိုင်းပိုင်းပြီး မြစ်ချောင်းခြားလို့ သုံးနေရာခွဲပြီးမြှုပ်ရတယ်၊

www.burmeseclassic.com



နေရာခွဲပြီး မမြုပ်ရင် ပြန်ထလာနိုင်တယ်လို့ ငါ့အဖိုးက ပြောခဲ့တယ်ကွယ့်"

"တကယ်လို့ ဘီလူးလို့မသိခဲ့ရင် ဘာတွေဖြစ်လာမှာလဲ ..ဘကြီးရယ်၊ ပြောပြပါဦး .."

"တကယ်လို့များမသိခဲ့ရင် မွေးတဲ့မိဘ၊ မိသားစုနဲ့ အဲဒီရွာတစ်ရွာလုံး ကပ်ရောဂါဖြစ်သလို၊ သေကြေပျက်စီးကြရတယ်တဲ့။ အဲဒီလိုအဖြစ်မျိုးဖြစ်ပြီး ရွာထဲမှလူတွေသေကြလို့ လူအနည်းငယ်လောက် တစ်ရွာကိုပြောင်းပြေးကြလို့ ရွာပျက်ခဲ့တဲ့အဖြစ်၊ အင်္ဂလိပ်အစိုးရလက်ထက်မှာ ဖြစ်ခဲ့တာ၊ နို့မတောင်ခြေက ရွာတစ်ရွာပျက်ခဲ့တာ သက်သေရှိတယ်။ ခုတော့ ငါတို့အသိဦးသွားလို့ စိတ်အေးရပါပြီကွယ်"

စကားပြောရင်းဖြင့် လေ့ဆိပ်သို့ ရောက်လာကြပြီး ပစ္စည်းများလည်းကာ အိမ်သို့လာခဲ့ကြလေသည်၊ အိမ်ပေါ်ရှိ မီးခွက်အနီးတွင် ဝမ်းဆွဲသည် ဒေါ်ခင်တုတ်နှင့်ဒေါ်မြသန်းတို့ထိုင်လျက် ကိုမောင်လှတို့အပြန်ကို စောင့်မျှော်နေကြလေ၏။ အိမ်ပေါ်သို့ရောက်၍ထိုင်လိုက်ကြချိန်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်သံကို ကြားလိုက်ကြရလေသည်။

ထိုအချိန်တွင် အခန်းတွင်းမှကိုမောင်လှ၏ဇနီး၊ မတင်ရီ၏စကားပြောသံကိုကြားရသောကြောင့် ဒေါ်ခင်တုတ်အခန်းထဲသို့ ဝင်သွားလေသည်။ ဒေါ်ခင်တုတ်အား မတင်ရီက -

"ကိုမောင်လှတို့ပြန်ရောက်ကြပြီလား ..။ ကိုမောင်လှတို့ သွားနေတဲ့အချိန် ကျွန်မ အိပ်ပျော်သွားတယ်၊ အိပ်ပျော်တဲ့အချိန် ကျွန်မအိပ်မက်တယ်၊ အိပ်မက်ထဲမှာ လူအကြီးကြီးတစ်ယောက်၊ ကျွန်မအနားကိုလာပြီး မျက်တောင်နီနီကြီးနဲ့ စိုက်ကြည့်ပြီး ကျွန်မကို ပြောတယ် ..၊

နင်တို့အကြံဦးသွားလို့ နင်တိုမိသားစုနဲ့ ဒီရွာသားတွေ သက်သာသွားတယ် မှတ် ..၊ မဟုတ်လို့ကတော့ နင့်မိသားစုနဲ့တစ်ရွာလုံး မသာတွေဖြစ်ကုန်မှာ။ နင်တို့အားလုံး ကံကောင်းသွားတယ် မှတ်ပါ။ အဲဒီလိုပြောပြီး ကျွန်မရှေ့က ပျောက်သွားတယ်။ ကျွန်မလည်း အိပ်ပျော်ရာက နိုးလာခဲ့တယ်။ ကိုမောင်လှတို့သွားကြတာကို ကျွန်မသိပါတယ်၊ ကျွန်မ စိတ်မကောင်းဖြစ်ပေမယ့် မသိချင်ယောင် ဆောင်နေလိုက်ရတယ်"

မတင်ရီပြောသည့်စကားများကို အခန်းအပြင်ဘက်တွင် ထိုင်နေကြသူများအားလုံး ကြားရသောကြောင့် တစ်ယောက်မျက်နှာ၊ တစ်ယောက်ကြည့်တာ အံ့ဩလွန်းစွာ ဖြစ်နေကြစဉ် ..။ ကိုမောင်လှက အသံကိုမြှင့်လျက်ပြောလိုက်သည်။

"တင်ရီ .. နင်စိတ်မကောင်းဖြစ်ရသလို၊ ငါလည်းဖြစ်ရပါတယ်သား ..။ မိဘဆိုတာ ကိုယ့်သားသမီးကို ချစ်ကြတာချည်းပါပဲ၊ ဒါပေမဲ့ ငါတို့ဒီသားလေးဟာ ငါတို့မိသားစုနဲ့ ဒီရွာတစ်ရွာလုံးကို ဒုက္ခပေးမယ့် သားဖြစ်နေတော့လည်း လုပ်သင့်၊လုပ်ထိုက်တာကို လုပ်လိုက်ရတာပဲလေ၊

ကိုယ်မွေးတဲ့သားက ကိုယ့်ရွာကိုဒုက္ခမပေးနိုင်အောင် လုပ်လိုက်ရတဲ့အတွက် ငါကျေနပ်တယ် .. တင်ရီ၊ ကိုယ့်ရွာကိုယ်က သွေးကိုတောင်အကောင်းရင်ဖောက်ထုတ်ရသေးတာပဲ ဟာ ..။ နင်လည်း စိတ်မကောင်းဖြစ်ပါနဲ့တော့ .. နော်"

မောင်လှ၏စကားအဆုံး အခန်းတွင်းမှမတင်ရီက -

"ကျုပ် နားလည်ပါတယ် .. ကိုမောင်လှရယ်၊ ဒီကလေးကို ကိုယ်ဝန်ဆောင်ရွယ်ကတည်းက ပထမ ကလေးတွေနဲ့မတူတာ ကျုပ်အသိဆုံးပါတော်၊ အစားအသောက်ဆိုလည်း အသားစိမ်း၊ ငါးစိမ်းကိုပဲ စားချင်တယ်၊ အသီးအရွက်ဆို ကြည့်တောင်မကြည့်ချင်ဘူး၊

နောက်ပြီး ဘုရားစာ၊ တရားစာဆိုသံကိုလည်း လုံးဝမကြားချင်ဘူး။ ခုမွေးလာတော့လည်း လူမဟုတ်ဘဲ ရွာကိုဒုက္ခပေးမယ့် ဘီလူးလေးဖြစ်နေပြန်တယ်၊ ရှင်တို့လုပ်တဲ့လုပ်ရပ် မှန်ပါတယ် ကိုမောင်လှရယ်၊ ဘကြီးနှမ်းနဲ့ လူကြီးတွေကိုလည်း ကျွန်မ ကျေးဇူးတင်ပါတယ် ရှင်"

မတင်ရီ၏ပြောစကားအဆုံး၊ လူကြီးများက ကျေနပ်စွာပြုံးလိုက်ကြလေသည်၊ ထိုအချိန် အရှေ့အရပ်မှ အာရုဏ်ဦးအလင်းရောင်သည် ထွန်းလင်းလာသောကြောင့် ညအမှောင်မှာလည်း လွင့်ပါးပျောက်ကွယ်၍ သွားရာဖြစ်ပါတော့သည်၊

မှတ်ချက်၊ ။ ဤဇာတ်လမ်းဖြစ်ပျက်သည့် အချိန်သည် (၁၉၅၄) ခုနှစ်ဝန်းကျင်အချိန်က ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပါသည်၊ သည်ဇာတ်လမ်းအား ပြောပြခဲ့သည့် ကွယ်လွန်သွားရှာပြီဖြစ်သော ဖခင်ကြီးအား ဦးခိုက်လျက်ရှိပါသည်၊





www.burmeseclassic.com

www.burmeseclassic.com



## အရေပြားဆွဲဆန့်နိုင်တဲ့ လူသား Mister Fantastic




ကမ္ဘာပေါ်မှာ ထူးခြားတဲ့ လူထူးဆန်းတွေ အများကြီးရှိပါတယ်။ ဒီအထဲမှာ လူ့ရဲ့ကိုယ်ရေပြားကို ဆွဲဆန့်နိုင်ဆုံး လူသားအဖြစ် ကမ္ဘာ့ ဂရင်း နစ်စံချိန်တင်ထားသူကတော့ ဂယ်ရီ စတရက်ကျူနာလို့ခေါ်တဲ့ ဗြိတိန် နိုင်ငံသားတစ်ဦးဖြစ်ပါတယ်။

လက်ရှိအချိန်မှာ သူဟာ အသက်(၄၁)နှစ်အရွယ်ခန့်ရှိပြီး (၂၀၀၅)ခုနှစ်မှာ စတင်ကာ သူ့ရဲ့အရေပြားဆွဲဆန့်နိုင်တဲ့ အစွမ်းများကို









ဗြိတိန်နိုင်ငံမှာရှိတဲ့ Farfield Hall မှာ ကျင်းပသော Circus Of Horrors မှာပြသခဲ့ပါတယ်။

သူဟာ အရင်က ...ည်းကလည်း ဆပ်ကပ်ပွဲများ ...နှစ်သက်သူ တစ်ယောက် ဖြစ်ပြီး ဒီလို သူ့အရေပြားဖြစ်လာ ...ဟာ လွန်ခဲ့တဲ့(၁၀)နှစ်ကျော် ...က စတင်တယ်လို့ သိရပါ ...ယ်။ တစ်နေ့မှာ သူ့ဦးလေး ... သူ့အရေပြားကိုဆွဲကြည့် ...မှာ အရေပြားဟာ ပျော့တွဲတွဲကြီးဖြစ်နေပြီး သာမန်လူတွေနဲ့မတူ ထူးခြား ...အရေပြားကို ဆွဲဆန့်တွန့်ခေါက်နိုင်စွမ်းရှိနေတာကို တွေ့ရှိခဲ့ပါတယ်။

ဒီလိုအဖြစ်ကြောင့် သူဟာ ဆပ်ကပ်အဖွဲ့ထဲမှာ သူ့အရည်အချင်း ...တို ပြသခဲ့ပြီး နာမည်ကျော်တစ်ယောက်ဖြစ်လာခဲ့ပါတယ်။ သူ့ပါးနှစ် ...ကို ဆွဲလိုက်ရင်လည်း သူ့အရေပြားကြီးဟာ ပျော့တွဲပြီး ပါလာပါတယ်။ ...ည်ပင်းက အရေပြားကိုဆွဲရင်လည်း ဒီအတိုင်းပါပဲ။

အထူးခြားဆုံး ပြကွက်ကတော့ သူ့လည်ပင်းအရေပြားကို ဆွဲဆန့်





www.burmeseclassic.com

www.burmeseclassic.com






ဖုံးအုပ်ပြီး ပါးစပ်ပေါက်ကို ပိတ်ထားတဲ့ ပြကွက်ဆန်းဖြစ်ပါတယ်၊ ပြီးတော့ ရင်ဘတ်က အရေပြားတွေကိုလည်း ဆွဲဆန့်နိုင်ပါတယ်၊ ပြောရမယ်ဆိုရင် တစ်ကိုယ်လုံးက ဘယ်နေရာမဆိုက သူ့အရေပြားကို ဆွဲရင် ရှည်ထွက်လာပါတယ်၊

ဒါကြောင့် Fantastics Four ဇာတ်ကားထဲက ထူးဆန်းအံ့ဖွယ် လူသားတစ်ယောက်လို သူ့ကိုလည်း Mister Fantastic လို့ အမည်နာမပေး မှည့်ခေါ်ထားကြပါတယ်၊ သူ့ရဲ့ အရေပြားဆွဲဆန့်နိုင်မှုအရှည်ဟာ (၆.၅)လက်မအထိ ဖြစ်ပါတယ်၊ သာမန်လူတစ်ယောက်အဖို့ လုံးဝမဖြစ်နိုင်တဲ့ အခြေအနေတစ်ရပ်ဖြစ်ပါတယ်၊

လက်ရှိအချိန်ထိလည်း သူဟာ အသက်ရှင်နေထိုင်လျက်ရှိ









၊ တကယ်တမ်းမှာ ဝယ်ရီစထရက် ကျွ ဒီလို အရေပြားကို ့ နိုင်ခြင်းဟာ လူ နဲ့မတူတဲ့ Ehlers-os Syndrome လို့ ရောဂါကို ခံစားနေရ ကြောင့် ဖြစ်ပါတယ်၊

ဒါကြောင့် သူ့ ပြားဟာ လူသာမာန်တွေရဲ့ အရေပြားထက် အလွန်တရာအားနည်း ော့တွဲနေရခြင်းဖြစ်ပါတယ်၊ ဒါပေမယ့်လည်း အခုလိုဖြစ်ခြင်းကပဲ ်ကို ကမ္ဘာကျော်စေတဲ့ ကမ္ဘာ့အံ့ဖွယ်လူတစ်ယောက်ဖြစ်စေခဲ့တာ တယ်၊

လူပေါင်း (၁၀၀၀၀)မှာ တစ်ယောက်ဖြစ်နိုင်ခဲလှတဲ့ ရောဂါ တစ်မျိုးပဲ ဖြစ်ပါတယ်၊ ဂယ်ရီကတော့ ကမ္ဘာ့အံ့ဖွယ်လူသားတစ် ာက်အဖြစ် နေရတာကို နှစ်သက်ကြောင်း၊ ပြောဆိုထားပါတယ်၊ သူ ကမ္ဘာ့လူထူးဆန်းများ ပြပွဲမှာလည်း တစ်ယောက်အပါအဝင်အဖြစ် ပြသခဲ့သူ ဖြစ်ပါတယ်၊ သူ့အရေပြားကို စက္ကူညှပ်တဲ့ကလစ်တွေနဲ့ ပြသရာမှာ သူ့အရေပြားဟာ လိုသလိုဆွဲနိုင်ပါတယ်၊





www.burmeseclassic.com

www.burmeseclassic.com

- မကွေးတိုင်း မင်းဘူးမြို့ရှိ ရွှေစက်တော်ဘုရားပွဲ
- ကျောင်းတော်ရာရှိရာသို့ လာကြသော ဘုရားငါးကြီးများ
- ကျောင်းတော်ရာ ဘုရားငါးကြီးတစ်ကောင်ကို

လောဘဇောတက်ပြီး ရောင်းလည်းရောင်း၊ အသားလည်း

စားမိသောအခါ . . အတိတ်ပြစ်ဂယ်မှန် [illegible]

# ခ-ဓ-ဘ-ဝ ငါးကြီး

မကွေးညိုစိမ့်








www.burmeseclassic.com

www.burmeseclassic.com





✡

"ဟေ့ . . မောင်ပု၊ အခု
ငါ့ကို မသတ်ပါနဲ့ဦး။ ငါဘုရားကို
သွားပြီး ဥပုဒ်စောင့်ပါရစေ။
ဘုရားပွဲတော်ကြီးပြီးသွားရင်
ငါပြန်လာပါ့မယ်။ အဲဒီအခါကျရင်
မင်းတို့ ငါ့ကို သတ်လိုက သတ်ပါ။
လွှတ်လိုက လွှတ်ပါ"

ဗုဒ္ဓမြတ်စွာဘုရားသခင်၏ ဓေတ်တော်ရာအစစ်များဖြစ်သော အထက်စက်တော်ရာနှင့် အောက်စက်တော်ရာတို့တည်ရှိရာ ရွှေစက်တော်ပွဲတော်ကြီးသည် နှစ်စဉ် တပို့တွဲလဆန်း(၅)ရက်၊ ဇန်နဝါရီလ(၂၀)ရက်နေ့တို့တွင် ဖွင့်လှစ်ပြီး မြန်မာနှစ်ဆန်း(၁)ရက်၊ ဧပြီလ(၁၆၊ ၁၇)ရက်တွင် ပိတ်ပွဲကျင်းပသည်။

ထိုရွှေစက်တော်ဘုရားပွဲဖွင့်သည်နှင့် မြန်မာပြည်ရှိ အမြို့မြို့အနယ်နယ်မှ ဘုရားဖူးလာကြသောပြည်သူများသည် မင်းဘူးမြို့ရှိ နဂါးပွက်တောင်သို့ လည်းကောင်း၊ ကျောင်းတော်ရာရှိ ဘုရားဖူးလာကြကုန်သော ငါးများကို လည်းကောင်း၊ ထူးဆန်းအံ့ဩကြသဖြင့် လာရောက်လေ့လာကြ၏။ မဖြစ်မနေ ဝင်ရောက်သင့်သောနေရာများလည်း ဖြစ်ပါသည်။

စာရေးသူအနေဖြင့် ကျောင်းတော်ရာဘုရားဖူးငါးများအကြောင်း တစ်စိတ်တစ်ဒေသ တင်ပြချင်ပါသည်။ ဤငါးများသည် တစ်ချိန်က ကျောင်းတော်ရာတွင် ရှိခဲ့သော စန္ဒကူးနံ့သာတောကြီးထဲတွင် စောင့်ကြပ်နေကြသော ဘီလူးများဖြစ်ကြောင်း အရိပ်အမြွက် သိရှိခဲ့ရသည်။

မြတ်စွာဘုရားသခင်ကိုယ်တိုင် ကျောင်းတော်ရာရွာသို့ ရောက်ရှိစဉ်





နှကူးနံ့သာတောကို စုတ်တွင်ရှင်းလင်းပြီး ကျောင်းဇရပ်များ ဆောက်ခဲ့ရာမှ ဘီလူးဘဝမှစုတေပြီး ငါးများဖြစ်သွားသည်ဟု ယယ်ယယ်က မှတ်သားရပါသည်။

ဤအကြောင်းနှင့်ပတ်သက်ပြီး ကျောင်းတော်ရာမြို့သို့ ကိုယ်တိုင်သွားပြီး သက်ဆိုင်သူများကို မေးမြန်းပြီးမှ အကျယ်တဝင့် ရေးသားပြပါမည်။ သခုတော့ ထိုငါးတို့၏သစ္စာ၊ သမာဓိရှိပုံနှင့် ၎င်းတို့နှင့်ပတ်သက်ပြီး ဆိုးကောင်းကျိုးကို တင်ပြချင်ပါ၏။

စာရေးသူတို့ငယ်စဉ်က ကျောင်းတော်ရာသို့ ခဏခဏ ရောက်သည်။ မိဘများမသိအောင်လည်း ရောက်သည်၊ မိဘများနှင့်လည်း ရောက်သည်၊ ကျောင်းတော်ရာနှင့် မကွေးမှာ လွန်စွာနီးပါသည်။ ကျွန်တော်တန်းနှစ်တွင် သူငယ်ချင်းများနှင့်ကျောင်းတော်ရာသို့ ငါးကျွေးသွားရာ တစ်ယောက်နှင့်တစ်ယောက် အကြည်စားသန်ပြီး ရေထဲတွန်းချရာ စာရေးသူသည် ရေထဲသို့ ကျသွားခဲ့ပါသည်။

ကျောင်းတော်ရာ ငါးကျွေးဆိပ်မှာ ချောက်ကမ်းပါးကြီးဖြစ်သည်။ နှစ်ဆယ်၊ သုံးဆယ်လောက် နက်သည်။ စာရေးသူမှာ ရေမကူးတတ်(၁၉၅၁)ခုနှစ်လောက်က ဖြစ်သည်။

စာရေးသူသည် ရေထဲသို့ ဖွမ်းကနဲ ကျသွားရာ -

"ဟယ် . ."

"ဟာ . ."

"လုပ်ကြပါ . . ဆယ်ကြပါ"

"သေတော့မှာပဲ . . လုပ်ကြပါဦး"

"ငါးစာတော့ ဖြစ်ပြီ၊ ငါးတွေစားလို့ သေတော့မယ်"

လို့ ကမ်းပါးပေါ်ရှိတဲ့လူတွေက တစ်ယောက်တစ်ပေါက် အော်ကြသည်။ ရေကနက်သဖြင့် လည်းကောင်း၊ ငါးကြီးတွေက လွန်စွာကြီးမားလှသဖြင့်လည်းကောင်း၊ အော်ဟစ်၍သာနေကြပါသော်လည်း မည်သူတစ်ဦးတစ်ယောက်မှဆင်းပြီး မဆယ်ရဲကြပါ။

စာရေးသူကို ဆယ်ဖို့ကိစ္စမှာ ရေကူးကျွမ်းကျင်ရမည်။ (၈)ပေမြင့်သော ဤကမ်းပါးပေါ်မှ ခုန်ချရမည်၊ ခုန်ချပြီး ကမ်းပေါ်ပြန်တက်ဖို့မလွယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါးကျွေးဆိပ်မှအထက်သို့ ငါးတစ်ရိုက်အကွာတွင် ရေစပ်သော ဆိပ်တ ကလေး ရှိသည်။ စာရေးသူအားဆင်းပြီး ဆယ်ပါက ရေဆန်ကိုရုန်းပြီး နေရာရောက်အောင်သွားဖို့ မလွယ်လှပါ။ ဆယ်သူရော၊ နစ်သူပါ နစ်သေ စလုံး သေပွဲဝင်မှာဖြစ်သဖြင့် မည်သူမှ မကယ်ရဲ။

အတူပါလာသော သူငယ်ချင်းများမှာ ငိုသူငို၊ အော်သူအော် ငါးကျွေးဆိပ်မှာ ဆူညံနေပါသည်။ စာရေးသူလည်း ရေထဲသို့ ဟစ်စတ္တန် နစ်သွားခဲ့သည်။

"ဟာ . . ဟိုမှာ ပေါ်လာပြီ ဟေ့"

"လှမ်းပြီး ဆွဲကြပါဟာ"

"ဘယ်လိုလုပ် ဆွဲမှာလဲ . .၊ မှီမှ မမှီဘဲ"

ကမ်းပေါ်မှလူများ ကျွန်တော့်ကိုမြင်နေသော်လည်း မြင့်မာ သော ချောက်ကမ်းပါးကြီးကြောင့် ဘယ်လိုမှ မကူညီနိုင်ကြပါ။ သို့သေ လည်း အတော်ထူးဆန်းသော ဖြစ်ရပ်တစ်ခုကို စာရေးသူကိုယ်တိုင် ကြည့်နိုင်အောင် ကြုံတွေ့ရပါသည်။ အကြောင်းမှု . .။

စာရေးသူသည် ရေထဲတွင် ပက်လက်လန်လျက် ရေဆန် မော်တော်တစ်စင်း ခုတ်မောင်းသွားသကဲ့သို့ ရေစပ်ဆိပ်ကမ်းအရော ဆန်တက်သွားခဲ့ပါသည်။

"ဟာ !..ဘာတုန်းဟ"

"ဘယ်လိုဖြစ်တာလဲ ဟ"

ဟု အော်ဟစ်ကြကာ စာရေးသူ မကူးမခတ်ရဘဲ ရေထဲ ပက်လက်ကြီးဆန်တက်သွားသည့် နောက်သို့ ပြေးလိုက်လာကြပါသည်

ရေစပ်ဆိပ်ကမ်းသို့ ရောက်သော် စာရေးသူသည် "ဝုန်း" လေပေါ် ပျံတက်သွားကာ ကုန်းမြေပေါ်သို့ဖင်ထိုင်လျက် ကျသွားသ ရေထဲသို့ ကြည့်လိုက်သောအခါ ခြောက်နှစ်သားအရွယ်ခန့်ရှိသော သု ဖူး ငါးကြီးသုံးကောင်ကို တွေ့မြင်ရပါသည်။

ဘုရားဖူးလာသူများက ထိုငါးကြီးသုံးကောင်အား ဖမ်းပြီး ခေ နှင့်အမြီးကို ရွှေချပြီးနောက် ပြန်လွှတ်လိုက်ကြပါသည်။ တချို့ဘုရာ များလည်း ငါးကိုကြည့်ချင်ဇောဖြင့် ကမ်းပါးစပ်သို့တိုးကြရာမှ ကမ်းပါ





တွေ့ရှုကြပါသော်လည်း သေသူတစ်ယောက်မှ မရှိဘူးပါ။ စာရေးသူကဲ့ သို့ပင် ငါးကြီးများက ကယ်ဆဲဖူးပါသည်။

ဤအကြောင်းအရာသည် လုပ်ကြံပြီး ရေးထားခြင်း မဟုတ်၊ ထို ကျွေးဆိပ်သို့ ရောက်ရှိပါက သက်ကြီးရွယ်အိုများကိုမေးကြည့်လျှင် သိ နိုင်သည်။ ဤ ဘုရားငါးကြီးများ၏အသိတရားမှာ လူတွေလိုက်မမှီလောက် အောင် ရှိသည်။ ပွဲတော်စမည့်ရက်ကိုသိသကဲ့သို့ ပွဲတော်ပိတ်မည့်ရက်ကို လည်း သိသည်။

လပြည့်နေ့၊ လကွယ်နေ့ကို လူတွေ မေ့ကောင်းမေ့မည်၊ ထိုငါးကြီး များက မမေ့၊ အခါကြီး၊ ရက်ကြီးကိုကောင်းစွာ သိကြသည်။ ဥပုဒ်နေ့များ တွင် နံနက်(၇)နာရီမှ (၁၂)နာရီထိသာ အစာများ လာစားကြပြီး (၁၂)နာရီ ကျော်သွားပါက ငါးစာကျွေးသည့်နေရာတွင် တစ်ကောင်တစ်မြီးမှ မရှိတော့ ဘဲ ဥပုဒ်စောင့်ကြပါသည်။

စာရေးသူတို့ဒေသမှ တံငါသည်များသည် ကျောင်းတော်ရာ ဘုရားပွဲတော်လအတွင်းတွင် ငါးကြီးဖမ်းသောပိုက်ကြီးကို မချကြတော့ ။ အကယ်၍ ငါးကြီးများကိုမိလျှင်လည်း ရေထဲသို့ ပြန်၍လွှတ်ကြပါသည်။

မိ၍ ဖမ်းမိခဲ့လို့ စားလိုက်မိပါက စားမိသူအားလုံး ဒုက္ခရောက်ကြ သည်ဟု ယုံကြည်ကြသည်။ မှန်လည်း မှန်ပါသည်။ စားမိသူများ (နူ)ကြ သည်၊ စီးပွားပျက်ပါသည်၊ ကိုယ်ရေပြားရောဂါသည်ဘဝသို့ ရောက်ရှိ သည်မှာ လက်တွေ့ဖြစ်ကြ၍ ထိုသို့ ဘုရားချိန်တွင် မိသောငါးကြီးများကို ကြပါ။

ဤကိစ္စနှင့်ပတ်သက်၍ ယနေ့ထက်တိုင်ဘုရားဈေးတွင် ပြော ပေါင်း၊ တောသုံးတောင်ဖြစ်နေသော ကိစ္စတစ်ခုကို ဖော်ပြရမည် ဆို ချင် . .

☯

ဦးရွှေ + ဒေါ်လုံး
ဦးပု + ဒေါ်ညွှန့်
ဦးလှ + ဒေါ်မြ



www.burmeseclassic.com

www.burmeseclassic.com



ထိုဖနီးမောင်နံ့ သုံးစုံတွဲသည် တံငါလုပ်စားနေသူများ ဖြစ်သည်

သာမန်ရှိုးရိုး လှေတစ်စီးကို ဦးခွေးနှင့်ဒေါ်လုံးက ပိုင်ဆိုင်သည် အတော်အသင့် ပိုက်ဆံရှိသဖြင့် ငါးဖမ်းပိုက်ထောင်ထားသည်၊ ကိုယ်တိုင် ငါးမဖမ်း။ ဦးပုနှင့်ဦးလှုတို့ဖမ်းလာသော ငါးများမှ (လှေ)အတွက် သုံး တစ်ချိုးယူသည်။

ဦးပုသည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ဖခင်နှင့်အတူ ဧရာဝတီမြစ်ထဲရှိ ငါးကြီးငါးသေးများကို ပိုက်ကွန်ပစ်၍ လာခဲ့ရာ ပိုက်ကွန်ပစ်ရာတွင် ကျွမ်းကျင်သည့်အပြင် ရေမျက်နှာဖြင့် ကြည့်လိုက်သည်နှင့် ဤရေအောက်တွင် ဘာငါးတွေရှိသည်ကို အတ ပြောနိုင်အောင် ကျွမ်းကျင်သူဖြစ်သည်၊ ဧရာဝတီမြစ်ရေပြင်၏လှုပ်ရှား အားလုံး အတွေ့အကြုံအရ သိရှိထားသူဖြစ်သည်၊

ဦးလှုကတော့ လှေလှော်ကျွမ်းကျင်သည်၊ အထက်မင်းလှ တွင်ရှိသော မလွန်ဝဲကိုပင် အံ့တုကာ ယှဉ်ပြိုင်ခဲ့သူဖြစ်သည်၊ မြစ်ထဲ ငါးဖမ်းသွားသည့်အချိန်တွင် ဦးလှုက လှေလှော်ပဲ့ကိုင် တာဝန်ယူသည်၊ ဦး က ကွန်ပစ်တာဝန်ယူသည်၊

နံနက်(၆)နာရီဆိုလျှင် ထွက်ကြပြီး ညနေ(၅)နာရီမှ ပြန်လာ သည်၊ ထိုအခါတွင် လှေ၏ဝမ်းဗိုက်ထဲတွင် အနည်းဆုံး ဆယ်ပိဿာ ပါလာတတ်သည်၊ ထိုပါလာသောငါးကို သုံးယောက်ခွဲယူကြပြီးမှ မိန်းမ က ကျောင်းတော်ရာဈေးသို့ သွားရောက်ရောင်းချကြသည်၊

ပိုသည်၊လျှံသည်တော့ မရှိကြ၊ စားဝတ်နေရေးတော့ အဆင် ကြသည်၊ ၎င်းတို့နေထိုင်သည်က (ရေလယ်ကျွန်း) ဧရာဝတီမြစ်၏အလယ တွင် ကုန်းမြေကလေးပေါ်နေတဲ့နေရာ၊ အိမ်ခြေ(၂၀၀)ခန့်ရှိပြီး မြေ အာလူး၊ ကြက်သွန်တို့ စိုက်ပျိုးပြီး ကုလားပဲ၊ ပဲလွန်းတို့လည်း စိုက် ကြ၏။

ဝါဆို၊ ဝါခေါင်လများဆိုလျှင် ကွန်ကာရေမြုပ်တတ်သည်၊ မြ သည်ဆိုရာ၌ ဆိုးဆိုးဝါးဝါး မဟုတ်၊ ရေစီးမသန်၊ အုံးဆစ်၊ ပေါင်လယ်လော သာ မြုပ်သည်၊ နေထိုင်ကြသူအားလုံး ခြေတံရှည်အိမ်များဖြင့် နေကြပြီး ကြီး လျှင် နွားများကို ကုန်းပေါ်သို့ ရွှေ့ပြောင်းနေထိုင်ကြသည်၊ အနီးဝ





ပြီရလျှင်(အင်းလေး)မြို့မှ အိမ် တို့၏၊

ရွာ၏သုံးပုံပုံ၊ တစ်ပုံလောက် တံငါလုပ်ငန်းကို လုပ်ကိုင်စား ကြသူများ ဖြစ်ကြသည်၊ ရွာ သားအားလုံး အလုပ်အတန်း ရသည်၊ တစ်ဦးနှင့်တစ်ဦး ချစ် ခင်နေကြပြီး တစ်ဦးတွင် ပစ္စည်း လိုနေပါက ကျန်အိမ်ထောင်စု ဝိုင်းဝန်းကူညီကြသည်၊

တစ်ရွာလုံးကလည်း ဆွေ မျိုးမကင်းများဖြစ်ကြပြီး အတော် ပိုက်ဆံရှိကြသည်၊ ဆင်းရဲသားဆို၍ ရွာ၏ပတ်ပတ်လည် အဖျား နေထိုင်ကြကုန်သော မောင်ပုတို့သုံးယောက်ကဲ့သို့ တံငါများသာ ည်၊

တပို့တွဲလသို့ ရောက်ပြီဆိုလျှင် ကျောင်းတော်ရာဘုရားငါးတို့ သည်၊ ထိုအချိန်တွင် မောင်ပုတို့သည် တခြားနေရာသို့ မသွားတော့ဘဲ ရားငါးများလာသော မုန်းချောင်းဝ၊ မြစ်ပြင်မှစောင့်၍ ကွန်ပစ်သည်၊ ငါးများလာသည့်အချိန်တွင် အခြားငါးသေး၊ ငါးမွှားများပါ လိုက်၍ တတ်လေရာ ထိုလသို့ရောက်လျှင် မောင်ပုတို့သုံးယောက် မပူရ၊ မပင် ကို လှေဗိုက်နှင့်အပြည့် ရတတ်ကြသည်၊

ဒီနေ့လည်း မောင်ပုတို့ကွန်ပစ်ရာတွင် ကလေးခြောက်နှစ်သား သ် ငါးတစ်ကောင်ပါလာ၏၊ အချိန်တစ်ရာလောက်ရှိမည် ထင်သည်၊ ကို လှေပေါ်မတင်၊ ငါးများရှိုတ်ဖြင့် ငါး၏ပါးဟပ်ကို သေချာရှိုတ်ပြီး သို့ ပြန်ယူလာခဲ့သည်၊ လှေဝမ်းထဲတွင်လည်း အခြားသော ငါးသေး၊ များ အပြည့်ပါလာသည်၊ မောင်ခွေး၊ မောင်ပု၊ မောင်လှုတို့ သုံး ၏ဇနီးများ ပျော်မဆုံး၊ မော်မဆုံး ဖြစ်နေကြသည်၊ စိတ်တွက်ဖြင့် ကြည့်သည်ကပင် တစ်ယောက်၊ ကျပ်တစ်သောင်းစီ ကျန်မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ငါးများကို ရေစပ်မှာပဲ ရေစိမ်ထားပြီး နံနက်မှကျောင်းတော်ရွာ သို့ သွားရောင်းကြမည်ဖြစ်၍ ညဦး ရေစပ်မှာပင် တောင်းကြီး၊တောင်း များထဲသို့ထည့်၍ ရေစိမ်ထား၏။ ပါလာသောငါးကြီးကိုမူ ပါးဟပ်ကို သံ ကြိုးဖြင့်ချီထားပြီး ဝှတ်တိုင်စိုက်၍ ရေစပ်တွင် စိမ်ထားလိုက်သည်။

မောင်ပုတို့ ယောကျ်ားသုံးယောက်ကတော့ ထုံးစံအတိုင်း အ သောက်ပြီး ညဦးနက်တော့ အိပ်ပျော်သွားကြသည်။ မိန်းမများက နံနက်ဈေးသွားလျှင် ယူသွားရန် ပစ္စည်းများကို သေရျာစွာစိစစ်က ယောကျ်ားတွေအိပ်မှ ရင်းတို့ပါ အိပ်ကြတော့၏။

နံနက်သုံးနာရီခန့်တွင် လင်မယားစုံတွဲသုံးယောက်စလုံး၊ တ တည်းသော အိပ်မက်ကြောင့် လန့်နိုးကြ၏။

"ဟေ့ . . မောင်ပု၊ အရ ငါ့ကို မသတ်ပါနဲ့ဦး။ ငါဘုရားကိုသွာ ဥပုဒ်စောင့်ပါရစေ။ ဘုရားပွဲတော်ကြီးပြီးသွားရင် ငါပြန်လာပါ့မယ်။ အခါကျရင် မင်းတို့ ငါ့ကို သတ်လိုက သတ်ပါ။ လွှတ်လိုက လွှတ်ပါ"

လို့ သူတို့ဖမ်းထားတဲ့ငါးကြီးက အိပ်မက်ပေးတယ်။ မော တစ်ယောက်ထဲကို ပေးတာမဟုတ်ဘူး။ ကိုခွေးနဲ့ ဇနီးဒေါ်လုံး၊ ကိုလှ ဒေါ်မြ၊ မောင်ပုနဲ့ ဇနီးဒေါ်ညွန့်တို့ ခြောက်ယောက်စလုံးကို တူညီ အိပ်မက်ကိုပေးတာ။

သုံးယောက်က အိမ်ချင်းကလည်း ကပ်နေတော့ ညတွင်း အစည်းအဝေး ထိုင်ကြတယ်။ ညက ငါးကြီးက သူ့ကိုစေ့စွာလွှတ် ပြောတဲ့အကြောင်း၊ လွှတ်သင့် မလွှတ်သင့် တိုင်ပင်ကျတော့ အတော် ပိုက်ဆံရှိတဲ့ ဦးခွေးနဲ့ဒေါ်လုံးက လုံးဝမစားတော့ဖို့နဲ့ လွှတ်လိုက်ဖို့ပြော မယ့် ကျန်တဲ့လေးယောက်က သဘောမတူဘူး၊ ဒါပေမယ့် လိုရင် လို ငွေကို ကြိုတင်ထုတ်ပေးနေတဲ့ ဦးခွေးကိုလည်း မလွန်ဆန်နိုင်ဘူးလေ

"ဒါဖြင့် ဒို့ ဒီလိုလုပ်ကြရအောင် . ." လို့ အဈားမပါ အရင် ဦးခွေးက ပြောတော့ -

"ဘယ်လိုလုပ်မှာလဲ . .ကိုခွေး" လို့ မောင်ပုက မေးတယ်။

"ငါးကြီးရဲ့ခေါင်းပေါ်ကို သင်္ဘောဆေးနဲ့မှတ် လွှတ်လိုက်ရ မလာရင်လည်း နေပါစေတော့။ ပြန်လာရင်လည်း မင်းတို့သဘော





သုပ်ချင်သလို လုပ်ကြ၊ ငါမကန့်ကွက်ဘူး"

လို့ ကိုခွေးကပြောတော့ အားလုံးသဘောတူလိုက်ကြပြီး ငါးကြီး ရဲ့ဦးခေါင်းပေါ်မှာ (၈-၉-၁-၀) ဆိုတဲ့ စာလုံးကို နောက်နောက်ပြောင်ပြောင် နဲ့ အောက်ပါအတိုင်းရေးသားပြီး ငါးကြီးကို လွှတ်လိုက်ကြတယ်။



"ဟေ့ကောင် . . မင်း ကတိတည်ပါစေနော်။ မင်း ကတိမတည်ရင် တော့ မင်းရှိတဲ့နေရာကို မရ၊ အရလိုက်ရှာပြီး ဖမ်းသတ်မှာ" ဟု မောင်ပုက ပြောလိုက်ရာ ကျန်သောမိသားစုက တဝါးဝါး၊ တဟားဟားနှင့် ရယ်ကြ လေ၏။

ငါးကြီး၏မျက်လုံးများက ကျေးဇူးတင်ရှိကြောင်း ပြောသကဲ့သို့ သားစုခြောက်ယောက်စလုံးကိုကြည့်ပြီး ရေထဲသို့ငုပ်ရှိုးသွားကာ ကျောင်း တော်ရာဘုရားဆီသို့ မှန်းချောင်းအတိုင်း ဆန်၍တက်သွားလေတော့၏။

◉

*ထူးဆန်းတဲ့ ငါးကြီး*

ကျောင်းတော်ရာ ငါးကျွေးဆိပ်တွင် အနယ်နယ်အရပ်ရပ်မှ လာကြ သော ဘုရားဖူးပရိသတ်များမှ အုတ်အော်သောင်းနင်း ဖြစ်နေကြ၏။

ထူးဆန်းစွာ ငါးကြီး၏ဦးခေါင်းတွင် ၈-၉-၁-၀ အင်းကွက်ကြီး ကို တွေ့မြင်ကြလေရာ၊ ထိုငါးကြီးကိုဖမ်းပြီး လူကြီး ကလေးမွှေဖက်၍ ဓာတ်ပုံ ရိုက်ကြ၏။ ထိုသို့ ဓာတ်ပုံရိုက်ပြီး ငါးကြီးကိုရွှေချကာ ပြန်လွှတ်ကြသည်၊ ငါးကြီးကို အစာလည်းရွေး၍ ကျွေးကြ၏။ ထိုသတင်းကို ပြည်မြန်မာရာနယ် တွင် ရေးကြ၏၊ ဓာတ်ပုံနှင့်တကွ ဖော်ပြကြ၏။

ထိုခေတ်က ပြည်မြန်မာရာနယ်သည် ဤသို့သော ထူးထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်းများ၊ အထူးအရေးပေးဖော်ပြနေရာ စာရေးသူသည် ထိုစဥ်က သတင်း ဂျာနယ်အိုးဝေနှင့် ပြည်မြန်မာဂျာနယ်တို့တွင် ငါးကြီးကိုဖမ့်ဖက်ပြီး ဓာတ်ပုံ ရိုက်ပြီး ရေးသားခဲ့ရာ စာရေးသူအား ရေးဖော်ရေးဘက် သူငယ်ချင်းများက (ရှပ်ပြ) စာရေးဆရာဟု လှောင်ပြောင်ကြ၏။

အကြောင်းမူ စာရေးသူ၏လူ့ရုပ်မှာ ငါးကြီးကိုဖက်လျက် ဂျာနယ် တိုင်းတွင် ပါလာသဖြင့် စာရေးသူ၏ရုပ်ကို မမြင်ချင်ဘဲမြင်နေရ၍ (ရှပ်ပြ) လူ့ရုပ်ကိုပါပြတဲ့ ရှပ်ပြစာရေးဆရာဟု လှောင်ပြောင်ကြခြင်းဖြစ်သည်။

ယခင်နှစ်တွေ ၊ နှစ်တွေထက် ဤ စ-ခ-ဗ-ဝ ငါးကြီးကြောင့် ယခုနှစ်တွင် ပို၍စည်ကားနေတော့၏။ ငါးကျွေးဆိပ်ကမ်းမှ ဈေးသည်များ မှာ ငါးစာရောင်း၍မလောက် ဖြစ်နေတော့၏။

မြန်မာနှစ်ဆန်း(၁)ရက်၊ ဧပြီလ(၁၇)ရက်နေ့တွင် ကျောင်းတော်ရာ ဘုရား၏ထုံးစံအတိုင်း အိုးစည်၊ ဒိုးပတ်များတီးလျက် ကျောင်းတော်ရာ ဂေါပကအဖွဲ့မှဦးစီးပြီး ငါးများကို မုန်းရှောင်းမှသည် ဧရာဝတီမြစ်ပြင်ဆီသို့ လိုက်ပို့ကြ၏။

ကျောင်းတော်ရာဘုရား၏ ပတ်ဝန်းကျင်မှာရှိကြသော ရွာသူ ရွာသားများ၏အကအခုန်များဖြင့် ငါးများကိုပြန်ပို့ကြရာ ထိုရက်သည် ပျော်စရာလည်း ကောင်း၊ လွမ်းမောဖွယ်ရာလည်း ကောင်းလှ၏။

ခုနှစ်၊ သက္ကရာဇ်ကို မမှတ်မိတော့သဖြင့် မဖော်ပြသည်ကို ခွင့် လွှတ်စေလိုသည်။ သို့သော် ဤကိစ္စသည် မြန်မာတစ်နိုင်ငံလုံးသိသည့်ကိစ္စ ဖြစ်၍ ကျောင်းတော်ရာ ငါးကျွေးဆိပ်မှ ရွာသူရွာသားများကို မေးကြည့်ပါက ပြန်ပြောပြပါလိမ့်မည်။

"ဟောတော့ .. ငါးကြီး ပြန်ရောက်နေပြီတော့"

ဦးပု၏ဇနီး ဒေါ်ညွန့်၏အော်သံကြောင့် အိမ်နီးချင်းများပင် အထိတ် တလန့် ဖြစ်သွားကြရ၏။ ဦးရွေး၊ ဒေါ်လုံး၊ ဦးလှ၊ ဒေါ်မြတို့မိသားစုနှင့် ဦးပု ပါ ဒေါ်ညွန့်၏တဲသို့ ပြေးလာကြ၏။ ကမ်းစပ်တွင် (စ-ခ-ဗ-ဝ)မှတ်လှတ် လိုက်သော ငါးကြီးပြန်ရောက်နေသောကြောင့်ဖြစ်၏။

"ငါတို့မှတ်လွှတ်လိုက်တုန်းက သဘော်ဆေးနဲ့ပါ။ အခု (စ-ခ- ဗ-ဝ)စာလုံးက ငါးရဲ့အသားနဲ့ တစ်သွေးတည်း၊ တစ်သားတည်း ဖြစ်နေပြီ





ရှာလား ဟေ့"ဟု ဦးရွေးက အံ့ဩစွာဖြင့်ပြော၏။

"ပြန်လွှတ်လိုက်ဟေ့ ..၊ ဒီငါးကြီးကို ဘာမှမလုပ်ဘဲ ပြန်လွှတ် လိုက်၊ ငါးရဲ့တစ်ကိုယ်လုံးမှာလည်း ရွှေတွေ တဝင်းဝင်းတောက်နေပြီ၊ ပြန် လွှတ်လိုက် .. မိညွန့်"ဟု ဒေါ်လုံးကပြော၏။

"အလိုတော် .. ကျုပ်ယောက်ျား ပင်ပင်ပန်းပန်း ဖမ်းယူထားတဲ့ ငါးကြီး၊ အချိန်ကလည်း မနည်းဘူး၊ ရလိုက်မယ့် ပိုက်ဆံကလည်း တွေးရုံ နဲ့တောင် ဝမ်းဝတယ်၊ မလွှတ်နိုင်ပါဘူးတော်"ဟု ဒေါ်ညွန့်က ပြော၏။

ဤသို့ဖြင့် "လွှတ်မယ်၊ မလွှတ်ဘူး" ငြင်းခုန်နေကြသည်မှာ နေပင် မြင့်သွား၏။

"ကိုင်း .. နင်တို့သဘော၊ နင်တို့သဘော၊ ငါတို့လင်မယားက တော့ လွှတ်ချင်တယ်၊ ဒီငါးနဲ့ပတ်သက်ပြီး ငါတို့တစ်ပြားမှ မစားဘူး။ ဒီငါးနဲ့ ငါတို့ မဆိုင်ဘူး၊ နင့်သဘော"ဟု ဒေါ်လုံးကပြောကာ အိမ်သို့ပြန်သွား၏။

"ဒီငါးကို သတ်ဖို့၊ မသတ်ဖို့တော့ ငါ ဘာမှမပြောချင်ဘူး၊ ငါလည်း သတ်တဲ့အထဲ၊ ရုံးဖြတ်တဲ့အထဲ ငါမပါဘူး။ အေး .. ရောင်းပြီးရင်တော့ ဝေပုံ ကျ ပိုက်ဆံကို ငါ့ပေး"ဟု ဒေါ်မြကပြောကာ အိမ်သို့ပြန်သွား၏။

ဒေါ်ညွန့်၏တွက်ခြေတွင်မူ ဒေါ်လုံးအတွက်ဝေစုကို ပိုပိုရမည်ဖြစ် သဖြင့် ဝမ်းသာနေ၏။ ဤသို့ဖြင့် ဤငါးကြီးကိုသတ်၍ရောင်းလိုက်ရာ ငွေ တစ်သောင်း ရ၏။ (စ-ခ-ဗ-ဝ) ပါသော ဦးခေါင်းကြီးကိုတော့ ဒေါ်ညွန့်က ချဉ်ပေါင်ရွက် အချဉ်ရေချက်၍ ထမင်းကို မြိန်မြိန်ယှက်ယှက် စားလိုက် လေတော့သတည်း။

☯

*အိပ်မက်ပေးတဲ့ ငါးကြီး*

"ငါးကျွေးဆိပ်ပတ်ဝန်းကျင်က ရွာတွေ၊ မုန်းရှောင်းနံဘေးက ရွာတွေ၊ ရေလယ်ကျွန်းက လူတွေ လွှတ်ရား၊ ကျွတ်ရာ ရှောင်ကြ .."

"နင်တို့လူတွေမှာ ကောင်းတဲ့လူတွေသလို၊ မကောင်းတဲ့လူတွေ ရှိတယ်၊ ဘုရားမရှိ၊ တရားမရှိတဲ့လူတွေ ရှိနေတယ်၊ ကောင်းတဲ့လူတွေကို ထားသယ်ပြီး မကောင်းတဲ့လူတွေကို ဖယ်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com





လို့ ခေါင်းပေါ်မှာ (စ-ဓ-ဗ-ဝ) ပါတဲ့ငါးကြီးက အိပ်မက်လိုပေးတယ်လို့ ငါး ကျွေးဆိပ် ရွာဦးကျောင်းက ဆရာတော်က နီးစပ်ရွာတွေ ကို သတိလိုက်ပေးတယ်။

"ငါ ညက အိပ်မက်မကောင်းဘူး။ နင်သတ်လိုက်တဲ့ငါးကြီးက ငါ့ကို ဒီရွာက ရွှေ့ ရှောင်ပေးဖို့ ပြောတယ်၊ ဒီတစ်ပတ်အတွင်း ရှောင်နေပါတဲ့၊ အဲဒါ ငါတို့ ကုန်း ပေါ် ခဏတက်နေကြရအောင်" လို့ ဒေါ်လုံးက မညွန့်နဲ့မမြကို ပြောတယ်။

"နင်စိတ်စွဲလို့ မက်တာပါဟာ . .၊ တိရိစ္ဆာန်ဖြစ်တဲ့ငါးက ငါတို့လို လူတွေကို ဘာလုပ်နိုင်မှာတဲ့တုန်း" လို့ ပြောပြီး လှောင်ပြောင်ပြီးရယ် တယ်၊ ရွာသူကြီးကိုလည်း ထပ်တူထပ်မျှ အိပ်မက်ပေးတယ်၊ သူကြီးဟာ (လော်စပီကာ)ကြီးနဲ့ တစ်ရွာလုံးကိုအော်ပြီး သတိပေးပါတယ်။

"ရွာသူရွာသားအပေါင်းတို့ . . ဒီတစ်ခါ မိုးကြီးမယ်လို့ (စ-ဓ-ဗ- ဝ) ငါးကြီးက အိပ်မက်ပေးတယ်၊ မိုးတွေညို့လာရင် ငါတို့ ကုန်းပေါ်ရွှေ့ကြ မယ်" လို့ အော်တယ်၊

"သူကြီးကလည်းတော် . .၊ သောက်လုပ်မဟုတ်တာ၊ အလုပ်ရှာ ပြောနေတယ်၊ အရင်ကတော့ ရေမကြီးခဲ့ဖူးလို့လား" လို့ ဒေါ်ညွန့်က သူကြီး ကို အပြစ်ပြောတယ်၊ အဲသလို အသံရဲ့စက်အော်နေတုန်း . . တောင်ဆီက မိုးတွေညို့လာတယ်၊

ဘယ်ရွာသားများမှ အရေးမလုပ်ကြဘူး၊ မရွှေ့ကြဘူး။ ဒီလိုနဲ့ ရက်သတ္တတစ်ပတ် ကြာသွားတယ်၊ ဘာမိုးမှလည်း မရွာဘူး။

ဒုတိယတစ်ပတ်မှာလည်း မိုးတွေညို့လာပြန်တယ်၊ ဘာမိုးမှ မရွာဘူး၊ ဒါပေမယ့် ဒုတိယမိုးမှာ ဦးရွှေ၊ ဒေါ်လုံးနဲ့ ရွာသူရွာသားများဟာ ကုန်းပေါ်ကို ရွှေ့သွားကြတယ်၊ ရွာမှာ ဒေါ်ညွန့်လင်မယား၊ ဦးလှနဲ့ဒေါ်မြတို့ လင်မယားနဲ့ မယုံတဲ့ရွာသားတွေက မရွှေ့ကြဘူး၊ နေခဲ့ကြတယ်၊

"ငါ မင်းတို့ကို သတိ(၂)ခါပေးပြီးပြီ၊ ဒီတစ်ခါတော့ မယုံတဲ့ရွာ





ခယုံတဲ့အတိုင်း နေကြတော့ . ." လို့ အိပ်မက်ထပ်ပေးပြန်တယ်၊ ဒါကို သူကြီးက ကျန်နေတဲ့လူတွေကိုထပ်ပြီး သတိပေးပြန်တယ်၊ မယုံတဲ့ တော့ မယုံကြဘူးလေ၊ မရွှေ့ကြဘူး။

တစ်ခါဖူးမှမကြုံဖူးတဲ့ လေကြီး မိုးကြီး ကျလာတယ်၊

"ငါးရံ့မတစ်ကောင်ကြောင့် တစ်လှေလုံးပုတ်" ဆိုသလိုပါပဲ၊ နှမကောင်းခဲ့လို့ တစ်ရွာလုံး ဒုက္ခရောက်ကြရတယ်၊ ရေလယ်ကျွန်း၊ ရွာလုံး မုန်းချောင်းက စီးလာတဲ့ရေနောက် ပါသွားတယ်။

ငါးကျွေးတဲ့ ကမ်းပါးတွေလည်းပြိုပြီး အနီးကရွာတွေ ရေထဲပါ တယ်၊ ဒေါ်ညွန့်တို့လေးယောက်ကတော့ သူတို့ကိုယ်သူတို့ သေတာ င် မသိလိုက်ဘူး။

ရေက ညဉ့်(၂)နာရီ အိပ်ကောင်းတဲ့အချိန်မှာ တက်လာတာလေ၊ သူတို့လေးယောက်အပြင် တခြားရွာသားများလည်း ပါသွားကြ ၊ ဒါပေမယ့် ကျန်တဲ့လူတွေက အကြောင်းကြောင်းကြောင့် ဆယ်လို ၊ မသေကြဘူး။ ငါးကြီးသားနဲ့အကျိုးစီးပွားရှာမိတဲ့ မညွန့်တို့လေး တ်ရဲ့အလောင်းများကိုတော့ အထက်မင်းလှမြို့နားက (မလွန်ဝဲ)မှာ ကြတယ်၊

မလွန်ဝဲဆိုတာက မင်းလှမြို့အထက်မှာ ရေနစ်လို့သေတဲ့လူတွေ ာင်းမှန်သမျှ အဲဒီဝဲကတော့ထဲက ထွက်သွားတယ်၊ လွတ်သွားတယ် ၊ အဲဒီမှာပဲ တင်နေတာ၊ ရေထဲမှာ ဝဲလယ်နေတာ၊

မညွန့်နဲ့ကိုပုအလောင်းကတော့ ငါးတွေစားထားလို့ တစ်စစီ နေပြီ၊ ကိုလှနဲ့မမြအလောင်းကတော့ ရုပ်မပျက်ဘဲ အကောင်းတိုင်း တယ်၊

ကိုင်း . . ဂမ္ဘီရတိစ္ဆာချို့က မယုံနိုင်စရာပါပဲ၊ တကယ်လက်တွေ့ နေတာတွေ တွေ့ရတော့လည်း မယုံလို့ မဖြစ်ပြန်ဘူး။ ကျောင်းတော် တ်ရင် ဒီဇာတ်လမ်းတလေး မေးကြည့်ပါ။ ဝမ်းနည်းလိုက်လှဲ့စွာ ပြန် ပြပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



- အသုဘလိုက်ပို့ရင်းသင်္ချိုင်းကုန်းရောက်ခဲ့သော ဆေးကျောင်းသားလေးတစ်ဦး၊
- သင်္ချိုင်းကုန်းမှ ပစ္စည်းတစ်ခုကောက်ယူခဲ့လေသောအခါ..
- အမေဖြစ်သူသာ အရောက်မဦးခဲ့လျှင် ဆေးကျောင်းသားလေး ဘယ်လိုဖြစ်သွားနိုင်မလဲ..





# စိတ်အစွဲအလမ်း

ရေနံ့မြေခရေ

www.burmeseclassic.com

www.burmeseclassic.com





✡

"ဟေ့ကောင်… ထစမ်း၊ မင်း
ငါ့လက်ကိုယူလာပြီး မင်းက
ငါ့လက်ကို ခြေထောက်နဲ့
ကောက်တယ်ပေါ့။
မင်း ရိုင်းလှချည်လား၊ ငါ့လက်ကို
ပြန်ပေး၊ မပေးရင်
မင်းကို သတ်ပစ်မယ်"

(၁)

"သားရေ"

"ဗျာ . . အမေ၊ သားကို ဘာခိုင်းမလို့လဲ"

"နေ့လယ်ကျရင် လမ်းထဲက အသုဘသွားပို့ပေးပါလား၊ အမေ သွားစရာရှိလို့"

"မေမေကလည်း၊ သားစာကျက်ရဦးမယ်"

"သွားပို့ပေးပါ သားရယ် . .၊ မေမေ အရေးကြီးသွားစရာရှိလို့ပါ၊ သားက လိမ္မာပါတယ်"

မောင်မျိုးသူ၊ မိခင်အား ဘာမျှပြန်မပြောဘဲ ခေါင်းငြိမ့်လိုက်သည်၊ မောင်မျိုးသူမှာ ဆေးကျောင်းသားဖြစ်ပြီး တတိယနှစ်တက်နေသူဖြစ်သည်၊ ဆေးကျောင်းသားဖြစ်၍ စာတွေမနားအောင် ကျက်နေရသည်၊ ယခုလည်း မိခင်က သွားခိုင်း၍သာ သွားရသည်၊ စိတ်က မပါ၊ ဒေါ်ခင်ဝင်း တစ်ယောက် သားကိုပြောပြီး အပြင်ထွက်သွားသည်၊ မောင်မျိုးသူ စာကျက်ရင်း ကျန်နေခဲ့သည်၊





(၂)

မောင်မျိုးသူသည် စာကျက်နေရင်းမှ နာရီကြည့်လိုက်သည်၊

"ဟင် ! . . နေ့လယ် တစ်နာရီထိုးတော့မယ်၊ အသုဘသွားပို့ရဦး မယ်၊ မိုမှ မိုပမလား မသိဘူး"

မျိုးသူ စာအုပ်တွေကိုသိမ်းပြီး အဝတ်အစားလဲ၍ အသုဘပို့မည့် အိမ်သို့ ထွက်ခဲ့သည်၊ မျိုးသူရောက်သွားတော့ အသုဘပို့ရန် ပြင်ဆင်နေ ကြသည်၊ တစ်နာရီထိုးတော့ အသုဘချသွားသည်၊ သင်္ချိုင်းရောက်တော့ အသုဘလိုက်ပို့သောကားတွေ ရပ်လိုက်သည်၊

ကားပေါ်မှလူတွေ အကုန်ဆင်း၍ အလောင်းမြှုပ်သည့်နေရာသို့ သွားကြည့်ကြသည်၊ မျိုးသူလည်း သွားကြည့်ရန် ကားပေါ်မှဆင်း၍ လူအုပ် နောက်သို့ လိုက်ခဲ့သည်၊

အလောင်းမြေကျပြီးတော့ လူတွေ ကားဆီသို့ပြန်လာကြသည်၊ မျိုးသူလည်း ကားဆီသို့ပြန်လာရင်း လမ်းတွင် လူအရိုးခြောက် လက်တစ်ဖက် ကိုတွေ့၍ ကောက်ယူကြည့်နေသည်၊

"ဒီအရိုးခြောက် လက်တစ်ဖက်ကို ငါ့အိမ်ကိုယူသွားရင် ကောင်း မယ်"

မျိုးသူမှာ ကြောက်တတ်သူမဟုတ်၍ အိမ်ကိုယူသွားရန် ဆုံးဖြတ် လိုက်သည်၊ မျိုးသူတို့ကျောင်းတွင် လက်ရိုးကိုလေ့လာရာတွင် အရိုးခြောက် လက်တစ်ဖက်ကို တစ်ယောက်တစ်လှည့်စီ လေ့လာရသည်၊ မျိုးသူမှာ သူ ယူလာသော အရိုးခြောက်လက်တစ်ဖက်ကို ဧည့်ခန်းတွင်ရှိသော စားပွဲ ပေါ်တွင် တင်ထားခဲ့ပြီး ရေချိုးရန် အိပ်ခန်းထဲသို့ ဝင်သွားသည်၊

(၃)

ဒေါ်ခင်ဝင်း အပြင်မှပြန်လာသည်၊ ဧည့်ခန်းစားပွဲပေါ်မှာ တင်ထား သော အရိုးခြောက်လက်တစ်ဖက်အားတွေ့၍ လန့်အော်လိုက်သည်၊

"အမလေး ! . . သားရေ လာပါဦး"

မိခင်အော်သံကြောင့် မျိုးသူအိပ်ခန်းထဲမှ ပြေးထွက်လာသည်၊

"အမေ . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ..ဒါကြီးက ဘာကြီးလဲ၊ ဘယ်လိုလုပ်ပြီး ဒီရောက်နေတာလဲ"

"ခြော်..ဒါလား၊ သားယူလာတာပါ။ အမေကလည်း ကြောက်စရာ မရှိ၊ ကြောက်နေတယ်"

"ဘာဖြစ်လို့ ယူလာတာလဲ၊ မေမေကြောက်တယ်၊ လွှတ်ပစ်လိုက် ပါ..သားရယ်"

"လွှတ်ပစ်လို့ မဖြစ်ဘူး မေမေ၊ သား ဒါကိုလေ့လာပြီး စာမေးပွဲဖြေ ရမှာလေ"

"ဒါဆိုလည်း မင်းအခန်းထဲမှာ သွားထားပါ..သားရယ်"

မျိုးသူ အရိုးခြောက်လက်ပြတ်ကြီးအား သူ့အခန်းထဲသို့ ယူသွား သည်။

(၄)

ညရောက်တော့ မျိုးသူစာကျက်ရင်း၊ အရိုးခြောက်လက်ပြတ်ကို လေ့လာနေရင်း ကြာတော့ မျိုးသူ အိပ်ငိုက်လာသည်။

"ဒေါက်!.."

မျိုးသူ မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူ့စားပွဲပေါ်က အရိုးခြောက် လက်ပြတ်ကြီး အောက်ကျနေသည်ကို တွေ့ရသဖြင့် ပြန်ကောက်တင်ထား လိုက်သည်။

"ဒေါက်!.."

ခုတင်ပေါ် လှဲနေရင်း အိပ်ပျော်ခါနီးအချိန်တွင် အသံကို ထပ်ကြား ရပြန်သည်၊ ဒီတစ်ခါလည်း အရိုးခြောက်လက်ပြတ်ကြီး အောက်ကျပြန်သဖြင့် မျိုးသူ ကောက်တင်လိုက်ရပြန်သည်။

ဘယ်လိုဖြစ်သည်မသိ၊ အရိုးခြောက်လက်ပြတ်ကြီးမှာ ခဏ ခဏ အောက်သို့ပြုတ်ကျနေသဖြင့် ကြာတော့ မျိုးသူ စိတ်မရှည်တော့၊

"ဒီအရိုးခြောက်ကလဲကွာ..၊ ခဏခဏ ကောက်နေရတယ်"

မျိုးသူမှာ ဒီတစ်ခါ လက်ဖြင့်မကောက်တော့ဘဲ ခြေထောက်ဖြင့် ကောက်၍ စားပွဲပေါ်တင်လိုက်ပြီး အရမ်းအိပ်ချင်လာသဖြင့် အိပ်ရာပေါ်တွင် အိပ်ရလိုက်သည်။ အိပ်ချင်စိတ်ကြောင့် မကြာမီ အိပ်ပျော်သွားသည်။





(၅)



"ဟေ့ကောင်..ထစမ်း၊ မင်း ခြေထောက်ကိုယူလာပြီး မင်းက ငါ့လက်ကို ခြေထောက်နဲ့ကောက်တယ်ပေါ့။ မင်း နိုင်း သည်လား၊ ငါ့လက်ကို ပြန်ပေး။ မပေးရင် မင်းကိုသတ်ပစ်မယ်"

"အမလေး!..မသတ်ပါနဲ့.. သတ်ပါနဲ့"

"ဟဲ့..သား၊ ဘာတွေယောင်ပြီး အော်နေတာလဲ"

မျိုးသူ အိပ်ရာပေါ်မှ ကမန်းကတန်း ထိုက်ပြီး စားပွဲပေါ်ကိုကြည့်လိုက်သည်။ စားပွဲပေါ်တွင် အရိုးခြောက်လက်ပြတ်ကြီးမှာ နဂိုမူလအတိုင်း ရှိနေသည်၊

"အမလေး..တော်သေးတယ်၊ ငါ အိပ်မက် မက်နေတာပဲ"

မျိုးသူမှာ သူ့အိပ်မက်ကိုတွေးပြီး ပြန်မြင်ယောင်နေသည်။ အိပ်မက် ထဲတွင် လူမဲကြီးတစ်ယောက် သူ့ဆီရောက်လာသည်၊ ထိုလူကြီးတွင် လက် တစ်ဖက်မရှိ၊ သူ၏လက်တစ်ဖက်အား မျိုးသူဆီ လာတောင်းနေခြင်းဖြစ် သည်၊ မျိုးသူမှာ ဒီလိုအိပ်မက်ကြောင့် တွေးရခက်နေသည်။

"အိပ်မက်ထဲက လူကြီးသေတာ ကြာလှပြီ၊ အခုလောက်ဆို ဘယ် ရောက်နေမှန်းတောင် မသိဘူး၊ သူ့လက်တစ်ဖက်ကိုလည်း သိတော့ တော့ပါဘူး၊ ငါစိတ်စွဲပြီး မက်တာနေမှာပါ"

ဆေးပညာကိုသင်ယူနေသော ဆရာဝန်တစ်ယောက်ပီပီ၊ မျိုးသူ ကို လုံးဝ အယုံအကြည်မရှိပေ၊ ထို့ကြောင့် သူ့အိပ်မက်အကြောင်းကို မစဉ်းစားတော့ဘဲ မျက်နှာသစ်ရန် အခန်းထဲမှထွက်ခဲ့သည်၊

မီးဖိုခန်းထဲတွင် ဒေါ်ခင်ဝင်း ထမင်းချက်နေသည်၊ သားဖြစ်သူ ကိုမြင်တော့ -

"သား..အိပ်ရာထတာ စောလှချည်လား"

"ကျောင်းစောစောသွားရမယ်..အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ.. ဒါဆို သား မျက်နှာသွားသစ်၊ မေမေ သားအတွက် ထမင်းထည့်ထားမယ်"

မိုးသူမှာ ညက အိပ်မက်အကြောင်း၊ သူ့အမေကိုပြောရင် ကြောက်မှာစိုး၍မပြောဘဲ ထားလိုက်သည်။ မိုးသူ ရေမိုးချိုး၍ ထမင်းဘူးယူကာ ကျောင်းကို ထွက်ခဲ့သည်။

(၆)

ယနေ့ညလည်း မိုးသူစာကျက်ရင်း အရှိုးခြောက်လက်ပြတ်ကြီးကို လှေ့လာမှတ်သားနေသည်။ ထူးဆန်းသည်မှာ ပြီးခဲ့သော ညကအတိုင်း အရိုးခြောက်လက်ပြတ်ကြီးမှာ မကြာခဏ စားပွဲပေါ်မှ အောက်ကို ပြုတ်ကျနေခြင်း ဖြစ်သည်။

ဒီတစ်ခါမှာတော့ မိုးသူမှာ ဘယ်လိုပဲ အယုံအကြည် မရှိမရှိ အရိုးခြောက်လက်ပြတ်ကြီးကို ခြေထောက်ဖြင့် မကောက်ရဲတော့ပေ၊ ဤသို့ဖြင့် မိုးသူ စာဖတ်နေရင်း အိပ်ပျော်သွားသောအခါ မနေ့ညကအတိုင်း သူ့ထံ လူမဲကြီး ရောက်လာပြန်သည်။

"မင်း .. အခုထိ ငါ့ လက်ကို ပြန်မပေးသေးပါလား၊ ဒီတစ်ခါတော့ ခပ်ပြတ်ပြတ်ပဲ ပြောရတော့မယ်။ မင်း ငါ့လက်တစ်ဖက် ပြန်ပေးမလား၊ မပေးဘူးလား၊ မပေးရင် ငါ့အကြောင်း သိရစေမယ်"

မကြာမီ မိုးသူ အိပ်နေရာမှ လန့်နိုးလာသည်။ ယခုတော့ နည်းနည်း သတိပြုမိလာသည်၊ ဒါပေမယ့် သူ့အမေကိုတော့ ပြောမပြခဲ့ပေ၊ အရိုးခြောက်လက်ပြတ်ကြီးအကြောင်းကို မိုးသူမှာ စဉ်းစားရခက်နေသည်၊ ဒီလိုအိပ်မက်မျိုးတွေ ညစဉ်လိုလို ခဏ ခဏမက်နေတော့ မိုးသူကြောက်လာသည်။

ယုံလည်း မယုံချင်၊ မယုံရခက်နေသည်၊ သို့သော် မယုံလို့လည်း မဖြစ်တော့၊ ဒီလို အိပ်မက်မျိုးတွေက ညတိုင်းလိုလို၊ အိပ်ချိန်တိုင်းလိုလို မက်နေတော့ ယုံရမလို ဖြစ်နေသည်။

သည်နေ့ ..၊ အရိုးခြောက်လက်ပြတ်ကြီး အိမ်ရောက်လာသည်မှာ ယနေ့ညဆိုလျှင် (၅)ရက်မြောက်နေ့ ဖြစ်ပါသည်၊ မိုးသူမှာ အိပ်ရေး







ကို ကြောက်နေမိသည်၊ ဒါပေမယ့် မိုးသူ မအိပ်ချင်အောင် လုပ်သော်လည်း အချိန်တန်တော့ မိုးသူတစ်ယောက် အိပ်ပျော်သွားသည်။

သူအိပ်ပျော်၍ မကြာခင်မှာ ပင် လူမဲကြီး သူ့ဆီရောက်လာသည်၊

"မင်းက ငါ့လက်တစ်ဖက်ကို အပိုင်စီးထားတယ်ပေါ့။ မင်းကို ငါ အကြိမ်ကြိမ် သတိပေးခဲ့ပြီးပြီ၊ ဒီနေ့တော့ ငါ့လက်ကို ပေးမလား၊ မပေးရင် မင်းကို အခုတစ်ခါတည်း သတ်ပစ်တော့မယ်"

လူမဲကြီးမှာ မိုးသူအနားထိကပ်လာပြီး သူ့လည်ပင်းကို သူ၏ လက်မည်းကြီးများဖြင့် ဖျစ်ညှစ်တော့သည်၊

"အမလေး .. ကယ်ကြပါဦး၊ ကျွန်တော့်ကို သတ်နေပါတယ်"

မိုးသူ အသံကုန်အော်နေသော်လည်း လူမဲကြီးက လည်ပင်းကို ညှစ်နေဆဲပါ။

"သား မိုးသူ .. သား ဘာဖြစ်လို့လဲ၊ အမေလေ ..သတိထားပါဦး"

ဒေါ်ခင်ဝင်း သူ့သားအော်သံကြောင့် သားဖြစ်သူ အခန်းထဲရောက်လာပြီး သူ့သားကို လှုပ်နှိုးနေသည်၊ မိုးသူမှာ သူ့အမေလှုပ်နှိုးသဖြင့် အိပ်မက်မှနိုးထလာကာ သတိရလာပြီး ချွေးတရွှဲရွှဲဖြင့် အိပ်ရာမှထလိုက်သည်၊ မိုးသူတစ်ကိုယ်လုံး ချွေးတွေဖြင့် ရွှဲနေသည်၊ လူကလည်း ကြောင်တောင်တောင် ဖြစ်နေပြီ၊

"သား ဘာဖြစ်နေတာလဲ .. အမေ့ကိုပြောစမ်း၊ အမေ ရင်တွေ တုန်လိုက်တာကွယ်"

ဒီတစ်ကြိမ်မှာတော့ မိုးသူမှာ မပြောရင် မဖြစ်တော့သဖြင့် မိခင်အား အကြောင်းစုံကို ဖွင့်ပြောပြလိုက်သည်၊

"အမလေး .. ဘုရား .. ဘုရား အမေရောက်တာမြန်လို့ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com





နောက်ကျရင် ငါ့သားသေမှာ၊ ဒါမျိုး
က မယူကောင်း၊ မလုပ်ကောင်းဘူး
ကွဲ့၊အစကတည်းက မေမေပြောသား
ပဲ၊ သားက မေမေ့စကားမှ နားမထောင်
တာ၊ မနက်မိုးလင်းရင် အဲဒီလက်ပြတ်
ကြီးကို သား ကောက်ခဲ့တဲ့နေရာကို
သွား ပစ်လိုက်တော့”

ထို့ကြောင့် မျိုးသူမှာ မနက်
မိုးလင်းသည်နှင့် အိမ်ကနေထွက်ပြီး
သူယူလာသော အရိုးခြောက်လက်
ပြတ်ကြီးကို သူယူလာသောနေရာသို့
သွားပြန်ထားလိုက်ပါသည်၊

တကယ်တော့ သေသွား
သောသူသည် သူ၏ခန္ဓာကိုယ်အား စွဲလမ်း၍ သေသွားသဖြင့် မကျွတ်မလွတ်
ဘဲ သူ့ခန္ဓာကိုယ်အစိတ်အပိုင်းများကို စောင့်ကြပ်နေခြင်းသာ ဖြစ်သည်။

ထို့ကြောင့် သေခါနီးအချိန်တွင် ဘာအစွဲအလမ်းမှ မထားထား
ကောင်းပါသည်။ ခန္ဓာကိုယ်စွဲလမ်း၍ သေသွားသူ၏ခန္ဓာကိုယ်မှအစိတ်အပိုင်း
တစ်ခုခုကို အလိုရှိပါက ပိုင်ရှင့်ထံ ခွင့်တောင်း၍ယူတာ ကောင်းပါလိမ့်မည်။







# အိပ်မက်အကြောင်း အိပ်မက်ဖတ်နည်း

ကိုတင်ဝင်းလှိုင်

(က) ကတိပေးသည်ကိုမက်လျှင် အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခု ချရမည်။

- ကတုံးပြောင်၊ ထိပ်ပြောင်ကို မြင်မက်လျှင် အမျိုးသားဖြစ်ပါက ကျန်းမာရေး ထိခိုက်မည်။ အမျိုးသမီးဖြစ်လျှင် အချစ်ရေး အဆင်မပြေ၊ ငွေကြေး ပြဿနာပေါ်မည်၊
- ကပွဲသဘင်တွင် မိမိကိုယ်တိုင် သီဆိုနေသည်ဟု မက်ပါက ကောင်းသောသတင်းစကား ကြားရမည်။ တခြားသူကို မြင်တွေ့သည်ဟုမက်လျှင် မျှော်လင့်ချက်များ ဆုံးရှုံးမည်၊
- ကာယလေ့ကျင့်ခန်းကို ကျွမ်းကျင်စွာ ပြုလုပ်နေသည်ကို တွေ့ရသည်ဟု မြင်မက်ပါက မိမိတွင် ထိခိုက်ဒဏ်ရာရမည်၊ ရက်အနည်းငယ်စန့် ခရီးဝေးသွားခြင်း ရှောင်ပါ။ မကျွမ်းကျင်ဘဲ ပြုလုပ်နေသည်ကိုမြင်မက်ပါက မိမိတွင် ကျရောက်နိုင်သည့် အန္တရာယ်မှ လွတ်မြောက်မည်၊
- ကုလားအုတ်ငယ်(အမွေးရှည်)ကို မြင်မက်ပါက တန်ဖိုးကြီးသော ပစ္စည်း လက်ဆောင်ရရှိမည်၊
- ကစားကွင်းကို မြင်မက်ပါက အန္တရာယ်ရှိသည်၊ အထူး သတိထားရမည်၊



www.burmeseclassic.com

www.burmeseclassic.com



◆ ◆ ကညွတ်ပင်ကို မြင်မက်ပါက မိခင်ထံမှ တန်ဖိုးရှိသော လက်ဆောင်ရရှိမည်။ အလုပ်ကိစ္စများ ရဲရဲရှေ့တိုး ဆောင်ရွက်ပါ အောင်မြင်မည်။

◆ ◆ ကလေးမွေးဖွားသည်ကို မြင်မက်ပါက အိမ်ထောင်ရှင် အမျိုးသမီး ဖြစ်လျှင် သားသမီးရမည့် နိမိတ်ဖြစ်ပြီး အိမ်ထောင်မရှိသူ မက်လျှင် မကြာမီ အကျပ်အတည်း တွေ့မည်။

◆ ◆ ကုလားအုပ်ကို မြင်မက်ပါက စိုးရိမ်ပူပန်စရာ အခက်အခဲတွေ့မည်။

◆ ◆ ကနေ့ရီငှက်ငယ်ကို မြင်မက်ပါက မိမိအိမ်တွင်းရေး အဆင်ပြေ သာယာမည်။

◆ ◆ ကနုးလေ့ကိုမြင်မက်ပါက မိတ်ဆွေအပေါင်းအသင်း ကင်းမဲ့တတ်သည်။

◆ ◆ ကက်ဦးထုပ်ခေါင်းပေါ်တွင် ဆောင်းထားသည်ကိုမြင်မက်လျှင် အချစ်ရေး အဆင်မပြေဖြစ်မည်။

◆ ◆ ကပ္ပတိန်(သင်္ဘော၊ ဗိုလ်ကြီး)ကို မြင်မက်ပါက ကြီးမားသော အခက်အခဲမည်မျှရှိစေ၊ အောင်မြင်စွာ ကျော်လွှားနိုင်မည်။

◆ ◆ ကော်ဖေကိုမြင်မက်ပါက ကံကောင်းမည်။

(ခ) ခရစ်ယာန်ဓမ္မသီချင်းကို မြင်မက်ပါက မျက်နှာပွင့်လန်းမည်။ သာယာပျော်ဖွယ်ရာများ ပေါင်းစပ်ပါဝင်ပါက ကျန်းမာရေးထိခိုက် မည်။

◆ ◆ ခရစ်ယာန် ဘုရားကျောင်းအတွင်း ထိမ်းမြားလက်ထပ်မည့် ကြေညာချက်ကို မြင်မက်ပါက ကသိုလ်ကံညံ့သည်။ စိတ်နှလုံး မသာယာ ဖြစ်မည်။

◆ ◆ ခရစ်ယာန်ဘာသာ သွတ်သွင်းသည့်ရေဖျန်းမင်္ဂလာ၊ နစ်ချင်း မင်္ဂလာကို မက်ပါက မမျှော်လင့်ဘဲ စိတ်ပျက်စရာများ ကြုံမည်။

◆ ◆ ခါးပတ်ကို မြင်မက်လျှင် သာယာပျော်ရွှင်ဖွယ်ရာများ ကြုံမည်။

◆ ◆ ခေါင်းလောင်းမျှော်စင်ကို မြင်မက်လျှင် ဝေးကွာသော အရပ်မှ ကောင်းခြင်းအဖြာဖြာ ရရှိမည်။





◆ ◆ ခေါင်းလောင်းသံ ကြားရသည်ဟု မက်ပါက စိတ်မချမ်းသာစရာ သတင်းစကား ကြားရမည်။

◆ ◆ ခါးပတ်ခေါင်း မတပ်ဘဲ ဖြုတ်ထားသည်ဟု မြင်မက်လျှင် ကံ မကောင်းသည့်ဖြစ်ရပ်များ ကြုံမည်။ အခက်အခဲများ ရင်ဆိုင်ရ မည်။

◆ ◆ ခုကောင်များကို မြင်မက်ပါက ပြိုင်ဘက်ရန်သူ၏ တိတ်တဆိတ် တိုက်ခိုက်ခံရတတ်သည်။

◆ ◆ ခရစ်စမတ်ပွဲတော်ကို မြင်မက်ပါက မိသားစု၊ မိတ်ဆွေများနှင့် ပတ်သက်ပြီး အစစ ကံကောင်းမည်။

◆ ◆ ခရစ်ယာန်ဘုရားကျောင်း အပြင်ဘက်ကိုမြင်မက်လျှင် ကံကောင်း သည်။ အတွင်းဘက်ကို မြင်မက်လျှင် အခက်အခဲများ တွေ့မည်။

◆ ◆ ခရစ်ယာန်ဘုရားကျောင်း သုသာန်မြေကို မြင်မက်လျှင် ကံကောင်းမည်။

ဂေါ်ဖီထုပ်ကိုမြင်မက်လျှင် အသက်ရှည်ကျန်းမာမည်။

◆ ◆ ဂေါက်သီးအိတ်ထမ်းသောသူကိုမြင်မက်လျှင် မကြာမီ လက်ဆောင် ပစ္စည်းတစ်ခု ရရှိမည်။

ငရဲမီးအရှည်ကိုမြင်မက်လျှင် ငွေကြေးအကျပ်အတည်း ကြုံမည်။

◆ ◆ ငှက်သိုက်ကို မြင်မက်လျှင် သဘာဝကပေးသော ကံအကောင်းဆုံးနိမိတ် ဖြစ်သည်။ ငှက်သိုက်တွင်းမှ ဥများမကွဲ လျှင် ချမ်းသာကြွယ်ဝမှုနှင့် ဩဇာအာဏာရှိမည်။

◆ ◆ ငါးဖမ်းပိုက်ကိုမြင်မက်လျှင် စိတ်ညစ်ရမည်။ စိတ်အနှောင့်အယှက် ဖြစ်မည်။

◆ ◆ ငှက်ကုလားအုပ်ကိုမြင်မက်လျှင် အနည်းငယ် နာမကျန်းဖြစ်မှု အပေါ် စိတ်ပူပန်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



(စ) စကျင်ကျောက်ကိုမြင်မက်လျှင် စည်းစိမ်ဥစ္စာရရှိမည်။ အနည်း
စိတ်အနှောင့်အယှက်ရှိသည်။

◆ ◆ စကြံ့လမ်းကို ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း စသည်တို့
အတွင်း၌ မြင်မက်ပါက ကုသိုလ်ကံညွှန်သည်။

◆ ◆ စပါးကျီကို မြင်မက်ပါက သတိမထားလိုက်မိဘဲ အခက်အခဲ
ရမည်။

◆ ◆ စက္ကူကို မြင်မက်လျှင် အခက်အခဲတချို့တွေ့မည်။ စက္ကူ
သန့်ရှင်းနေပါက ငွေကြေးအနည်းငယ် ဆုံးရှုံးမည်။ ညစ်
ပါက စိတ်ညစ်စရာ ကြုံမည်။

◆ ◆ စတိုခန်းကို မြင်မက်လျှင် မကောင်းသောသင်္ကေတ ဖြစ်သည်
အခက်အခဲ များပြားစွာ ကြုံပြီးမှ အောင်မြင်မည်။

◆ ◆ စပျစ်သီးခြောက်ဖြင့် ချက်ပြုတ်နေသည်ဟု မက်လျှင် လက်ဆော
ပစ္စည်းများရရှိမည်။ စားနေသည်ဟု မက်လျှင် မိမိတတ်နိုင်
သည်ထက် ငွေကြေး ပိုမိုသုံးစွဲနိုင်မည်။

◆ ◆ စကိတ်စီးနေသည်ကို မက်လျှင် အန္တရာယ်နှင့် ကြုံတွေ့မည်

◆ ◆ စကားထစ်သည်ဟု မြင်မက်လျှင် ပျော်ရွှင်မှုရမည်။

◆ ◆ စတော်ဘယ်ရီသီး၊ စတော်ဘယ်ရီပင် စသည်ကို မက်လျှင်
မမျှော်လင့်ဘဲ အောင်မြင်မှုရမည်။

◆ ◆ စကားပြောသံ ကြားရသည်၊ ပျော်ရွှင်ဖွယ်ရာများ ကြားရသည်
ဟု မြင်မက်ပါက စိတ်ပူပန်စရာများ ကြုံမည်။

(ဆ) ဆံပင်ညှပ်သမား၊ ဆံပင်ညှပ်ဆိုင် စသည်ကိုမက်ပါက မိမိ
အလုပ်ကိစ္စများ ခက်ခဲမည်။

◆ ◆ ဆရာဝန်ကို မြင်မက်ပါက ငွေကြေးဆိုင်ရာကိစ္စများ အထင်
ကံကောင်းမည်။

◆ ◆ ဆံပင်ကိုဆေးဆိုးသည်ဟုမက်ပါက မိမိ၏ မိုက်မဲသောလုပ်ရပ်
အတွက် ထိခိုက်နာကျင် ခံစားရမည်။





◆ ဆင်ကို မြင်မက်ပါက မိတ်ဆွေ(သို့မဟုတ်)မြင်ပမှ အကူအညီ
ရမည်။

ဇကာ၊ ခြင်လုံဇကာ စသည်ကိုမက်လျှင် စိတ်အနှောင့်အယှက်
ကြုံတွေ့မည်။

ဈေးဆိုင်ကို မြင်မက်ပါက မိမိကြိုးစားမှုဖြင့် ချမ်းသာကြွယ်ဝ
မည်။

ညနေခင်းကို မြင်မက်ပါက မိမိဘဝအတွက် အောင်မြင်မှုများ
ရရှိတော့မည်။ ယခင်က စိုးရိမ်ပူပန်ခဲ့ရသည်များ ပျော်ရွှင်စွာ
အဆုံးသတ်လိမ့်မည်။

တဏှာစီအငှားယာဉ်ကိုမြင်မက်လျှင် အလောတကြီးနိုင်သော
သတင်းစကားများ ရောက်ရှိမည်။ သတင်းမှားများကို ရှောင်ကြဉ်ပါ။

◆ တယောသံ ကြားရသည်ဟုမက်လျှင် အိမ်တွင်းရေးပျော်ရွှင်
မည်။ တယောကြိုးပြတ်သွားသည်ဟု မက်ပါက နိုက်ရန်ဖြစ်ပွား
မည်။

◆ တယောထိုးသည်ဟု မက်လျှင် ကောင်းသောနိမိတ်ဖြစ်သည်။
အောင်မြင်မည်။

◆ တဘက်(ခြုံစောင်)ကို မြင်မက်လျှင် တစ်စုံတစ်ဦးထံမှ လေးနက်
သော ချစ်ခင်မြတ်နိုးမှုရမည်။

◆ တရားဟော ဓမ္မကထိကကို မြင်မက်လျှင် အကြံအစည် အောင်
မည်။

◆ တရားမျှတစွာ ပြုလုပ်ဆောင်ရွက်သည်ဟု မြင်မက်ပါက
အောင်မြင်မှုများ ရရှိမည်။

ထနောင်းပင်ကိုမြင်မက်လျှင် ယေဘုယျအားဖြင့် စိတ်ပျက်
အားငယ်စရာများ ကြုံတွေ့မည်ဟု ရည်ညွှန်းသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီ အချိန်တွင် မြင်မက်ပါက မျှော်လင့်ချက်များ ပြည့်စုံစေမည်။

- ◆ ◆ ထမင်းစားနေသည်ဟု မက်လျှင် အကြံအစည် အောင်မည်။ ကံကောင်းမည်။
- ◆ ◆ ထပ်တရာပန်းကိုမြင်မက်လျှင် မကောင်း၊ စိတ်သောက ရောက်

(ဒ) ဒရယ် အငယ်စားလေးကို မြင်မက်ပါက အိမ်ထောင်ကျ မိန်းကလေးဖြစ်ပါက မိမိအတွက် သင့်တော်သော ခင်ပွန်း တွေ့မည်။

- ◆ ◆ ဒဂါး၊ ဒဂါးလုပ်သည့်နေရာကို မြင်မက်လျှင် မမာမကျန်း ပါက ပြန်လည်ကောင်းမွန်လာမည်။

(ဓ) ဓား၊ ဓားမြှောင် စသည်ကိုမက်ပါက အလွန်ကံဆိုးပြီး သူငယ် များနှင့် ခိုက်ရန်ဖြစ်ပွားမည်။

(န) နကျယ်ကောင်ကိုမြင်မက်လျှင် မိမိယုံကြည်ထားသူက လိမ့်မည်။

- ◆ ◆ နာရီရှိန်သီးကိုမက်လျှင် ရုတ်တရက် ခရီးရှည်သွားရမည်။
- ◆ ◆ နာနတ်သီးကို မြင်မက်လျှင် အိမ်တွင်းရေး သာယာအဆင် မည်။
- ◆ ◆ နံရံကပ်စင်ကို မြင်မက်ပါက မိမိလိုအင်ဆန္ဒများပိတ်ပင်ဟန် ခံရမည်။
- ◆ ◆ နံရံကပ်ဓပါက်သော ပန်းပင်ကို မြင်မက်လျှင် ဘယ်အရာ အလွယ်တကူမရဘဲ မိမိကိုယ်တိုင် လေးနက်စွာ ကြိုးပမ်း ထုတ်ရမည်။
- ◆ ◆ နံရံကို ကျော်တက်သွားနိုင်သည်ဟု မက်လျှင် အရာရာ ပြေမည်။ နံရံနှင့် မျက်နှာချင်းဆိုင်နေသည်ဟု မက်ပါက





အခဲကြုံမည်။

(ပ) ပရိဘောဂများ စနစ်ညားစွာရှိသည်ကို မြင်မက်ပါက အလွန် ကံကောင်းသည်။

- ◆ ◆ ပဒ္ဒအုံကို မြင်မက်လျှင် မိမိပြိုင်ဘက်က မိမိကို ရန်ညိုးထား တိုက်ခိုက်လိမ့်မည်။ ကြိုတင်ကာကွယ်မှုပြုပါ။
- ◆ ◆ ပလက်ဖောင်းဘောင်ပေါ်တွင် ရပ်နေသည်ဟု မက်လျှင် ဆွေမျိုး၊ သူငယ်ချင်းတို့နှင့် ခိုက်ရန်ဖြစ်သည်။
- ◆ ◆ ပဒေသာကပွဲရုံကို မြင်မက်လျှင် ကောင်းသောနိမိတ် ဖြစ်သည်။ လူနေမှု အဆင့်အတန်းမြင့်မည်။
- ◆ ◆ ပစ္စတိုသေနတ်သံ ကြားရသည်ဟု မက်ပါက ကံမကောင်း၊ မိမိက သေနတ်ဖြင့် ပစ်လိုက်သည်ဟု မက်လျှင် အလုပ်ကြိုးစားသော် လည်း အကျိုးအမြတ် အနည်းငယ်သာ ရရှိမည်။
- ◆ ◆ ပီလောပီနံ့ဥကို စားသည်ဟု မက်ပါက အနည်းငယ် ဆုံးရှုံးမည်။ ချက်သည်ဟု မက်ပါက အသေးစားလုပ်ငန်းအရှိမှာ ကံကောင်း စွာ အောင်မြင်မည်။
- ◆ ◆ ပယင်းရောင်၊ ပယင်းကျောက်ကို မြင်မက်ပါက သိက္ခာကျမည်။ မိမိနှင့် ချစ်သူကြားတွင် အတားအဆီး အနှောင့်အယှက်များ ပေါ်ပေါက်မည်။
- ◆ ◆ ပုရွက်ဆိတ်ကို မြင်မက်ပါက မိမိ၏ တပည့်တပန်း၊ မိတ်ဆွေ သူငယ်ချင်းများက မိမိကို များစွာ အထောက်အကူပြုမည်။ မိမိ၏ ပစ္စည်းတစ်ခုခုကို ပုရွက်ဆိတ် ကိုက်စားနေသည်ဟု မက်ပါက ကံမကောင်းပါ။ စွန့်စားရင်းနှီးရသော လုပ်ငန်းများ မလုပ်ပါနှင့်။
- ◆ ◆ ပရိသတ်များပြားစွာ ရှိသည်ကို မြင်မက်ပါက မိမိအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာများ ကြုံတွေ့မည်။
- ◆ ◆ ပရုတ်ဆီကို မြင်မက်ပါက မိမိကိုကူညီမည့် မိတ်ဆွေကောင်းနှင့် တွေ့မည်။
- ◆ ◆ ပရုတ်လုံး၊ ပရုတ်ပင်ကို မြင်မက်ပါက နာတာရှည်ရောဂါ ဝေဒနာများ သက်သာကောင်းမွန်မည်။



www.burmeseclassic.com

www.burmeseclassic.com



◆◆ ပလာစတာဖြင့်ကပ်သည်ဟု မြင်မက်ပါက နာတာရှည်ရော[illegible] ဝေဒနာများ သက်သာကောင်းမွန်မည်။

(ဖ) ဖယောင်းချက်ကိုမြင်မက်လျှင် အနည်းငယ် နာမကျန်းဖြစ်မည်[illegible]

◆◆ ဖဲပြား၊ ဖဲကြိုးကို မြင်မက်လျှင် အနည်းငယ်သော ပျော်ရွှင်မှုရ[illegible] သတိမထားမိဘဲ ငွေကြေးဖြုန်းတီးမိမည်၊ စိုးရိမ်ပူပန်ရမည်။

◆◆ ဖဲရိုက်သည်ကို မက်လျှင် ရေလမ်းခရီးသွားရမည်။

(ဗ) ဗေဒင်ဟောသည်ဟုမက်လျှင် ကံမကောင်းသော နိမိတ်ဖြစ်[illegible] သည်။

(ဘ) ဘုရားတရား ပြစ်မှားပြောဆိုမိသည်ဟုမက်ပါက ကြီးစွာသော ဒုက္ခကြုံမည်။

◆◆ ဘုရားသခင်ကို မြင်မက်လျှင်ဖြစ်စေ၊ မိမိကိုစကားပြောလျှင် ဖြစ်စေ ကံကောင်းသည်၊ သာယာပျော်ရွှင်မည်။

◆◆ ဘုရားဂုဏ်တော်ကို ရွတ်ဆိုသည်ဟုမက်ပါက အကြံအစည် အောင်မြင်မည်။

(မ) မဂ္ဂဇင်းစာအုပ်ကို မြင်မက်လျှင် ဆုံးရှုံးမှုများမည်၊ သတိထား[illegible] မည်။

◆◆ မလွယ်ပေါက်ကို မြင်မက်လျှင် မြင့်မားစွာ အောင်မြင်နိုင်သော[illegible] လိမ္မာပါးနပ်မှု မိမိတွင်ရှိမည်။

◆◆ မနာလိုမှု မိမိက တခြားသူအပေါ်ဖြစ်ပွားသည်ဟုမက်လျှင် အခက်အခဲတွေ့မည်၊ တခြားသူက မိမိကိုမနာလို ဖြစ်သည်[illegible] မက်လျှင် အခွင့်အရေးအကျိုးအမြတ်များရရှိမည်။

◆◆ မဟူရာကျောက်ကို မြင်မက်လျှင် ကံမကောင်း။

◆◆ မထိန်းနိုင်သော အကြောင်းအရာတစ်ခုခုကို မက်လျှင် သတိ ထားရမည်၊ ကျန်းမာရေး ဂရုစိုက်ရမည်။





◆◆ မထင်မရှားဖြစ်သည်ဟု မက်လျှင် လက်ရှိထက် ပိုမိုကောင်းမွန်သော ဘဝအပြောင်းအလဲပေါ်မည်၊ အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပါ၊ ချီတုံချတုံ မဖြစ်ပါနှင့်။

◆◆ မကောင်းဆိုးဝါးကို မြင်မက်ပါက နိမိတ်မကောင်း၊ မိတ်ဆွေများ၏ လှည့်စားဖိနှိပ်မှုများမှ မလွတ်မြောက်နိုင်အောင်ဖြစ်မည်။

◆◆ မကောင်းသော ဝိညာဉ်ကို မြင်မက်ပါက သူတို့ကို အဝေးသို့ မောင်းမထုတ်နိုင်လျှင် စိုးရိမ်ဖွယ်ရာ ကောင်းသော အိပ်မက်ဖြစ်သည်၊ စီးပွားရေးလုပ်ငန်းများ သတိထားရမည်။

◆◆ မင်္ဂလာခန်းဝင်ပစ္စည်းများ ရရှိသည်ဟုမက်ပါက မကောင်းသော အတိတ်နိမိတ်ဖြစ်သည်။

◆◆ မရိုးသား၊ မဖြောင့်မှန်မှု ပြုလုပ်သည်ဟုမက်လျှင် စာချုပ်၊ စာတမ်းနှင့် ပတ်သက်သောကိစ္စရပ်များ ဖြေရှင်းရမည်။

◆◆ မနှစ်မြို့ဖွယ်၊ သဘောမကျဖွယ်ရာများ မြင်မက်ပါက အခက်အခဲတွေ့မည်၊ စိုးရိမ်ပူပန်ရမည်။

◆◆ မတော်တဆထိခိုက်မှုကို ပင်လယ်ထဲတွင် ဖြစ်ပွားသည်ဟု မက်ပါက ချစ်သူနှင့်ပတ်သက်ပြီး စိတ်ပျက်ရမည်၊ ကုန်းပေါ်တွင် ဖြစ်ပွားသည်ဟုမက်ပါက လူပုဂ္ဂိုလ်၊ အလုပ်ကိစ္စနှင့်ပတ်သက်ပြီး စိတ်ပျက်စရာများ ပေါ်ပေါက်မည်။

◆◆ မနက်ပိုင်းကိုမြင်မက်လျှင် အလွန်ကောင်းသည်၊ ဆိုးဝါးမှုများကို ကံတရားက ကာကွယ်ပေးမည်။

◆◆ မနှစ်မြို့သူ၊ မုန်းတီးသူကိုမြင်မက်ပါက မိမိပတ်ဝန်းကျင်ကို အမှီပြု အားထားရမည့် နိမိတ်ဖြစ်သည်။

◆◆ မတရားသက်သေထွက်ဆိုသည်ကိုမြင်မက်လျှင် ကံဆိုးသည်၊ ကုသိုလ်ကံ လွဲချော်မှုများကြောင့် ကျရှုံးမည်။

(ယ) ယင်ကောင်ကိုမြင်မက်ပါက စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံမည်။

◆◆ ယမ်းမှုန့်ကို မြင်မက်ပါက ယောက်ျားလေးမြင်လျှင် အိမ်ထောင်ရေး



www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲများ ဖြစ်ပေါ်မည်၊ မိန်းကလေးဖြစ်လျှင် စစ်သားနှင့် အိမ်ထောင်ကျမည်၊

◆ ◆ ယုန်ကိုမြင်မက်လျှင် မကောင်းသော အိပ်မက်ဖြစ်သည်၊ အရာရာ ခက်ခဲမည်၊ နေအိမ်နေရာ ပြောင်းရွှေ့ပေးလျှင် အဆင်ပြေလာနိုင်မည်၊

(ရ) ရသေ့ကိုမြင်မက်လျှင် ဝမ်းနည်းပူဆွေးရမည်၊

◆ ◆ ရတုသဘင်အခမ်းအနားကို မြင်မက်လျှင် ချမ်းသာသော ဆွေမျိ
သားချင်းများ၏ အထောက်အပံ့ရမည်၊

◆ ◆ ရည်းစားက စွန့်ပစ်သွားသည်ဟုမက်လျှင် အိမ်ထောင်ရေး
သာယာပြီး ပျော်ရွှင်မည်၊

◆ ◆ ရည်းစားစာကို မြင်မက်လျှင် ကျေနပ်ဖွယ်ရာမရှိသော ဖြေ
ချက်များကြောင့် ကြီးမားသော ဆက်ဆံရေးပြတ်တောက်
မည်၊ ပွင့်လင်းမှုသည် ရိုးကျိုးဖွယ်ရာ အရည်အချင်းတစ်ခု
ဖြစ်သည်ကို သတိရပါ၊

◆ ◆ ရာသီဥတုအလွန်ဆိုးဝါးသည်ဟု မက်ပါက မဝေးသော
တွင် မိမိ၌ အန္တရာယ်ကျရောက်နိုင်သည်၊ အထူးသတိရှိရ
အခက်အခဲတချို့ ရင်ဆိုင်ရမည်၊

◆ ◆ ရာဇဝတ်မှုတစ်ခုခုကို မြင်မက်ပါက မိမိအတွက် အောင်မြ
အထွဋ်အထိပ်ကို ရောက်ရှိမည်၊

◆ ◆ ရာထူးနေရာကို မိမိလက်လွှတ် ဆုံးရှုံးရသည်ဟု မက်ပါက အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေဖြစ်မည်၊

◆ ◆ ရှာလကာရည်ကို မိမိလက်လွှတ်ဆုံးရှုံးရသည်ဟု မက်ပါ
အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်မည်၊

◆ ◆ ရှာဖွေတွေ့ရှိသည်ဟု မက်လျှင် မိမိငွေကြေးဆုံးရှုံးမည်၊ မိ
တန်ဖိုးကြီးသော ပစ္စည်းရှာတွေ့လေ၊ မိမိအတွက်ဆုံးရှုံးမှု
များလေဖြစ်မည်၊





(လ) လသာသည်ကို မြင်မက်လျှင် အိမ်ထောင်ရေးဘဝပျော်ရွှင်ပြီး မိသားစုကိစ္စများဖြင့် အချိန်ကုန်မည်၊

◆ ◆ လကို မြင်မက်လျှင် တိမ်ကင်းစင်ပြီး ကြည်လင်တောက်ပနေပါက ပုဂ္ဂိုလ်ရေး၊ အချစ်ရေး အောင်မြင်ပျော်ရွှင်မည်၊ လကို တိမ်ဖုံးနေသည်ဟု မက်လျှင် နာမကျန်းဖြစ်မည်၊

◆ ◆ လဒ(လင်းဒ)ကို မက်လျှင် မိမိကို သတ်ဖြတ်သည့် ကြီးမားသော အန္တရာယ်ရန်သူနှင့် ကြုံတွေ့မည်၊

◆ ◆ လက်ဖက်ခြောက်ကို ဘူးနှင့်ထည့်ထားသည်ဟု မက်ပါက လုံခြုံစွာ ထိန်းသိမ်းထားသော အတွင်းရေးကိစ္စတစ်ရပ် ပေါ်ပေါက်မည်၊ ဘူးဖွင့်ထားသည်ဟု မက်ပါက မိတ်ဆွေသူငယ်ချင်း အတွင်းရေးကို မိမိက ထိန်းသိမ်းပေးရလိမ့်မည်၊

◆ ◆ လိမ္မော်သီးစားနေသည်ဟု မက်လျှင် ကြီးစွာသော ဝမ်းနည်းရမှု ကြုံမည်၊ အခြားသူများ အတူစားနေသည်ဟုမက်လျှင် ကံကောင်းသည်၊ လိမ္မော်သီး ပြုလုပ်နေသည်ဟု မက်လျှင် အချစ်ရေး ကောင်းသည်၊

◆ ◆ လိမ်ညာသည်ဟုမက်လျှင် ကံမကောင်း၊ အခက်အခဲကြုံမည်၊

◆ ◆ လိမ္မော်ပန်းပွင့်ကို မြင်မက်လျှင် အိမ်ထောင်ကျမည်၊

◆ ◆ လေတိုက်သည်ကို မက်လျှင် ကောင်းသတင်းစကား ကြားရမည်၊

◆ ◆ လေချွန်သံကြားရသည်ဟု မက်ပါက ဝမ်းနည်းဖွယ်သတင်း စကား ကြားရမည်၊

(ဝ) ဝရမ်းပြေးကိုမြင်မက်ပါက မိမိပတ်ဝန်းကျင်မှ တစ်စုံတစ်ဦး၏ သစ္စာဖောက်ခြင်း ခံရမည်၊

◆ ◆ ဝဖြိုးလာသည်ဟု မက်လျှင် မိမိအတွက် ကံမကောင်းသော သင်္ကေတဖြစ်သည်၊

◆ ◆ ဝက်ပါကို မြင်မက်လျှင် နားလည်ရခက်သော အကြောင်းအရာ တချို့ကို ဖြေရှင်းရလိမ့်မည်၊



www.burmeseclassic.com

www.burmeseclassic.com



(သ) သတင်းစာဖတ်နေသည်ဟုမက်လျှင် မိမိအသိုင်းအဝိုင်းတွင် ကုသိုလ်ကံ အပြောင်းအလဲ ဖြစ်ပေါ်မည်၊

◆ ◆ သတင်းစကားကြားရသည်ဟု မက်လျှင် ကောင်းသောနိမိတ် ဖြစ်သည်၊

◆ ◆ သကြားလုံးကို မြင်မက်လျှင် ပျော်ရွှင်မည်၊ မိမိသားသမီးအတွက် ဂုဏ်ယူဝမ်းမြောက်ရမည်၊ ရိုးသားသော လက်ဆောင်ပစ္စည်း သတင်းစကား ရရှိမည်၊

◆ ◆ သကြားကို မြင်မက်လျှင် သာယာပျော်ရွှင်မှုများ ကြုံတွေ့မည်၊

◆ ◆ သခင်ယေရှု ပြန်လည်ထမြောက်သော ပွဲတော်ကို မြင်မက်ပါက အလွန်ကံကောင်းသည်၊ ပျော်ရွှင်မှုများ ခံစားရမည်၊

◆ ◆ သံလွင်ပင်ကို မြင်မက်လျှင် အိမ်တွင်းရေး ပျော်ရွှင်အေးချမ်းမည်၊

◆ ◆ သံစုံတီးဝိုင်းကို မြင်မက်လျှင် ယေဘုယျအားဖြင့် ကံကောင်းသည်ယူဆကြသည်၊

◆ ◆ သဘော်ဆိပ်ခံတံတားကို မြင်မက်လျှင် အခြားသူများ ပျော်ရွှင်နေသည်ကို မြင်တွေ့ရမည်၊

◆ ◆ သလဲသီး၊ သလဲပင်ကို မြင်မက်လျှင် အဆင်ပြေ ပျော်ရွှင်မည်၊

◆ ◆ သပိတ်လွယ်ငှက်ကို မြင်မက်လျှင် အလွန်ကံကောင်းသည်၊

(ဟ) ဟင်းသီးဟင်းရွက်ကိုမြင်မက်လျှင် ခက်ခဲပင်ပန်းစွာ လုပ်ဆောင်သော်လည်း အကျိုးခံစားရရှိမှု နည်းပါးမည်၊

(အ) အကြံဉာဏ်ပေးသည်ကိုမက်လျှင် မိမိက ပေးသည်ဖြစ်စေ၊ မိမိကိုပေးသည်ဖြစ်စေ၊ ထိုသူသည် မိမိအတွက် မိတ်ဆွေစစ်၊ မိတ်ဆွေမှန် ဖြစ်လိမ့်မည်၊

◆ ◆ အက္ခရာစဉ် စာလုံးများကို မြင်မက်ပါက ဝေးကွာနေသော မိတ်ဆွေနှင့် ပြန်ဆုံမည်၊

◆ ◆ အကြီးအကဲရာထူးကြီးသူကို မြင်မက်ပါက မင်္ဂလာကိစ္စများ





ပေါ်ပေါက်မည်၊ အိမ်ထောင်ကျမည်၊

◆ ◆ အစေခံကို မြင်မက်ပါက လူနေမှုအဆင့်အတန်း အလျှင်အမြန် မြင့်မားမည်၊

◆ ◆ အရက်ပြင်းကို မြင်မက်ပါက မိမိအပေါ်ကျရောက်မည့် အန္တရာယ်ကို လွယ်ကူစွာ ရှောင်ရှားနိုင်မည်၊

◆ ◆ အစွန်း၊ အကွက်ပေကျံသည်ကို မြင်မက်ပါက မကောင်းသော စိတ်ညစ်ရသော ခရီးတစ်ခု ထွက်ရမည်၊

◆ ◆ အဆောက်အဦ ဆောက်လုပ်နေသည်ကို မြင်မက်လျှင် ဘဝ အပြောင်းအလဲကြုံပြီး အောင်မြင်မည်၊ သေးငယ်သော အဆောက်အဦဖြစ်လျှင် အောင်မြင်မှု အနည်းငယ်သာရရှိမည်၊

◆ ◆ အကျီကော်လာကို မြင်မက်ပါက အချစ်ရေး ကံကောင်းမည်၊

◆ ◆ အကြွေစေ့ကို မြင်မက်ပါက အားလုံး ပြည့်စုံမည်၊ ငွေရောင် အကြွေကိုမက်သည်ထက် ကြေးနီရောင်အကြွေကို မက်ပါက ပို၍ကံကောင်းသည်၊ ရွှေရောင်အကြွေကိုမက်လျှင် ငွေစက္ကူကဲ့သို့ပင် ကုသိုလ်ကံ ညံ့သည်၊

◆ ◆ အစွံမာရေသတ္တဝါကို မြင်မက်ပါက အဝေးမှ မင်္ဂလာမရှိသော သတင်းစကား ကြားရမည်၊

◆ ◆ အစွန်းထွက်နေသော ထောင့်ချိုးအစွန်းကိုမြင်မက်ပါက မကောင်းသော အတားအဆီး၊ အနှောင့်အယှက်များရှိမည်၊

◆ ◆ အစွေ၊ အလိပ် စသည်တစ်ခုခုကိုမြင်မက်ပါက မိမိပတ်ဝန်းကျင် ဘဝ၊ အခြေအနေ လုံးဝအပြောင်းအလဲ ဖြစ်ပေါ်မည်၊

◆ ◆ အကြွေးများပေးရန် ရှိနေသည်ဟုမြင်မက်ပါက အဆင်ပြေ ကံကောင်းမည်၊ အကယ်၍ အခြားသူက မိမိကိုအကြွေးပြန်ပေးသည်ဟု မက်ပါက ဆုံးရှုံးမှုကြုံတွေ့မည်၊

◆ ◆ အရိုးပွဲ၊ မုန့်အရိုးစားသည်ဟု မက်ပါက အလွန်ကံကောင်းမည်၊



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကန်သမ္မတလေးဦးရဲ့ မျက်နှာပုံ ကျောက်တောင်ကြီး



ကမ္ဘာ့ဆန်းကြယ်တဲ့နေရာတွေထဲက အဆန်းကြယ်ဆုံးနေရာ တစ်ခုကတော့ အမေရိကန်သမ္မတလေးဦးရဲ့ဦးခေါင်းတွေကို ရုပ်တုများ အဖြစ် ထွင်းထုထားတဲ့ လိပ်သည်းကျောက်တောင်ကြီးပဲ ဖြစ်ပါတယ်။ ဒီ တောင်ကြီးဟာ အမေရိကန်ပြည်ထောင်စု ဆောက်ဒါကိုတာပြည်နယ် ကီးစတုန်းအနီးမှာရှိတဲ့ မောင့်ရပ်ရှ်မောလို့ခေါ်ဆိုကြတဲ့ တောင်ကြီးဖြစ် ပါတယ်။



Four Giant Faces မျက်နှာ ကြီးများကို ရေပြင်ညီထွင်းထုထားတာဖြစ် ပြီး တစ်ခုချင်းစီရဲ့အမြင့်ဟာ (၁၄၀) ပေ ရှိပါတယ်။ ဒီလို တည်ဆောက်ထွင်းထုတဲ့ လုပ်ငန်းကို (၁၄)နှစ်ကြာလုပ်ဆောင်ခဲ့ မှ ပြီးစီးခဲ့တာဖြစ်ပြီး (၁၉၂၃)ခုနှစ်မှာ သမိုင်း ပညာရှင် ဒုန်းရောဘင်ဆန်ရဲ့ အိုင်ဒီယာကို ကမ္ဘာ ကျော် အမေရိကန်ပန်းပုပညာရှင် ဂျော့ရှ် ဂတ်ဖွန် ဘောဂ်လန်နဲ့ အဖွဲ့က






ထွင်းထု ပုံဖော်ခဲ့တာ ဖြစ် ပါတယ်။

(၁၉၂၇)ခုနှစ် ကနေ (၁၉၄၁)ခုနှစ်အထိ ကြာမြင့်ခဲ့ပြီး ကုန်ကျငွေ ပေါင်း အမေရိကန် ဒေါ်လာ (၉၉၀၀၀၀)ကျော် ကုန်ကျ ခဲ့ပါတယ်။ ရံပုံငွေများကို အသုံးပြုခဲ့တာဖြစ်ပြီး အသက်(၃၀)ခန့် အလုပ်သမားပေါင်း (၃၆၀)ကျော် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါတယ်။ လိုချင်တဲ့ ကောက်ကြောင်းပုံဖော်မှုကို ရဖို့အတွက် ကျောက်သားတွေကို ဒိုင်းနမိုက်အသုံးပြုခဲ့ရပါတယ်။

ဒီလို ထွင်းထုခဲ့တဲ့ ဦးခေါင်းရုပ်ထုတွေမှာ ပါဝင်ခဲ့ကြသော အမေရိ ကန်နိုင်ငံရဲ့သမ္မတလေးဦးဟာ ဂျော့ရှ်ဝါရှင်တန်၊ သောမတ်စ် ဂျက်ဖာဆန်၊ သီယိုဒေါရုစီဗတ်နဲ့ အေဗရာဟမ် လင်ကွန်းတို့ဖြစ်ကြပါတယ်။ ဒီသမ္မတ လေးဦးစလုံးဟာ အမေရိကန်နိုင်ငံမှာလူမည်းများကို ကျွန်အဖြစ်အသုံးပြုတဲ့ စနစ် ပပျောက်ရေးကို ကြိုးစားဆောင်ရွက်ခဲ့ကြသူများ ဖြစ်ပါတယ်။


ဒီကျောက်တောင်ကြီးဟာဆိုရင် ကမ္ဘာပေါ်မှာ အထင်ရှားဆုံး နေရာတွေထဲက တစ်ခုဖြစ်ပြီး အမေရိကန်နိုင်ငံမှာ နာမည်ကြီးနေရာတစ်ခု လည်း ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



- ပုဂ္ဂကာကမှော်နှင့်လောင်းကစားခြင်း၊
- ပုဂ္ဂကာကရဲ့တာပည့်တာပန်း လမိုင်းကို ပူဇော်ပသခဲ့စဉ်က
  အောင်ပန်းတွေ ဝေခဲ့သော လူတစ်ယောက်၊
- နောက်ဆုံးအချိုးကြီးပွဲကျမှ ဝက်ဝက်ကွဲ၊
  ခွက်ခွက်လန် ရှုံးပြီး ဒေါသကြီးစွာဖြင့် သေးနဲ့ပန်းခဲ့လေသောအခါ..။




# မှော်ဆရာ နိဂုံး

ဝသုန်ဟိန်းထက်

www.burmeseclassic.com

www.burmeseclassic.com





✡

ကျောက်ပျဉ်တစ်ချပ်ပေါ်မှာ
ဖယောင်းတိုင်အနီ နှစ်တိုင်ပူးကို
လေမတိုက်အောင် အကာရံတွေ
မီးထွန်း၊ အမွှေးတိုင်တွေ ထွန်းပြီး
အမည်တစ်ခုခုကို ရေရွတ်ပင့်
"ကျွေးပါတယ်‥ မွေးပါတယ်
စိတ်ကြိုက် သုံးဆောင်ပါ။
စောင့်ရှောက်ပါ။ မစပါ"‥ စသဖြင့်

လောကမှာ ထူးဆန်းအံ့ဩဖွယ်ရာတွေ အများကြီးပဲ၊

ဒါကို ကျုပ် ကောင်းကောင်းလက်ခံတယ်။ အခု ကျုပ်ကိုယ်တိုင်
လည်း အထူးအဆန်း ကြုံနေရပြီလေ၊ လက်တွေ့မှယုံတယ်ဆိုတဲ့
လည်း မျက်လုံးပြူးရတာပေါ့။

"ငါးရှဉ့်"‥တဲ့။

ကျုပ်နားထဲမှာ ပီပီသသကြီး ကြားလိုက်ရတယ်။ ကျုပ်ကလွဲပြီး
ဘယ်သူမှ ကြားကြမှာ မဟုတ်ဘူး၊ ဒါ သိပ်သေချာတယ်၊

"ကဲ‥ ထိုးကြ‥ တွေဝေ မနေကြနဲ့၊ ငွေထုတ်ပိုက်ပြီး ပြန်ချင်
ထိုးကြ…"

ဒိုင်တလည်း ထိုးသားတွေရဲ့စိတ်ကို ဆွပေးနေလေရဲ့၊ ကျုပ်
လည်း ထိုးမှာပါ။ ရဲရဲကြီးကို ထိုးမှာပါ။ ပိုက်ဆံတစ်ထပ်ကို "ငါးရှဉ့်" အကွက်
ထဲ ချထိုးလိုက်တယ်၊

ကျုပ်လုပ်ရပ်ကြောင့် ထိုးသားတွေရော၊ ဒိုင်တွေပါ မျက်လုံးပြူး
သွားရပြီ။ ဘယ်သူမှ အခုလို ပုံမအောကြပါဘူး။ ဒီနေရာက မျက်နှာ
အရာရှိတွေ၊ သူဌေး သူကြွယ်တွေသာ လာကစားနိုင်တဲ့ ဗဟန်းကြားတော
က လောင်းကစားဝိုင်း‥၊ တကယ့် နာမည်ကြီးနေရာပေါ့။

"ဆရာကီး‥ ဒါတွေ အီကုန်လုံး‥ ထိုးမှာနော်"

သွားခေါ်ခေါ်နဲ့ ဒိုင်တရုတ်က မယုံ့တယုံလေသံနဲ့ ကျုပ်ကိုမေး
တော့ ကျုပ်လည်း နည်းနည်း ဒေါသထွက်သွားတယ်၊

"ဟေ့‥ ပေါက်ဖော်၊ ထွန်းတောက်ဆိုတဲ့ ကျုပ်က နစ်ခွန်းမပြော
တွေ"

ဟိန်းထွက်သွားတဲ့ ကျုပ်အသံကြောင့် ကစားဝိုင်းက လူတွေ
လုံး၊ ကျုပ်ကို ဝိုင်းကြည့်ကုန်ကြတယ်၊ ဂရုမစိုက်ပါဘူး။

"ကဲ‥ လက်ရှောင်ကြ၊ ပေါက်ကောင် ဖွင့်မယ်"

အသံတွေ တိတ်ဆိတ်သွားသည်။ ကြွေပန်းကန်ပြားပေါ်က ဂျင်က
နေအောင်လည်နေပြီ၊ ဒိုင်က ကြွေပန်းကန်လုံးတစ်ခုနဲ့ အုပ်ချလိုက်
၊ ဒါတောင်အထဲမှာ လည်တုန်း။

ဟော‥‥ လည်တဲ့အသံ တိတ်သွားပြီ၊

ဘာဖြစ်မလဲ‥‥ အားလုံး ရင်တထိတ်ထိတ်နဲ့၊ ထိုးသားအားလုံးရဲ့
လုံးတွေက ကြွေပန်းကန်ပြားပေါ် ရောက်နေကြပြီ၊ ကျုပ်ကတော့ ခပ်
တည်တည်ပဲ၊ ဣန္ဒြေရရပဲ၊ တစ်ချက်မှ ရင်မခုန်ဘူး။

"ကဲ‥‥ ဖွင့်မယ်‥‥ အုပ်ချလောင်း"

"တောက် !‥ ကုန်ပြန်ပြီ"

"ငါးရှဉ့်ကွ"

ထိုးသားတွေရဲ့ညည်းညူသံတွေ ညံလို့‥‥၊ ကြွေပန်းကန်ပြား
မှာ ပေါ်နေတာက "ငါးရှဉ့်"၊ ဒိုင် ချွေးတွေပျံနေပြီ၊ ကျုပ်ကိုလည်း အံ့ဩ
သို့ မော့ကြည့်တယ်၊ နောက်ဆုံးတော့ ငွေထုပ်က ကျုပ်လက်ထဲရောက်
ပြီလေ၊ ငါးရှဉ့်ကိုပုံအောခဲ့တဲ့ ကျုပ် အောင်ပန်းတွေဝေလို့။

ဒီတစ်ပွဲမှာ ကျုပ်တစ်ယောက်တည်း နိုင်ခဲ့တယ်၊ ကျုပ်ရှေ့မှာ ငွေပုံ
ကြီး။ ကျုပ်လည်း ကျုပ်ရဲ့ရှမ်းလွယ်အိတ်ကြီးထဲ အကုန်ထည့်လိုက်တယ်၊
သားတွေကတော့ ကျုပ်ကိုအထင်ကြီး အားကျစွာ ကြည့်လို့ပေါ့‥၊

ဒုတိယအချီ ပြန်စပြီ၊

ဒိုင်ကတော့ ကျုပ်ကိုပဲ စိုက်ကြည့်နေလေရဲ့၊ တချို့ထိုးသားတွေ
လည်း ကျုပ်ကို မသိမသာ အကဲခတ်နေကြတယ်၊ ရေစုန်မှာ ပိုက်မျှော



www.burmeseclassic.com

www.burmeseclassic.com



ကြမယ့်သဘော။

"ခင်ဗျား ... ထိုးဦးမှာလား"

ဒိုင်ရဲ့အမေးကြောင့် ကျုပ်ကလည်း -

"ထိုးမှာပေါ့။ ဘာလဲ .. မင်းတို့မှာ လျှော်ဖို့ ငွေမရှိတော့လို့လား"

လို့မေးလိုက်တော့ သူတို့တွေ ရှုံးရှုံးရွဲ့ရွဲ့ ဖြစ်ကုန်ပြီ။

"ထိုးစမ်းပါ .. ဘယ်လောက်ကံကောင်းမှာလဲ" .. တဲ့။

"ဟား .. ဟား .. ဟား" လို့ အော်ရီပစ်လိုက်ချင်တယ်။

"ကံ" .. တဲ့။ ကျုပ်နိုင်တာ ကံကောင်းလို့ မဟုတ်ဘူးဗျို့။ လျှို့ ... ချက်။ ကျုပ်ရဲ့လျှို့ဝှက်ချက်ကြောင့်ဗျာ။ ထားလိုက်ပါတော့။ ထိုးသား... ထိုးနေတဲ့အချိန်မှာ ကျုပ်က ဝင်သက်ကို ခပ်ပြင်းပြင်းရှူရင်း မျက်လုံး... လိုက်တယ်။ စဉ်းစားနေတဲ့ပုံပေါ့။

"ကြက်" .. တဲ့။

ဟော .. ကြားလိုက်ရပြီ။

ကျုပ်နားမှာ အနီးကပ် ကြားလိုက်ရတဲ့ အသံ၊ "ကြက်" ... သေသေချာချာ ပီပီသသကြီး ကြားတယ်နော်။ ဒီ့ထက် သေချာတာ ... မရှိ၊ လွယ်အိတ်ထဲက ငွေတွေကို နှိုက်လိုက်တယ်။ မရေတွက်တော့ ... ပါချင်သလောက်ပါ ..။ "ကြက်" ဆိုတဲ့အကွက်ထဲ ထိုးချလိုက်တယ်။

အကူဒိုင်တစ်ယောက်က ကျုပ်ရဲ့ငွေတွေကို ရေတွက်ပြီး ... အရီ ထပ်ပေးတယ်။ ခြသေ့်နံဘေးက မြေခွေးတွေလိုအကောင်တွေက ... ထိုးတဲ့ကြက်အကွက်မှာ လိုက်ထိုးကြကုန်ရော။

"ဘယ်လိုလဲကွ ... မင်းတို့ ဖြစ်ပါ့မလား"

ကျုပ်ရဲ့မထိတထိအမေးကြောင့် ဒိုင်လုပ်သူက အံ့ကြိတ်ပြီး -

"စိတ်ချ .. မလျှော်နိုင်ရင် ဒိုင်မလုပ်ဘူး" တဲ့။ ကောင်းတာပေါ့ ... ဝိုင်းက စပါပြီ။ ဂျင်လေးက စလည်ပါပြီ။ "ခွပ်" ကနဲ ကြွေပန်းကန်လုံးနဲ့ ... လိုက်တဲ့အထိ ကျုပ်လှည့်တောင် မကြည့်ဘူး။ စီးကရက်ဖွာလို့ ..။

"လက်ရှောင် ... ဖွင့်မယ်"


ဖွင့်ပါ။ ထွန်းတောက်ဆိုတဲ့ ကျုပ်က ရင်တောင်မခုန်၊

"ဟာ ... ကြက် ... ကြက်ကွ"





"ဟေး ... ကြက်ဆိုမှ ...ကြက်ပေါ့"



ထိုးသားတွေ ...ရဲ့ ...ခမ်းသာအားရ အော် ...သံတွေ ညံသွားပြီ။ ... မျက်နှာတွေက ခရမ်း ...ညိုတွက်ထားတဲ့အတိုင်း ... အတော့်ကို အကြည့်ရ ...နေပြီ။ နည်းတဲ့သူတွေ ...ရင်လျှော်ပြီးမှ ကျုပ်ရှေ့ရွှေတုံး ... တစ်တုံးချပေးတယ်။ ပြီးတော့ ...ပြောတယ်မှတ်လဲ၊

"ဒီနေ့တော့ ဝိုင်းသိမ်း ...ယ်ဗျာ၊ နောက်နေ့မှ ပြန်ဆုံတာပေါ့" .. တဲ့။ သိမ်းရမှာပေါ့။ လျှော်ဖို့ငွေ မရှိ ... ရွှေနဲ့လျှော်နေရပြီပဲ။ ထိုးသားတွေရဲ့ အားကျအံ့သြတဲ့ အကြည့်များစွာ ... ဥပေက္ခာပြုရင်း ကျုပ်အိမ်ပြန်ခဲ့ပါတော့တယ်။

၆

အဆန်းတော့ အဆန်းသားဗျာ။

ကစားတိုင်းနိုင်တဲ့ ကျုပ်က လေးကောင်ဂျင်တင် မကဘူး။ ဖဲ၊ ...ပွဲ ကြိုက်တဲ့လောင်းကစားကိုဆော့ အနိုင်ချည်းပဲ။ တကယ်တော့ ကျုပ် ...လို အစွမ်းတွေရလာတာ သိပ်မကြာသေးပါဘူး။ နှစ်လလောက်ပဲရှိပါ ...သေးတယ်၊ ဒီနှစ်လအတွင်းမှာလည်း ကျုပ်ဘဝက လက်ဖျားငွေသီးခဲ့ပြီ ...၊ ဒီညလည်း ကျုပ်နဲ့တပည့်ကျော်တွေ အောင်ပွဲခံတဲ့ လောကစည်းစိမ် ... ခံစားလို့ပေါ့။

ဒါပေမယ့် အရေးကြီးဆုံးကိစ္စတစ်ခုကိုတော့ ကျုပ်မဖြစ်မနေ လုပ် ...ရမှာ ရှိနေပါတယ်၊ ဒီအတွက် သင်ဖျူးဖျာတစ်ချပ်ကို အိမ်အနောက် ...ခင်း၊ အပေါ်မှာ ငှက်ပျောရွက် အထပ်ထပ်ခင်း၊ ဆန်တစ်ပြည်ချ... ထမင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကိုပုံ၊ အသည်းအမြစ်ကလီစာဆီပြန်ဟင်းကို ဇလောင်းချ၊ စဉ်အင်တုံနဲ့ ဇ
တစ်ခွက်လည်း ချထားပေးရတယ်။ ပြီးတော့မှ ကျောက်ပျဉ်တစ်ချပ်ပေါ်
ဇယောင်းတိုင်အနီ နှစ်တိုင်ပူးကို လေမတိုက်အောင် အကာရံတွေကာပြ
မီးထွန်း၊ အမွှေးတိုင်တွေ ထွန်းပေးရတယ်။ ပြီးတော့ ကျုပ်က အမည်တစ်
ကို ခပ်တိုးတိုး ရေရွတ်ပင့်ခေါ်ပြီး -

"ကျွေးပါတယ် .. မွေးပါတယ်၊ စိတ်ကြိုက် သုံးဆောင်ပါ။ အ
ရှိရင်လည်း မေ့မယူပါနဲ့၊ စောင့်ရှောက်ပါ၊ မစပါ .. စသဖြင့်ပေါ့။

ဒီလိုလုပ်ရာမှာတော့ တပည့်တွေ ပါလို့မရဘူး။ တစ်ယော
တည်းလုပ်ရတာ၊ ပြီးရင် ထားခဲ့လိုက်၊ သွားမကြည့်နဲ့၊ အားလုံးကိုလည်
မှာထားပြီးသား၊ ဘယ်သူမှ သွားမကြည့်ရဘူး။ တစ်နာရီလောက်အကြာ
သွားကြည့်၊ ငှက်ပျောရွက်ပေါ်မှာ ပြောင်သလင်းခါနေလိမ့်မယ်၊

ထမင်းတွေ၊ ဟင်းတွေ ဘယ်ရောက်သွားလဲ၊ ဘယ်သူစားသွား
မမေးနဲ့၊ ခင်ဗျားတို့ သိစရာမလိုဘူး။ အချိန်တန်ရင်တော့ သိရလိမ့်မယ်
ဒီလိုကျွေးတာကို သုံးရက်တစ်ခါ လုပ်ရတယ်၊ လုပ်လည်းလုပ်နိုင်ပါတယ်
သူက ပြန်ရှာပေးတာကိုး၊ သူရှာပေးလို့ ကျုပ်ဘဝက မြင့်သထက်မြင့်
ပြီပဲ၊ ဒီလောက်တော့ ကောင်းကောင်းကျွေးနိုင်တာပေါ့။

ဒီဓလေ့ထုံးတမ်းအတိုင်း လိုက်နာနေထိုင်လာခဲ့တာ အ
ခြောက်လပြည့်ပါပကော၊ ဒီကာလအတွင်းမှာ သူ့ကျေးဇူးကြောင့် လေ
ကစားမှုန်သမျှ အနိုင်ရခဲ့သည်ချည်းပဲ၊

အင်း .. ဒီနေ့တော့ ကျောက်သူဌေးအုပ်စုနဲ့ ဂျင်ကစားကြ
တယ်၊ စိန်ခေါ်ပွဲပေါ့။ လူတိုင်းစိတ်ဝင်စားပြီး မျက်လုံးပြူးရမယ့်ငွေပမာ
တွေနဲ့ပေါ့။ ကစားပွဲကို ကျုပ်အိမ်မှာပဲ လုပ်ခဲ့တယ်၊ သူတို့က ငါးယော

"ကိုထွန်းတောက် .. ခင်ဗျား ဒိုင်ကိုင်မှာလား"

ကျောက်သူဌေးတစ်ယောက်က ကျုပ်ကိုမေးတယ်၊

"ဟင့်အင်း .. ကျုပ်က ထိုးရတာပဲ ပျော်တယ်" ... လို့ ကျုပ်
အလိမ္မာသုံးပြီး ငြင်းလိုက်တယ်၊ သူဌေးတစ်ယောက်ကပဲ ဒိုင်ကိုင်တယ်

"ကဲ .. စမယ်၊ ထိုးကြတော့"

ပွဲကတော့ စပါပြီ၊ သူများတွေ စိတ်ကူးတည့်ရာ ထိုးကြပေမ





ချုပ်ကမထိုးသေးဘဲ မျက်စိမှိတ်ပြီး ဝင်သက်ထွက်သက်ကို သတိကပ်ပြီး
စိတ်ငြိမ်အောင် ထိန်းလိုက်တယ်၊ တစ်မိနစ် .. နှစ်မိနစ် .. သုံးမိနစ် .. သိပ်
တောင် မစောင့်ရဘူး ...၊

"ဝက်" .. တဲ့၊

ကြားလိုက်ရပါပြီ၊ "ဝက်" ဆိုတဲ့အသံက ပီပြင်စွာ၊

ဘာမှ စဉ်းစားစရာမလိုပါဘူး။ အပွဲပွဲနွှဲလာသူပဲ၊ ဝက်အကွက်မှာ
ငုံချလိုက်တယ်၊

"လက်ရှောင် .. ကဲ ... ပေါက်ကောင်ဖွင့်ပြီ၊ အပ်ချလောင်း"

"ကြက် .. ကြက်ကွ"

"လာထား ... ကြက်တဲ့"

ကြက်အကွက်မှာ ထိုးထားတဲ့သူတွေထအော်တော့ ကျုပ် မျက်လုံး
ပြူးသွားရပြီ၊ အရမ်းလည်း အံ့ဩတုန်လှုပ်သွားမိတယ်၊ ဘယ်လိုဖြစ်တာ
လဲ၊ "ဝက်" လို့ သေသေချာချာ ကြားခဲ့တာပဲ၊ အခုတော့ "ကြက်" ဖြစ်နေပြီ၊

ဘာကြောင့်လဲ ..၊ ဘာကြောင့် မှားရတာလဲ၊ ပထမဆုံးအကြိမ်
အရှုံးလုပ်သွားရပြီ၊ ကျုပ် ရှုံးပြီ၊ ဒိုင်ကိုင်တဲ့သူဌေးက ကျုပ်ကိုအဓိပ္ပါယ်ပါပါ
ကြည့်ပြီး ခပ်ပြုံးပြုံးနဲ့ စားသွားလေပြီ၊ ကျုပ်ရင်ထဲ ဗလောင်ဆူစ ပြုလာခဲ့
ပြီ၊ အံ့ဩနားမလည်နိုင်တဲ့ ပဟေဠိတွေကလည်း အပြည့်၊ အနီးအနားမှာ
ရပ်စောင့်ပြီး အခြေအနေကြည့်နေတဲ့ ကျုပ်တပည့်တွေလည်း မျက်လုံးပြူး
ပြီး ကျုပ်ကို ဝိုင်းကြည့်နေကြပြီ၊

"ကဲ .. နောက်တစ်ပွဲစမယ်၊ ထိုးကြ .. ထိုးကြ"

နောက်တစ်ပွဲတဲ့၊ အင်း .. တစ်ပွဲထိုးကျွေးလိုက်တဲ့ သဘောလည်း
ဖြစ်နိုင်တာပဲ၊ ဒီတစ်ခါတော့ အသေအချာအာရုံခံပြီး နားစွင့်တယ်၊

"ငါးရှဉ့်"

ကြားပါပြီ၊ "ငါးရှဉ့်" ဆိုတဲ့အသံ၊ မှားစရာ မရှိ၊ ပီပီသသ၊ ပြတ်ပြတ်
သားသား ထိုးတယ်ကွ၊ "ထွန်းတောက်" ပဲ၊ နာမည်တစ်လုံးနဲ့ နေလာတဲ့
ကောင်ပဲ၊ အထုပ်လိုက်ကြီး ငါးရှဉ့်အကွက်မှာ ချထိုးပစ်လိုက်တယ်၊

ပွဲစပြီ၊ ဂျင်ကမှတ်အောင် လည်နေပါပြီ၊ ကြွေပန်းကန်လုံးနဲ့ ဖွပ်
အုပ်နဲ့ အုပ်ချလိုက်တဲ့အချိန်ထိ လည်နေတုန်း၊ "ချလွှမ်း ... တောက် ...



www.burmeseclassic.com

www.burmeseclassic.com



တောက်”လို့ ရပ်သွားတော့ အားလုံးရင်တွေ ခုန်လို့၊ တစ်ခါမှ ရင်မခုန်ဘူး
ကျုပ်တောင် ထူးထူးဆန်းဆန်း ရင်တွေခုန်လို့၊ စီးကရက်ပင် မဖွာနိုင်ခဲ့၊

“ကဲ .. ဖွင့်မယ်”

ဖွင့်လိုက်ပါပြီ၊

“ကျား .. ကွ”

“ဟေး .. ကျားဆိုမှ ကျား”

သွားပြီ၊ ထပ်လှဲပြန်ပြီ၊ ဒိုင်က ကျုပ်ရှေ့က ငွေထုပ်ကြီးကို ဆွဲ
သွားချေပြီ၊ ငွေပါသွားလို့ မနေပြောပါဘူး၊ ဒါပေမယ့် ဘာဖြစ်တာလဲ၊ ဘာ
မှားရတာလဲ၊ “ငါးရှဉ့်”နဲ့ “ကျား”က တခြားစီပါ၊ သံတူကြောင်းကွဲလည်း
မဟုတ်၊ နားကြားမှားစရာ အကြောင်းမရှိ၊

“ဟေ့ကောင် .. ဝင်းမြင့်၊ ဘီဒိုထဲက နောက်တစ်အိတ် ထပ်ထုတ်
ကျုပ်တပည့်ဝင်းမြင့်ကို ငွေယူခိုင်းလိုက်တယ်၊

“ဆရာ ... ဟို .. ဟို”

“ဟေ့ကောင် ... မရှည်နဲ့၊ ငါခိုင်းတာလုပ်”

“ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ”

ဟင်း .. ကနဲ သက်ပြင်းကို လေးလေးပင်ပင်ကြီး ချလိုက်မိတယ်
ခြောက်လအတွင်းမှာ ပထမဆုံးချခဲ့တဲ့ ကျုပ်ရဲ့သက်ပြင်းပေါ့၊

“ဘယ်လိုလဲ ကိုထွန်းတောက် ပွဲတိုင်းနိုင်ဆိုပြီး နာမည်ကြီး
တာ ဘယ်လိုဖြစ်တာလဲ”

ကျောက်သူဌေးတစ်ယောက်ရဲ့ အမေးကို ကျုပ်မဖြေနိုင်ခဲ့ပါ
ရင်ထဲမှာတော့ ဒေါသတွေက အစိုင်လိုက် အခဲလိုက်၊ တပည့်ဝင်းမြင့် ယူ
လာပေးတဲ့ အထုပ်ကြီးတစ်ထုပ်လုံးကို စားပွဲပေါ်မှာ ဒုန်းကနဲ ဆောင့်ချ
လိုက်တယ်၊

“ဒီတစ်ပွဲ၊ ဒါ အကုန်ထိုးမယ်ဗျာ .. ဘယ်လိုလဲ”

ခပ်ဆတ်ဆတ်မေးလိုက်တဲ့ ကျုပ်အသံကြောင့် သူတို့နည်းနည်း
တော့ လန့်သွားပုံပေါ်တယ်၊ ပြီးတော့မှ - “အိုကေ .. ရတယ်၊ ဒါမျိုးမှ ကြိုက်
တယ် ..”တဲ့၊

ဒီလိုနဲ့ ပွဲစတယ်၊ တိုတိုပြောမယ်ဗျ၊ ဒီပွဲလည်း ကျုပ်ရှုံးတယ်





နောက်တစ်ပွဲ ထပ်ကစားတယ်၊ ရှုံးပြန်တယ်၊ ကြာတာနဲ့ ထွက်တာနဲ့တ
ခြားစီ၊ သွားပြီ၊ ကျုပ်စည်းစိမ်တစ်ဝက် ကုန်ပြီ၊ ပွဲကိုလည်း နားလိုက်
တယ်၊ ငွေထုပ်ပိုက်ပြီး ပြန်သွားတဲ့သူတွေကို ကြည့်ပြီး ကျုပ်ရင်ထဲမှာ မီး
တောက်လာခဲ့တယ်၊

“အရက်ပုလင်း ယူခဲ့ ..”

တလိပ်လိပ်တက်လာတဲ့ ဒေါသတွေကို အရက်နဲ့ ဖိချကြည့်တယ်၊
ဆောင်စာကို မီးနဲ့ထိလိုက်သလိုပဲ၊ မငြိမ်းဘဲနဲ့ ဖုန်းကနဲ ထတောက်ပါရော၊

“တောက် ! .. ခွေးမသား ပုဏ္ဏက”

ကျုပ်ပါးစပ်ကထွက်သွားသော ဒေါသအသံကြောင့် တပည့်တွေ
အကုန်လုံး မျက်လုံးပြူးကုန်တယ်၊ ပထမဆုံးအကြိမ် နာနာကျည်းကျည်း၊
ဒေါသတကြီးနဲ့ ဆဲဆိုလိုက်တဲ့ အမည်တစ်ခု ...၊

“ပုဏ္ဏက” .. တဲ့၊

ဟုတ်တယ်၊ ကျုပ်အစွမ်းက တကယ်တော့ ပုဏ္ဏကရဲ့အစွမ်းပဲ၊
ပုဏ္ဏကဆိုတာ သိတယ်မဟုတ်လား၊ ဘုရားလောင်းဝိဓူရအမတ်ကို
လောင်းကြေးထပ်ပြီး ဘုရင်နဲ့ကြွေအန်ကစားခဲ့တဲ့ “ပုဏ္ဏကဘီလူး”ပေါ့၊

ဒါပေမယ့် .. ဒီနေရာမှာ ကျုပ်တစ်ခု ပြောပြချင်တယ်၊

ကျုပ်အထင်ပေါ့လေ၊ ဘုရင်နဲ့ ကြွေအန်ကစားခဲ့တဲ့ ပုဏ္ဏကဘီလူး
စစ်တော့ ဟုတ်ဟန်မတူပါဘူး၊ နှစ်ပေါင်းမြောက်မြားစွာ ကြာညောင်း
ပြီပဲ၊ ကျွတ်တမ်းဝင်လောက်ပြီပေါ့၊ ဘုရားလောင်းရဲ့တရားတော်တွေ
ကြားခဲ့ရတယ် မဟုတ်လား၊

ဒါဆို ဘာလဲ၊ ရှင်းပါတယ်၊ “လက်ဝဲကိုးသိန်း၊ လက်ယာကိုးသိန်း”
လို့ ဆိုထားတယ် မဟုတ်လား၊ ပုဏ္ဏကဘီလူးရဲ့ တပည့်တပန်းတွေ၊
အနည်းအားဖြင့် သူမရှိတော့လည်း သူ့နေရာ၊ သူ့ရာထူးယူလာတဲ့ လမိုင်း
တွေပေါ့၊

ဒီပုဏ္ဏက ဘီလူးလမိုင်းနဲ့ ကျုပ်ဘယ်လိုရသလဲဆိုတာ သိပ်တွေး
စရာ မလိုပါဘူး၊ အတွေ့အကြုံများတဲ့ အောက်လမ်းဆရာကြီးတစ်ယောက်
ဆီက ရခဲ့တာပါ၊ လောင်းကစားတိုင်း နိုင်ချင်တဲ့ ကျုပ်ရဲ့မဟာအကြံစည်
ကြောင့်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဂဲကြမ္မာသည် ဆန်းကြယ်လွန်းလှပေစွ၊ ဆရာကြီး မှ မော်ပညာရရှိပြီး တစ်ပတ်အကြာမှာပဲ ဒီဆရာကြီးဟာ ရောဂါမယ် ရရမရှိဘဲ သေဆုံးသွားပါတယ်။ အတ်လမ်းက ဤမျှနှင့်မပြီး၊ ရက်လ သောနေ့မှာပဲ ကျုပ်အိပ်မက်မက်ခဲ့တယ်။

ဆရာကြီးက ပုဏ္ဏကမော် အစောင့်အဖြစ် ကျုပ်ဆီမှာ စေ ကြောင်း၊ ကစားတိုင်းနိုင်ရန် မည်သို့မည်ပုံ မ,စမည်၊ မည်သို့မည်ပုံ ကျွ ပသရမည် စသဖြင့် ကတိခံဝန်ချက် အပေးအယူများ ထားရှိခဲ့တယ်

လက်တွေ့သမား ကျုပ်ကလည်း သူ့အစွမ်းကိုစမ်းကြည့် ပွဲတိုင်းနိုင် ဖြစ်လာခဲ့တာပေါ့၊ ကျုပ်ကြွယ်ဝလျှံပယ်လာတာ ဒီပုဏ္ဏက ကြောင့်၊ အခု ပြန်မဲ့ရတာလည်း သူ့ကြောင့်ပဲ။

ကျုပ် ဘာမှားခဲ့လဲ၊ ကတိအတိုင်း ကောင်းကောင်းကျွေးမွေ ခဲ့တာပဲ၊ လိုလေသေးမရှိအောင် သူ့ကိုပြုစုထားရက်နဲ့ အခုလိုအရိုင် ကျမှ ဝက်ဝက်ကွဲရှုံးခဲ့ရတယ်လေ၊ နာမည်လည်းပျက်၊ စည်းစိမ်လည်း ပြု

"တောက် !.. ထွန်းတောက်အကြောင်း ကောင်းကောင်းသိမယ်

တွေးလေလေ၊ နာကျည်း ဒေါသထွက်လေလေပဲ၊ ကျုပ်တ တစ်မျိုး၊ ကောင်းရင် သူများထက် ကောင်းမယ်၊ ကိုယ့်ကိုထိခိုက်လာ လည်း ခွင့်လွှတ်တတ်တဲ့ကောင် မဟုတ်ဘူး၊ ဒီအတွက် ကျုပ် ပုဏ္ဏ အတွက် သီးသန့် နေရာပေးထားတဲ့နေရာကိုသွားပြီး သေနဲ့ချိန်းပါတ

"ဟား .. ဟား .. ဟား .. မှတ်ကရော၊ ထွန်းတောက်ကို ဒီအ မျိုးချိုးရင် ဒီဆုလာဘ်ပဲ ရမယ်ဟေ့"

ရှုံစိုသွားအောင် သေးပေါက်ချလိုက်သလို၊ ကျုပ်ပါးစပ်ကလည်း အယုတ္တ၊ အနတ္တတွေစုံအောင် ပစ်ပစ်နစ်နစ် ဆဲပစ်လိုက်တယ်။

"ယနေ့မှစ၍ ဤခြံဝင်းအတွင်း သင့်အတွက် နေစရာမရှိ"

ဒါ ကျုပ်ရဲ့တစ်ချက်လွှတ်အမိန့်ပေါ့။

အဲ .. တိုက်ဆိုင်မှုလား၊ အစွဲလမ်းကြောင့်လားတော့ မပြောတတ် အဲဒီညမှာပဲ အိပ်မက်မက်ခဲ့တယ်၊ အိပ်မက်ထဲမှာ ဘီလူးကြီးတစ်ကော

မျက်လုံးနစ်လုံးကတော့ မီးကျီခဲလို ရဲရဲနီတောက်ပလျက်၊

ဖြီးတော့ အသံဝါဝါကြီးနဲ့ ကျုပ်ကိုပြောတယ်၊







"ဟေ့ကောင် . . . ထွန်းတောက်၊ မင်းက ငါ့ကျေးဇူးကို မထောက် ရက်တယ်၊ လမ်းဘေးနေဘဝကနေ ဒီအခြေအနေရောက်အောင် ငါ ပေးခဲ့တာ မေ့သွားပလား၊ အခု ဒီပွဲမှာရှုံးတာ ငါ့သစ္စာဖောက်လို့ မဟုတ် ဘူး၊ ဒီလူတွေက ဂိုဏ်းဆရာတွေကွ၊ မင်းပုဏ္ဏကကြောင့် နိုင်နေတာကို တို့သိတယ်။

ဒါကြောင့် အင်း၊ ဆေး၊ စမ အစီရင်တွေနဲ့ လာတာ၊ ငါ့ကို ချုပ်ထား ကွ၊ ငါ့အစွမ်းတွေနှိမ်ထားတာ သိရဲ့လား၊ ဒါကိုမင်းက အခြေအနေ နကို သဘောမပေါက်ဘူး၊ ပထမပွဲ မဟန်ကတည်းက နားပါလား၊ စည်းစိမ်ပြုတ် ချရသလား၊ အခုတော့ ငါ့ကို ကျေးဇူးဆပ်တာပေါ့လေ၊ .. ဒါ နောက်ဆုံးတွေ့ခြင်းပဲ၊ ငါသွားတော့မယ်၊ မင်းထိုက်နဲ့ မင်းကံပဲ"

ဒီမှာတင် "ဝုန်း" ကနဲ အိပ်ပျော်ရာမှ ကျုပ်လန့်နိုးခဲ့ရတယ်၊ တစ် ကိုယ် လုံး ချွေးတွေရွှဲနစ်လို့၊ သွားပြီး ငါမှားပြီလို့ သိလိုက်ပေမယ့် နောက်ကျ သွားပါပြီ၊ ဘယ်လိုတောင်းပန်၊ တောင်းပန် ပေါ်မလာတော့ပါဘူး၊ အပေး အယူဆန်တဲ့ နာမ်လောကအကြောင်းကို ကျုပ်ကိုယ်တွေ့ သိနားလည်ခဲ့ပါ ပြီ ဂဲကြမ္မာအစွင့်ရေးကလည်း ဒီလောက်ပဲ ပါတာနေမှာပေါ့လေ။

သေချာတာတစ်ခုကတော့ ကျုပ်ဘဝမှာ "ပုဏ္ဏကမော်" ဆိုတာ ကို လက်တွေ့ခံစား၊ သိခဲ့ဖူးပါပြီ၊ ဒီလျှို့ဝှက်ချက်တွေကိုတော့ ကျုပ်သေ သည့်တိုင် ယူသွားပါတော့မယ်၊ လောင်းကစားနဲ့တက်လာခဲ့ပေမယ့် နိဂုံး မှာ လောင်းကစားနဲ့ပဲ ဆုတ်ယုတ်ပျက်စီးရမယ်ဆိုတာကိုတော့ နောင်လူ တွေအတွက် အစွင့်သင့်ရင် ပြောပြချင်စမ်းပါဘိဗျာ . . . ။




www.burmeseclassic.com

www.burmeseclassic.com



## အသည်းယားစရာ ရေဘဝဲဟင်းလျာ



မြန်မာလူမျိုးများအတွက် အသည်းယားစရာဖြစ်ပြီး ရေဘဝဲ ဟင်းလျာတစ်မျိုး ဖြစ်ပါတယ်။ ရေဘဝဲဟင်းလျာကို ကိုးရီးယားနိုင်ငံမှာ အများဆုံး စားသုံးကြပြီး ထင်ရှားတဲ့ စားစရာတစ်ခုဖြစ်ပါတယ်၊ ကိုရီးယား လူမျိုးများက အဲဒီ ရေဘဝဲစားစရာကို ဆန်နကီးလို့ ခေါ်ပါတယ်။ ဆန်နကီးရဲ့ အဓိပ္ပါယ်ကတော့ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ အစားအစာလို့ ဆိုပါတယ်။

ရေဘဝဲဆိုပေမယ့် ရေဘဝဲအကြီးစားတွေမဟုတ်ဘဲ အများအားဖြင့် အသက်ရှင်နေတဲ့ ရေဘဝဲအသေး အရှင် လတ်လတ် များကို နှမ်းဆီ စမ်းပြီး စားသုံးကြပါတယ်။ တချို့ကတော့ ကင်ပြီး စားသုံးကြပါတယ်၊ အရှင် အကောင်ကို စားသုံးကြတာ ဖြစ်ပါတယ်။








အကောင်စားသုံးတာက ပြဿနာ မရှိပေမယ့် နှမ်းဆီစမ်း စားသုံးတဲ့အခါမှာတော့ ရေဘဝဲလေးတွေရဲ့ လက်မောင်းများကို လှီးဖြတ်နေတဲ့အချိန်မှာ ညှပ်ပေးထားတဲ့ပန်းကန်ဟာ ခွက်နေတာကြောင့် လှီးရတာ အသည်းယားဖို့ ကောင်းပါတယ်။ သနားတတ်သူဆိုရင်တော့ စားသုံးရဲမှာ မဟုတ်ပါဘူး။

တကယ်လို့ ရေဘဝဲလက်ချောင်းများကို စားနေရင်းနဲ့ လက်ချောင်းများ နှာခေါင်းထဲကို ဝင်သွားရင်တော့ ပြဿနာရှိနိုင်တယ်၊ လူတွေအတွက် အန္တရာယ်ရှိနိုင်တယ်လို့ သတိပေးထားပါတယ်။ ကိုရီးယားလူမျိုးများကတော့ ဆိုဂျူ အရက်လေးတမြမြနဲ့ တွဲဖက်စားသုံးကြပါတယ်။

ဆန်နကီးစားစရာကို စားသောက်ဆိုင်တိုင်းမှာ မရရှိနိုင်ပါဘူး၊ စားသောက်ဆိုင်အကြီးကြီးတွေမှာပဲ ဝယ်ယူပြီး စားသုံးနိုင်ပါတယ်၊ တန်ဖိုးကြီးတဲ့ စားသောက်ဖွယ်ရာတစ်ခုဖြစ်ပြီး ကိုရီးယားလူမျိုးများဟာ တိုင်းခြားဧည့်သည်တော်များကို ဒီအစားအစာနဲ့ ဧည့်ခံလေ့ရှိပါတယ်၊ အဲဒီလို အခါမျိုးမှာ မိတ်ဆွေအနေနဲ့ နှမ်းဆီစမ်း စားသုံးမှုကိုတော့ မရွေးချယ်မိပါစေနဲ့၊

ကိုရီးယားနိုင်ငံမှာတော့ ရေဘဝဲဟင်းလျာဟာ လူတကာ စားသုံးတဲ့ အစားအစာတစ်မျိုး ဖြစ်ပေမယ့် ဧည့်စိမ်းတွေအတွက်ကတော့ ရေဘဝဲ ကို ပါးစပ်ထဲထည့်လိုက်တာနဲ့ လှုပ်စိလှုပ်စိ၊ တုန်တုန် တုန်တုန်နဲ့ အသည်းယားစရာဖြစ်နေမှာ အမှန်ဖြစ်ကြောင်း သုတ/ရသ ဖြစ်ရပ်ဆန်းကြယ် ရပ်ဝန်းကနေ ဖော်ပြပေးလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# နေညိုရီ အိမ်ပြန်ချိန်

လူရှိန်အောင်

- အဖေ အရက်သမား အမေ ဒိတ်ဒိတ်ကြဲမကြီးတို့ရဲ့ သမီးချောလေး နေညိုရီ
- နေညိုရီရဲ့ ရည်းစားဖြစ်သူက ထောင်ထွက်လက်မှတ် မှင်တောင် မခြောက်သေးတဲ့ အောင်ဇလ
- မျှော်လင့်မထားတဲ့ လူ့လောကကြီးရဲ့ ဆန်းကြယ်သော အဖြစ်အပျက်များကြားထဲမှာ နေညိုရီ အိမ်ပြန်ချိန်ရောက်သောအခါ . .။





www.burmeseclassic.com

www.burmeseclassic.com





✡

လှပတဲ့ အညိုခွန္ဒာကိုယ်ပေါ်မှာ
အောင်ဖလရဲ့ အဆီပြန်နေတဲ့
မျက်နှာကြီး ယိမ်းထိုးနေတယ်။ အညို
အသက်ရှူကြပ်လာတယ်။
"မအောင်နဲ့ . ."
အောင်ဖလက အညိုရှင်တကို
တံနဲ့ထောက်ထားပါတယ်။
"လူယုတ်မာ . ."

နေညိုချိန် တိမ်တောက်တဲ့အခါ ရွာလမ်း နံဘေးမှာပေါ့။ ရှ... ဆိုင်မှာပေါ့။ ဆိတ်စလူး နတ်ပူးသလို အသားတွေ ဖတ်ဖတ်တုန်လာ... ပေခင်မမေးနဲ့။ အာဒကေကုန်တယ်။ ကိုဘညို လေပြိုနေပြီ။ ဇော့ကန် လေ... တက်ကာ -

"တစ်လုံး ရလကွာ"

အရက်ဆီထဲ ရေရောနေသော ကြက်တောက ပေကြောင် ... ကြောင် ဖမ်းရှိုးလိုက်ကာ -

"အကြွေးဆပ်ဖို့ စိတ်ကူးရှိသေးလား"

ခနဲ့တဲ့ အထာပေါ့။

"မြက်မြက်ကလေး စားချင်လို့ အရက်ရောင်းနေတာ . . နိဗ္ဗာ... ဈေးပွဲတော် မဟုတ်ဘူး . . ပေါက်လိုက်"

ကိုဘညိုက ပိုက်ဆံအနွမ်းတစ်ရွက်ကို ထုတ်ပေးတယ်။ လက်... တုန်လေးနဲ့။

"အကြွေးက အကြွေးပေါ့ . . ဆက်မှတ်ထားပေးပေါ့ . . ဒါလေး... ပါတာဟ"



ဆက်ပြောလည်း မောတာပဲအဖတ်တင်မည်။ ကြက်တော ဘာမှ ...တွေနဲ့တော့။ အရက်တစ်လုံးကို ဖောင့်ကနဲချပေးသည်။ ကိုဘညိုက ...က်ကို အာသာငမ်းငမ်းငုံ့ရင်း -

"ဖားကင်လေး . . ကြွက်ကင်လေး . ."

"ရှင့်အပေါက်ကြီးက အဲ့တာတွေနဲ့တန်လို့လား . . ဟွင်း"

ကြက်တောရဲ့မယား မဖြားကြီးက အသံဆိုးကြီးနဲ့ လှမ်းအော် ...ည်၊ ကိုဘညိုက အရက်ခွက်ကို ပါးစပ်တွင်တော့ရင်း -

"အမြည်းမပါတော့လည်း သောက်ရတာဖီး(လ်)လာတာပေါ့ဟ"

ဂွပ်ကနဲ ကစ်သည်။ မီးစနဲ့ထိုးသည့်အလား၊ ရုပ်ကီဆိုတဲ့ အရက် ...ဟာ ကိုဘညိုရဲ့ လည်ချောင်းတစ်လျှောက် ဖြတ်နင်းသွားပါတယ်၊ ...ား . . နောက်တစ်ခွက်၊ ဂွပ် ! . .။

ကိုဘညို ရီဝေဝေဖြစ်လာပြီ၊ အရှိန်တွေ ရှိန်တိန်တိန်ဖြစ်လာပြီ၊

"ဝီ . . ဝီ . . ဝီ"

ယင်မဲတစ်အုပ်ပါ။ ဘာမှမရှိတဲ့စားပွဲပေါ်မှာ အီစကလီလုပ်နေကြ ...။ အသံနဲ့ညှော်နေကြတာပါ။

"ဖြောင်း ! . ."

ကိုဘညို လက်နဲ့ရိုက်ချလိုက်တယ်၊ ယင်မဲ(၃၊ ၄)ကောင် အော်တို ...သောဖြစ်သွားတာ။ ကိုဘညို လျှာကြမ်းကြီး၊ နှုတ်ခမ်းမဲမဲကြီးကို သပ် ...ယ်၊ ပလပ်ပလပ်နဲ့၊

"ယင်သားလေး ဟ"

ရုတ်တရက် နှုတ်မဆက်ဘဲ ကသုတ်ကရက် ကွယ်လွန်သွားရှာတဲ့ ...င်မသာလေးတွေ ပါးစပ်ပေါက်ထဲကောက်ထည့်သည်၊ အမြည်းတဲ့၊

မြင်ကွင်းကိုကြည့်ကာ သောက်သောက်စားစား ရုပ်ကီသမားတွေ ...ှတ်ဆင် ဖြစ်ကုန်တယ်၊ ကိုဘညိုကတော့ အေးရာအေးကြောင်း။ ဟော ...ိုမှာ၊ ကြမ်းပြင်ပေါ်မှာ၊

ပိုးဟပ်ဖြူမလေးကို ဖွန်ကြောင်ဖို့ ထွက်လာတဲ့ ပိုးဟပ်တစ်ကောင်၊ ...ောင်ထောင် ထောင်ထောင်နဲ့၊ ကိုဘညို ခြေထောက်ကို အသာမလိုက် ...ယ်၊ ပြီးတော့ ပိုးဟပ်အသေကို ပါးစပ်ထဲကောက်သွင်းလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကို ထပ်ပင့်တယ်၊ ဟမ်း.. ကောင်းမှကောင်း။ ရိုဝေဝေဖြစ်နေ[illegible]
ကိုဘညို့ရဲ့မျက်လုံးတွေ အရောင်တောက်သွားတယ်။ ထရုံမှာ အိမ်မြှော[illegible]
တစ်ကောင်၊

"ဒီကောင်က အသားပိုများ ဟ" ဆိုပြီး လက်နှင့်လှမ်းရိုက်သည်။

"ဝုန်း.. ဒိုင်း.. ရွမ်း"

ကွက်တိ မကျ။ စားပွဲ၊ ထိုင်ခုံတွေ ဖရိုဖရဲ၊ သူပါ လဲကျသွားသည်။
အိမ်မြှောင်အမြီးပြတ်က ကြမ်းပေါ်မှာ၊ ကိုဘညို့ ဘာလုပ်မှတ်လဲ၊ တုန်[illegible]
တုန်တုန်ဖြစ်နေတဲ့ အိမ်မြှောင်အမြီးပြတ်ကို ကောက်ဝါးတယ်၊

ပြီးတော့ ရုပ်ကီကို ဖုတ်ပူမီးတိုက်လှမ်းတွတ်ပြီး -

"ပြေးပါနဲ့ဟ"

ဒုက္ခိတအိမ်မြှောင်ကို ဝမ်းလျားထိုး လက်ဖြင့် လှမ်းပုတ်သည်။

"ဝုန်း.. ဒိုင်း.. ဂွမ်း"

အရက်ပိုင်းကို ခေါင်းနဲ့ဆောင့်မိတာ၊ ပုလင်း၊ ဖန်ခွက်၊ အမြည်း
ပန်းကန်တို့သည် ကြမ်းပြင်ပေါ်မှာ ဖရိုဖရဲ၊ ထောင်ထွက်လူမိုက် အောင်[illegible]
ဟတ်ထိလေပြီ၊

"ရွမ်း!.."

အရက်ပုလင်းကို ရိုက်ခွဲလိုက်တယ်၊ ဆိုင်ရှင်ကြက်တော[illegible]
လင်မယားမှာ တုတ်တုတ်ပင် မလှုပ်ရဲ၊ အောင်ဗလရဲ့ဇကို သိနေတာကို[illegible]

မြေပြားကြီးမှာ ကြောက်စလူးခါကာ ရှုံးရှုံးတွေ ထွက်ကျကုန်[illegible]
အောင်ဗလက လဲကျနေသောကိုဘညို့ကို ခပ်ရင့်ရင့်ဆွဲထူကာ -

"ကိုယ့်ဘာသာကိုယ် ဖောပြီးမရှောချင်ဘူးပေါ့.. ဟုတ်လား"

အောင်ဗလလက်ထဲမှ ကိုဘညို့ဟာ အရှုပ်ကလေးတစ်ရုပ်[illegible]
ဖြစ်နေပါပြီ၊ အမြည်းအတွက်၊ အသောက်ပျက်၊ အသက်ပျောက်တော့မှာ[illegible]

ပုလင်းကွဲဖြင့် လည်မြို့ကိုထိုးရှိန်လိုက်တယ်၊ အဲ့မှာပဲ -

"ဟဲ့.. အကောင်"

ဆိုင်ပေါက်ဝမှ ဝေါက်ကနဲပြေးဝင်လာတဲ့ မိန်းမတစ်ယောက်[illegible]
အော်သံ၊ ရင့်သလားမမေးနဲ့၊ အကောင်တဲ့၊ ခွေးပေါ့၊ ဝက်ပေါ့၊ နွားပေါ့[illegible]

ထောင်ထွက်လူမိုက် အောင်ဗလကို အဲ့လိုခေါ်ရဲတာ တော်ရုံ "[illegible]





[illegible]တော့ မဟုတ်၊ အောင်ဗလ ကိုဘညို့ကို လွှတ်ချ
[illegible]ာ လည်ပြန်ကြည့်သည်၊

"ရွမ်း!.."

လက်ထဲမှ ပုလင်းထပ်ကွဲပြန်သည်၊
[illegible]ပင်ဖားလျားချထားသော လုံးကြီးပေါက်လှ
[illegible]မတစ်ယောက်၊ လက်ထဲမှာ ငှက်ကြီး
[illegible]တောင်ဓားကြီးနဲ့ပါ..။ ခင်ထားသီ ဆိုင်ထဲ
[illegible]လာတယ်၊ အောင်ဗလကို ရင်မဆန်တဲ့
[illegible]ထာဖြင့် စိုက်ကြည့်ကာ -

"အရက်သမားမယားဖြစ်ရ
[illegible]ာ ငါ့ကိုစွ..၊ မုဆိုးမတော့ မဖြစ်ချင်
[illegible]ဟဲ့" ဟုဆိုကာ ခွေခေါက်နေသော
[illegible]င်တော်မောင်ကိုဘညို့ကို ပွေ့ထူ
[illegible]ည်၊ ပြီးတော့ -



"အောင်ဗလ"

အောင်ဗလက ရုပ်ကီကို
[illegible]လင်းလိုက်မော့သည်၊ ခင်ထား
[illegible]ရဲ့ တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်သည်၊ ပြိတ်တီ ရယ်လို့၊

"နင်ဟာနင် ဘယ်ခြင်ထောင်ထဲ ဝင် ဝင်.. ဘယ်တောင်က ထွက်
[illegible]ွက် ငါ့အကန့်မပါဘူး။ အဲ .. ငါ့မိသားစုကိုတော့ လာမငြိနဲ့၊ နင့်လည်ပင်း
[illegible]ကနဲ မှတ်"

ငှက်ကြီးတောင်ဓားကြီးတဝင့်ဝင့်နဲ့၊ ပေါ်တင်ကို ကြိမ်းတာ၊ ခင်
[illegible]ားသီက လင်တော်မောင် ရှုပ်ကီအိုးကြီးကို အပြင်သို့ တွဲခေါ်သည်၊ ခင်
[illegible]ားသီက ကလေးတစ်ယောက်အမေဆိုပေမယ့် အသက်က(၄၀) မကျော်
[illegible]သေးဘူး။

ဘာမှ မပျက်စီးသေးဘူး။ အလတ်ကြီး ရှိသေးတာ၊ ခင်ထားသီက
[illegible]စ်ခါတုန်းက ဘာဆိုလားပဲလေ၊ ရွာရဲ့ကွမ်းတောင်ကိုင်ပါ၊ အောင်ဗလ
[illegible]ာ ခင်ထားသီရဲ့တုန်တုန်ခုန်ခုန် နောက်ပိုင်းအလှကို မျက်လုံးဖောက်ပက်

www.burmeseclassic.com



ဖြစ်မတတ်စိုက်ကြည့်ကာ -

"မမသီ"

ခင်ထားသီ လည်ပြန်လှည့်ကြည့်တယ်။

"ကျားကြီး အောင်ဗလက မမသီအရှေ့ရောက်ရင် ကြောင်တ...
ဖြစ်သွားတာဗျ.. အဟား"

ခင်ထားသီက -

"ထွီ..ဝေါ့"

"သဒေါင်းအား"

ရှာကနဲ လှည့်ထွက်သွားသည်။

"ဘာလို့လဲသိလား..မမသီငြိုငြင်မှာစိုးလို့"

"ဟား..ဟား..ဟား"

တကျော့ရန့်သင်းသော အောင်ဗလ၏စေမာန်ရယ်သံများသည်
ခင်ထားသီ၏အနောက်သို့ ပြေးလိုက်သွားချေတော့၏။

☯

ကွေ့ကောက်သိမ်ငယ်သော ချောင်းကလေးသည် ရွာက...
ကို အထာကလေးနှင့် ပတ်ခွေစီးဆင်းနေလေ၏။ ထူလပြစ်နိုင်လွန်း...
သော သစ်ရိုပ်၊ဝါးရိပ်တို့သည် ချောင်းရေပြင်ကို အုပ်မိုးထားလေ၏။

အကိုင်းအခက်အရှိုသည် ချောင်းရေကို ငုံ့သောက်နေပြန်...
တောပန်းရောင်စုံတို့သည် ကမ်းလုံးညွတ်မတတ်၊ ဖလန်းဖလန်း...
ပွင့်ဖူးဝေဆာနေ၏။

ကုက္ကိုမြစ်ဆုံကြီးသည် ချောင်းရေပြင်အထက် ငေါထွက်နေ...
ထိုမြစ်ဆုံကြီးပေါ်တွင် စုံတွဲတစ်တွဲရှိချေ၏။ အညိုက ရောင်စုံပန်းအ...
လေးများကို ချောင်းရေတွင်မျှောရင်း -

"ကိုကို"

အောင်ဗလက အုန္ဒသံကြီးဖြင့် -

"ဗျို ဗျို.."

အညိုက အောင်ဗလရဲ့မျက်နှာခွက်ကို ရေဖြင့်လှမ်းပက်တာ-



"ယောက်ျားတွေ ရန်ဖြစ်တာ မဆန်းပါဘူး ကိုကိုရယ်.."

အညိုက လှသောနှုတ်ခမ်းဖူးဖူးလေးကို စူကာ -

"ကိုကို ရန်ဖြစ် ပြဿနာရှာရမယ့်အထဲမှာ အညို့ဖေဖေနဲ့မေမေ
...ား ဟင်!.."

အောင်ဗလက ကုက္ကိုမြစ်ဆုံကြီးပေါ်မှ ကမ်းစပ်သို့ လွှားကနဲ ခုန်
...ည်။ တောပန်းဝါဝါလေးတစ်ပွင့်ကို ခူးသည်။ သွားဖြင့်ကိုက်ကာ၊ ကုက္ကို
...မြစ်ဆုံပေါ်သို့ ပြန်ခုန်သည်။

"အမေ့"

အညို ချောင်းထဲပြုတ်ကျမလို ဖြစ်သွားသည်။ အောင်ဗလက
အညို့ကို သိုင်းဖက်ကာ အညို့ဆံမြည္ဟာတွင် ယုယစွာပန်ပေးသည်။

"အဲဒီကိစ္စအတွက် သတိရတိုင်း တောင်းပန်နေတာကပဲ၊ အညို
...ရယ်၊ အဲဒီနေ့က မူးနေလို့ပါကွာ.."

အညို့နာမည်အရင်းက နေညိုရီပါ။ ကိုဘညို၊ မခင်ထားသီတို့ရဲ့
...ဝီးချောလေးပါ။ သူမဖေဖေ ကိုဘညိုနဲ့အောင်ဗလတို့ အရက်ဆိုင်မှာ
ပြဿနာတက်ခဲ့တာလေ။ အဲဒီကိစ္စကို အညိုက ဖွနေတာ၊ တင်းနေတာ။

"နောက်မဖြစ်စေရပါဘူး..ညိုလေးရယ်"

"ယုံလိုက်ရမှာလား"

"ညိုလေးယုံအောင် သက်သေပြမယ်လေ"

အညိုက မျက်နှက်ဝန်းလေး ထောင့်ကပ်ကာ နားထောင်လို့။

"ညိုလေးနဲ့ကိုကို လက်ထပ်ကြမယ်လေ.."

"အယ်!.."

"ယောက္ခမကြီးတွေကို အိမ်ဦးခန်းထားပြီး တစ်သက်လုံး လုပ်ကျွေး
...ာမှာ.."

"သွား..လူဆိုး"

အညိုက အောင်ဗလရင်ဘတ်ကို ဆောင့်တွန်းလိုက်တယ်။

"အောင်မလေးဗျ.."

"ဗွမ်း"

အောင်ဗလ ချောင်းထဲမှာ ယက်ကန်ယက်ကန်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



၆

"ဖေဖေ .. အဟင့်"

"ကိုဘညိုရယ် .. အဟင့်"

"ကျွန်မတို့သားအမိကို ထားသွားပြီလားတော့ .."

မြင်ကွင်းကိုကြည့်ကာ၊ အားလုံး စိတ်မကောင်းဖြစ်ကြရသည်။ မိန်းမချော သားအမိနှစ်ယောက် ဖက်ငိုနေတာကို။ ချောင်းဖြတ်ဝါးတံတား လေးအောက်မှာ ကိုဘညို အသက်ပျောက်နေပါပြီ။

အမှုးလွန်၊ ပြုတ်ကျပြီး ရေနစ်သေတာ။ အသောက်လည်း များ အသက်ပါပျောက်ခဲ့တာ။ ကိုဘညိုရှောတာ တစ်လတောင် မပြည့်သေး ဘူး။ မိန်းမချောတစ်ယောက်ဖြစ်တဲ့ မခင်ထားသီဟာ နောက်လင်တစ်ယောက် ကို ကောက်ကာ ငင်ကာ ယူလိုက်ပါတယ်။

တစ်ရွာလုံးမှာရှိတဲ့ပါးစပ်ကြီးတွေ ပေါင်းလောင်းပွင့်ကုန်ပါတယ်။ လင်ယူတာ အံ့သြနေကြတာ မဟုတ်ဘူး။ ကောက်ကာငင်ကာ ယူလိုက်တဲ့ လင်ကို အံ့သြနေကြတာ။

အောင်ဗလပါ။

အောင်ဗလဟာ မခင်ထားသီရဲ့သမီး၊ နေညိုရီရဲ့ရည်းစားဆိုတာ တစ်ရွာလုံးအသိ၊ သမီးရဲ့ရည်းစားကို အမေကဖြတ်ရတ်သွားတာပေါ့။

၇

"မေမေ သိပ်ရက်စက်တာပဲ၊ လုပ်ရက်ထယ် မေမေရယ် .."

နေညိုရီ ကြိတ်ငိုနေရပါပြီ၊ မေမေ့ကို အညိုမုန်းတယ်၊ မေမေ့ကို မုန်းလို့ အညို ငရဲကြီးမှာလား။ တကယ်လည်း အညိုငရဲကျနေပါပြီလေ။ ရွာ တွေရဲ့ ကဲ့ရဲ့ပြစ်တင်မှုတွေ၊ လှောင်ပြောင်မှုတွေကို မခင်ထားသီ လုံးဝ ဂရု မစိုက်ပါဘူး။

"ညိုညို .. သမီးလေး"

အညို မေမေခင်ထားသီကို သူစိမ်းတစ်ယောက်လို ငေးနေပါတယ်။ မေမေ ခင်ထားသီရဲ့ပါးပြင်မှာ မျက်ရည်စတွေ ဖြာဆင်းလို့၊







"မေမေ့ကို ခွင့်မလွှတ်ပါနဲ့ ..၊ ဒါပေ မယ့် မေမေ့ကို မုန်းတော့ မမုန်းလိုက်ပါနဲ့ .. နော် .. သမီးလေး .. ဟင့်"

ဖြစ်ခဲ့ပြီးသမျှတွေဟာ ပြန်ပြင်လို့ ရတော့ပါဘူး။ သေချာတာကတော့ အညို ရည်းစားအောင်ဗလဟာ အညို့ပထွေး ဖြစ် နေပြီ။

မိန်းမချောလေး နေညိုရီ ကိုယ်တိုင် တောင်း မိန်းမတွေရဲ့စိတ်ကို နားမလည်တတ် တော့ပါဘူး။

အသားညိုညို၊ ထောင်ထောင် မောင်းမောင်း၊ နှုတ်ခမ်းမွေးစစနဲ့ အောင်ဗလဟာ ယောကျ်ားပီသချောမော ပေမယ့် အကျင့်ကတော့ တာတေလန် အစားထဲကပါ။ မကောင်းတာမှန် သမျှကို ကန်ထရိုက်ဆွဲထားတာ၊ ဓားပြမှုနဲ့ ထောင်ထွက်လက်မှတ် မှင်တောင် မခြောက်သေးပါဘူး။ ရွာရဲ့ အော့ကြောလန်ကြီးပေါ့။

အဲဒီယောကျ်ားကိုမှ အညိုရိုက်ခဲ့တာ၊ ကြိုက်ခဲ့တာ၊ မခင်ထားသီ ကတော့ ပြတ်တယ်၊ ကွေ့ဝိုက် မနေဘူး။ ဒဲ့ကို ဝင်အောင်းတာ၊ ပေါ်တင်ကြီး ယင်းခမ်းတော်ပစ်လိုက်တာ ..၊ ကြာလို့၊

၈

အညို့ရဲ့ကမ္ဘာလေးဟာ ကျဉ်းသထက် ကျဉ်းလာခဲ့ပါတယ်၊ တစ်ခြံ ထဲ အတူနေကြပေမယ့် အညို့နဲ့မေမေခင်ထားသီတို့ဘဝဟာ ဝေးသထက် ဝေးခဲ့ပါပြီ၊

ခြံထောင့်က သရက်ပင်ကြီးအောက်မှာ အညိုတဲထိုးပြီး သီးခြား နေခဲ့ပါတယ်၊ မေမေတို့လင်မယားဟာ မိုးမမြင်၊ လေမမြင် ဖြစ်နေကြပါ တယ်၊ အောင်ဗလရဲ့အကြည့်တွေကို အညိုမကြိုက်ပါဘူး။ မရိုးသားပါဘူး၊

ဒါကြောင့် အညို့အနားမှာ ကိုင်းရတ်ဓားကို ဆောင်ထားပါတယ်၊ မေမေကလည်း အောင်ဗလကို မျက်စိအောက်က အပျောက်မခံပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇလသွားရာ တစ်ကောက်ကောက်လိုက်တတ်ပါတယ်။ ကြွက်ဝိုင်း မကျန်ပေါ့။ သေရှာပါတယ်။ မေမေခင်ထားသီရဲ့ နေညိုရီဆိုတဲ့ သမီးချောလေး မရှိတော့ပါဘူး။

၆

အညို တောင်ယာစိုက်ခင်းဆီ ထွက်လာခဲ့ပါတယ်။

အညို ရွာမှာ မပျော်တော့ပါ။ အိမ်မှာလည်း နေချင်စိတ် ပါဘူး။ လူတွေနဲ့ပတ်သက်ရမှာ ကြောက်လို့ပါ။ အညိုသွားလေရာ ကလေး ရန်လုံ တကောက်ကောက်လိုက်လို့၊ ရန်လုံက အညို့အချ ခွေးလိမ္မာလေးပါ။

အညိုဟာ တောင်ယာမှာပဲ အလုပ်လုပ်ပြီး တောင်ယာမှာပဲ ပြုတ် စားတတ်ပါတယ်။ နွေလယ်၊ နွေခင်း အိပ်တယ်၊ ချောင်စုံတော ကမ်းလုံးညွတ်နေတဲ့ စမ်းချောင်းလေးမှာ ရေချိုးပါတယ်။

တောပန်းလေးတွေပန်ပြီး ချောင်းရေပြင်အထက် ငေါထွက် တဲ့ သစ်မြစ်ဆုံကြီးပေါ်မှာ ထိုင်ပါတယ်။ ငါးမျှားတယ်၊ စိတ်လိုလက် အခါ ကျေးလက်အလွမ်းအဆွေးသီချင်းတွေ ဆိုပါတယ်။

အဲဒါ အညို့ကမ္ဘာပါ..။

၇

အဲဒီနေ့က အညို တောင်ယာကို မသွားဖြစ်ဘူး။ ဖျားလို့ သောက်၊ စောင်ပါးလေးခြုံပြီး အိပ်နေလိုက်တယ်။ အညို အိပ်ပျော် တယ်။ အညိုအိပ်မက်တွေ မက်တယ်။

အိပ်မက်ထဲမှာပေါ့..။ အညို ထန်းတောထဲကို ရောက်နေတ ထန်းရည်အနံ့တွေက ချဉ်စုတ်လို့၊ အမြည်းက ဖားကင်ဟင်း..အိပ် မဟုတ်တာ၊ တကယ်ကြီး။

လှုပတဲ့ အညို့ခန္ဓာကိုယ်ပေါ်မှာ အောင်ဇလရဲ့အဆီပြန်နေ မျက်နှာကြီး ယိမ်းထိုးနေတယ်၊ အညို အသက်ရှူကြပ်လာတယ်၊ မျက် တွေ ပြာလာတယ်၊



"မအော်နဲ့.."

အောင်ဇလက အညို့ရင်ဝကို ဓားနဲ့ထောက်ထားတယ်၊ အညို့ မှာ မျက်ရည်စတွေနဲ့ပါ။ အညို့လက်က ကိုင်းစုတ်ဓားကို စမ်းမိတယ်၊

"လူယုတ်မာ.."

"အား!.."

အောင်ဇလရဲ့အော်သံသည် အမိုးပွင့်မတတ်၊ အောင်ဇလ နား ပ်က တဲပေါ်မှဆင်းပြေးသည်၊ အညို့ခန္ဓာကိုယ်မှာ သွေးတွေ မြင်မ င်း၊ အောင်ဇလရဲ့နားရွက်တစ်ဖက်သည် ကြမ်းပေါ်မှာ၊ အကြော သေး၊ တုန်တုန် တုန်တုန်နဲ့၊

အညို သတိလစ်သွားပါတယ်၊ ကံဆိုးမလေး နေညိုရီရဲ့ကမ္ဘာ မှောင်အတိ၊

၈

ခဏကြာတော့ မေမေခင်ထားသီ ရောက်လာပါတယ်၊

ဖိနပ်မပါ၊ ဆံပင်ဖရိုဖရဲ၊ အသိစိတ်ကင်းမဲ့သော အရူးမကြီးအတိုင်း ဟစ်ငိုယိုနေ၏၊ အညို့ကို တစ်ချက်ကလေး ငဲ့မကြည့်ပါ။

အံ့သြဖို့ကောင်းလိုက်တာ၊ မေမေခင်ထားသီဟာ နှုတ်ခမ်းကို ုမတတ်ကိုက်ကာ အော်ဟစ်ပေါက်ကွဲ ငိုယိုနေ၏၊ သူ့လင် အောင်ဇလ ဓားနဲ့ခုတ်လို့၊ နားရွက်ပြတ်သွားလို့၊ အညို့ကို ဒေါသထွက်နေတာ၊

မေမေခင်ထားသီ အော်ဟစ်ကာ ပြေးဆင်းသွားတယ်၊ အညို တယ်၊ မရဘူး။

"အောင်ဇလ..ရေ"

"အောင်ဇလရဲ့..အီး"

သူ့လင် အောင်ဇလကို အော်ခေါ်နေတာ၊ ခြံထောင့်က ပိတောက် ပင်ကြီးအောက်မှာ အညိုငိုနေမိတယ်၊

"ဝုတ်..ဝုတ်..ဝုတ်"

"ဟင်!.."

အညို့အချစ်တော် ခွေးကလေး ရန်လုံက အညို့ကို ပျောင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အညို ဒေါ်သွားတယ်။

"ကဲဟာ.."

ခဲနဲ့ကောက်ပေါက်လိုက်တာ။

"ကိန်..ကိန်..ကိန်"

☯

မေမေခင်ထားသီဟာ အညို့အပေါ်ဝိုပြီး သူစိမ်းဆန်လာပါ...

မေမေဟာ ငွေငိုင်ငိုင်နဲ့လေ။ သူ့ယောက်ျားအောင်ဗလကို သတိရနေ...

နေမှာပါ။ လူယုတ်မာအောင်ဗလကို မတွေ့ရတာ ကြာပါပြီ။

သူ့အပြစ်၊ သူကြောက်လို့ ပုန်းနေတာနေမှာပါ။ အမေဟာ ...

သိပ်မကပ်တော့ဘူး။ အစားအသောက်မမှန်လို့ ကျန်းမာရေး ချူချာ...

တယ်။ ဖျော့တော့ ပိန်လှီလာတယ်။

အမေ့ကို ဒီလိုမြင်ရတော့ အညို့စိတ်မကောင်းဘူး။ အညို့အ...

တော့ အမေဟာ အမေပါပဲလေ။ အမေကြိုက်တဲ့ဟင်းတွေ အညိုချက်...

တယ်၊ အမေမစားဘူး။ အမေရှိုးဖို့ ရေခပ်ပေးပါတယ်။ အမေက ...

တောင် မသစ်ဘူး။ အမေ..အညို့ကို အမေ့ကျင့်ခဲ့တဲ့ လူယုတ်မာကို ...

ဓားနဲ့ခုတ်တာလေ၊ အညို မှားလား။ အမေ အညို့ဘက်က နားရမှာ...

အညို..အမေ့ကိုသိပ်ချစ်ပါတယ်။

☯

အပျင်းထူတဲ့အမှောင်ထုဟာ အိမ်မပြန်ကြသေးပါဘူး။ တစ်...

အိမ် အိပ်ရာထဲမှ မေမေ့ဟောက်သံသဲ့သဲ့ကို ကြားရသည်၊ အညို့အိပ်...

ထကာ နောက်ဖေးရေကပြင်တွင် မျက်နှာသစ်သည်။

သစ်ရွက်၊ သစ်ခက်စိမ်းစိမ်းတို့တွင် ငြိတွယ်နေသော နှင်း...

လက်တို့ကို ထိတွေ့ဖြတ်သန်းလာသော လေပြေအေးအေးသည် နော့...

ကလေး နွဲ့နေဆဲ။

အညို တောင်ယာဆီသွားဖို့ ပြင်ဆင်သည်။ ဘာကြောင့်မှန်း ...

အညို့ရွာကလူတွေနဲ့ မျက်နှာချင်း မဆိုင်ချင်တော့ပါဘူး။ စကားလည်...





...ချင်တော့ပါဘူး။ ဒါကြောင့် လူတွေမနိုးခင် တောင်ယာကိုသွားတာ၊ ခြံ...

...တ်တော့ ခွေးလေးရန်လုံကို အဖော်ခေါ်ကြပါသေးတယ်။

"ဝုတ်..ဝုတ်..ဝုတ်"

စူးစူးဝါးဝါးကို ဟောင်တာ။

"အု..အု..အူး"

ကျက်သရေမရှိတဲ့ ခွေးအူသံတွေ ပဲ့တင်ရိုက်ကုန်သည်၊ အညို ...ဒေါင်းသွားသည်။

"အစုတ်ပလုပ်ကောင်၊ မလိုက်ရင်နေပေါ့"

ဖန်မီးအိမ်ကလေးကို ကိုင်ဆွဲကာ တောင်ယာသို့ ထွက်လာခဲ့...ည်၊ ပတ်ဝန်းကျင်သည် မှောင်ပိန်းပိန်း။ လမ်းယောင်ယောင်ကလေးကို ...စ်ရပ်မကမြင့်သော ကိုင်းတောက အုပ်မိုးထားသည်။

ဖန်မီးအိမ်မှအလင်းစတို့သည် ကိုင်းတောအုပ်အထက် လျှံတက်...ရှိ၏၊ လေပြေ၏ပလီမှုကြောင့် ကိုင်းတောအုပ်၏ယိမ်းနွဲ့ရယ်မောသံ ...ကြားရပြန်၏။

ဖျင်ကြမ်းအင်္ကျီ လက်ရှည်ပါးပါးလေးကို ဝတ်ထားသဖြင့် အညို ...နေပါတယ်၊ အညို့ နှုတ်ခမ်းရဲရဲလေးတွေမှာလည်း ဆတ်ဆတ်တုန်ခါ...ပါတယ်။

နှင်းရည်စက်လက်တို့ တွဲခိုနေသော မြက်ခင်းစိမ်းညက်ညက်တွေ ...ဖြတ်လျှောက်ရသဖြင့် အညို့ထဘီအနားစတ်စတို့သည် ရွှဲစိုနေပါသည်၊ ...ညို့ခြေသံကြောင့် ဝပ်နေသောငှက်ကလေးများ လန့်ပျံပြေးလေပြီ။

ခပ်ပျပျ ချောင်းရိုးကွေ့ဆီမှာ မော်တော်စက်သံသဲ့သဲ့ ကြားရသည်၊ ...ကုန်စိမ်းသွားပို့သည့် မော်တော်ဖြစ်သည်၊ အညို ဖေဖေ့ကို ဘတ်ကနဲ ...တိရမိပါသည်၊ ဖေဖေက အညို့ကို သိပ်ချစ်တာ။

မြို့သို့ မကြာခဏ ခေါ်သွားတတ်သည်၊ ခေါက်ဆွဲကြော်ကျွေး...ည်၊ ဖာလူဒါ တိုက်သည်၊ ရုပ်ရှင်ပြသည်၊ အဖေ့ကိုသတိရစိတ်ဖြင့် အညို ...က်ရည်ဝဲလာသည်။

ကိုင်းတောလွန်သည်နှင့် နှင်းထုသည် ကွဲလုလု၊ အညို တောင်ယာ ...တဲကလေးကို ဝိုးတဝါးမြင်နေရပြီ၊ မီးအိမ်ကို ငြိမ်းလိုက်သည်။

www.burmeseclassic.com



“ဟင်!..”

လက်ထဲမှ ဖန်မီးအိမ် ပြုတ်ကျသွားသည်။ အညိုရဲ့နှုတ်ခမ်း ကလေးမှာ ကွေးတွန့်ဝိုင်းစက်သွားသည်။ အံ့ဩသွားတာ၊ အညို့တော တဲကလေးမှာ မီးနီးတွေအုနေတာကို။

ဘယ်သူပါလိမ့်။ အညို့ ရင်တွေ ဒိတ်ဒိတ်ခုန်နေပါတယ်။ လူသူ အောင်ဖလလား။ အညို့ကျောတွင် သိုင်းလွယ်ထားသည့် ကိုင်းစုတ် ကို အသင့်ကိုင်ထားလိုက်သည်။ တောင်ယာတဲဆီသို့ တိုးကပ်လာခဲ့

အညို့ ရင်အစုံသည် နိမ့်ချီမြင့်ချီနှင့်၊ တောင်ယာတဲဘေး စိုက်ခင်းဆီသို့ ချောင်းကြည့်လိုက်သည်။

“ဟင်!..”

အညို့ အံ့အားသင့်မှုတို့သည် သွေးပျက်မတတ်၊ စိုက်ခင်း အလုပ်လုပ်နေသော လူတစ်ယောက်၊ ကျောပေးကာ ပေါက်တူး နေတာ။

“ဘယ်သူပါလိမ့်”

အညို့ ဖွဖွကလေးရေရွတ်ကာ တိုးကပ်သွားသည်။ ကိုင်းစုတ် ကြီးကို အသင့်ကိုင်လို့၊ ဓားတစ်ကမ်းစာအရောက် –

“သမီးလေး .. ရောက်လာပြီလား”

“ဟင်!..”

အညို့လက်ထဲမှ ဓားကြီးလွတ်ကျသွားသည်။

“ဖေဖေ ..”

“သမီးလေး”

“ဟို .. ဟိုလေ .. ဖေဖေက သေသွားပြီလေ”

ကိုဘညိုက သဘောကျစွာ ရယ်ကာ –

“ငါ့သမီးလေးအတွက် ဖေဖေက ဘယ်တော့မှ မသေဘူးကွဲ့”

“သမီးတို့ရှေ့မှာပဲ မြေမြှုပ်ခဲ့တာပါ၊ ဖေဖေရယ် ..”

“ဖေဖေ တကယ် မသေပါဘူးကွယ်၊ သတိလစ်ပြီး မှောသွား ပါကွယ်၊ သတိရလာတော့ ကိုယ့်ဘာသာကိုယ် တွင်းကိုယက်ဖယ်ပြီး ကျင်းထဲက ထွက်ခဲ့ရတာ ..၊ ပြီးတော့ မသိစိတ်တွေနဲ့ ယောက်ယက်







ရောက်ရာ၊ ပေါက်ရာ လျှောက်သွားခဲ့ ၊ သတိပြန်ဝင်လာတော့ ဖေဖေ ရွာ ပြန်လာခဲ့တယ်လေ .. သမီးလေး”

“ရှင် .. ဖေဖေ”

“သမီးရဲ့ မေမေက နောက် ဆောင်ပြုလိုက်ပြီလေ”

ဘာပဲပြောပြောလေ၊ အညို့ ပျော်ပါတယ်၊ အညိုတို့ ဝန်းကျင် ရောင်စုံလိပ်ပြာလေးတွေ လူးလွန့်ခဲ့ ၊ အညို့ ရောင်စုံလိပ်ပြာလေး ကို ငေးကာ –

“လိပ်ပြာလေးတွေ .. ဟေး”

အညို့ ကလေးလေးလို ပျော်နေပါတယ်၊ ရင်ထဲမှာ သောကဆိုတာ တော့၊ အညို့ဘေးမှာ ဖေဖေရှိနေပြီလေ၊ ပျော်တာပေါ့၊ ဖေဖေက စမ်း င်းထဲမှာ ငါးဆစ်ဗူးလေးတွေချကာ ငါးဖမ်းသည်၊ အညိုက ထမင်းချက် ၊ သားအဖနှစ်ယောက် ပျော်ရွှင်စွာ ထမင်းစားကြသည်၊ ညနေစောင်း နှင်းတွေဝေနေပါပြီ။

“ဖေဖေ”

“သမီးလေး”

“အိမ်ပြန်လိုက်ခဲ့ ..”

“ဟင်!..”

ဖေဖေ ကိုဘညိုရဲ့မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

“မေမေက သမီးကို စကားမပြောဘူး ဖေဖေရဲ့ ..၊ လိုက်ခဲ့ပါ ဖေဖေ ယ် .. နော်လို့” အညိုက ကလေးတစ်ယောက်လို ဆိုးနွဲ့ကာ ပူဆာသည်။

“သမီးကို ချစ်တယ်ဆို”

“သိပ်ချစ်တာပေါ့ .. သမီးလေးရယ်”

ဖေဖေက နက်ရှိုင်းသောအဝေးတစ်နေရာသို့ ရီဝေစွာ ငေးကြည့် သည်၊ ရောင်စုံလိပ်ပြာလေးတွေကို တွေ့ရသည်၊ ဖေဖေက ပင့်သက်ကို ချ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဖျော့တော့သောလေသံဖြင့် -

"လိုက်ခဲ့ပါ့မယ် . . သမီးလေးရယ်"

☯

မြူနှင်းတို့ဖြင့် ဝန်းကျင်သည် မှိုင်းဖန့်ဖန့်၊ လရောင်သည် သစ်ပင်

သစ်ခက်တို့ကိုတိုးဖောက်ကာ လမ်းယောင်ယောင်လေးအပေါ် ဖြာကျနေသည်။

အညိုတို့သားအဖ ရွာအဝင်ဝ ရောက်ခဲ့ပါပြီ။ ဖေဖေ့ကို ရုတ်တရက်

တွေ့လိုက်တာနဲ့ မေမေ အံ့ဩသွားမှာလား။ ဘာကြောင့်မှန်း မသိ၊ အညို

တွန့်ဆုတ်ဖြစ်နေပါလား။

"အု . . အု . . အူး"

ခွေးအူသံများ ရုတ်တရက်ထွက်ပေါ်လာသည်၊ ပဲ့တင်ထပ်သွား

"ကျက်သရေ ယုတ်လိုက်တာကွာ . ."

ရွာသားများက ခွေးတွေကို တုတ်နှင့်ရိုက်၊ ခဲနှင့်လိုက်ပေါက်ကြ

သည်။ ပွက်လောကိုရိုက်နေတာ။ အညိုက ဖေဖေ့လက်ကိုဆွဲကာ -

"လာလေ . . ဖေဖေရဲ့"

အိမ်ဘက်သို့ လျှောက်ခဲ့ကြသည်။ ခြံဝရောက်တော့ -

"ဝုတ် . . ဝုတ် . . ဝုတ်"

ရန်လိုက ထိုးဟောင်လေတော့၏။ ထိုစဉ်မှာပင် လူတစ်ယောက်

သည် အညိုတို့သားအဖကို တွန်းတိုက်ကာ အိမ်ပေါ်သို့ ပြေးတက်သွားလေ

တော့၏။

လူယုတ်မာ အောင်ဗလပေါ့။ အညိုက ခြံထဲဝင်ရန်ပြင်စဉ် -

"ဓာ . . သမီးလေး"

ဖေဖေက တားသည်။ အိမ်ပေါ်မှ အော်သံဟစ်သံများ ကြားရ

သည်၊ ဘာဖြစ်ကြတာလဲ၊

"မလုပ်ပါနဲ့၊ မမရဲ့ . ."

အောင်ဗလ ငယ်သံပါအောင်အော်ကာ အိမ်ပေါ်မှပြေးဆင်းလာ

သည်၊ လှေကားထိပ် လဲကျသွားသည်၊ အောင်ဗလရဲ့ခန္ဓာကိုယ်မှာ ဒဏ်ရာ

တွေနဲ့၊ သွေးတွေ မြင်မကောင်း၊ ဆံပင်ဖားလျားနှင့် ပြေးလိုက်လာသော





မေမေခင်ထားသီလက်ထဲမှာ သွေးစွန်းနေသော ဂုက်ကြီးတောင်ဓားကြီး၊

မြင်ကွင်းကိုကြည့်ကာ အညို အံ့အားသင့်နေသည်၊ ဘာတွေဖြစ်

နေတာလဲ၊ အောင်ဗလကို မေမေချစ်လို့ ယူထားတာလေ၊ အညို့ဆီက လု

ယူထားတာလေ၊

"မ . . မသတ်ပါနဲ့ မမရယ် . . ကျွန် . . ကျွန်တော်မှားခဲ့ပါတယ်"

ဓားမိုးခံထားရသော အောင်ဗလ၊ ပြေးပေါက်ပိတ်နေသော အောင်

ဗလ၊ တောင်းပန်နေလေ၏၊ မေမေခင်ထားသီက နာကျည်းသံကြီးဖြင့် -

"လူယုတ်မာ . . တိတ်စမ်း"

မေမေခင်ထားသီသည် အရူးတစ်ယောက်လို ဟားတိုက်ရယ်

လေ၏၊ အညိုတောင် ကြောက်တယ်၊

"အောင်ဗလ"

အောင်ဗလသည် အသားတွေ ဆတ်ဆတ်တုန်နေ၏၊

"မကောင်းတာမှန်သမျှ အကုန်လုပ်တဲ့ ငရဲကောင် . . အကုသိုလ်

ကောင် . . နင့်လိုခွေးကောင်နဲ့ ငါ့သမီးလေးကို သဘောတူစရာလား . . ဟဲ့၊ ငါ့

သမီးလေးရဲ့အမုန်းကိုခံပြီး နင့်ကိုငါ ယူခဲ့တာဟဲ့"

မေမေခင်ထားသီက အောင်ဗလရဲ့မေးဖျားကို ဓားသွားဖြင့်မသည်၊

"ချစ်လို့ထင်လား၊ နွားရဲ့ . ."

မေမေခင်ထားသီ အငိုကနဲ့ရှိုက်သည်၊

"လုပ်ရက်တယ် အောင်ဗလရယ် . .၊ သမီးလေးက ငါ့ကို အမုန်း

တွေနဲ့ ထားရစ်ခဲ့ပြီ ဟဲ့ . . အဟင့်"

"ဟင် . ."

အညို ဇတ်ကနဲတုန်သွားတယ်၊ မေမေ ဘာတွေပြောနေတာလဲ၊

အညို ခြံဝမှာရပ်နေတာလေ၊ အညို မေမေ့ကို မမုန်းပါဘူး၊

"မေမေ"

အညို့ခေါ်သံကို မေမေဘာလို့ မကြားတာလဲ၊

"ခွေးထက်မိုက်တဲ့ အယုတ်တမာကောင်၊ ငါ့သမီးလေးကို နင်မို့

သပ်ရက်တယ်၊ အဓမ္မကျင့်ပြီး သတ်ပစ်ခဲ့တာလေ၊ အယုတ်တမာရဲ့ . . အီး

. . ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ! .."

အညိုဇေါင်းထဲ မိုက်ကနဲ။ အညို အသက်မရှုရပါဘူး။ မသေပါဘူး

မေမေရယ် ..။ မေမေ မမြင်ဘူးလား။ အညို ဒီမှာ ရပ်နေတာလေ ..။ အညို

လေပြီ"

"ခွေးကောင် .. ကဲဟာ .."

"အား ! .."

မေမေ့ဓားချက်တွေအောက်မှာ အောင်ဗလ အသက်ပျောက်

လေပြီ။

"သ .. သမီးလေး .. အညို"

"နေညိုရဲ့ .. မေမေ့သမီးလေး ..၊ မေမေ့ကို စောင့်ပါဦးကွယ်"

မေမေ ခင်ထားသီ အမှောင်ထဲသို့ ပြေးထွက်သွား၏ ၊

အဖြစ်အပျက်တို့က မယုံနိုင်စရာ။

"ဒါ .. ဒါဆို .. သ .. သမီးက .."

ဖေဖေက အညို့ကို ကြင်နာစွာထွေးဖက်ကာ -

"ပြန်ကြပါစို့ .. သမီးလေးရယ်"

သားအဖနှစ်ယောက် ရွာအပြင်အမှောင်ထုဆီသို့ လျှောက်လာ

ကြသည်၊ ခွေးကလေးရန်လုံ့၏ဟောင်သံသည် တိုး၍တိုး၍ ကျန်ရစ်ခဲ့သည်။

နေညိုရဲ့ အိမ်ပြန်ရွာလေပြီ ..။





# INTERNATIONAL JOKE

# နိုင်ငံတကာမှ ဂမ္ဘီရဟာသများ

စိန်ဝင်းမော်

## သေရောပဲ။ ။



လူတစ်ယောက်သည် နတ်ပြည်သို့ ရောက်သွားခဲ့လေရာ တာဝန်ကျ နတ်သားက မေးသည်။

"ဘာတွေလုပ်ခဲ့လို့ ဒီကို ရောက်လာတာလဲ"

"ဒီလိုခင်ဗျ၊ ကျွန်တော်က ရဟတ်ယာဉ် အမောင်းသင်နေတာပါ၊ ရက်အတန်ကြာတော့ ဆရာ မပါတဲ့ ကျွန်တော်တစ်ယောက်တည်း သပ် မောင်းနင်ခွင့်ရခဲ့ပါတယ်။ ရဟတ်ယာဉ်က အမြင့်ကို ပျံ၍ ပျံ၍ တက်သွားခဲ့ပါတယ်။

ဒီလိုနဲ့ အတော်မြင့်မြင့်ကိုလည်းရောက်ရော အရမ်းချမ်းလာပါတယ်၊ ဒါနဲ့ ကျွန်တော်က မျက်နှာကြက်ပန်ကာကို ပိတ်လိုက်မိတာပါ"

www.burmeseclassic.com



## ယယ်ယယ်လေး လိုချင်ဦး



အသက်(၆၀)ကျော် လင်မယား ... ယောက်က သူတို့၏နှစ်(၄၀)မြောက် မင်္ဂလာ နှစ်လည်ပွဲကို တိတ်ဆိတ်ပြီး ကဗျာဆန်သော စားသောက်ဆိုင်လေးတွင် ကျင်းပလျက် ... သည်၊ ရုတ်တရက် လှပသော နတ်သမီးလေး တစ်ပါးပေါ်လာကာ ပြောသည်၊

"စံနမူနာပြု လင်မယားနှစ်ယောက် ... အနေနဲ့ ယခုတိုင် ချစ်ချစ်ခင်ခင် နေထိုင်လာခဲ့တဲ့အတွက် တစ်ဦးချင်း ... လိုရာဆု တစ်ခုစီပေးမယ်"၊ ဇနီးက "အို .. ကျွန်မရဲ့ချစ်လင်နဲ့ ကမ္ဘာတစ်ပတ် ... ခရီးသွားချင်တယ်" ဟုပြောသည်၊ နတ်သမီးလေးက သူမ၏ဆေးကြိမ် ... လေးကိုဝှေ့ရမ်းလိုက်ရာ ဖိမ်ခံအပျော်စီးသင်္ဘောလက်မှတ်နှစ်စောင် ... သည်လက်ထဲသို့ ရောက်ရှိလာသည်၊ ခင်ပွန်းဖြစ်သူက ခေတ္တစဉ်းစား...

"အင်း .. ကြည်နူးဖွယ်ရာပါပဲ၊ ဒါပေမယ့် ဒီအခွင့်အရေးမျိုး ... နောက်တစ်ကြိမ်ရမှာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်ရဲ့ဆုတောင်းက ... ကိုယ့်ထက် အသက်(၃၀)ငယ်တဲ့ ဇနီးတစ်ယောက်ရချင်တယ်" ဇနီး... နတ်သမီးလေးတို့နှစ်ဦးမှာ လွန်စွာစိတ်ပျက်သွားကြသည်၊ ဆုတောင်း... ဆုတောင်းပင်၊ သို့နှင့် နတ်သမီးလေးက ဆေးကြိမ်လုံးကိုဝှေ့ရမ်းလိုက်ရာ... အလို! .. ခင်ပွန်းသည်မှာ အသက်(၉၂)နှစ်အရွယ် ဖြစ်သွားပါလေရော

## ဒီအသံပါပဲ

အသွားအဒိုဝ်၏အသုဘအခမ်းအနား ပြီးဆုံးလုလုတွင် ကျယ်လောင် ... မြည်ဟီးသော မိုးခြိမ်းသံများ၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်ပြီးနောက် ... ကျယ်လောင်သော မိုးခြိမ်းသံများ ထွက်ပေါ်လာခဲ့၏၊ အခမ်းအနားကို ဦး... ကျင်းပပေးနေသည့် ကြောက်ရွံ့တုန်လှုပ်နေသူ သင်းအုပ်ဆရာအား အသွား... ၏ခင်ပွန်းဖြစ်သူက ကောင်းကင်ပေါ်သို့ လက်ညှိုးညွှန်လျက် -

"အင်း .. ဒီအသံပါပဲ၊ အဲဒီမှာ သူရောက်နေပါပြီ" ဟုပြောလိုက်သည်





## ဒီဘဝ ဒီမျှသာ



အသုဘတစ်ခုတွင် ဘုရားရှိခိုး ...ကျောင်း၌ ဝတ်ပြုဆုတောင်းပြီး အခေါင်း ...ခမ်း၍ သယ်ထုတ်လာကြစဉ် မတော် ... တံခါးနံရံနှင့်တိုက်မိ၏၊ အခေါင်းတွင်း ...သည်၊ သံသဲ့သဲ့ ကြားရသည်၊ အဖုံးကို ...ကြည့်ကြရာ အထဲကလူမှာ အသက်ရှင် ...ရှိကြောင်း တွေ့ရသည်၊ ၎င်းက နှစ် ...လာကာ နောက်ထပ်ဆယ်နှစ်မျှ နေ ...ခဲ့ပြီးမှ သေဆုံးခဲ့သည်၊

နောက်တစ်ကြိမ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းကြပြန်ကာ ...ခေါင်းကို သယ်ထုတ်လာကြ၏၊ တံခါးဝအနီးသို့ ရောက်သောအခါ သေဆုံး... ဇနီးက ထိုင်နေရာမှခုန်၍ထလာပြီး အော်ပြောလိုက်သည်မှာ -

"နံရံကို သတိထား"

## တမလွန်ဘဝမှ ချစ်သူအတွက်

သေလုမျောပါးဖြစ်နေသော ကပ်စေးနှဲသူဌေးကြီးက သူ့ဇနီးကို ...ပြောကြားနေသည်၊ "ငါသေသွားရင် ဒီငွေတွေအားလုံးကို ယူသွားချင်တယ်၊ ...တော့ ငါ့အခေါင်းထဲကို ထည့်ပေးလိုက်ပါမယ်လို့ ကတိပေးစမ်းပါ"

သူဌေးကြီးသေဆုံးသွားသောအခါ မုဆိုးမက အခေါင်းကို မပိတ်မီ ...သေတ္တာငယ်လေးတစ်ခုကို ထည့်ပေးလိုက်သည်၊ သူမ၏ငယ်ပေါင်း ...ဆွေက အံ့အားသင့်လျက် မေးသည်၊

"နင်ငွေတွေကို ထည့်မပေးလိုက်ဘူး မဟုတ်လား"

"ငါ သူ့ကို ကတိပေးထားတယ်လေ၊ အဲတော့ ငွေတွေကို အကုန် ...ပြီး ငါ့ဘဏ်စာရင်းထဲကို ထည့်လိုက်တယ်၊ ပြီးတော့ သူ့အတွက် ...လက်မှတ်တစ်စောင်း ရေးပေးလိုက်တယ်၊ အဲဒီ ချက်လက်မှတ်နဲ့ငွေ ...လို့ရရင် သူသုံးတော့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



# အချစ်ဆိုသော ထိုအရာ

တိုးထက်

ချစ်သောက အပူမီးနှင့်ရက်စက်စိတ်ကြောင့် စိမ်းကားသွားခဲ့လေသူ
ချစ်သူဟောင်းအားသတ်ချင်နေသော ခေတ်လူငယ်တစ်ယောက်၊
ဘကြီးကျော်စွာ၏ ရှေးဟောင်းချစ်ပုံပြင်လေးကြားမိသောအခါ..။







www.burmeseclassic.com

www.burmeseclassic.com





➤ ➤ ➤

ကျွန်တော့်ချစ်သူဟောင်း...
လည်း ဝေ့မယူချင်တော့ပါဘူး။ အ...
ကျွန်တော် လတ်တလောလုပ်ရမှာ...
ကျွန်တော့်မေမေကို စိတ်ချမ်းသာ...
ကိုယ်ချမ်းသာထားဖို့ပဲ မဟုတ်လား...
မေမေ့ကို ကျွန်တော့်အသက်ထက်...
ပြုစုစောင့်ရှောက်သွားပါ့မယ်လို့ ဘုရား...
ကို ကတိပြုပါတယ် ခင်ဗျာ"

အချစ်ဆိုသော ထိုအ...

"ကွမ်းခြံကုန်း" ဟု အမည်နာမခေါ်တွင်သည့် မြို့ကလေး... ကျွန်ုပ်မမျှော်လင့်ဘဲ ရောက်ရှိခဲ့ပါသည်။ ထိုမြို့ကလေးတွင် ကျွန်ုပ်မိခင်၏ အစ်ကို၊ ကျွန်ုပ်၏ဘကြီးတစ်ဦး ရှိပါသည်။ ကျွန်ုပ်က "ဘကြီးကျော်ရွှေ" ဟု ငယ်စဉ်ကပင် ခေါ်ဝေါ်ခဲ့သည်။ ဘကြီးကျော်ရွှေမှာ ကျွန်ုပ်ငယ်စဉ်ကတည်း... ကပင် ရန်ကုန်မြို့ စမ်းချောင်းရပ်ရှိ ကျွန်ုပ်အိမ်သို့ မကြာခဏ အလည် ရောက်လာလေ့ ရှိခဲ့ပါသည်။

အိမ်သို့ရောက်ရှိလာတိုင်းလည်း ဘကြီးသည် ကျွန်ုပ်အား... ချော့မြှူးခဲ့သည်များကို အမှတ်ရမိဆဲပင် ရှိပါ၏။ ဘကြီးကျော်ရွှေမှာ ... ခြောက်၊ ငါးခြမ်းများကို ရန်ကုန်တက်၍အရောင်းအဝယ်လုပ်ရင်းဖြင့် ကျွ... တို့နှင့်အဆက်အသွယ် မပြတ်ခဲ့။

သို့ရာတွင် ကျွန်ုပ်၏မိခင်မှာ အဘယ်အကြောင်းကြောင့်... တော့ မသိ၊ ထိုစဉ်ကတည်းကပင် ဇာတိမြေကွမ်းခြံကုန်းသို့ ပြန်လည်... ခြေဦး မလှည့်ရှာလေတော့၊ ထို့ကြောင့် ကျွန်ုပ်သည်လည်း ကွမ်းခြံကုန်း... တစ်ခေါက်တစ်ခါမျှပင် မရောက်ရှိဘူးခဲ့ပါ၊ ဘကြီးကျော်ရွှေခေါ်သည်တိုင်... အမေကကျွန်ုပ်အား မထည့်ခဲ့။





ယခုမှုနှစ်တွေလည်း အတော်ပင် ဩောင်းခဲ့လေပြီဖြစ်သောကြောင့် ...၏ဘကြီးလည်း ရန်ကုန်သို့ တက်မလာနိုင်တော့။ စင်စစ် အသက်(၇၀) ...သောအရွယ်သည် ဇရာထောင်းသည့်အရွယ်ပင် မဟုတ်ပါလား။ ဘကြီး ...သခင်ကလိုစိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပါချေ။

ကျွန်ုပ်မှာကား ယခုအခါတွင် အရွယ်ရောက်ခဲ့ပြီဖြစ်သည်။ ဆယ် ...တန်းစာမေးပွဲပင်အောင်မြင်၍ ပြီးခဲ့ပြီ။ ကျွန်ုပ်၏အသက်အရွယ်မှာ(၂၀) ...ပြည့်တတ်သေးသည် မဟုတ်။ သည်အရွယ် သည်အသီမှာပင် ကျွန်ုပ်၏ ...သားမှာ တစ်စစီ ပဲ့ကြွေခဲ့ရပါ၏၊ အသည်းများ ကွဲကြေခဲ့ရပါ၏။ ကျွန်ုပ် ...ရည်ငံလျက်ရှိနေသည့် ကျွန်ုပ်၏ချစ်သူ မိန်းကလေးမှာ ကျွန်ုပ်အား ...ကြောင်းမဲ့စွာပင် စိမ်းကားရက်စက်ခြင်းကို ကျွန်ုပ်ကြုံတွေ့ခံစားခဲ့ရသည်။

ထိုအခါ သောကအပူသည် ရင်နှင့်မဆံ့တော့ ရက်စိတ်မွှန်ကာဖြင့် ...း ထိုမိန်းကလေးအား ဓားဖြင့်နတ်နတ်မွှန်းကာ သတ်ဖြတ်ချင်သည့် ...နိုင်း စိတ်မိုက်တွေ ကျွန်ုပ်မှာ ပေါ်ပေါက်လာခဲ့ရ၏။

ထိုအခြင်းအရာကို မိခင်ဖြစ်သူကရိပ်စားမိ၍ ကျွန်ုပ်အား ယခုလို ...ခြံကုန်းရှိ ဘကြီးကျော်ရွှေထံသို့ ကိုယ်တိုင်ကိုယ်ကျလိုက်ပါ ပို့ဆောင် ...ခြင်းပင် ဖြစ်တော့သည်။ မြို့ကလေးကို ငေးမောတွေဝေစွာဖြင့် ကျွန်ုပ် ...ကြည့်ဖြစ်ပါ၏။ ကွမ်းပင်၊ အုန်းပင်များဖြင့် ရိပ်ရိပ်ဆိုင်းဆိုင်းရှိကာ ...သာမိန်းမောဖွယ်ကောင်းလှသည့် မြို့ကလေးဆိုတာ ကျွန်ုပ်နားလည် ...ခံလိုက်သည်။

ပတ်ဝန်းကျင်ဒေသ၏ပြောင်းလဲသွေးဆောင်မှုများကြောင့် ကျွန်ုပ် ...ထဲမှ သောကဝေဒနာသည်ပင် တစ်ဝက်လောက်နိမ့်ဆင်းသွားရသည် ...ကျွန်ုပ်မှတ်ယူခံစားမိ၏ ၊ ဘကြီးကျော်ရွှေ၏အိမ်မှာ ကွမ်းခြံကုန်းဈေး၏ ...နားတွင်ရှိနေပြီး ခြံကြီးဝင်းကျယ်သီးပင်၊ စားပင်တို့ဖြင့် စိမ်းလဲ့မှောင်ရီ ...သည်ကို ကျွန်ုပ်တွေ့ရ၏။

နှင်းဆီစိုက်ခင်းများ၊ ဂန္ဓမာစိုက်ခင်းများကိုလည်း လှမ်းမြင်ရ ...၊ ခြံ၏အလယ်ခေါင်လောက်တွင် ဘကြီးကျော်ရွှေ၏ခြေတံရှည်အိမ် ...လေး ..။

ဘကြီးမှာ ဝရံတာတွင်ထွက်ရပ်လျက်ရှိရာမှ ကျွန်ုပ်တို့...အား အမိ...



www.burmeseclassic.com

www.burmeseclassic.com



နစ်ယောက်ကို မြင်တွေ့သွားပြီးလျှင် -

"ဟယ် .. မိစမ်းမြတို့သားအမိ၊ လာကြ ... လာကြ၊ ငါ ... လျှမ်းတာတော့ မဟုတ်ပါဘူးနော်၊ ဘယ့်နယ့် .. မလာစဖူး၊ အလာ ... ရှည်လား"

"အစ်ကိုကျော်ရွှေရဲ့ တူတော်မောင်လေ .."

အမေက ထိုသို့စကားရိုးရင်းအိမ်ပေါ်သို့ဦးဆောင်ကာ လှမ်း... သွားသည်။ ကျွန်ုပ်ကနောက်မှကပ်ကာ ခပ်ကုပ်ကုပ်လေးပါသွား...

"ကဲ .. ထိုင်ကြ၊ ထိုင်ကြ၊ အမောပြေ ရေနွေးသောက်ကြဦး"

"ဟုတ်ကဲ့ ... အစ်ကို"

တအောင့်လောက်ကြာမှ ဘကြီးကကျွန်ုပ်အား လှမ်းအ... ကြည့်ရှုကာ -

"ဒီကောင် ဝေါ့၊ ဘာဖြစ်တာလဲ၊ စမ်းမြ .. ပြောစမ်းပါဦး"

အမေက သောက်လက်စရေနွေးကြမ်းပန်ကန်ကို အသာ... လိုက်ပြီး -

သူ့ရည်စား သူများနဲ့တွဲနေတာတွေ့ပြီး ရန်ရှာမယ်တတဲ့ ... နေလို့အစ်ကိုရဲ့ ..၊ ဒါကြောင့် သူ့ကို လာအပ်ရတာ၊ အစ်ကို ကြည့်... ပါဦး။ ကျွန်မလည်း သိပ်အားတာမဟုတ်တော့ မနက်ဖြန်မနက် ပြ... အစ်ကို၊ သူ့ကိုတော့ ဒီမှာပျော်သလောက်နေစေပြီး အသားကျ... လိုက်ပါ အစ်ကို"

ဘကြီးက ကျွန်ုပ်မိခင်၏ပြောပြသည်များကို ခေါင်းလေး... ၍ နားထောင်ပြီး တဟားဟားဖြင့် အော်ဟစ်ရယ်မောနေလေသည်။ ... တော့မှ -

"ဩော် .. ဝေါ့၊ ဝေါ့ .. အသည်းကွဲ ချစ်ဝေဒနာသည်... နေတာကိုးကွ၊ အေးပေါ့လေ၊ ဒီအရွယ်ဆိုတာကလည်း အချစ်ကို... ကြည့်တတ်တဲ့ အရွယ်ပေကိုး၊ ဒီလိုပေါ့လေ၊ အစကနဦးဆိုတော့... အခံရခက်ပေမပေါ့၊ "ရည်းစားလူလု အူနကျွဲခတ်" ဆိုတာ သိပ်အ... လှပေမပေါ့၊ ဟုတ်လား .. ဝေါ့ .. ဟား .. ဟား .. ဟား"

ကျွန်ုပ်မှာ ရှက်စိတ်ဖြင့်မျက်နှာကိုငုံ့ကာ မျက်လွှာကိုချ...



...ကိုလည်း ဘာစကားတစ်ခွန်းမှ ပြန်မပြောဖြစ်သေး။

"နင်တို့သားအမိ နားကြဦး၊ စမ်းမြ .. ငါနင်တို့အတွက် ညနေစာ ...င်းလိုက်ဦးမယ်"

"ဟုတ်ကဲ့ .. အစ်ကို"

ဘကြီးကျော်ရွှေ အိမ်ခန်းအတွင်းသို့ ဝင်ရောက်သွားလေသည်။

(၂)

နောက်တစ်နေ့ မနက်စောစောအ၌ ကျွန်ုပ်မိခင်မှာ ရန်ကုန်သို့ ပြန် ...လေသည်၊ ကျွန်ုပ်တစ်ယောက်တည်း ဘကြီးကျော်ရွှေ၏ခြံတွင် ခေါင် ...ဖြင့် ကျန်ရစ်ခဲ့ရ၏။ ဘကြီးကလည်း သူ့ခြံအလုပ်နဲ့သူ တစ်နေကုန် ...ပ်သည်ဟု၍ ကျွန်ုပ်မတွေ့ရ၊ ကျွန်ုပ်မှာလည်း မနေသာတော့ဘဲ ...၏ အလုပ်များကို ဝင်ရောက်ကူညီရလေသည်။

ဘကြီးကျော်ရွှေမှာလည်း ကျွန်ုပ်ကိုကြည့်ကာ ကျေနပ်နှစ်သိမ့် ...ရှိနေပေတော့သည်၊ ညစာစား၍ ပြီးသည်တွင် ဘကြီးနှင့်ကျွန်ုပ်တို့ ...ကွပ်ပျစ်လေးတစ်ခုမှာ ရေနွေးကြမ်းအိုးတစ်အိုးဖြင့် ထိုင်ဖြစ်ကြသည်၊

ဘကြီးက ရေနွေးကြမ်း ငုံ့သောက်လိုက်၊ ဆေးတံအိုကြီးကို ခဲ ...ဖြင့် ဖိမ်တွေ့နေပုံရ၏။ ကျွန်ုပ်မှာလည်း ဘာကြောင့်ရယ်မသိဘဲ၊ ...ရန်ကုန်က ချစ်သူရည်းစားဟောင်းလေးထံပြန်လည်၍ စိတ်ရောက် ...သည်၊ သူ၏ချစ်စဖွယ်ရာကောင်းသည့် မျက်နှာလေးကိုလည်း ကျွန်ုပ် ...အိမ်မှာ တဖျတ်ဖျတ်ဖြင့် မြင်ယောင်လာပြန်၏။

"နေပါဦး ငါ့တူကြီးရဲ့ ..၊ မင်းကို ဘကြီးတစ်ခုတော့ မေးကြည့်ချင် ...တယ်"

ဘကြီးကျော်ရွှေက ထိုသို့ပြောလိုက်သည်တွင် ကျွန်ုပ်က -

"ဟုတ်ကဲ့ .. ဘကြီး"

"မင်းချစ်သူကို မင်းရဲ့အသက်နဲ့ထပ်တူ ချစ်နိုင်ပါ့မလားကွ"

"ခင်ဗျာ .."

"သဘောကကွာ .. သူ့အတွက် မင်းအသက်ကို ပေးရဲပါ့မလား၊ ...ာ .. အသေခံရဲပါ့မလား၊ ဘဝကို စွန့်ပစ်နိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com





ကျွန်ပ် ဘကြီးကျော် အဖြေမပေးနိုင်၊ နှုတ်ဆွံ့နေမိ၏။

"ရှေးတုန်းက ချစ် ဟာ တစ်ဦးနဲ့တစ်ဦး၊ တစ်ယော တစ်ယောက်ပေးပြီး ချစ်ခဲ့ကြ ပြီးတော့ .. သစ္စာလည်း နိုင်ကြ တယ်"

ကျွန်ပ်သည် ဘကြီး လူပျိုကြီး၏ အချစ်နှင့်ဆက်နွ သက်သည့် အတွေးအခေါ်များ ပြီး ကျွန်ပ်အံ့အားသင့်နေမိသည်။

"အေး .. မင်းတို့ခေတ် ကျတော့ ဒီလိုမျိုးတွေ မရှိကြတော့ပါဘူးကွာ၊ ဒီတစ်ယောက်တို့ တော့ နောက်တစ်မျိုး စမ်းပြောင်းချင်ကြတယ်ဆိုတာလိုပေါ့ကွာ ဟား .. ဟား .. ဟား"

ပြောပြီး ဘကြီးကျော်ရွှေ ရယ်မောလိုက်သေးသည်၊ စကားဆက်ပြောသည်၊

"အချစ်ကိစ္စမှာ သူကြင်မှ ကိုယ်ကြင်ပေါ့ကွ ငတိုးရ၊ ဘာ လဲ .. ဒါနဲ့ပတ်သက်ပြီး စံစားပေါက်ကွဲနေရင် အရှုံးပေါ့ကွာ"

"ဟုတ်ကဲ့ .. ဘကြီး"

"အေး .. ဒါပေမယ့် အခုလိုကြုံတုန်းမှာ ငါတူကြီးကို ပုံပြင် တစ်ပုဒ်တော့ ပြောပြချင်သေးတယ်"

"ဘာပုံပြင်လဲ .. ဘကြီး"

"ချစ်ပုံပြင် အလွမ်းဇာတ်လေးတစ်ခုပေါ့ကွာ၊ ဒီဇာတ်လ ကြာတော့ ကြာခဲ့ပြီကွ၊ ဟိုးနှစ်ပေါင်း ရာထောင်လောက်ဆီက .."

"ဟုတ်ကဲ့ .. ဘကြီး"

"ဒီလို ငတိုးရ ... တစ်ခါတုန်းကပေါ့ကွာ၊ ဗာရာဏသီ တိုင်းပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ်အခါကာလကပေါ့ ..."



ဘကြီးကျော်ရွှေမှာ သူ၏ချစ်ပုံပြင်လို လွမ်းသံရော၍ ပြောပြနေ တော့သည်။

(၃)

"ဘောဂဝတီ" ဟု ခေါ်တွင်သည့် ဇနပုဒ်ရွာကလေးတွင် သတင်း တစ်ခုကြောင့် ရွာသူ၊ ရွာသားအပေါင်းတို့မှာ အုန်းအုန်းကျွတ်ကျွတ် အော်သောင်းနင်း ဖြစ်နေလျက်ရှိကြသည်။

ရွာဦးထိပ်ရှိ နားနားနေနေ နေထိုင် အတွက် ဆောက်လုပ်ထားသည့် ဇရပ် တစ်ခုပေါ်တွင် လုံမပျိုရွယ်တစ်သင်း သည် အချင်းချင်း စကားတွတ်ထိုးလျက် ကြ၏။

လုံမပျိုများထဲမှ တစ်ယောက်သောသူကို ဘုရင်မင်းမြတ် မပိုက်မသုန်ဖြင့် ကြည့်နေမိသည်။ ထိုမိန်းကလေးမှာ အရုပ်အမောင်း ကောင်း၏။ ကိုယ်ခန္ဓာဖွံ့ ဖွံ့ ဖြိုးဖြိုး ရှိ၏။ အသားအရေက ဝင်းဝင်းလဲ့လဲ့ ရွှန်းရွှန်းစက်စက်ရှိသည်။

"ဟဲ့ ... နင်တို့ကြားတဲ့သတင်းက န်တကယ်ပဲလား ဟဲ့ ..၊ ထွေးစိန်ရဲ့ .."

"ရော .. ခက်ပါဘိ ရှင်အုန်းမယ် ..၊ ကျားကိုက်ပါတယ်ဆိုမှ အပေါက် နဲ့ လားလို့ မေးနေရသေးတယ်"

"နေဦးဟဲ့ ..၊ ဒီသတင်းကိုရော ကာယကံရှင် မယ်နလေးက သွားပြီလား"

"စောစောလေးက ထွေးစိန်တို့ မယ်နအိမ်ဘက်က ပြန်လာကြ ာ့ မယ်န မရှိဘူးတဲ့၊ လယ်ထဲ စပါးသွားရိတ်နေသတဲ့"

"အေးဟယ် .. ဒို့မယ်နလေး သနားပါတယ်"

ဘောဂဝတီ၏လုပျိုဖြူတို့မှာ တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံ ဝဇန်ပြောဆိုနေကြသည်။

"ဘုရင်မင်းမြတ်ကလည်းဟယ် .. သူ့မှာ ဒီလောက်တောင်မောင်းမ များပြားနေလျက်နဲ့ မယ်နလေးကို တော်ကောက်ရတယ်လို့ဟယ်"

"ဟဲ့ .. အောင်မယ်လေး၊ မိရွှေသွယ် .. ညည်း ပါးစပ်ပိတ်ထား ရာယ်များလှပါဘိတော့၊ ဘုရင့်အမှုထမ်းတွေကြားသွားလို့ မင်းအ်သင့်

www.burmeseclassic.com





နေဦးမယ်"

"ဘွား.. ဘွား.. ငါသတိ ...
လွတ် ဖြစ်သွားမိတယ်"

အပျိုမတို့ မျက်နှာမ ...
ကြ၊ သူတို့၏အဖော် မယ်န တော် ...
စံရခြင်းအပေါ် ဘဝင်မကျကြပါ ...

ဘုရင်မင်းတရားကြီး ...
တိုင်းခန်းလှည့်လည်ရင်းဖြင့် ...
ကျေးရွာလေးကို ရောက်ရှိလာခဲ့ ...
ထိုကျေးရွာလေးတွင်ဘုရင်မင်း ...
ခေတ္တခဏ နားတော်မူသည်၊ ထို ...
ကျေးရွာရှိ လူကြီးသူမများနှင့် ကျေး ...
ရွာသားများသည် ဘုရင်မင်းမြတ်အားစောင့်ကြရင်းဖြင့် ဘုရင့်နှင့် ...
လိုက်နောက်ပါတို့ စားတော်ခေါ်နိုင်ရန်အတွက် အလုပ်အကျွေးပြုရ ...

ဟင်းကောင်း၊ ကျွေးကောင်းများ ချက်ပြုတ်စီမံကြရသည်၊ ဘု ...
မင်းမြတ်သည် ယာယီ သလွန်ညောင်စောင်းတွင်အနားယူနေရာမှ ...
လုပ်ကိုင်သွားလာနေသည့် လုံမပျိုများကို လှမ်းကြည့်ရှုနေ၏၊ ထိုလုံ ...
များထဲမှ တစ်ယောက်သောသူကို ဘုရင်မင်းမြတ် မမှိတ်မသုန်ဖြင့် ...
နေမိသည်၊ ထိုမိန်းကလေးမှာ အရပ်အမောင်း ကောင်း၏၊ ကိုယ်ခန္ဓာ ...
ဖြိုးဖြိုး ရှိ၏၊ အသားအရေက ဝင်းဝင်းလဲ့လဲ့ ရွှန်းရွှန်းစက်စက်ရှိသည် ...

လှပ်ရှားပုံလေးများက ဆင်မယဉ်သာသဖွယ် စွဲမက်စရာ ...
ချင်စရာ ကောင်းလှသည်၊ မျက်နှာအလှကိုကြည့်မိပြန်တော့လည်း ...
မျိုးမှည့်မထင်ဟုခေါ်ရမည့် အလှမျိုး၊

ကော့ကော့ရွှန်းရွှန်း မျက်တောင်၊ စင်ရော်တောင်ပံ မျက်ခုံး ...
ကွေးများအောက်မှ သောက်ရူးကြယ်ညီနောင် မျက်လုံး၊ ချွန်ချွန်မြမြ နှာ ...
လေးကိုင်းသဖွယ် နီနီစွေးစွေး စပ်စုစုနှုတ်ခမ်းများကို သတိပြုမိ၏၊ အ ...
ကလည်း နုပျိုလွန်းလှပါ၏၊ တကယ်ပင် ရွှေရင်ဖုံးတို့ မဖုံးတို့အရွယ် ...

ဒင်းကလေးဟာ အဖိုးဆိုလို ယင်ဖိုတောင် မသန်းဖူးသေးလော ...



... ဘုရင်မင်းမြတ်မှတ်ထင်လိုက်သည်၊ ကြည့်နေရင်းပင် ဘုရင်၏ရင်တွေ
... ခုန်လာသည်၊ မျက်လုံးတွေလည်း ပြာဝေလာ၏၊ ပြီးတော့ -

... သူ ဒိန်းဒလိန်းနတ် ဖမ်းစားခံရပြီကော၊ ဘုရင်မင်းမြတ်က
... ရွာလူကြီးများကို ရှေ့တော်မှောက်သို့ ချက်ချင်းခေါ်ဆောင်ကာ မေး
... စုံစမ်းသည်၊

"အဲဒီကောင်မလေးက ဘယ်သူလဲကွဲ့..၊ အသာမိကောလား၊
... မိကောလားဆိုတာ ဖြေဆိုကြစမ်းပါဦး"

ရွာလူကြီးတို့က ရိုသေဝပ်တွားစွာစားရင်းဖြင့် မဆိုင်းမတွပင် ဖြေဆို
... လျှောက်တင်ကြသည်၊

"မှန်လှပါ အရှင်မင်းမြတ်ဘုရား ..၊ ထိုမိန်းကလေးသည် ဘုန်း
... တော်ကြောင့် လင်ယောကျ်ားမရှိကြောင်းပါ ဘုရား"

"အိမ်း .. သင့်မြတ်လှပါပေတယ်ကွယ်၊ ငါကိုယ်တော်မြတ် သူမ
... မြင်မြင်ချင်း ချစ်ခင်စုံမက်စွဲလမ်းလွန်းသည်ဖြစ်၍ တော်ကောက်တော်
... ယ် ဗျာ"

"သင့်မြတ်လှကြောင်းပါ ဘုရား"

"အဲ့သဟာဖြင့် အဲဒီမိန်းကလေးရဲ့အိမ်ရှေ့မှာ ငှက်ပျောပင်စိုက်၊
... ခြင်း၊ ရာဇမတ်ကာထားကြပေတော့ ဗျာ၊ ငါကိုယ်တော်မြတ် တိုင်းခန်း
... လည်အပြီးမှ ပြန်လည် ကြွရီးတော်မူကာ သိမ်းပိုက်တော်မူမည်ဗျာ"

"သင့်မြတ်လှကြောင်းပါ ဘုရား"

"အိမ်း ... အိမ်း ... သင်တို့သည် ဆုတော် လာဘ်တော်တွေ ရရှိ
... မှာပါ"

"မှန်လှပါ ဘုရား"

၆

"ဟင် ... ဒါက ဘယ်လိုတွေဖြစ်နေရတာလဲ"

နေဝင်ရီးရီအချိန်လောက်တွင် လယ်တောမှပြန်လာသည့် မယ်န
... သည် သူ့အိမ် ထူးခြားပြောင်းလဲနေသည်ကို တအံ့တဩဖြင့် ကြည့်ရှုကာ
... လိုက်ခြင်း ဖြစ်၏၊



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . သမီး၊ လာ . . လာ"

"မယ်နု"

ထွေးစိန်တို့အုပ်စုက ပြေးကြိုကာ ခေါ်ဆောင်လာ၏။

"ဘာတွေလဲ ဟင် . . ထွေးစိန်"

"နင့်ကို ဘုရင်က တော်ကောက်သွားပြီ"

"ဟင်"

မယ်နု အလန့်တကြား ဟစ်အော်သည်။ နေ့ခင်းပိုင်းလော သူလယ်တောမသွားခင် ဘုရင်မင်းမြတ် စေတ္တစခန်းချသည့်နေရာသို့ ကာ ကူညီချက်ပြုတ်လုပ်ကိုင်ပေးခဲ့သည်ကို မယ်နုအမှတ်ရမိလိုက်

"ဒုက္ခပါပဲ၊ ထွေးစိန်ရယ် . ."

မယ်နုသည် အိမ်အတွင်းရှိ သူ၏အခန်းတွင် ရှုံ့ပွဲရချင်ရှာ ဘုရင့်အမိန့်တော်ကို လွန်ဆန်၍မရမှန်း မယ်နုသိသည်။

သို့ရာတွင် သူ့အနေဖြင့် သက်ကြားအို ဘုရင်ကို မယူလို တွင် သက်တူရွယ်တူချစ်သူ ကိုရင်ဖိုးအောင်ရှိပါ၏။ သည်သတင်းကို လောက်ဆို ကိုရင်ဖိုးအောင်လည်း ကြားလောက်ပေမည်။

မယ်နုဟန်မပျက်ပြန်၍ ကျခြေဆည်ကာ ရေအိုးတစ်လုံးကို လျက် ရေခပ်ထွက်လာသည်။ ရွာဦးရေကန်စပ်နားက ကုက္ကိုပင်ကြီးအော တွင် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်နေသည့် ကိုရင်ဖိုးအောင် သူတွေ ရ၏။ မယ်နုကိုမြင်တော့ ဖိုးအောင်မတ်တတ်ထရပ်သည်။

"ကိုဖိုးအောင်"

"မယ်နု . ."

"ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ဟင်"

ဖိုးအောင်က မယ်နုလက်ကို စေ်တင်းတင်းဆုပ်ကိုင်ကာ . .

"ကိုဖိုးအောင်လည်း မယ်နုနဲ့ မခွဲနိုင်ဘူး၊ မယ်နု ကိုဖိုးအောင် ပြေးကြစို့ရဲ့"

"ဟင် ! . ."

မယ်နု အထိတ်တလန့်ဖြင့် လှမ်းကြည့်သည်။

"လွယ်ပါ့မလား၊ ကိုဖိုးအောင်ရယ်"







"ကဲပေါ့ မယ်နုရယ်၊ ကဲ . . . ပြောနေကြာတယ်၊ သွားကြစို့ရဲ့"

"ဟုတ်ကဲ့ . . ကိုဖိုးအောင်"

ဖိုးအောင်နှင့် မယ်နုတို့ ချစ်သူနှစ်ဦးရွှေလက်မြဲမြဲတွဲကာ ဘုရင့် အန္တရာယ်စက်ကွင်းက လွတ် မြောက်ဖို့အရေး ထွက်ပြေးကြလေ ပြီ။ တောအထပ်ထပ်ကို ဖြတ်သည်။ တောင်စဉ် အသွယ်သွယ်ကို ဖြတ် သည်။

"မောလား . . မယ်နု ဟင် !"

"မောပါဘူး ကိုဖိုးအောင်ရယ်"

သို့ရာတွင် ချစ်သူနှစ်ဦးနောက်မှလည်း ဘုရင့်ရဲမက်တွေ မိုက် သိုက်မတ်တစ် လိုက်လံရှာဖွေလျက် ရှိနေပါလေ၏။ ချစ်သူနှစ်ဦး ကံကြမ္မာ ည်သို့ ဖြစ်လာမည်လဲ။

◉

ဘကြီးကျော်ရွှေသည် တကယ့်ကောင်းခန်းရောက်ပါမှ စကားစ ကို ဖြတ်ကာ ရေနွေးကြမ်းငုံ့သောက်၏၊ ဆေးတံကို မီးညှိ၍ ဖွာ၏။ ကျွန်ုပ် စိတ်ထဲတွင် မရှုငိုမရဲဖြစ်လာပြီး ဘကြီးအားလှမ်း၍ -

"ဆက်ပြောလေ . . ဘကြီး၊ သူတို့ချစ်သူနှစ်ဦး ဘာဖြစ်သွားကြ သလဲဆိုတာ . ."

ကျွန်ုပ်အား ဘကြီးက ပြုံးစစဖြင့် လှမ်းကြည့်သည်၊ ပြီးမှ -

"ဘာဖြစ်ရမလဲ ငါ့တူရ၊ နောက်ဆုံးတော့ သူတို့ချစ်သူနှစ်ဦးကို ရဲမက်တွေက ဖမ်းမိသွားတာပေါ့"

"ဗျာ . ."

"ဟုတ်တယ် ငတိုး၊ ဘုရင်မင်းမြတ်ဟာ ဒေါသပုန်ထပြီး သူတို့



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦးကို ဘောဂဝတီရွာထိပ်မှာပဲ ကွပ်မျက်ပစ်ခဲ့တယ်"

"ဘုရား ... ဘုရား"

ကျွန်ုပ်၏နှုတ်မှ လွှတ်ခနဲထွက်သွားခြင်းဖြစ်၏။ ရင်ထဲမှာလည်း အသက်ပေး၍ ချစ်ကြသူနှစ်ဦးအတွက် ခံစားနေရပေသည်။

> ဘကြီးရဲ့ချစ်ပုံပြင်ထဲက ဖိုးအောင်နဲ့မယ်နုတို့လို အချစ်အတွက် အသက်ပင်သေသေဆိုပြီး သစ္စာမဲ့ကြရင်တော့ တစ်မျိုးပေါ့ ဘကြီးရယ်။ အခု ကျွန်တော်တို့ရဲ့အချစ်ဟာ ဘယ်လိုမှ နှိုင်းဆလို့ မရနိုင်ပါဘူး။ ချစ်သူဟောင်းကိုလည်း ပွေ့မယူတော့ပါဘူး။

ဘကြီးကျော်ရွှေက စကား အဆုံးမသတ်သေး၊ ဆက်လက်၍ ပြော နေပြန်သည်။

"ချစ်သူနှစ်ဦးကို ကွပ်မျက်ပြီး လို့တစ်လလောက်အကြာမှ ဘုရင်မင်းမြတ် ကို အိပ်မက်လာပေးကြသတဲ့၊ ဘုရင် မင်းမြတ်က မင်းအာဏာကို တလွဲသုံး ပြီး မတရားလုပ်တာကို သူတို့မကျေနပ် တဲ့ အကြောင်း ပြောကြသတဲ့။ အဲဒီအခါ မှာ ဘုရင်မင်းမြတ်လည်း အလန့်တကြား ဖြစ်ပြီး ကျေနပ်အောင် ဘယ်လိုဆောင်ရွက်ပေးရမည်နည်းလို့ မေးတဲ့အခါ သူတို့က ပြန်ပြောကြသတဲ့ကွ"

"ဟုတ်ကဲ့ .. ဘကြီး"

"သူတို့ချစ်သူနှစ်ဦးကို ကွပ်မျက်လိုက်တဲ့နေရာမှာ လွမ်းစေတီ လေးတစ်ဆူတည်ပေးဖို့ တောင်းဆိုကြတယ်တဲ့"

ဘုရင်မင်းမြတ်လည်း ကတိပေးပြီးတဲ့နောက်မှာ ဘောဂဝတီ ရွာထိပ်မှာ လွမ်းစေတီလေးတစ်ဆူတည်ပေးလိုက်တာပေါ့ကွာ။

"သနားစရာ ကြေကွဲစရာပဲနော် .. ဘကြီး"

"အေးပေါ့ ... ရွာသူရွာသားတွေရဲ့အပြောကတော့ လွမ်းစေတီ လေးမှာ ဖိုးအောင်နဲ့ မယ်နုတို့ရဲ့ ဝိညာဉ်ပုံရိပ်တွေကို ဖျတ်ခနဲ၊ ဖျတ်ခနဲတွေ့ မြင်ကြရသတဲ့၊ သူတို့ချစ်သူနှစ်ဦးဟာ အစွဲအလမ်းတစ်စုံတစ်ရာကြောင့် မကျွတ်လွတ်ကြဘဲရှိနေကြတုန်းပဲတဲ့ ဝေ့ိုး .."

ကျွန်ုပ်နှုတ်ဆိတ်ကာစဉ်းစားရင်းဖြင့် ဘကြီးပြောသော ချစ်ပုံပြင်မှ အဖြေမှန်တစ်ခုကို ရရှိသွားခဲ့၏။





"ဘကြီး"

"ဘာလဲ ဝေ့ိုးရ"

"ကျွန်တော်မနက်ဖြန် ရန်ကုန်ပြန်တော့မယ်"

"ဘာကွ"

ကျွန်ုပ်အား ဘကြီးကျော်ရွှေ အလန့်တကြားလှမ်းကြည့်သည်၊ ကျွန်ုပ်က -

"ဟုတ်တယ် .. ဘကြီး၊ ဘကြီးရဲ့ချစ်ပုံပြင်ကို နားထောင်ပြီး ကျွန်တော် အသိတရားဝင်သွားပါပြီ"

"ဟေ ! .."

"ဟုတ်တယ် ! .. ဘကြီးရဲ့၊ ဘကြီးရဲ့ချစ်ပုံပြင်ထဲက ဖိုးအောင်နဲ့ မယ်နုတို့လို အချစ်အတွက် အသက်ပင်သေသေဆိုပြီး သစ္စာမဲ့ကြရင်တော့ တစ်မျိုးပေါ့ ဘကြီးရယ် ..၊ အခုဟာက သူတို့နဲ့ ကျွန်တော်တို့ရဲ့အချစ်ဟာ ဘယ်လိုမှ နှိုင်းဆလို့ မရနိုင်ပါဘူး။ နံ့သာဆီနဲ့ ရေလိုပါ .. ဘကြီး၊ ဒါကြောင့် ကျွန်တော့် အချစ်အတွက်နဲ့ ဘာမှခံစားမနေတော့ပါဘူး။

ကျွန်တော့်ချစ်သူဟောင်းကိုလည်း ပွေ့မယူချင်တော့ပါဘူး၊ အခု ကျွန်တော် လတ်တလောလုပ်ရမှာက ကျွန်ဖ့တော့်မေမေကို စိတ်ချမ်းသာ ကိုယ်ချမ်းသာထားဖို့ပဲ မဟုတ်လား။ မေမေ့ကို ကျွန်တော့်အသက်ထက်ဆုံး ပြုစုစောင့်ရှောက်သွားပါ့မယ်လို့ ဘကြီးကို ကတိပြုပါတယ် ခင်ဗျာ"

"ဒီလိုပဲ ဖြစ်ရမှာပေါ့ .. ငါ့တူကြီး ဝေ့ိုးရ ဟား ... ဟား ... ဟား"

ကျွန်ုပ်မှာလည်း ဘကြီးကျော်ရွှေနှင့်အတူ အူလှိုက်သည်းလှိုက် ရယ်မောမိပါလေ၏။ ယခုအခါတွင် ကျွန်ုပ်၏ချစ်သောက အမိုက်မှောင်များ ကင်းစင်လျက်ဖြင့် ..။



www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာ့ကျော် မုတ်ဆိတ်မွေးနဲ့ အမျိုးသမီး



ခေတ်ဟောင်းတုန်းက မုတ်ဆိတ်မွေးနဲ့ အမျိုးသမီးတစ်ယောက် ရှိခဲ့ဖူးသလို၊ အစုခေတ်သစ် လက်ရှိအချိန်မှာလည်း မုတ်ဆိတ်မွေးရှိ အမျိုးသမီးတစ်ယောက်ရှိလာပြန်ပါပြီ။

အဲဒီအမျိုးသမီးနာမည်က ဂျက်ဆာဖြစ်ပြီး အသက်က (၂၉)နှစ် အရွယ်သာရှိပါသေးတယ်၊ သူ့ကို ကမ္ဘာ့တစ်ဝှမ်းက စတင်သတိပြုမိခဲ့ တာကတော့ (၂၀၁၄)ခုနှစ်မှာ ကျင်းပတဲ့ AMC Freakshow သဘင် အတိုင်းမဟုတ်တဲ့ အံ့ဖွယ်အရာများပြပွဲမှာ ဖြစ်ပါတယ်။

ဒီပွဲဟာ ဒုတိယရာသီအဖြစ် ကျင်းပတာဖြစ်ပြီး လက်စ်ဗီးဂတ်စ် ကနေလာတဲ့ မုတ်ဆိတ်မွေးအမျိုးသမီးကို မြင်တွေ့ခဲ့ကြရတာ ဖြစ်ပါတယ်။ ဂျက်ဆာဟာ Gothic ဖက်ရှင်ခရေစီတစ်ဦးလည်း ဖြစ်ပါတယ်။ အဲဒီပွဲမှာ ဂျက်ဆာပြောခဲ့တာကတော့ သူ့ရဲ့ ဖေးဘာရိတ်အဖြစ်ဆုံးအရာဟာ သူ့ရဲ့ နီဝါရောင် မျက်နှာပေါ်က အမွေးတွေကို သန့်ရှင်းအောင်ပြုစုစောင့်ရှောက် ထိန်းသိမ်းမွေးမြူဖို့ဖြစ်တယ်လို့ ဆိုထားပါတယ်။







သူဟာ မိန်းကလေး တစ်ယောက်မှာ ပုံမှန်မဟုတ်တဲ့ ဒီလို ပုံစံကိုလည်း သဘောကျ နှစ်သက်နေသူ ဖြစ်ပါတယ်၊ လက်ရှိမှာတော့ ဂျက်ဆာဟာ ကမ္ဘာပေါ်မှာ အရှည်လျားဆုံး မုတ်ဆိတ်မွေးပိုင်ရှင် အမျိုးသမီးတစ်ယောက်ဖြစ်ပါတယ်။

သူ့ရဲ့ နေ့ပုံထိုင်ပုံက လည်း ယောကျ်ားတစ်ယောက်ဟန် ရှိလို့ သူ့အကြောင်း မသိသူတစ်ယောက်ဆိုရင်တော့ သူ့ကို ယောကျ်ားတစ်ယောက်လို့တောင် ထင်မိကြမှာပါ။ ဂျက်ဆာရဲ့ နီဝါရောင် မုတ်ဆိတ်မွေးရဲ့အရှည်ဟာ (၁၁.၅)လက်မဖြစ်ပါတယ်။

လက်ရှိမှာ သူဟာ Freakshow မှာလည်း နာမည်ကျော်ဖြစ်နေတဲ့ စုပါစတားတစ်ယောက်ဖြစ်ပါတယ်။ တကယ်တော့ သူ့အနေနဲ့ အခုလိုဖြစ်လာရတာဟာ ဆေးပညာရှုထောင့်ကနေကြည့်မယ်ဆိုရင် ပုံမှန် မဟုတ်တဲ့ ဟော်မုန်းဖောက်ပြားမှုကြောင့် ဖြစ်ရတာပါ။ ဒါပေမယ့် ဒါကိုပဲ ဂျက်ဆာက ဂုဏ်ယူသဘောကျလျက်ရှိပါတယ်။

သူကိုယ်တိုင်ကလည်း တကယ်တမ်းမှာ လျှို့ဝှက်ဆန်းကြယ်တဲ့ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး သူ့ရဲ့အပေါင်းအဖော်တွေက မြွေတွေ၊ လုတကာကြောက်လန့်တတ်တဲ့ တိရစ္ဆာန်များ ဖြစ်တယ်လို့ သိရပါတယ်၊ သူ့ရဲ့လက်မောင်းမှာလည်း Freakshow မှာပါဝင်တဲ့ သူ့ပုံကို တက်တူးထိုးထားပါတယ်။ ယောကျ်ားဟန်အပြည့်ရှိတဲ့ ဂျက်ဆာဟာ တစ်ဦးတည်း နေထိုင်သူလို့လည်း သိရပါကြောင်း ထူးဆန်းအံ့ဖွယ် ကမ္ဘာကျော် မုတ်ဆိတ်မွေးနဲ့ အမျိုးသမီးအဖြစ် ဖော်ပြလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဇလွန်ကျော်ဦး

- ထူးထူးခြားခြားလုပ်ဝင်စားမလေးတစ်ယောက်၊
- ဘဝဟောင်းကစွဲလမ်းခဲ့တဲ့ လုပ်စိမ်းမှ

  အိပ်မက်ထဲကနေ အတင်းခေါ်သောအခါ..။





ဖြိုးကြည်၊ ဘူမိ၊





www.burmeseclassic.com

www.burmeseclassic.com





✡

"မကောင်းတဲ့ ဝိညာဉ်

မိစ္ဆာဆိုးတွေ.. သမီးအ

မရှိတော့ပါဘူးကွယ်။ သ

အာယုသက်တမ်းက ရှည်

ရတနာသုံးပါးကို နလုံးသွင်း

..သမီး။ သမီးရဲ့ ရောဂါဘ

ကင်းစင်ပါပြီကွယ်.."

သည်နေရာလေးကို အမှတ်မထင် ပြန်လည်မြင်တွေ့ရ
ကျွန်မစိတ်ထဲမှာ အတိတ်ဖြစ်စဉ်တွေ ပြန်ပေါ်လာပြီး ထိတ်လန့်တ
နေမိတာ အမှန်ပါပဲ။ ကြည့်လေ၊ မြင့်မားတဲ့ ရှေးရိုးတိုက်နီကြီးတစ်
အတူ သစ်လွင်လှပတဲ့ အဆောက်အဦတွေ၊ ကြီးကျယ်တဲ့ မြို့ကြီး
သစ်ပင်ပန်းမန်တွေနဲ့ စိမ်းလန်းနေတဲ့ မြက်ခင်းပြင်၊

အမှန်တော့ ကျွန်မ သည်နေရာနဲ့ဝေးကွာခဲ့တဲ့နှစ်တွေကိုပြန်
ကြည့်ရင် ဆယ်စုနှစ်သုံးစုတောင် ကြာခဲ့ပြီပဲ၊ ဒါပေမယ့် ကျွန်မ သည်
လေးကို ပြန်ရောက်ဖို့ဆိုတာ လက်တွေ့မပြောနဲ့၊ စိတ်ကူးထဲတောင်
ဝံ့ခဲ့တာ အမှန်ပါ။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဘဝနဲ့ တစိမ်းပြင်ပြင်ဖြ
သည်နေရာလေးကို ဘာကြောင့် အမှတ်ထင်ထင်ဖြစ်ခဲ့တယ်ဆိုတာ
ဘဝမှာ သေရွာပြန်ဆိုတဲ့ ရင်ထိတ်ဖွယ်ရာစကားနဲ့ အဓိကပတ်သ
နေရာလေးတစ်ခု ဖြစ်ခဲ့ရလို့ပါ။ ဒါကြောင့်လည်း ကျွန်မနလုံးသား ဘ
မေ့နိုင်စွမ်း မရှိခဲ့တာပါ။ တကယ်တော့ သည်နေရာလေးတည်ရှိခဲ့တဲ့ မြ
ကို ကျွန်မတစ်သက်မှာ ဘယ်သောအခါမှ တွေ့ရကြုံရလိမ့်မယ်လို့





င်ခဲ့မိတာပါ။

ကျွန်မဘဝကိုပြောရရင် မြို့ကြီးပြကြီးနဲ့ အင်မတန် ဝေးလံခေါင်း
တဲ့ရွာသိမ်လေးမှာ မွေးဖွားခဲ့တဲ့သူ၊ လယ်ယာလုပ်ငန်းနဲ့ တံငါလုပ်ငန်း
အားထားရတဲ့ရွာလေးမှာပဲ ကျွန်မတစ်သက်လုံးနေရမယ်ဆိုတာ ကျွန်မ
မိလို့ပါ၊ ကြည့်လေ . . ကျွန်မလိုပဲ သည်ရွာမှာ မွေးဖွားခဲ့တဲ့ ယောကျ်ား
မိန်းကလေး မှန်သမျှ အရွယ်ရောက်ပြီး သည်ရွာမှာပဲ အိမ်ထောင်ကျ
လာအလုပ်နဲ့ သည်ရွာမှာပဲ ခေါင်းချခဲ့ရတာ မဟုတ်လား၊

ဒါပေမယ့် ကျွန်မဘဝက မွေးကတည်းက ဆန်းကြယ်တယ်လို့
ရမှာပဲ၊ ကျွန်မရဲ့ထူးခြားတဲ့ ရုပ်ရည်ကိုကြည့်ပြီး အမေ့ကိုမေးမိတိုင်း
မေက ကျွန်မကို နင်ကလူ့ဝင်စားလို့ အလွယ်တကူပြောခဲ့တာ၊

အမေ ပြောလည်း ပြောစရာ၊ ကျွန်မက မောင်နှမတွေထဲမှာ ထူးထူး
ခြား ရုပ်ရည်ရှိနေတာ၊ ကြည့်လေ . . ကျွန်မရဲ့ ကော့ရှွန်းတဲ့မျက်တောင်နဲ့
မျက်ခုံး၊ မျက်လုံးနဲ့ နှာခေါင်းက တိုင်းခြားသူနဲ့ ခွဲခြားမရအောင် တူနေ
ပြီးတော့ ကျွန်မက မိန်းကလေးဆိုပြီး နွဲ့နွဲ့နှောင်းနှောင်း ဧန္ဒာကိုယ်နဲ့
တ်ဘူး၊ ယောကျ်ားလေးတစ်ယောက်လို ဖြစ်နေတာ၊

ကျွန်မ အရွယ်ရောက်တော့ ယောကျ်ားတွေနဲ့ရင်ဘောင်တန်းပြီး
လုပ်နိုင်၊ ကိုင်နိုင်ခဲ့တာ၊ ပြီးတော့ ကျွန်မက စကားပြောရင် သိမ်သိမ်
မရှိဘူး၊ ဘုန်းဘောက်ကျပေမယ့် ကျွန်မစိတ်ကူးထဲမှာ အမြဲရှိနေ
တာ မြို့ကြီးပြကြီး။

ဒါပေမယ့် ကျွန်မစိတ်ကူးယဉ်ခဲ့တဲ့ မြို့ကြီးပြကြီးဆိုတာ စိတ်ကူးပဲ
တာ၊ ရောက်ဖူးပေါက်ဖူးဖို့ဆိုတာ မလွယ်ဘူး၊ ကျွန်မနေ့စဉ် မိဘကျရင်း
ထဲရောင်းထဲမှာပဲ ကျင်လည်ခဲ့ရတာ မဟုတ်လား၊ ကျွန်မဘဝက မွေးဖွား
ကတည်းက ထူးခြားခဲ့သလို၊ ခုလည်း ကျွန်မကြိတ်ပြီး စိတ်ကူးယဉ်ခဲ့တဲ့
ပြကြီးနဲ့ ကျွန်မဘဝ မမျှော်လင့်ဘဲ ရေစက်ဆုံခဲ့ရတာ၊

တစ်နေ့ မြို့ကမိန်းမကြီးတစ်ယောက် ကျွန်မတို့နေတဲ့ရွာကို ရောက်
ားစပ်ရင်း၊ ကျွန်မအဖေနဲ့မောင်နမဝမ်းကွဲ တော်စပ်မှန်းသိကြတာ၊
ကြောင့်လည်း ကျွန်မကိုမွေးစားဖို့ မြို့ကိုခေါ်တာ၊ ကျွန်မသွားချင်တဲ့ မြို့
ကြီး၊ ကျွန်မအဖေါ် နဲ့ ရေစက်ဆုံတယ်လို့ပဲ ပြောရမှာပဲ၊ ကျွန်မ ခုလို



www.burmeseclassic.com

www.burmeseclassic.com



ပြောရတာက ကျွန်မအစောကပြောခဲ့သလို ကျွန်မဘဝနဲ့ ထူးထူးခြ… ပတ်သက်တဲ့နေရာရောက်ဖို့ အဓိကဖြစ်လို့ ပြောနေရတာပါ။

ကျွန်မကတော့ ကျွန်မသိပ်ရောက်ချင်တဲ့မြို့ကြီးကို ရောက်… ပျော်နေပေမယ့် ကျွန်မအမေကတော့ မပျော်နိုင်ရှာဘူး။

"အေးလေ . . ညည်းက မြို့မှာပဲပျော်မှာပေါ့။ ညည်းက လူ… လာကတည်းက ထူးထူးခြားခြားဆိုတော့ တောအရပ်မှာ ဘယ်ပျော်ပို…

ကျွန်မ အမေ့စကားကိုကြားရတော့ အတော့်ကို အံ့ဩ… တယ်၊ ကျွန်မ လူ့ဘဝကို ဘယ်လိုလာခဲ့တာလဲ၊ အမေပြောတဲ့ ကျွ… လူဝင်စားဆိုတာ တကယ်လား။ ကျွန်မခေါင်းထဲမှာ အမြဲတမ်းအတွေး… ရောက်နေခဲ့တာပါ။

"ကျွန်မက အမေပြောတဲ့လူဝင်စားဆိုတာ တကယ်လား"

ကျွန်မ အမေးစကားကြောင့် အမေက ကျွန်မကို စူးစူးစိုက်… ကြည့်ပြီး စဉ်းစားနေတယ်၊

"ညည်း လူဝင်စားဆိုတာ ဟုတ်တယ်၊ အမေ့ကို အိပ်မက်… ကျွန်မချစ်သူကို ရှာချင်လို့ အမေ့ဆီမှာနေပါရစေလို့ ငိုငိုပြီး နေခွင့်… ခဲ့တာ . ."

ထူးထူးခြားခြား ချစ်သူကိုရှာဖို့ အမေ့ဆီမှာဝင်စားခဲ့တဲ့ ကျွ… အတိတ်ဘဝ၊ အမေ့စကားကို ပြန်စဉ်းစားမိတိုင်း ကျွန်မအဖြစ်ကို … အောင်ဖြစ်ခဲ့မိတာ အမှန်ပါ။ ဒါပေမယ့် ကျွန်မ မယုံလို့ မဖြစ်ဘူး။ ကြည့်… ကျွန်မမွေးကတည်းက မိဘမောင်နှမများနဲ့လုံးဝမတူတဲ့ ရုပ်ရည်၊ … တကယ်ပဲ အရင်ဘဝက အမှတ်အသားလား။ ပြီးတော့ ကျွန်မရှာ… ချစ်သူ၊ အဲဒီချစ်သူက ဘယ်မှာလဲ . .၊

၉

ကျွန်မမြို့ကြီးမှာနေရင်း ကိုမောင်နဲ့ဖူးစာဆုံပြီး ကိုမောင်… တွေနေထိုင်တဲ့မြို့ကလေးမှာ လိုက်ပါနေထိုင်ခဲ့တယ်။ ဒါပေမယ့် ကျွ… ဖူးစာဆုံခဲ့တဲ့ ကိုမောင်က ကျွန်မဘဝဟောင်းက ရှာနေတဲ့ ချစ်သူလား… ဘဝဟောင်းက ဘယ်မှာလဲ။ ခက်နေတာက ကိုမောင်နဲ့ကျွန်မ အိမ်ထေ…





ဟော… လာပြန်ပြီ လူစိမ်း။ ကျွန်မရင်တွေက တဒိန်းဒိန်း ခုန်သွားမိတယ်။ ကျွန်မမျက်နှာကို လှမ်းကြည့်ရီတော့ အကြည့်နဲ့ ကြည့်နေတဲ့ လူစိမ်း။ အဲဒီ လူစိမ်းက ကျွန်မကို ခေါ်ခေါ်နေတာ။

… သားလေးတစ်ယောက်ရပြီးမှ ကျွန်မ … ထူးခြားခြား မက်ခဲ့တဲ့ အိပ်မက်ရှည် …တွေ၊ ခုလည်း ကျွန်မအိပ်မက်ထဲမှာ …တွေ့နေရတဲ့ လူစိမ်းတစ်ယောက်၊

"နင့်ကိုငါ စောင့်နေခဲ့တာကြာပြီ၊ … အိပ်ထောင်ကျပြီး ပျော်နေပြီ ပေါ့လေ၊ …နင့်ကို တွေ့နိုးနိုးနဲ့ စောင့်စားနေခဲ့ရ …"

ကျွန်မ မမျှော်လင့်ဘဲ တွေ့လိုက် …တဲ့ လူစိမ်း၊ လူစိမ်းက ကျွန်မကို ကြည့်ပြီး …ကွဲစွာ ပြောဆိုနေတဲ့စကားသံ၊ ကျွန်မနားထောင်ရင်း မှင်သက်မိနေ …။ ဟုတ်တယ်လေ . . ကျွန်မတစ်ခါဖူးမှ မတွေ့ဖူးမမြင်ဖူးတဲ့ လူစိမ်း၊ …လူစိမ်းက ကျွန်မအိပ်မက်ထဲမှာ စိုးမိုးနေခဲ့တာကြာပြီ၊

"ငါနဲ့ ပြန်လိုက်ခဲ့ပါလား"

လူစိမ်းက ကျွန်မကို ပြန်လိုက်ဖို့ခေါ်နေတော့ ကျွန်မနှလုံးသား … တဒိန်းဒိန်းမြည်အောင် ခုန်သွားမိတယ်၊ ဟုတ်တယ်လေ . . ကျွန်မကို …င်းခေါ်ဖို့ ကြိုးစားနေတဲ့ လူစိမ်းတစ်ယောက်၊

"မလိုက်ဘူး . . မလိုက်ဘူး"

ကျွန်မပါးစပ်ဖျားဆီက ကြောက်လန့်တကြား ထွက်ပေါ်သွားတဲ့ …နဲ့အတူ ကျွန်မသတိရပြီး ကြည့်လိုက်မိတယ်၊ ကျွန်မကို စိုးရိမ်တကြီး …ည့်နေတဲ့ ကိုမောင်၊ ပြီးတော့ ကျွန်မရင်ခွင်ထဲမှာ ပွေ့ထားတဲ့ ကျွန်မ …လေး၊

"ကိုမောင် . . ကျွန်မ . . ကျွန်မကို လူစိမ်းတစ်ယောက် လာခေါ်နေ …၊ ကျွန်မကြောက်တယ် . . ကြောက်တယ်"

"ကြည်ကြည် . . စိတ်စွဲလန်းလို့ မက်ခဲ့တာဖြစ်မယ်၊ ဘုရားကို …ပြီး အိပ်တော့နော်"

ကိုမောင်က ကျွန်မကိုနှစ်သိမ့်အားပေးလို့ ကျွန်မရသမျှ ဘုရား… …တို့ ရွတ်ဆိုနေမိတယ်၊ ဒါပေမယ့် ကျွန်မရင်ထဲမှာ ကြောက်စိတ်မပြေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ ရှိနေတာ။ ပြီးတော့ ကျွန်မမျက်စိထဲမှာ မြင်ယောင်လာမိတဲ့ လူ... ကျွန်မအဖြစ်ကို ပြန်တွေးမိရင်း အဲဒီလူစိမ်းကို သိသလိုလို၊ မသိသလိုလို... နေမိတယ်၊ ဒါဆို အဲဒီလူစိမ်းဆိုတာ ကျွန်မဘဝဟောင်းက ချစ်သူ...

ကျွန်မဘဝမှာ ရလို ထူးထူးခြားခြားအိပ်မက်ရှည်ကြီးကို ... မူးခဲ့တာ အမှန်ပဲ။ ဘာကြောင့် ကျွန်မကို သည်လိုအိပ်မက်ဆိုးကိုမှ ... မက်ရတာလဲ၊ အဲဒီကတည်းက ကျွန်မအိပ်မက်ဖိစီးမှုနဲ့အတူ စားမဝင်... မပျော်ခဲ့တဲ့ လ၊ ရက်တွေ၊ ကိုမောင်ကတော့ ကျွန်မအဖြစ်ကိုကြည့်ပြီး ... မရလို့ ဆရာအမျိုးမျိုးနဲ့ ပြကြည့်လည်း ကျွန်မခံစားနေရတဲ့ အိပ်မက်... က မလျော့ပါးခဲ့တာ အမှန်ပါပဲ။

တစ်နေ့တခြား ပိန်လိုလာတဲ့ ကျွန်မခန္ဓာကိုယ်၊ နောက်ဆုံး တို့... မိတ်ဆွေတစ်ဦးရဲ့အကူအညီနဲ့ ကျွန်မ သည်နေရာလေးကို ရောက်ရှိခဲ့တာ...

"ကိုမောင် .. ခင်ဗျားဇနီးအခြေအနေက စိုးရိမ်စရာဖြစ်... ဆရာဝန်က တတ်နိုင်သမျှကြိုးစားပြီး ကုသမယ်လို့ပြောတယ်၊ ခင်ဗျား... စိတ်မပူပါနဲ့"

ကျွန်မနားထဲမှာ သဲ့သဲ့ကြားလိုက်ရတဲ့ စကားသံကြောင့် ကျွန်... အဖြစ်ကို သတိရသွားမိတယ်၊ ဒါဆို ကျွန်မခံစားနေရတဲ့ဝေဒနာ... ကျွန်မ မပျော်လင့်ဘဲ ဆေးရုံကို ရောက်ခဲ့ရတာ၊ ဒါဆို ကျွန်မခံစား... ဝေဒနာက ဘာဝေဒနာလဲ၊ ကျွန်မတွေးမိရင်း ကျွန်မ မမက်စဖူးမက်... အိပ်မက်တွေကပြန်ပြန်ပြီး မက်နေတာ၊

ဟော .. လာပြန်ပြီ လူစိမ်း။ ကျွန်မရင်တွေက တဒိန်းဒိန်းခုန်... မိတယ်၊ ကျွန်မမျက်နှာကို လွမ်းဆွတ်ရီဝေတဲ့အကြည့်နဲ့ ကြည့်နေ... လူစိမ်း။ အဲဒီလူစိမ်းက ကျွန်မကို ခေါ်ခေါ်နေတာ၊ ကျွန်မလှုပ်ရှားလို့... ခန္ဓာကိုယ်နဲ့သက်ပြိမ်လိုဖြစ်နေတဲ့ ဘဝ၊ ဒါပေမယ့် ကျွန်မလှုပ်ရှားလို့ရနေ... က ကျွန်မရဲ့အသိစိတ်တွေ၊ ကျွန်မ အဲဒီလူစိမ်းကိုကြည့်မိရင်း ကြောက်... တကြီး ရုန်းကန်အော်ဟစ်လိုက်မိတယ်၊

ပြီးတော့ ကျွန်မ ခန္ဓာကိုယ်တစ်ရပ်လုံး ငှက်တစ်ကောင်လို... ပါးပါး ပျံသန်းနေမိတဲ့ ကောင်းကင်ပြင်ကြီး။ ကောင်းကင်ပြင်ကြီး... လေနင်ရာလွင့်ပါးနေတဲ့ တိမ်တွေ၊ ကျွန်မကြည့်ရင်း တိမ်လွှာတွေ...





"နှင်း.. ငါ့အနား မလာနဲ့
နင့်ကို ငါမသိဘူး..
မသိဘူး..သွား"
"ဒီတစ်ခါ နင်ပြေးလို့
မရတော့ဘူး၊ ငါ့နောက်ကို
လိုက်ခဲ့ရမယ်.. လာစမ်း"

...ကနဲ တွေ့မြင်လိုက်ရတဲ့မြင်ကွင်း။ ...မကြည့်ပြီး အံ့အားသင့်သွားမိတယ်၊

ကျွန်မ တစ်ခါမှမမြင်ဖူးတဲ့ ကြီး... ...ယ်ခမ်းနားတဲ့ ရှေးဟောင်းအိမ်ကြီး။ ...ဒီအိမ်ကြီးရှေ့မှာ လှပစွာ စိုက်ပျိုးထား... ...ဲ ပန်းခြံလေး၊ သည်ပန်းခြံလေးထဲမှာ ...င့်နေတဲ့ ပန်းတွေ၊ ကျွန်မကြည့်ရင်း ...လိုလို အံ့ဩသွားမိတယ်၊ ဟုတ်တယ် ...၊ အဲဒီပန်းခြံလေးထဲမှာ ကျွန်မ အမြဲ ...စီးနေတဲ့ ဒန်းလေးပါလား။

ကျွန်မ ဝမ်းသာအားရနဲ့ အဲဒီရှေးဟောင်းအိမ်ကြီးထဲကို အပြေး... ကြည့်လိုက်မိတယ်၊ ခမ်းနားတဲ့အဆောင်အယောင်နဲ့ အခန်းတွေ၊

ကျွန်မကြည့်ရင်း သည်ခမ်းနားတဲ့ အဆောင်အယောင်တွေနဲ့ ...ည်ရှေးဟောင်းအိမ်ကြီးကို ကျွန်မ ရင်းရင်းနှီးနှီး သိနေသလို ခံစားနေမိ...ယ်၊ ကျွန်မ ဘယ်အထိ ငေးငိုင်ပြီး ကြည့်နေမိတယ် မသိဘူး၊ ရုတ်တရက် ...ခန်းထဲကထွက်လာတဲ့ လူစိမ်း။

"နှင်း .. ငါနဲ့ ဘယ်လိုပဲ ဘဝခြားခြား၊ နင့်ကို သတိရနေတာပါ။ နင် ...ခဲ့တဲ့ ပစ္စည်းလေးလေ"

အဲဒီလူစိမ်းကပြောရင်း ကျွန်မကိုလှမ်းပေးလိုက်တဲ့ ပစ္စည်းလေး၊ ...န်မကြည့်ရင်း အလိုလို အံ့ဩသွားမိတယ်၊ ဟုတ်တယ်လေ၊ ကျွန်မ ...မှာ ကျွန်မချစ်သူတစ်ယောက်ကိုပဲ မှတ်မှတ်ရရ လက်ဆောင်ပေးခဲ့တဲ့ ...ည်းလေး၊ ကျွန်မ အံ့ဩသွားမိတယ်၊ ဒါဆို ကျွန်မလက်ဆောင်ရှိတဲ့ ...တ ကျွန်မချစ်သူလား။

"ကျွန်မ ချစ်သူ မဟုတ်ဘူး .. မဟုတ်ဘူး"

ကျွန်မ ဘယ်အထိ ငြင်းဆန်မိရင်း အသံထွက်သွားတယ် မသိဘူး၊ ...န်မသတိရပြီး ကြည့်လိုက်တော့ အဲဒီလူစိမ်း မရှိတော့ဘူး။

"ခင်ဗျားဇနီးဝေဒနာက ဆေးမတိုးတာအမှန်ပဲ၊ တတ်နိုင်သမျှ သု... ...တိုင်းကျ ဆောင်ရွက်ပေးပါ .. ကိုမောင်"



www.burmeseclassic.com

www.burmeseclassic.com





ကျွန်မ နား ထဲ

ထပ်ဆင့်ပြီး သဲ့သဲ့ကြားလို

ရတဲ့ စကားသံ။ ကျွန်မရင်

တဒိန်းဒိန်းခုန်သွားမိတ

ဒါဆို ကျွန်မ ခံစားနေ

ဝေဒနာ၊ ကျွန်မ ခွန်အား

မျက်စိနဲ့ ကြည့်လိုက်မိတ

ကျွန်မ မှုန်းဝါးဝါးတွေ့မြင်

တဲ့ ကိုမောင်၊ ကျွန်မအဖြ

ကြည့်ပြီး ကြေကွဲစွာ ခံစား

တဲ့ အဖြစ်၊ ကိုမောင် နေ့တိုင်း ကျွန်မအဖြစ်ကိုကြည့်ကြည့်ပြီး ကြေကွဲ စံစားနေရတယ်ဆိုတာ ကျွန်မသိပါတယ်၊

ကြည့်လေ၊ ခုတင်လေးပေါ်မှာ လှုပ်ရှားလို့မရတဲ့ခန္ဓာကို ကျွန်မနေလာခဲ့ရတဲ့လတွေ များခဲ့ပြီပဲ။ အရိုးပေါ်အရေတင်ပြီး လူ့ နောက်ဆုံးထွက်သက်အထိ စောင့်စားနေရတဲ့ ကျွန်မရဲ့နာတာရှည်ဝေ

"ကြည်ကြည် . . ခံစားရတဲ့ဝေဒနာ ဘယ်လိုနေလဲ၊ ဘုရား အမြဲတမ်း နလုံးသွင်းထားနော်၊ ကိုမောင်လည်း၊ ကြည်ကြည့်ဝေဒနာ ပျောက်ကင်းဖို့ ကုသိုလ်ဒါနပြုနေတယ်"

ကြည်ကြည် ကြည်နူးသွားမိတာ အမှန်ပါ။ ကြည့်လေ . . ကို ပါးစပ်ဖျားက တတွတ်တွတ်ရွတ်ဆိုနေတဲ့ ဘုရားစာတွေ။ ဒါပေမယ့် အာ မဲ့နေတဲ့ ကျွန်မ၊ ဟိုတုန်းက ကိုမောင်ပြောသမျှ တုံ့ပြန်ပြီး ပြောဖို့ကြိုး မယ့် ကျွန်မလေသံက သဲ့သဲ့။ ကျွန်မ ခေါင်းငြိမ့်ခေါင်းခါရုံပဲ တတ်နိုင်တဲ့ မဟုတ်လား။

ကျွန်မ ကိုမောင့်ကိုကြည့်ပြီး သနားနေမိတယ်၊ တကယ်လို့ ကျွန်မဆုံးပါးသွားခဲ့ရင် ကိုမောင်နဲ့ကျွန်မသားလေး။ ကျွန်မအတွက် အထိ ကြေကွဲနေမလဲ။ ကျွန်မတွေးမိရင်း အားရပါးရ ငိုရှိုက်လိုက်မိတ ဒါပေမယ့် ကျွန်မရဲ့ငိုရှိုက်သံက ကျွန်မရင်ထဲမှာပဲရှိတာ၊ ကျွန်မတားဆီး မရတဲ့မျက်ရည်စစ်တွေက ကျွန်မပါးပြင်ပေါ်မှာ စီးကျနေတာ၊





"ဟင် . . ကြည်ကြည် . . ငိုနေတယ် . . ဟုတ်လား၊ ကြည်ကြည် နားမှာ ကိုမောင် တစ်သက်လုံးရှိနေမှာပါ။ ကြည်ကြည် ကိုမောင်နဲ့သားလေး ခွဲမသွားဘူးဆိုတာ ကိုမောင်ယုံကြည်တယ်၊ ကျွန်မရဲ့ပါးပြင်ပေါ်မှာ ကျ နေတဲ့မျက်ရည်စကို တယုတယသုတ်ပေးရင်း ပြောနေတဲ့ ကိုမောင်၊ ကျွန်မ တ်ထဲမှာ အတိုင်းအဆမဲ့ ဝမ်းသာသွားမိတယ်၊ ဒါကြောင့်လည်း ကျွန်မ ဘုရားကို ရည်မှန်းပြီး အဓိဋ္ဌာန်ဆုတောင်းနေမိတယ်"

"တပည့်တော်မ . . ကြုံတွေ့နေရတဲ့ အိပ်မက်ဆိုးဝေဒနာတွေ မြန်ဆုံး လွတ်မြောက်နိုင်ပါစေဘုရား . ."

☯

ဟင် !. . ကျွန်မ . . ကျွန်မ ဟင်းလင်းပြင်ကြီးထဲ ရောက်နေပါလား၊ တော့ ကျွန်မ အမြဲတမ်းဝတ်ဆင်ထားတဲ့ အဝတ်အစားတွေ မဟုတ်ဘဲ ခြားတဲ့အဝတ်အစားတွေကို ဝတ်ဆင်ထားတဲ့ကျွန်မ၊ ဟင်းလင်းပြင် ကြီးထဲမှာ လွင့်မျောပါရင်း ဖြန်းဆို ကျွန်မနားထဲမှာကြားလိုက်ရတဲ့ တေးသံ တွေ၊ ကျွန်မ အံ့အားသင့်သွားမိတယ်၊ ကျွန်မကြည့်လိုက်တော့ ဟိုးဝေးဝေးမှာ တွေ့လိုက်ရတဲ့ ရှေးဟောင်းအိမ်ကြီး။

ကျွန်မရင်တွေ အလိုလိုခုန်သွားမိတယ်၊ ဒီရှေးဟောင်းအိမ်ကြီး ကို ကျွန်မအကြိမ်ကြိမ် ရောက်ဖူးခဲ့တာပဲ၊ ဘာကြောင့် ဒီရှေးဟောင်းအိမ် ကြီးနဲ့ကျွန်မ ဆက်နွယ်နေရတာလဲ၊ ကျွန်မတွေးမိရင်း တေးသံကြားရာဆီ ကို ကျွန်မကြည့်လိုက်တော့ လူစိမ်းတစ်ယောက်၊

ကျွန်မစိတ်ဝင်စားပြီး ကြည့်ရင်း ရင်တွေအလိုလို ခုန်သွားမိတယ်၊ ရှေးဟောင်းအိမ်ကြီးရှေ့မှာရှိတဲ့ ပန်းခြံလေးထဲက ခုန်းကလေး၊ ကျွန်မ ပြေးအလွှား၊ ခုန်းလေးပေါ်ထိုင်နေမိတယ်၊ တေးသံဆိုနေတဲ့ လူစိမ်းက ကျွန်မကိုတွေ့ပြီး အပြေးလာရင်း –

"နင့် . . ငါ့ဆီကို ပြန်လာတယ်၊ ငါ ဝမ်းသာလိုက်တာ"

အဲဒီလူစိမ်းက ကျွန်မကိုပြောပြီး အပြေးလာနေတာ၊ ကျွန်မ သူ့ ကိုကြည့်ပြီး အလိုလိုကြောက်ရွံ့သွားမိတယ်၊ ပြီးတော့ ကျွန်မပါးစပ်ဖျားဆီ က အလျင်စလို ထွက်သွားမိတဲ့အသံက ဟိန်းသွားတယ်၊

"နင် . . ငါ့အနား မလာနဲ့၊ နင့်ကို ငါမသိဘူး . . မသိဘူး . . သွား"



www.burmeseclassic.com

www.burmeseclassic.com





ကျွန်မကြောက်ရွံ့တကြီးပြေးရင်း ဘယ်အထိ ရှိက်ငိုနေမိလဲ မသိဘူး။ ကျွန်မမျက်ရည်ကြားက ကြည့်လိုက်မိတယ်၊ ကျွန်မကိုကြည့် တင်းမာခက်ထန်တဲ့ အကြည့်စူးစူးနဲ့ လူစိမ်းမျက်နှာ၊

"ဒီတစ်ခါ နင်ပြေးလို့ မရတော့ဘူး။ ငါ့နောက်ကို လိုက်ခဲ့ရမယ် လာစမ်း"

ပြောပြောဆိုဆို ကျွန်မလက်ကို အတင်းဆွဲပြီးခေါ်နေတဲ့ လူ ကျွန်မပြုန်းစားကြီး အံ့အားသင့်သွားမိတယ်၊ ကျွန်မရုန်းကန်ရင်း အဲဒီလူ နောက်ကို ပါသွားမိတယ်၊ ကျွန်မကြောက်ကြောက်လန့်လန့်နဲ့ ကြည့်လို တော့ ဇရပ်ဟောင်းအိမ်ကြီးနဲ့ပန်းခြံ မဟုတ်တော့ဘူး၊ ကျွန်မ ကြည့် နလုံးသားတွေ တဆတ်ဆတ်တုန်ယင်နေမိတယ်၊ ကြည့်လေ၊ လူ ကျွန်မကိုဆွဲခေါ်နေတာက အုတ်ဂူဟောင်းတွေ၊ မြေပုံဟောင်းရှိတဲ့ သ ကုန်းကြီး၊

ကျွန်မကြောက်လန့်တကြီးနဲ့ ကျွန်မချစ်သူကို အားကိုးတ လှမ်းခေါ်လိုက်မိတယ်၊ ကျွန်မ ဘယ်လိုခေါ်ခေါ် ကျွန်မအသံက ရင်ထဲမှာ ပိတ်နေတာ၊ လူစိမ်းက ကျွန်မလက်ကိုအားရပါးရဆွဲပြီး ခေါ်နေတဲ့နေ အရောက်မှ ကျွန်မတွေ့မြင်လိုက်ရတဲ့ အဘိုးအို၊ အဘိုးအိုက ကျွန်မနဲ့လူ အဖြစ်ကို ကြည့်ပြီးနေတာ -





ကျွန်မဘဝဟောင်းက
ကျွန်မကို စွဲလန်းနှစ်သက်ခဲ့တဲ့
လူစိမ်း။ ဘဝခြားတာတောင်
ဘဝချင်းဆိုင်ကို ကျွန်မကိုလာလာခေါ်
နေတာ။ ကျွန်မသာ အဲဒီလူစိမ်း
လက်ထဲကိုပါသွားခဲ့ရင် ••။

"အဘိုး .. ကျွန်မကို ကယ်ပါ၊ ကျွန်မ .. သူနဲ့မလိုက်ချင်ဘူး .. မလိုက်ချင်ဘူး"

ကျွန်မရဲ့အသံက ဘယ်အထိ ထွင်းဖောက်မြင့်မားသွားတယ် မသိဘူး၊ အဘိုးအိုက ကျွန်မလက်ကို ရုတ်တရက် ဆွဲပြီး လူစိမ်းကို တွန်းလွှတ်လိုက်လို့ လွင့်စင်ပြီး ကျွန်မတွေ့ခဲ့ရတဲ့ အုတ်ဂူဟောင်း၊ မြေပုံဟောင်းတွေရှိတဲ့ သချိုင်းနေရာကို ကျသွားတယ်၊ ကျွန်မ လူစိမ်းလွင့်စင်ကျသွားတဲ့နေရာကိုကြည့်ပြီး ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေမိတယ်၊ အဲဒီအချိန်မှာ အဘိုးအိုက ကျွန်မကိုကြည့်ပြီး -

"မကောင်းတဲ့ ဝိညာဉ်မိစ္ဆာဆိုးတွေ .. သမီးအနားမှာ မရှိတော့ပါဘူးကွယ်၊ သမီးရဲ့အာယုသက်တမ်းက ရှည်ပါတယ် .. ရတနာသုံးပါးကို နလုံးသွင်းထား .. သမီး၊ သမီးရဲ့ရောဂါဘယတွေ .. ကင်းစင်ပါပြီကွယ် .."

အဘိုးအိုက ကျွန်မကိုပြောပြီး ကျောခိုင်းထွက်သွားတယ်၊ ကျွန်မ အဘိုးအိုကိုလှမ်းကြည့်လိုက်တော့ လေဟာပြင်ထဲမှာ တရွေ့ရွေ့သွားနေတာ၊ ကျွန်မ အဘိုးအိုနောက်ကို အပြေးလိုက်ရင်း အားကုန်ခေါ်လိုက်မိတယ်၊

"အဘိုး .. အဘိုး .. ကျွန်မ .. လိုက်မယ် .. လိုက်မယ်"

"သတိရလာပြီ .. သတိရလာပြီ"

ရုတ်တရက်ပေါ်လာတဲ့အသံလှိုင်းတွေက ဖျတ်ကနဲ ကျွန်မနားထဲကို တိုးဝင်လာတယ်၊ ဒါဆို ကျွန်မတွေ့ခဲ့တဲ့အဘိုးအိုက ဘယ်သွားတာလဲ၊ ကျွန်မကို ဘာကြောင့် မခေါ်တာလဲ၊ ကျွန်မရင်ထဲမှာ ကျန်နေတဲ့အသိတွေနဲ့အတူ လှုပ်ရှားနေမိတယ်၊ ပြီးတော့ အုတ်ဂူဟောင်း၊ မြေပုံဟောင်းတွေကြား လွင့်စင်ကျသွားတဲ့ လူစိမ်းရဲ့အသံလား၊ ကျွန်မ မယုံတစ်ဝက်၊ ယုံတစ်ဝက် ဖြစ်နေမိတယ်၊ ဒါဆို ကျွန်မဘယ်သွားရမှာလဲ၊

ပြီးတော့ ကျွန်မလည်ချောင်းတစ်လျှောက် မီးစကြီးတစ်ခုကို မြိုထားရသလို၊ ပူပြင်းခြောက်သွေ့နေတယ်၊ ကျွန်မ အလိုချင်ဆုံးအရာက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မခံစားနေရတဲ့အိပ်မက်ဆိုးတွေကို ထပ်ပြီးမကြုံချင်တော့ဘူး၊ ကျွန်မ အိပ်မက်ထဲမှာ အမြဲတမ်းလာနေတဲ့လူစိမ်း။

ဖြုန်းဆို ကျွန်မပါးစပ်ဖျားဆီမှ ထိတွေ့လိုက်တဲ့ အေးမြမြအရာ။ တဖြည်းဖြည်းချင်း ကျွန်မပါးစပ်ဖျားဆီမှတဆင့် လည်ချောင်းထဲကို စီးဆင်းလာတဲ့ ရေ၊ ကျွန်မ တဖြည်းဖြည်း မျက်စိကိုအားယူပြီး ဖွင့်ကြည့်လိုက်မိတယ်၊ ကျွန်မမျက်စိထဲမှာ ဝိုးတဝါးတွေ့မြင်လိုက်ရတဲ့ ကိုမောင်၊

"ကြည်ကြည် သတိရလာပြီနော် . . ကိုမောင် ဝမ်းသာလိုက်တာ ကြည်ကြည်ရယ် . . ကြည်ကြည် သတိမေ့မျောပြီးနေတာ ခြောက်ရက်ရှိသွားပြီ၊ ဒီနေ့မှ ပြန်သတိရလာတာ"

ကျွန်မသတိမေ့နေတာ ခြောက်ရက်တောင်ရှိနေပြီဆိုပါလား။ ဒါဆို အဲဒီခြောက်ရက်အတွင်း ကျွန်မ ဘယ်ဆီကိုရောက်နေတာလဲ၊ ကျွန်မ အဖြစ်ကို ကျွန်မအံ့ဩသွားမိတယ်၊ ကျွန်မသတိမေ့မျောနေတုန်း ရောက်ခဲ့တဲ့နေရာ၊ ကျွန်မတွေးရင်း အဖြေရှာမရနိုင်ဘဲ ဖြစ်နေမိတယ်၊ ဒါဆို ကျွန်မအမြဲတမ်းမက်ခဲ့တဲ့နေရာကို ရောက်ခဲ့တာလား။ ကျွန်မကို ခေါ်နေတဲ့လူစိမ်းက ကျွန်မဘဝဟောင်းနဲ့ ဘယ်လိုပတ်သက်ခဲ့တာလဲ၊

"ကြည်ကြည် သတိမေ့နေတုန်းက ထူးထူးဆန်းဆန်း အဘိုးအိုတစ်ယောက် ရောက်လာတယ်"

"ဟင်! . ."

ကိုမောင်စကားကြောင့် ကျွန်မအလိုလို အံ့ဩသွားမိတယ်၊ ကျွန်မကို လူစိမ်းလက်ကနေ ကယ်တင်ခဲ့တဲ့ အဘိုးအိုလား။ ကျွန်မအဖြစ်တွေကို ကိုမောင့်ကို အားရပါးရပြောချင်ပေမယ့် မပြောနိုင်တဲ့ ကျွန်မဘဝ၊ သည်အတိုင်းဆို ကျွန်မ၊ ကိုမောင်နဲ့သားလေးကို ထာဝရဝေးရတော့မှာလား။ ကျွန်မအဖြစ်ကိုတွေးမိရင်း ကိုမောင်ကို ကြည့်လိုက်မိတယ်၊

"အဲဒီအဘိုးအိုက ကြည်ကြည်အဖြစ်ကိုကြည့်ပြီး ဒီမိန်းကလေး ဘဝက သနားစရာတဲ့၊ ကြည်ကြည့်ကို စွဲလမ်းစိတ်နဲ့ဘဝခြားသွားတဲ့ လူတစ်ယောက်က ဘဝချင်းဆုံးဖို့ ခြောက်လှန့်ပြီး ဝိညာဉ်ခေါ်ဖို့ ကြိုးစားခဲ့တာလို့ပြောပြီး ကြည်ကြည်ကို ဆေးတစ်ခွက်တိုက် ့တာပဲ"

ကိုမောင်ရဲ့စကားသံကိုကြားရ ကျွန်မရင်တွေ တဒိန်းဒိန်း





ခုန်သွားမိတယ်၊ ကြည့်လေ၊ ကျွန်မဘဝဟောင်းက ကျွန်မကို စွဲလန်းနှစ်သက်ခဲ့တဲ့ လူစိမ်း။ ဘဝခြားတာတောင် ဘဝချင်းဆုံဖို့ ကျွန်မကို လာလာခေါ်နေတာ၊ ကျွန်မသာ အဲဒီလူစိမ်းလက်ထဲကိုပါသွားခဲ့ရင် ကျွန်မတွေးမိရင်း ကိုမောင့်ကို အားကိုးတကြီး ကြည့်လိုက်မိတယ်၊ ကျွန်မ ကိုမောင့်ကို အားမကိုးလို့ မရဘူးလေ၊ ကျွန်မဆေးရုံက ခုတင်လေးပေါ်မှာ သုံးလကျော်လေးလနီးပါး အရှိုးပေါ်အရေတင်အောင် ခံစားခဲ့ရတဲ့ဝေဒနာ၊

ခုတော့ ကျွန်မဆေးထိုး၊ ဆေးစားရင်း အသိစိတ်တွေ ရှင်သန်စပြုခဲ့ပြီ မဟုတ်လား။ ကျွန်မအဖြစ်ကိုကြည့်ပြီး အများက သေရွာပြန်လို့ ပြောဆိုနေကြတာ၊ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ အမျှင်မပြတ်ဘဲရှိနေတဲ့ အဖြစ်၊ ကျွန်မအမေပြောသလို ကျွန်မဘဝဟောင်းကအဖြစ်ကို ပြန်ဆုံဆည်းခဲ့တာလား။ ဒါဆို ကျွန်မချစ်သူက ဘယ်မှာလဲ၊

"ကြည်ကြည်ရယ် . . ဘဝအိုးအိမ်တွေ အကြိမ်ကြိမ်နဲ့ သံသရာမဆုံးသရွေ့ ဖြစ်ပျက်ခံစားနေရတဲ့ ဘဝခရီးသည်တွေပါ။ ကိုမောင်နဲ့ ကြည်ကြည်က ဘဝဘဝက ပဋ္ဌာန်းဆက်ပါလို့ ခုလို ဆုံတွေ့ခဲ့ကြတာ မဟုတ်လား"

ကျွန်မဆေးရုံရှေ့ရှိ ပန်းခြံလေးထဲက မြက်ခင်းစိမ်းစိမ်းလေးမှာ ထိုင်ရင်း ကျွန်မကြုံတွေ့ခဲ့ရတဲ့ ထူးဆန်းတဲ့အဖြစ်တွေကို ပြောပြနေတဲ့ ကိုမောင်၊ ကျွန်မ ကိုမောင့်စကားကိုနားထောင်ရင်း ကျွန်မနဲ့ဆုံတွေ့ခဲ့ရတဲ့ အဘိုးအိုကို သတိရသွားမိတယ်၊ ကျွန်မအသက်ကို အိပ်မက်ထဲမှာရော အပြင်မှာပါ ကယ်တင်ခဲ့တဲ့ အဘိုးအို၊

ကျွန်မကိုယ်တွေ့ခံစားခဲ့ရတဲ့အဖြစ်တွေက မယုံနိုင်စရာ၊ ပြီးတော့ ကျွန်မနဲ့ဘဝခြားတာတောင် ဝိညာဉ်ဘဝနဲ့ဆုံဆည်းဖို့ ကြံစည်ခဲ့တဲ့ အိပ်မက်ထဲက လူစိမ်း။ သည်ဖြစ်ရပ်တွေကို ပြန်တွေးမိတိုင်း ကျွန်မအမေပြောပြခဲ့သလို ကျွန်မဘဝက ချစ်သူရှာဖို့လာခဲ့တဲ့ လူဝင်စား။

ခုတော့ ကျွန်မ သည်အဖြစ်ဆိုးတွေကနေ လွတ်မြောက်ခဲ့ပါပြီ၊ ဒါပေမယ့် ကျွန်မနှလုံးသားထဲမှာ ခုလို ဆန်းကြယ်လှတဲ့ သေရွာပြန်ဖြစ်ရပ်ကိုတော့ တစ်နေ့မှမေ့လို့ မရနိုင်တာကတော့ အမှန်ပါပဲ . .။



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ခြင်းရဲ့သင်္ကေတ အသည်းပုံရေကန်




ကမ္ဘာပေါ်မှာ ဆန်းကြယ်တဲ့နေရာဒေသတွေ အများကြီးရှိပါတယ်၊ ဒီအထဲမှာ အိန္ဒိယနိုင်ငံ၊ ကီရာလာပြည်နယ်၊ ကယ်ပီတာမြို့တော်ရဲ့ တောင်ဘက် (၈)ကီလိုမီတာအကွာမှာရှိတဲ့ အသည်းပုံသဏ္ဌာန်ရှိ ရေကန်တစ်ခုကလည်း ကမ္ဘာ့အဆန်းအပြားနေရာတစ်ခုအဖြစ် ရေပန်းစားကျော်ကြားပါတယ်၊

ဒီအသည်းပုံသဏ္ဌာန်ရှိ ရေကန်ကို အီရော့လို့ ခေါ်ကြပါတယ်၊ ရောမသားတို့ကိုးကွယ်တဲ့ နတ်ဘုရားတွေထဲက မြားနတ်မောင် အချစ်နတ်သားလေးဖြစ်တဲ့ အီရော့ရဲ့အမည်ကို မှည့်ခေါ်ထားတာလည်း ဖြစ်ပါတယ်၊ ဒီရေကန်ဟာ လူတွေပြုပြင်ဖန်တီးထားတာမျိုး မဟုတ်ဘဲ သဘာဝအတိုင်း အသည်းပုံသဏ္ဌာန်ဖြစ်နေတာကြောင့် ဆန်းကြယ်တယ်လို့ ဆိုကြတာ ဖြစ်ပါတယ်၊

ပင်လယ်ရေမျက်နှာပြင်အထက် မီတာ(၁၃၉၈)မှာ တိုက်စားမှုတွေကနေ ဖြစ်တည်လာတဲ့ သဘာဝရေကန်ဖြစ်ပါတယ်၊ အီရော့ရေကန်ရှိရာ မြို့မှာနေထိုင်ကြသူများကတော့ ဒီရေကန်ကို ချစ်ခြင်းမေတ္တာရဲ့အမှတ်သင်္ကေတအဖြစ် မှတ်ယူထားကြပါတယ်၊ နှလုံးသားရေအိုင်လို့လည်း တချို့ကခေါ်ကြပါတယ်၊








ရေရဲ့အရောင်အဆင်းဟာ ပုံမှန်အားဖြင့် ရောက်လာသူများကို ကြိုဆိုခြင်းပုံစံမျိုး မပေါ်ပေမယ့် ရေကတော့ နွေးထွေးမှုရှိတာကြောင့် ချစ်သူများအတွက် နွေးထွေးတဲ့ ချစ်မေတ္တာဓာတ်တွေ ပေးစွမ်းနိုင်တယ်လို့ ယူဆကြပါတယ်၊

ချစ်သူများနေ့ Valentines Day မှာ နိုင်ငံခြား ကမ္ဘာလှည့် ခရီးသွားချစ်သူတွေ သွားရောက်လည်ပတ်လေ့ရှိတဲ့ နေရာတစ်ခုဖြစ်တာကြောင့် မကြာခင်မှာ ရောက်ရှိလာတော့မယ့် ချစ်သူများနေ့အတွက် ရည် ရွယ်ပြီး ဖော်ပြလိုက်ရခြင်း ဖြစ်ပါတယ်၊

ပြီးတော့ ဒီအချစ်ရေအိုင်၊ သို့မဟုတ် အသည်းပုံသဏ္ဌာန်၊ နှလုံးသားရေအိုင်ကို ချစ်သူများနေ့မှာ သွားရောက်ပြီး ကိုယ့်ရဲ့အချစ်များတို့ သစ္စာပြုတဲ့အခါမှာ အချစ်ရေးကိစ္စများမှာ ဆုတောင်းများပြည့်စေတယ်လို့လည်း ယူဆကြပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



# အဝေးရောက် ချစ်သူများ

ခင်ယုသွေး





www.burmeseclassic.com

www.burmeseclassic.com





✡

သစ္စာဖောက်ခံရသူထက်
သစ္စာဖောက်မှု ကျူးလွန်သူက
စိတ်ဒုက္ခပိုကြောင်း ဖြူ သံဝေဂရမိသည်
အမေသည် အာဃာတ တရားများ
ရန်ငြိုးတေး မှတ်ထားလိမ့်မည်ဟု
အဖေ့ဥပါဒါန်သည် နောက်ဆုံးထွက်
အထိ အဖေ့ကို ဥပါဒ်ပေးခဲ့ပြီ

"ဒီတစ်ပတ် အဆင့်ကျသွားတယ်၊ ဂရုစိုက်ပေးဦး တီချာရေ"

စည့်ခန်းထဲဝင်ဝင်ချင်း စန္ဒီမာမီစကားကြောင့် ဖြူအမောဆို သည်။ Chapter End Test တစ်ခါဖြေပြီး Report Card တစ်ခါ ကြားနေကျစကား ဖြစ်သည်။

- ဒီတစ်ပတ် ဘယ်ဘာသာကတော့ အမှတ်တစ်ရာ မပြည့်
- ဘယ်ဘာသာမှာ အမှတ်လျော့လို့

အန်တီ တကယ် စိတ်ဓာတ်ကျတယ်၊ ဒီလိုညည်းသံညူသံ ကို ခုထိ နားမယဉ်နိုင်တာ ဖြူကိုယ်ဖြူလည်း စိတ်ပျက်မိပါသည်။ အိမ် အမေ့ကို ရင်ဖွင့်လျှင်လည်း -

"အမေတောင် ရိုးနေပြီ၊ သမီးက အပင်ပန်းခံပြီး ခေါင်းထဲ နေရသလား" ဟု လွယ်လွယ် ပြောအုံးမည်။

ဖြူမှာတော့ ငွေယူထားသည်မို့ ငွေရှင်ကျေနပ်မှဖြစ်မည်။ အတွေးကြောင့်ပင် မကြာခဏ အားငယ် ဝမ်းနည်းစိတ်ဝင်ခဲ့ပါသည်။ သည် တက္ကသိုလ်တက်ရင်း ကိုယ့်ကျောင်းစရိတ်အတွက် စာလိုက် နေရသော ကျူရှင်ဆရာမကလေးဖြစ်သည်။





ဘာသာစုံ အမှတ်တစ်ရာပြည့်မှကျေနပ်သော စန္ဒီမာမီက တစ်ဖက် နံခင်း၏ဖိအားပေးမှုများကို စိတ်ကုန်ပြီး ကရော်ကမည်လုပ်တတ်သော နှိုကတစ်ဖက် ဖြူကြားညပ်ခဲ့တာ ငါးနှစ်ပင်ပြည့်တော့မည်၊ မခံချင်စရာ ကောင်းသည်က တစ်ခါတစ်ရံ ဖြူသင်ပေးသည့်အဖြေ မှားနေကြောင်း စန္ဒီ မာမီက အထင်သေးစွာ စွပ်စွဲပြောဆိုတတ်သေးသည်။

အထောက်အထားရှာပြီး ဖြေရှင်းရသည့်အခါတိုင်း ကံအကျိုး ပေးအရ လိုအပ်ချက်များလှသော ဖြူက မာနကို မြိုချခဲ့ရပါသည်၊ ဒီနှစ်ပြီး လျှင် စန္ဒီလည်း မူလတန်းပြီးဆုံးတော့မည်၊ ဖြူလည်း ဘွဲ့ရတော့မည်၊ ပေး ဆပ်နေရသော ဝဋ်ကြွေးလည်း ကုန်ဆုံးတော့မည်ဟု ကိုယ့်ဘာသာဖြေသိမ့် ရင်း စည့်ခန်းဘေးက စာသင်ခန်းထဲ ဝင်လိုက်ရပါသည်။

သင်ခန်းစာတစ်ရပ်ပြီးတိုင်း တတ်မြောက်မှုစစ်ဆေးခြင်းရှိသဖြင့် ဘစ်နှစ်တွင် ခြောက်ကြိမ်၊ ခုနစ်ကြိမ် စစ်ဆေး၏၊ စစ်ဆေးခြင်း၊ တစ်ခါပြီး လျှင် နောက်တစ်ခါအတွက် စန္ဒီနှင့်ဖြူ လုံးပန်းကြရပြန်သည်၊ တစ်ရပ်ကွက် ဘည်းတွင်ရှိသော ဖြူ့အိမ်ကိုပင် မှောင်မှပြန်ရောက်တတ်သည်၊ အိမ်ဝမှ တြိုနေသော အမေ့အပြုံးကိုမြင်လျှင် ဖြူ့ပင်ပန်းနွမ်းနယ်သမျှ ပြေပျောက် သွားပါသည်။

ဖြူ့အမေသည် အထက်တန်းပြဆရာမတစ်ဦး ဖြစ်သည်၊ အလွန် မာနကြီးသည်၊ သူတစ်ပါးအပေါ် မတရားမလုပ်သောအမေသည် မည်သူ့ ဘိုမျှလည်း အောက်ကျို့မခံတတ်ပါ၊ အမေ့မာနကို ဖြူတစ်ခါတလေ ထောက်ခံပြီး တစ်ခါတလေ အံ့ဩတုန်လှုပ်မိပါသည်။

မျက်စိစုံမှိတ်ပြီး မာနကြီးတတ်သော အမေ့သမီးဖြစ်ပေမယ့် ဖြူ ကတော့ သက်မချပြီး စိတ်လျော့ခဲ့ရတာ အကြိမ်ကြိမ်ပါ၊ ကျောင်းတက် ရင်း စာလိုက်သင်ရသောဖြူနှင့် စာသင်ရင်း အိမ်အလုပ်သိမ်းကြုံးလုပ်ရ သော အမေသည် တစ်ယောက်မျက်နှာ တစ်ယောက်မြင်မှ အမောပြေကြ သူများ ဖြစ်ကြသည်၊ သံသရာအဆက်ဆက် အလွန်ရေစက်နီးကြသူများ ဟု ဖြူထင်မိ၏။

သို့သော် မမြဲခြင်း၊ ဖောက်ပြန်ပျက်စီးခြင်းဟူသော အနိစ္စတရား သည် အမေနှင့်ဖြူ့ကို ဒီဘဝအတွက် ကံအကျိုးဆက် ကုန်ဆုံးစေခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဖြူဘွဲ့ရသည့်နှစ်မှာပင် အမေသည် အိပ်ရာပေါ် တစ်လကြာလဲပြီး ကွယ်လွန်သွားလေသည်။ အားနာသောအရိပ်၊ ကြေကွဲသောအရိပ်များ ထင်ဟပ်နေသည့် အမေ့မျက်ဝန်းများကို ဖြူ့တစ်သက် မေ့ရက်နိုင်မည် မဟုတ်ပါ။

ဖြူ့အပေါ် စိတ်ချပြီး စိတ်လျှော့လိုက်တာဟု ပြောကြသည်။ ဖြူ မယုံပေမယ့် ဘာမှမပြည့်စုံတဲ့ ဒီသမီးကို ဘယ်လိုစိတ်ချခဲ့တာလဲ၊ အမေ ရယ်ဟု ရင်ကွဲပက်လက် ငိုကြွေးရုံအပြင် ဖြူမတတ်နိုင်ခဲ့ပါ။

◉

"သမီးအမေက တစ်ညလုံး ခုတင်ဘေးမှာရှိနေတော့ ကောင်းကောင်း၊ မအိပ်ရပါဘူး .. သမီးရယ်"

ထမင်းစားပွဲတွင် ဖြူပြင်ဆင်ပေးထားသော နံနက်ခင်းစာစားရင်း အဖေက ပြောပါသည်။ အဖေ့စကားကို ဖြူ ဘဝင်မကျပေမယ့် တတ်နိုင်သလောက် ကူညီရမှာက ဖြူ့တာဝန်ပါ။

"နောက်ဆို ဝူ့ကိုနိုးပါ အဖေ .. အားမနာပါနဲ့"

ဖြူ့သက်တမ်းတစ်ဝက်ကျော် ပျောက်ကွယ်နေခဲ့သော အဖေသည် အမေဆုံးပြီး မကြာခင်ကမှ အိမ်ကိုပြန်ရောက်လာသည်။ အဖေ့ ခုတင်ပေါ် ရောက်လာသည်ဟု ဆိုရမည်။ ဒီခုတင်သည် အဖေ့အတွက် နောက်ဆုံးနားခိုရာဟု ထိုစဉ်က ဖြူ မစဉ်းစားမိခဲ့ပါ။ အဖေက သူ့မှာ ရောဂါ ရှိနေကြောင်း၊ ပြောပါသည်။

ရောဂါက ဆီးကျိတ်ကင်ဆာ၊ ဆီးကျိတ် မကြာခဏ ရောင်ရာမှ ကင်ဆာအဆင့်ရောက်ခဲ့တာဟု ဆိုသည်။ သမီးကို သတိရလွန်းလို့ဆိုသည့် အဖေ့စကားကြောင့် ဖြူရင်ထဲ ဆို့နင့်စွာ ခံစားရပါသည်။ အရိုးက အဖေ့ရဲ့ ရှုံ့ချုံ့ရုံမက နွေးထွေးစွာလက်ခံသောဖြူ့ကိုပါ အပြစ်တင်ကြသည်။

အဖေ နောက်ထပ်ထွက်စွာမသွားခင်အချိန်အထိ မငြိုမငြင် ပြုစုမည်ဟု ဖြူဆုံးဖြတ်ထားပါသည်။ အဖေသည် အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင် မဟုတ်ပါလား။

◉





"ဝူရေ .. သမီးလာပါဦး"

အိပ်မောကျနေရာမှ အဖေ့အထိတ်အလန့်အသံကြောင့် ဖြူနိုးလာ၏ အဖေ့အခန်းဆီသို့ အပြေးတစ်ပိုင်း ရောက်လာခဲ့သည်။

"သမီးအမေက ခုတင်ကို ခါချသည်။ လျှောမကျအောင် မွေ့ရာကို အဖေ ညှပ်ဆွဲထားရတယ်" အဖေက မျက်လုံး အဝိုင်းသားဖြင့် အမောတကောပြောပါသည်။

> ✡
>
> "မီးပိတ်သွားရင်
> သမီးအမေ ရောက်ရောက်လာပြီး
> သူနဲ့လိုက်ခဲ့ဖို့ အဖေ့ကိုခေါ်တယ်၊
> မီးဖွင့်ပေးပါ .. သမီးရယ်"
> စိတ်နာလွန်း၍ သေသည်အထိ
> အဖေ့အကြောင်း စကားသံမဟခဲ့သော
> အမေက အဖေ့ကို လာခေါ်သည်တဲ့။

"နေမကောင်းလို့ ကယောင်ကတမ်းများ ဖြစ်တာပါ အဖေရယ် ..၊ အဖေ အိပ်ပျော်အောင် အိပ်။ ဝူ အဖေ့ဘေးမှာ နေပေးမယ်နော်"

အဖေ့ ခုတင်နား ကုလားထိုင်ဆွဲယူ၍ထိုင်ရင်း ပြောလိုက်သည်။

ဝူသည် အဖေနှင့်ဖြူသာသုံးသော နာမည်ဖြစ်သည်။ အမေကတော့ ဖြူ့ကို သမီးဟုသာ ခေါ်ပါသည်။ အိမ်ကထွက်စွာမသွားမီ အဖေက ပြောပြခဲ့ဖူးသည်။ ဖြူစကားပြောတတ်စက ကိုယ့်ကိုယ်ကို ဝူဟု မပီကလာ ပြောသံကိုချစ်လွန်း၍ အဖေက ကြီးသည်အထိ သုံးခဲ့သည်တဲ့။

အဖေ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားမှ ဖြူ ကိုယ့်အခန်းဘက် ပြန်လာခဲ့သည်။ စောစောက ဖြူရှိ မရှိ အဖေမျက်လုံးနှစ်ခါ သုံးခါ ဖွင့်ကြည့်သေးသည်။ ဖြူသည် ကလေးလေးတစ်ယောက်လိုဖြစ်သွားသော အဖေ့ကို သနားနေမိ၏။

◉

"ဆယ်တန်းအထိ အမေ့လခနဲ့ အိမ်စရိတ်၊ ကျောင်းစရိတ်များ ထောက်ပေးမယ့် ဆယ်တန်းအောင်တော့ ဝူ ကျူရှင်လိုက်သင်ပြီး ..သို လစ် စရိတ်ရှာတယ်လေ။ အဆင်ပြေခဲ့ပါတယ် အဖေ ..၊

အခုလည်း အမေ့အတွက် ထောက်ပံ့ကြေးငွေတွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ရထားတယ်။ အဖေ ဘာမှမပူနဲ့နော်၊ အဖေ့ရောဂါပျောက်တဲ့အထိ ဖြူ တာဝန်ယူနိုင်ပါတယ်"

အဖေက သူမရှိတဲ့နောက်ပိုင်း ဖြူတို့အခြေအနေကိုမေး၍ သော အမိနှစ်ယောက်သား ခံစားခဲ့ရသော ဒုက္ခနှင့်သောကတို့ကို ချန်လှပ်ပြီး စိတ်ချမ်းသာစရာစကားများကိုသာ ဖြူပြောပြလိုက်ပါသည်။ ဖြူကသော အဖေဖြစ်ကြောင်းစုံလင်ကို မသိချင်၍ မမေးတော့ပါ။ အဖေကလည်း ခေါ ပါ။ နောင်တနှင့်အရှုံးတို့သာ ရင်မှာပိုက်ပြီး ထွက်ခွာခဲ့သည့်လမ်းကိုပြ လာခဲ့မှန်း ဖြူရိပ်စားမိပြီးသားပဲလေ။

☯

"ဝူရေ . . မီးဖွင့်ပေးပါ"

အဖေ့အသံကြား၍ ဖြူသည် မီးဖိုခန်းမှ အဖေ့အခန်းဆီ ကူးသော ခဲ့သည်။ နေ့ခင်းကြောင်တောင်မှာ အဖေက မီးဖွင့်ခိုင်းနေသည်။

"အရမ်းလည်း ပူမယ်၊ မျက်စိလည်း ကျိန်းမယ် . .အဖေ"

ဖြူက အကျိုးအကြောင်း ရှင်းပြသော်လည်း အဖေက လက်မခံ ပါ။ ခေါင်းကို တွင်တွင်ရမ်းပြီး ကလေးတစ်ယောက်လို ပူဆာနေ၏။

"မီးပိတ်ထားရင် သမီးအမေ ရောက်ရောက်လာပြီး သူနဲ့လိုက်ခဲ့ ဖို့ အဖေ့ကိုခေါ်တယ်၊ မီးဖွင့်ပေးပါ . .သမီးရယ်"

စိတ်နာလွန်း၍ သေသည်အထိ အဖေ့အကြောင်း စကားသံမော ခဲ့သော အမေက အဖေ့ကို လာခေါ်သည်တဲ့၊ တစ်လောကလုံးတွင် အချစ် ဆုံးသော ဖြူ့ကိုတောင် လာမတွေ့ဘဲ မဖြစ်နိုင်လိုက်တာဟု ဖြူ့ရင်ထဲ တွေးနေပေမယ့် အဖေကျေနပ်အောင် မီးဖွင့်ပေးလိုက်ပါသည်။

အဖေ့ကို အချိန်ကြာကြာတစ်ယောက်တည်းထား၍ မဖြစ်တော့ ပါ။ ဖြူသည် အိမ်အလုပ်များကိုတက်သုတ်ရိုက်လုပ်ပြီး အဖေ့နားမှာ နေ ပေးပါသည်၊ စိတ်အားငယ်နေသောအဖေ့ကို ရှေးဟောင်းနှောင်းဖြစ်များ ရှာကြံပြောပြ၏။

အဖေ စိတ်မချမ်းသာစရာဖြစ်မည့် ဖြူတို့ဘဝနာခဲ့ပုံများကို ရှောင် ၍ ပြောပါသည်၊ အမေနှင့်ပတ်သက်၍တော့ အဖေ့ကိုပြောပြချင်သည်။





"ဒီမှာ အမေမရှိပါဘူး၊ သမီးတို့ဘဝထဲမှာတောင် အမေမရှိတော့ ဘူး၊ အဖေနဲ့ပတ်သက်သမျှ အစစအရာရာ ဥပက္ခာပြုပြီး အဝေးဆုံးကို ထွက်သွားခဲ့ပါပြီ၊ သူ့အတွက် အကျိုးရှိမယ်လည်း မထင်၊ အဖေ့ကိုလည်း အဝမပျက်စေချင်လို့ အစကတည်းက ခွင့်လွှတ်ထားတဲ့ အမေပါ အဖေရယ်"

ပြောရင်းပြောရင်း ဖြူရှင်ထဲမှာ ဆို့တက်လာ၏၊ လူမမာအဖေ့ ကို အားနာပေမယ့် ချုံးပွဲချ ငိုလိုက်မိပါသည်၊ ဖြူသည် လူနာနစ်ဦးကို ဆက်တိုက်လို ပြုစုရသဖြင့် နဂိုရုပ်ပင် မပေါ်တော့ပါ။ လူနာများကလည်း သူနစ်ပါးဖြစ်နေ၍ ကိုယ်ရောစိတ်ပါ ပင်ပန်းဆင်းရဲလွန်းလှသည်၊

အိပ်ရာပေါ်က မထနိုင်တော့သော အဖေ့ကို လာကုပေးသည့် ဆရာဝန်ကြီးက ဖြူ့အခြေအနေကိုသိပြီး အားဆေးထိုးပေး၊ အားဆေးကျွေး သလို ဖြူကိုယ်တိုင်ကလည်း အဖေ့အတွက် အားတင်းထား၍သာ ဘုန်းဘုန်း လဲ မသွားခြင်းဖြစ်မည်၊ အမေ့တုန်းက စိတ်လျှော့ချလိုက်လို့ဆိုသော စကား ကို ခုမှ နားလည်လာသည်၊

☯

"ကယ်ကြပါဦး . ."

အသံကြား၍ ဖြူအခန်းထဲမှ ကမန်းကတန်း ပြေးထွက်ခဲ့သည်၊ အဖေ့အခန်းဝရောက်တော့ အတွင်းကမြင်ကွင်းကြောင့် မှင်တက်မိသလို လှုပ်နိုင်၊ မရှားနိုင် အံ့အားသင့်မိ၏၊ အဖေက ကြမ်းပြင်ပေါ်မှာ ခွေခွေလေး။

"မြတ်စွာဘုရား . ."

ဖြူ့နှုတ်က ဘုရားတမိ၏၊ အရိုးပေါ်အရေတင် အဖေ့ခန္ဓာကိုယ် ကို ခုတင်ပေါ်ပြန်တင်ဖို့ မနိုင်မနင်း ကြိုးစားရ၏ ။ ညကြီးမင်းကြီးမို့ အိမ်နီးချင်း များကိုလည်း အနှောင့်အယှက် မပေးချင်ပါ။ အဖေအိပ်ရာပေါ်ရောက်တော့ ဖြူ့ချွေးသီးချွေးပေါက်များ ကျနေပြီ၊

"ဘယ်လိုဖြစ်တာလဲ . . အဖေရယ်"

ဖြူက မောကြီးပန်းကြီးမေးတော့ အဖေက တုန်တုန်ယင်ယင် ပြန်ဖြေရှာပါသည်၊

"အဖေ ခုတင်ပေါ်က ဆွဲချခံရတာ . .၊ သမီးအမေပေါ့ သူ အဖေ့



www.burmeseclassic.com

www.burmeseclassic.com





ကို ခွင့်မလွှတ်ဘူး၊ ကယ်ပါအုံး ... ရယ် ..၊ အဖေ့ကိုတစ်ယောက်တည်း ... မထားပါနဲ့နော်”

စက်တော့စက်နေပြီ၊ ... မယုံကြည်ချင်ပါ၊ အဖေ့ကိုလည်း ... ဆန့်ကျင်ဘက် မပြောလိုပါ၊ စိတ်... အောင် ဘုရားစာရွတ်ဆိုရန် အကြံ... ဖို့ကလည်း အဖေက ဖြူနှင့်ဘာ... မှမဟုတ်ဘဲ၊ ဒီညအဖို့တော့ ... တော့ဘဲ အဖေ့နားမှာ ဖြူထိုင်... ပေးရုံအပြင် မရှိတော့ပါ။

◉

အဖေသည် တစ်နေ့တခြား ပို၍ဆုတ်ယုတ်လာသည်၊ အ... မဝင်တော့ဘဲ သတိလက်လွှတ် ဖြစ်နေတတ်သည်၊ သတိဝင်လာချိန်... ခံစားရသောဝေဒနာကြောင့် မချိမဆံ့ ညည်းတွားနေရသည်၊ ထိုအခါ ဖြူ... နှလုံးသားကို အပ်နှင့်ထိုးဆွခံရသလို နာကျင်လှပါသည်၊

အဖေ့ကိုယ်စား ဖြူဝင်ခံလိုက်ချင်သည်၊ အဖေသည် ခန္ဓာကိုယ်... ရောဂါဝေဒနာသာမက စိတ်ဝေဒနာပါ ခံစားနေရသူမို့ ဖြူအသနားပို... သည်၊ အဖေ့ရှေ့မျက်ရည်ထိန်းထားရသမျှ လူနာမေးလာသူများရှေ့... မျက်ရည်မဆည်နိုင်အောင် ဖြစ်ရပါသည်၊

ယခင်က အမေ့တစ်ယောက်တည်းကိုသာ မြင်နေသော အဖေ... သည် ယခုဆိုလျှင် အာရုံအမျိုးမျိုးမြင်ပြီး စိတ်ကစဉ့်ကလျား ဖြစ်နေတတ်... သည်၊ ညနေ နေညိုချိန်တွင် ပို၍ ဆိုးသည်၊ တံခါးပေါက်၊ ပြတင်းပေါက်များ... ကို လက်ညှိုးထိုးပြီး “ဘယ်သူလဲ .. ဘယ်သူ” ဟု ထိတ်ထိတ်ပျာပျာဖြင့် မေး... တတ်၏ ၊

ဖြူတို့ကို ကျော်ကြည့်ပြီး အခန်းထဲမှာ သုသာန်အကောင်တွေ... အပြည့်ပဲဟုပြောရင်း သတိလစ်သွားတတ်သည်၊ အဖေ့နောက်ဆုံးအ...





...များသည် အမေ့တုန်းကနှင့်မတူ၊ ဖြူ့ကိုပါ ချောက်ချားစေပါသည်၊ လူနာ... စောင့်နေရင်း ဖြူ့ကိုအဖော်လုပ်ပေးသော မိတ်ဆွေများကျေးဇူးကြောင့် ဖြူ... မသွားခြင်းသာ ဖြစ်မည်၊

◉

“မမနီလား .. မလာနဲ့၊ သွား .. သွား”

မိုးလင်းကာနီးမှ ငြိမ်သွားသောအဖေသည် မနက်(၁၀)နာရီခန့်... တွင် ကယောင်ကတမ်း ထပြောပြန်သည်၊ အဖေပြောနေသော မမနီ... သည် ဖြူ့အမေဖြစ်ပါသည်၊ အဖေကငယ်သူမို့ မမနီဟုခေါ်သည်၊

“မောင် မှားခဲ့ပါတယ် .. မမနီရယ်၊ မောင် တောင်းပန်ပါတယ်”

အဖေက လေသံသေးသေးလေးဖြင့် တိုးလျှိုးတောင်းပန်နေ... သည်၊ ဖြူ့ရင်ထဲမှာတော့ မိုးသက်မုန်တိုင်း ဝင်ရောက်မွှေနှောက်လိုက်သလို... ခံစားရ၏၊ တောင်းပန်စကားပြောရင်း သတိလစ်သွားပြန်သော အဖေ... ...ကိုဝိက ဖြူ့ကို မရိုးတင်ကဲ ခံစားရစေသည်၊ ဖြူ့အသည်းနှလုံးတွေ ကြေမွ... ...နိုပြီ ထင်ပါသည်၊ ရုတ်တရက် အဖေ့မျက်လုံးများ ပြန်ပွင့်လာသည်၊ ဖြူ့ကို... ...ကော်တော်င မစတ်စိုက်ကြည့်ပြီး မျက်ရည်များစီးကျနေ၏၊

“အဖေ .. သမီးကို စိတ်ချပါ၊ အဖေ့ကောင်းမှုတွေကို သတိရပါ”

အသံမတုန်အောင်ထိန်း၍ ပြောလိုက်သည်၊ အဖေ့အသက်ရှူသံ... တွေ ပြင်းထန်လာသည်၊ ဖြူ့ကိုစိုက်ကြည့်နေရင်း မျက်နက်ကလေး လည်... သွားပြီး -

“မလိုက်ဘူး ..”

နောက်ဆုံးစကားသံနှင့်အတူ ငြိမ်ကျသွားပါသည်၊

ဆရာဝန်က အသက်မရှိတော့ကြောင်း ဖွင့်ဟကြေညာတော့... ဖြူကလက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်၊ မျက်ရည်များ ပြည့်လျှံနေ... သော မျက်လုံးများဖြင့် မှုန်ဝါးဝါးမြင်ရသည်၊ (၂၉)ရက်၊ (၁၁)နာရီ၊

အဖေသည် သူ့မွေးနေ့ မွေးရက်မှာ ကွယ်လွန်သွားပါသည်၊ ...သစ္စာဖောက်ခံရသူထက် သစ္စာဖောက်မှု ကျူးလွန်သူက စိတ်ဒုက္ခပိုကြောင်း ဖြူ သံဝေဂရမိသည်၊ အမေသည် အာယာတ တရားများဖြင့် ...နိုပြီးတော...



www.burmeseclassic.com

www.burmeseclassic.com





မှတ်ထားလိမ့်မည်ဟူသော အဖေ့ ဥ
ဒါန်သည် နောက်ဆုံးထွက်သက် အ
အဖေ့ကို ဥပါဒ်ပေးခဲ့ပြီ။

အားနာသောအရိပ်၊ အား
သောအရိပ်များ ထင်ဟပ်နေသည့် အ
မျက်ဝန်းများကိုလည်း ဖြူတစ်သက်
ရက်နိုင်မည်မဟုတ်ပါ။ အဖေ့ ရက်လ
ကို အမေ့လေးလပြည့်နှင့်တွဲ၍
ကပ်ခဲ့ပါသည်။ အံ့ဩစရာ ကောင်း
သည်။ ဖုံးစာမမှန်၍ အသက်ထက်
မပေါင်းနိုင်ခဲ့သော အဖေနှင့် အမေသ
ကွယ်လွန်သည့်ရက်ကတော့ တစ်ထပ်တည်းကျနေသည်။

အမေ ဆုံးကာစက လျှောက်ထားခဲ့သော နေ့စားလပေး မူလတ
ပြ ဆရာခန့်စာသည် ရက်လည်နေ့တွင် ဖြူ့လက်ထဲ ရောက်လာသည
ဝင်ငွေခွင့်ဖြေစဉ်က အမှတ်ကောင်း၍ ဖြူတို့ရပ်ကွက်ထဲက မူလတန်းကျော
တွင် တာဝန်ပေးခံရသည်။

အမေသည် နာကြည်းကြေကွဲမှုများ ရင်ဝယ်ပိုက်ပြီး သံသရာ
ရှည်ကြီးကို ဆက်လက်ထွက်ခွာသွားခဲ့သည်။ အဖေသည် နောင်တတ
တစ်ပြုံတစ်မဖြင့် ဘယ်သောင်၊ ဘယ်ကမ်းဆိုက်မှန်းမသိ ခရီးဆက်
ပြီ။ ဖြူသည် ပရိယာယ်ကြွယ်သော လူ့လောကခရီးဝယ် ဆင်ခြင်တုံတ
လက်ကိုင်ထားလျက် ဆက်လက် လျှောက်လှမ်းရပေဦးမည်။ ။







✡

"တစ်နေ့မှာ အကျင့်ဆိုးရှိတဲ့
သူငယ်ချင်းက ကျွန်တော်တို့
သူငယ်ချင်းတွေရှေ့မှာ ထိုင်နေတဲ့
ဘီလူးမရုပ်ရဲ့ ရင်ဘတ်ကို သူ့လက်နဲ့
သွားပုတ်ပါတယ်။ ပြီးတော့
ရယ်ကျဲကျဲနဲ့ လုပ်ပြတယ်။
မခန့်လေးစား ပုံမျိုးပါ"

တစ်ရှိန်က ရန်ကုန်မြို့ (၃၄)လမ်း၊ အထက်ဘလောက်တွင် (DELTA GROUP) ဟု ဆိုင်နာမည်တပ်ကာ တီဗီတို့၊ အောက်စ (အခွေစက်)တို့အရောင်းဆိုင်နှင့် (SERVICE CENTRE) ဖွင့်ပြီးစီးပွား ရေးလုပ်ကိုင်နေသော ကိုထွန်းလှိုင်နှင့် သူ့သူငယ်ချင်းမောင်မျိုးတို့ ရှိ သည်။ မောင်မျိုးက ကျွန်ုပ်၏ညီဝမ်းကွဲဖြစ်သည်။

သူက စီးပွားရေးလုပ်နေသော်လည်း စာဖတ်ဝါသနာပါသည်။ အလုပ်အားလျှင် စာဖတ်နေတတ်သည်။ ကျွန်ုပ်ရေးသော စာအတော်များ များ၊ သူ ဖတ်ဖူးသည်။ ကျွန်ုပ်ကလည်း သူ့ကို စာအုပ်လက်ဆောင်ပေးနေ ကျဖြစ်သည်။ သူက ကျွန်ုပ်၏စာများကိုဖတ်ပြီး အကောင်းအဆိုး ဝေဖန် တတ်သည်။ ကြိုက်လျှင် ကြိုက်သည်၊ မကြိုက်လျှင် ဘာ့ကြောင့် မကြိုက် ကြောင်း ပြောသည်။

ကျွန်ုပ်က အပတ်စဉ် သောကြာနေ့တိုင်း ရန်ကုန်မြို့ထဲသွားတော မဂ္ဂဇင်းတိုက်ပေါင်းစုံ လှည့်၍ သူ့ဆိုင်ရောက်သောအခါ သူတိုက်သော လက်ဖက်ရည်သောက်၍ သူ၏ဝေဖန်မှုကို နားထောင်ရသည်။ သူရော ကျွန်ုပ်ပါ စကားနည်းသူများဖြစ်ကြသော်လည်း နှစ်ဦးဆုံကြသောအခါ





စကားတွေ ပြောဖြစ်ကြသည်။

ကျွန်ုပ်သည် ဘဝသရုပ်ဖော်၊ ပြဇာတ်၊ သရော်စာ၊ မှုခင်း ဝတ္ထုရှ ဟာသ စသည်ဖြင့် ကြုံသလိုရေးသည်။ ကလောင်ခွဲများဖြင့်လည်း ရေး သည်။ ကျွန်ုပ်ရေးသမျှကို မောင်မျိုးက ဒိုင်ခံဖတ်သည်။ တစ်ခါသော် သူတ လက်ဖက်ရည်တိုက်ပြီး စကားပြောနေကျ အစဉ်အလာကိုဖျက်ပြီး ထူးထူး ဆန်းဆန်း ကျွန်ုပ်အား ဘီယာဆိုင်သို့ ခေါ်သွားသည်။

ကျွန်ုပ်သည် အဖျော်ယမကာကို မကြိုက်သော်လည်း တစ်ခါတရံ ဘီယာလောက်တော့ စကားပြောကောင်းရုံ သောက်တတ်သောကြောင့် သူ့ဆန္ဒကို လက်ခံလိုက်သည်။

နှစ်ယောက်သား ဘီယာတစ်ခွက်စီလောက်ကုန်သွားသော အခါ မောင်မျိုးက ကျွန်ုပ်အား -

"အစ်ကို .. အစ်ကိုက စာအစုံရေးတတ်တော့ တစ်ခါတရံ ဂမ္ဘီရ ဆန်တဲ့ အစ်ကိုရဲ့ဝတ္ထုကလေးတွေ ဖတ်ရတယ်၊ အဲဒီဇာတ်လမ်းတွေက ကိုယ်တွေ့တွေလား၊ စိတ်ကူးယဉ်တွေလား"

"များသောအားဖြင့် ကိုယ်တွေ့တွေ ရေးတာများပါတယ်၊ အဲဒီ ကိုယ်တွေ့တွေကို တန်ဆာဆင်ပြီး ဖတ်ကောင်းအောင် ရေးရတာပေါ့ကွာ၊ ဒါပေမယ့် တစ်ခါတလေတော့လည်း သူများပြောတဲ့ အတွေ့အကြုံကို ရေး တာမျိုးလည်း ရှိပါတယ်"

"ဗြော် .. ဒီလိုလား၊ ဒါဆိုရင် ကျွန်တော့်ကိုယ်တွေ့ အတွေ့အကြုံ တစ်ခုကို ပြောပြမယ်၊ အစ်ကိုရေးလို့ရရင် ရေးကြည့်ပါလား"

"အေး .. ကောင်းတယ်၊ မင်း အတွေ့အကြုံဆိုတော့ ပိုရေးလို့ ကောင်းတာပေါ့၊ ဒါပေမယ့် တစ်ခါတလေ ရေးစရာသိပ်ကောင်းပေမယ့် ရေးလို့မရတာတွေလည်း ရှိတတ်တယ်၊ အစွန်းရောက်သွားတာမျိုးပေါ့"

"ကျွန်တော်တော့ အဲဒါ သိပ်နားမလည်ဘူး။ ကိုယ်တွေ့ဆိုတော့ အစ်ကို့အတွက် ရေးစရာများ ရမလားလို့ပါ"

"အေး .. အေး၊ ထားပါတော့၊ မင်းပြောချင်တဲ့ မင်းအတွေ့အကြုံ သာ ပြောပါ"

◉



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်သည် စကားအလွန်နည်းသော်လည်း ကျွန်ုပ်ထက် စကား ပိုနည်းသော မောင်မျိုးဆိုသည့် ကျွန်ုပ်၏ညီနှင့်တွေ့သောအခါ သူ့ကိုယ်တွေ့ ဇာတ်လမ်းကို သူပြောပြသည့်အတိုင်း ဇာတ်ကောင်းအောင် အနည်းငယ် ပြင်ဆင်၍ ရေးသားတင်ပြလိုက်ပါသည်။

●

"ကျွန်တော် ငယ်ငယ်ကတည်းက လူမှန်းသိတတ်စအရွယ်မှာ အဖေက ဆုံးသွားတော့ ကျွန်တော့်အမေနဲ့ ညီအစ်ကိုတစ်တွေ ကသီ လင်တဖြစ်တာပေါ့ အစ်ကိုရယ်။ အဲဒါကြောင့် ရန်ကုန်မြို့ထဲက ရပ်ကွက် ပေါင်းစုံကို ဟိုပြောင်း၊ ဒီပြောင်းပေါ့။ အခု ကျွန်တော် အိမ်ထောင်ကျလို့ ကလေးနှစ်ယောက်ရတာတောင် အိမ်ပြောင်းရတုန်း . ."

"အဲဒီကိစ္စထားပါ။ ကျွန်တော်ပြောချင်တာက ကျွန်တော် ငယ်စဉ် က ရပ်ကွက်တစ်ခုမှာ နေခဲ့စဉ်က ကစားဖော် သူငယ်ချင်း (၃၊ ၄)ယောက် နဲ့ သူငယ်ချင်းဖြစ်ကြတယ်။ အဲဒီ သူငယ်ချင်းတွေထဲမှာ ပေါက်တတ်တရ ပြောတတ်တဲ့ လူမျိုးခြား သူငယ်ချင်းတစ်ယောက်လည်း ပါတယ်"

"အဲဒီသူငယ်ချင်းက . . ကျွန်တော်တို့ လုပ်လေ့လုပ်ထရှိတဲ့ ယုံကြည်မှုကိစ္စတွေကို မထိမ့်မြင်ပြုတတ်တယ်။ ပါးစပ်ကလည်း ပေါက် ကရတွေ ပြောတတ်တယ်။ လူကြီးတွေကတော့ ကလေးပဲဆိုပြီး လျစ်လျူ ရှုထားကြပါတယ်၊ ကျွန်တော်တို့ကတော့ သူ့ကို သူငယ်ချင်းဆိုပြီး ရှေ့ ပြောပေမယ့် သူကတော့ သူ့ဇီဇကို မရျောက်ပါဘူး"

"ဥပမာအားဖြင့် ကျွန်တော်တို့လူမျိုးထုံးစံ နတ်စင်မှာ နတ်တင် ထားတဲ့ လက်ဖက်တို့၊ မုန့်တို့၊ ကွမ်းတို့ကို ခိုးစားတာတို့၊ အရက်ခိုးသောက် တာတို့၊ ညောင်ပင်က နတ်ကွန်းမှာထိုးထားတဲ့ အမွှေးတိုင်ကိုယူဆော့တာ တို့၊ အဲဒါမျိုးတွေ သူကလုပ်တတ်တယ်"

"ကျွန်တော်တို့က အဲဒါမျိုးလုပ်ရင် ဘာဖြစ်တယ်၊ ညာဖြစ်တယ် ဆိုတာ လူကြီးတွေပြောတာကြားဖူးနေတော့ သူ့ကို မလုပ်ဖို့ လုပ်ရင် ဘယ်လို ဖြစ်တတ်တယ်ပြောပေမယ့် သူက အယုံအကြည်ရှိဟန် မတူပါဘူး"

"ဒီလိုနဲ့ သူငယ်ချင်းတွေ အားလုံးဟာ မွေးရာပါ အကျင့်စရိုက် တစ်မျိုးစီနဲ့အတူ အသက်(၁၄၊ ၁၅)နှစ် အရွယ်ကို ရောက်လာပါတယ်။ အကျင့်ဆိုးရှိတဲ့ သူငယ်ချင်းနဲ့ကတော့ အဲဒီအချိန်အထိ တွဲတုန်း၊ ဆော့ တုန်း၊ ကစားတုန်းပါ။ သူ့အကျင့်ကတော့ မပျောက်သေးပါဘူး"

"ကျွန်တော်တို့လမ်းထိပ်မှာ ညောင်ပင်ကြီးတစ်ပင်ရှိတယ်၊ အပင်ကြီးက တော်တော်ကြီးတယ်။ အဲဒီအပင်အောက်မှာ နတ်စင်တစ်ခု ရှိတယ်၊ နတ်စင်မှာ ဆောင့်ကြောင့်ထိုင်နေတဲ့ ဘီလူးမရုပ်တစ်ခု ရှိတယ်၊ သစ်သားပန်းပုရုပ်ဆိုပေမယ့် လက်ရာမြောက်အောင်ထုထားလို့ အရိုး အစား အလွန်ကျပါတယ်။ ခေတ်အဆက်ဆက်က ဘယ်သူတွေ လုပ်ထား ခဲ့တဲ့ နတ်စင်နဲ့အရုပ်ဆိုတာ ကျွန်တော်တို့ မသိပါဘူး"

"တစ်နေ့မှာ အကျင့်ဆိုးရှိတဲ့ သူငယ်ချင်းက ကျွန်တော်တို့ သူငယ်ချင်းတွေရှေ့မှာ ထိုင်နေတဲ့ဘီလူးမရုပ်ရဲ့ရင်ဘတ်ကို သူ့လက်နဲ့ သွားပုတ်ပါတယ်။ ပြီးတော့ ရယ်ကျဲကျဲနဲ့ လုပ်ပြတယ်။ မခန့်လေးစား ပုံမျိုးပါ"

"ကျန်တဲ့ သူငယ်ချင်းတွေက ကြောက်လို့ သူ့ကိုမလုပ်ဖို့ပြော ပေမယ့် သူကတော့ ဂရုမစိုက်ပါဘူး။ အဲဒီနားက ဖြတ်သွားတိုင်း သူက ဘီလူးမရဲ့ရင်ဘတ်ကို သွား သွား ပုတ်နေကျပေါ့"

"ကျွန်တော်တို့က ကြောက်နေပေမယ့် သူကတော့ အဲဒီလိုလုပ် ရတာကို ဂုဏ်ယူနေပုံရပါတယ်။ အဲဒီသူငယ်ချင်းဟာ ကျွန်တော်တို့ ဆုံနေ ကြ၊ ဆော့နေကြနေရာကို မလာတာ တစ်ပတ်လောက်ကြာတော့မှ ကျွန် တော်တို့ သတိထားမိတယ်"

"တစ်ရက်၊ သူငယ်ချင်းတွေစုပြီး သူ့အိမ်သွား၊ သတင်းမေးကြ တယ်၊ သူ့အိမ်ရောက်တော့ သူ့ကို မတွေ့ဘူး။ အိမ်ခန်းထဲမှာလို့ သူ့မိဘ တွေက ပြောတယ်။ နောက် သူတို့သားရဲ့သူငယ်ချင်းတွေပါဆိုတော့မှ သူ့ မိဘတွေက မျက်ရည်ကျပြီး ကျွန်တော်တို့ကို တွေ့ပေးတယ်။ အဲဒီတော့မှ သူ့အဖြစ်ကိုတွေ့ပြီး အံ့သြကုန်ကြတယ်၊ ဘာရောဂါလည်းဆိုတာ မသိ၊ ဆေးခန်းတွေ၊ အထူးကုဆရာဝန်တွေဆီလည်း ရောက်ပြီးပြီ"

"သူ့မျက်နှာ ဖောသွပ်သွပ်ပုံကြီးပေါက်နေကာ မျက်နှာတွေ၊ ပုခုံး တွေ၊ လည်ပင်းတွေမှာ အမွှေးကြမ်းကြီးတွေ ပေါက်နေတယ်၊ ကိုယ်မှာ





www.burmeseclassic.com

www.burmeseclassic.com



လည်း ပက်ကြားအက်ပြီး အနာတွေလိုမျိုးဖြစ်ကာ အရည်တွေ တစ္စစ္စ ထွက်နေပါတယ်၊ သူတို့ ဘာသာဆေးရော၊ မြန်မာဆေးရော၊ နိုင်ငံခြားဆေးရော စုံနေပြီလို့ သိရပါတယ်”

“အမှန်အတိုင်း ပြောရရင် သူ့မျက်နှာ၊ သူ့ပုံစံက ဘီလူးပုံပေါက်နေခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့သူငယ်ချင်းတွေကတော့ တစ်ယောက်မျက်နှာ၊ တစ်ယောက်ကြည့်ကာ တညီတညွတ်တည်း အဓိပ္ပါယ်ပေါက်နေကြပါတယ်။ သူ့မိဘတွေကတော့ လူမျိုးခြားများဖြစ်လို့ ကျွန်တော်တို့ သဘောပေါက်သလို၊ ပေါက်ချင်မှ ပေါက်မှာပါ”

“သူ့အိမ်ကိုလည်း နောက်မရောက်တော့ပါ။ ဒါပေမယ့် သူ့သတင်းကိုတော့ ကြားရပါတယ်။ အိမ်ထဲက အိမ်ပြင်မထွက်နိုင်ဘဲ ဝေဒနာခံစားနေရကြောင်းပဲ ဖြစ်ပါတယ်။ အဲဒီအဖြစ်မျိုးနှင့်ပတ်သက်ပြီး ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက်ရဲ့မိဘများက ဝေဒနာခံစားနေရသော သူငယ်ချင်းရဲ့လူမျိုးခြားမိဘများကို ချဉ်းကပ်ကာ အကြံပေးတယ်လို့ သိရပါတယ်။

အဲဒီအကြံပေးချက်ကို သူ့မိဘများက လက်ခံချင်ပုံ မရ။ သို့သော်လည်း သူတို့သားရဲ့ဝေဒနာကို မရှုရက်နိုင်သောကြောင့် ဟုတ်လိုဟုတ်ငြား လို့ သဘောရကာ လက်ခံလိုက်ပါတယ်”

“အဲဒီအကြံပေးချက်က ဘာလဲဆိုတော့ တတ်ကျွမ်းနားလည်တဲ့ ဆရာတစ်ယောက်နဲ့တိုင်ပင်ပြီး သူငယ်ချင်းလက်ဆောင့်ခဲ့တဲ့ ဘီလူးရုပ်ကို ကန်တော့ပွဲ၊ လက်ဖက်ပွဲများနဲ့ သွားရောက်တောင်းပန်ရန် ဖြစ်ပါတယ်။ သူတို့လူမျိုးခြားဘာသာမှာ အဲဒီလိုကိစ္စမျိုး လုပ်လေ့လုပ်ထ မရှိလို့ လုပ်ရမှာကို ရှက်ရွံ့သလိုဖြစ်နေပေမယ့် တိုက်တွန်းကြတာကြောင့် အကြံပေးတဲ့အတိုင်း လက်ဆောင့်သော သူငယ်ချင်းလူမမာပါ ခေါ်လာပြီး ကန်တော့ပွဲနဲ့ ရှိခိုးတောင်းပန်စေလိုက်ပါတယ်”

“သိပ်မကြာပါဘူး . . သူငယ်ချင်း လူမမာဟာ တစ်လအတွင်း အကောင်းပကတိဖြစ်သွားပါတယ်။ သူ့မိဘတွေလည်း အဲဒီတော့မှ စိတ်ချမ်းသာသွားကြပြီး သားအတွက် ဝမ်းသာလို့မဆုံး ဖြစ်ကုန်ကြပါတယ်။ အဲဒီ သူငယ်ချင်းဟာ ယနေ့အထိ အသက်ထင်ရှားရှိနေပါသေးတယ်”



www.burmeseclassic.com